http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)

## ပထမဆင့်

( စိတ်၊ စေတသိက်၊ ပကိဏ်း )

## မေးခွန်းဟောင်း နှင့် အဖြေများ

၁၉၈၉ - ခုနှစ် မှ ၂၀၁၇ - ခုနှစ် အထိ

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
( လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း )

http://www.dhammadownload.com

## သဗ္ဗညုတဉာဏ်တော်အစွမ်း

*　သိရန်မှန်က　　မကျန်ရအောင်
လုံးဝစုံလင်　　အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

*　သိသည့်တရား　　များအပြား၌
ဟောထားစဖွယ်　　နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင်　　အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

*　ကျွတ်ထိုက်ကြပေ　　များဝေနေ၏
ဣန္ဒြေစရိုက်　　သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင်　　အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

*　သဗ္ဗညုဉာဏ်အား　　စွမ်းသုံးပါးကြောင့်
အများဝေနေ　　ကျွတ်လွတ်စေဖို့
မနေမနား　　သက်တော်အားဖြင့်
ကြီးမားလေဘိ　　ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင်....ငါတို့ဘုရားတည်း။

တောင်မြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

""ကောင်းမွန်"" ကွန်ပျူတာ　အမှတ် -၁၁၄၊ ၃၄ လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၈၉၀၂၃, ၀၉၅၁၆၀၁၀၁

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)

## ပထမဆင့်

## (စိတ်၊ စေတသိက်၊ ပကိဏ်း)

## မေးခွန်းဟောင်း နှင့် အဖြေများ

၁၉၇၉ - ခုနှစ် မှ ၂၀၁၇ - ခုနှစ် အထိ

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

http://www.dhammadownload.com

http://www.dhammadownload.com



# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ပထမဆင့် (စိတ်ပိုင်း)
## (၁၉၇၈-ခုနှစ် မှ ၁၉၈၈-ခုနှစ်ထိ)
## မေးခွန်းဟောင်းများ

### ၁၉၇၈

၁။ သူတစ်ပါးပစ္စည်းကို ခိုးယူသောအခါ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပုံနှင့် ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပုံတို့ကို ရှင်းပြပါ။

၂။ ကောင်းမြတ်လှပသည့် ရုပ်ပါရုံကို မြင်သည့်အခါ သောမနဿ ဖြစ်နိုင်ပါလျက် စက္ခု-ဝိညာဉ်စိတ်ကို ဥပေက္ခာသဟဂုတ်စိတ်တစ်ခုတည်း ထားရခြင်းအကြောင်းကို ရှင်းပြပါ။

၃။ အလှူဒါနတစ်ခုပြုသောအခါ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်ဖြစ်ပုံနှင့် ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်သသင်္ခါရိကစိတ် ဖြစ်ပုံတို့ကို ရှင်းပြပါ။

၄။ ဈာနင်တရား ၅-ပါးနှင့် ဆန့်ကျင်ဘက် နီဝရဏတရား ၅-ပါးကို တစ်ခုစီ ယှဉ်ပြ၍ အရူပါဝစရစိတ် ၄-ပါး ပြားရပုံကိုလည်း ရှင်းပြပါ။

---

### ၁၉၈၀

၁။ ဗုဒ္ဓမြတ်စွာဘုရားသည် တစ်ကမ္ဘာလုံး၌ "အတုလံ" အတူမရှိ တစ်ဆူတည်းသော ဘုရားဖြစ်ပုံကို ရေးသားဖော်ပြခဲ့ပါ။

၂။ သင့်၌ မိစ္ဆာဒိဋ္ဌိသမ္ပယုတ်စိတ် မဖြစ်ရအောင် မည်သည့်အချက်များကို အထူးသတိပြု၍ ရှောင်ကြဉ်ရမည်နည်း၊ ဋီကာကျော်လာရှိတိုင်း ဖော်ပြပါ။

http://www.dhammadownload.com



၃။ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းသည် လောဘကို အကြောင်းခံသလော၊ ဒေါသကို အကြောင်းခံသလော၊ စိစစ်ဝေဖန် ဖော်ပြခဲ့ပါ။

---

**၁၉၈၁**

၁။ ဒါန, သီလ, ဘာဝနာ ပြုလုပ်ကြရာ၌ ဗုဒ္ဓဘာသာဝင်တို့ လိုလားတောင့်တသော နိဗ္ဗာန်၏အဓိပ္ပါယ်ကို ရှင်းလင်းဖော်ပြ၍ မဂ်စိတ်, ဖိုလ်စိတ်တို့၏ လောကမှ လွတ်မြောက်ပုံကိုလည်း ဖော်ပြပါ။

၂။ အဘယ်ကြောင့် အကုသိုလ်မည်သည်ကို ဥပမာဆောင်၍ ထင်အောင် ပြဆိုခဲ့ပြီး အကုသိုလ်နှင့် ကုသိုလ် ၂-ပါးတွင် အဘယ်တရားသည် ပယ်တတ်သောတရား အဘယ်တရားသည် အပယ်ခံတရား ဖြစ်ပါသနည်း။

၃။ သကဒါဂါမိဟု ခေါ်ဆိုရခြင်းအကြောင်းကို ပြဆို၍၊ သကဒါဂါမိပုဂ္ဂိုလ် ၅-ယောက်တွင် သကဒါဂါမိမဂ်စိတ်၌ အလိုရှိအပ်သောပုဂ္ဂိုလ်ကို ဖော်ပြခဲ့ပါ။

---

**၁၉၈၂**

၁။ အဘိဓမ္မာစာမေးပွဲဆိုရာ၌ အဘိဓမ္မာဟူသည် မည်သည့်ဘာသာရပ်မျိုးနည်းဟု မေးလျှင် သင် မည်သို့ ဖြေဆိုမည်နည်း၊ ဋီကာကျော်နှင့်အညီ ရှင်းလင်းပါ။

၂။ ပဋ္ဌာန်ပါဠိရာဝဏ္ဏန်းအကြောင်းကို အဘိဓမ္မာလေ့လာသူများ နားလည်သဘောပေါက်အောင် ရှင်းပြပါ။

၃။ ကာမစိတ်၊ ရူပစိတ်၊ အရူပစိတ်တို့၌ ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်ဟူ၍ စိတ် ၃-မျိုးစီ ရှိသကဲ့သို့ လောကုတ္တရာစိတ်၌ ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်သာ ရှိပြီး ကြိယာစိတ်ဟူ၍ အဘယ်ကြောင့် မရှိပါသနည်း၊ ရှင်းပြပါ။

---

http://www.dhammadownload.com



## ၁၉၈၃

၁။ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဂုဏ်တော်ကို ရည်စူး၍ စေတီပုထိုးများကို ရှိခိုးပူဇော်ရာ၌ ရနိုင်သောအကျိုးတို့ကို ဖြေဆိုပါ။

၂။ စိတ်ဆိုးခြင်း၏ အကြောင်းတရားများကို ရှာဖွေ၍ စိတ်နှလုံးမချမ်းသာခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်းတို့သည် အဘိဓမ္မာသဘာဝအားဖြင့် ထူးခြားမှု ရှိ-မရှိ စိစစ်ပြပါ။

၃။ "ငါ့မှာ ပီတိဖြစ်လိုက်တာ"ဟု ပြောလေ့ရှိကြရာ ပီတိဖြစ်ကြောင်း သိစေနိုင်သော သဘောလက္ခဏာများကို ဖော်ပြပါ။

---

## ၁၉၈၄

၁။ ဝမ်းမြောက်စွာ လှူဒါန်းမှု၊ အသိရှိရှိ လှူဒါန်းမှု၊ လွတ်လပ်စွာ လှူဒါန်းမှုမျိုး ဖြစ်အောင် ပြည့်စုံရမည့် အခြေအနေ အချက်အလက်များကို စုဆောင်း ဖော်ပြပါ။

၂။ ဗုဒ္ဓဘာသာဝင်တို့သည် အခါကြီးရက်ကြီးများ၌ ဘုရားတန်ဆောင်း ကျောင်းကန်များသို့ သွားရောက်၍ ဒါန၊ သီလ၊ ဘာဝနာ ပြုလုပ်အားထုတ်ကြရာ၌ မည်သည့်စိတ်များဖြစ်၍ ထိုစိတ်များက မည်သည့်အကျိုးစိတ်များကို ဖြစ်စေကြောင်း ရှင်းပြပါ။

၃။ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့် "ဈာန်"ဟု ဆိုရာ ဝိစာရဟူသော ဈာန်အင်္ဂါတရားသည် အဘယ်ဆန့်ကျင်ဘက်တရားကို လောင်ကျွမ်းပယ်ဖျောက်စေနိုင်ပါသနည်း၊ ရှင်းလင်းဖော်ပြပါ။

---

## ၁၉၈၅

၁။ "နိဗ္ဗာန်ကို ရလိုပါ၏"ဟု ဆုတောင်းရာ၌ ဗုဒ္ဓဘာသာဝင်တို့ အလိုရှိသော နိဗ္ဗာန်ဟူသည် အဘယ်နိဗ္ဗာန်မျိုး ဖြစ်သည်ကို ပြဆိုပြီးလျှင်၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟု ဆို၍ သင်တို့ အားကိုးအားထားပြုလျက်ရှိသော တရားတော်၏စွမ်းရည်သတ္တိကိုလည်း ထုတ်ပြပါ။

http://www.dhammadownload.com



၂။ ရုပ်တရား၏ ဖောက်ပြန်မှုသဘောကို သိသာအောင် ရေးသားဖော်ပြပြီးလျှင်၊ ဗြဟ္မာ့ ပြည်၌ ရုပ်ဖောက်ပြန်မှု မဖြစ်နိုင်ဟုဆိုလျှင် ပြန်လည်ရှင်းလင်းချက်ကို ရေးသားခဲ့ပါ။

၃။ ဟသိတုပ္ပါဒ်စိတ်၏အဓိပ္ပါယ်ကို ရေး၍ ရေဒီယိုမှ ဟဒယရှွင်ဆေး တိုက်ကျွေးနေ သည်ကို နားထောင်ကာ ရယ်နေသူအား ဟသိတုပ္ပါဒ်စိတ် ဖြစ်ပါသလော၊ အဘယ် ပုဂ္ဂိုလ်တို့၌ ဖြစ်ပါသနည်း၊ ဖော်ပြခဲ့ပါ။

၄။ "တစ်မင်္ဂ တစ်ဖိုလ် ရမှ ဒုက္ခငြိမ်းမည်" ဟု ဆိုရာ၌ မဂ် ဖိုလ် ဟူသော စကား ၂-ရပ် ၏ အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ ရေးသားခဲ့ပါ။

---

## ၁၉၈၆

၁။ သာသနာဝင်ကျမ်းဂန်များတွင် ကျမ်းဦးအစ၌ ရတနာ ၃-ပါးတို့အား ရှိခိုးခြင်းကို ပြု သဖြင့် (က) ကျမ်းပြုဆရာများ ရရှိသောအကျိုး၊ (ခ) စာသင်သားများ ရရှိသော အကျိုးများကို ရေးသားပြပါ။

၂။ မြတ်ဗုဒ္ဓဒေသနာတော်နှင့် မလျော်သောတွေးခေါ်ယူဆမှု (ဒိဋ္ဌိ) ဖြစ်ခြင်းအကြောင်းရင်း နှစ်ပါးကို ဖော်ပြပြီးလျှင်၊ ဒေါမနဿနှင့် ပဋိဃအထူးကိုလည်း ဖြေဆိုပါ။

၃။ "ကုသိုလ်"ဟူသော ပါဠိသက်မြန်မာဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို ဋီကာဆရာ ဖွင့် ဆိုထားသည့်အတိုင်း မြန်မာစကားပြေဖြင့် ပြည့်စုံအောင် ရေးသားပြီးလျှင်၊ ဈာန် အင်္ဂါငါးပါးနှင့် ဆန့်ကျင်ဘက်တရားများကိုလည်း အစဉ်မလွဲအောင် ယှဉ်တွဲဖော်ပြပါ။

---

## ၁၉၈၇

၁။ အဘယ်ကြောင့် ကမ္ဘာပေါ်တွင် သဗ္ဗညုဘုရားရှင်နှင့် တူသောသူ မရှိပါသနည်း၊ အကြောင်းပြ ဖြေဆိုပြီးလျှင် စိတ်၏အဓိပ္ပါယ်ကိုလည်း သင်သိသမျှ ရှင်းပြပါ။

http://www.dhammadownload.com



၂။ ဒေါသစိတ်ဖြစ်ရခြင်း၏ အကြောင်းရင်းများကို ဖော်ပြပြီးလျှင်၊ ကုသိုလ်နှင့် အကုသိုလ်တို့၏ ဆန့်ကျင်ပုံကိုလည်း ဖြေဆိုပါ။

၃။ လောကအမြင်အားဖြင့် လူချင်းတူပါလျက် ပဋိသန္ဓေစိတ်မှာ ဉာဏသမ္ပယုတ် ဉာဏ-ဝိပ္ပယုတ်အားဖြင့် ခြားနားခြင်းကို အဘိဓမ္မာနည်းအရ အကြောင်းပြ ဖြေဆိုခဲ့ပါ။

---

**၁၉၈၈**

၁။ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်ကို လေ့လာသင်ယူကြသူများ ရရှိခံစားနိုင်သော အကျိုးကျေးဇူးများကို ရနိုင်သမျှ ရေးသားပါ။

၂။ တိရစ္ဆာန်တို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းသည် အပြစ်မရှိဟူသောခံယူချက်ဖြင့် အပျင်းပြေအပျော်တမ်းအနေဖြင့် ဝမ်းပန်းတသာ တက်တက်ကြွကြွဖြင့် တိရစ္ဆာန်များကို ညှင်းဆဲသတ်ဖြတ်သူမှာ အကုသိုလ် ဖြစ်-မဖြစ် ဖြေဆို၍ ၎င်းပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သောစိတ်ပရမတ်ကိုလည်း ဖော်ပြပါ။

၃။ လောက၌ ဉာဏ်ပညာထက်မြက်သူများသာ အထွတ်အထိပ်သို့ ရောက်နိုင်သဖြင့် ဉာဏ်ပညာထက်မြက်သူဖြစ်ရန် ပြည့်စုံသင့်သော အရည်အချင်းအကြောင်းတရားများကို ဖော်ပြခဲ့ပါ။

---

http://www.dhammadownload.com



## အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ပထမဆင့် (စိတ်ပိုင်း)
## (၁၉၈၉-ခုနှစ် မှ ၂၀၁၅-ခုနှစ်ထိ)
## မေးခွန်းနှင့် အဖြေများ

### ၁၉၈၉

**၁။ လူသားတို့ ဘဝတစ်ခု အစပြုချိန်၌ လက်ဦးစွာ ဖြစ်ပေါ်လာသောစိတ်ကို ဖော်ပြ၍ မူးယစ်ဆေးဝါးသုံးစွဲမှုသည် အပြစ်မရှိဟု ယူဆကာ ရွှင်ပြတက်ကြွစွာ သုံးစွဲသူ၌ ဖြစ်သော စိတ်ကိုလည်း ရေးပြခဲ့ပါ။**

**လူသားတို့ ဘဝတစ်ခု အစပြုချိန်၌ လက်ဦးစွာ ဖြစ်ပေါ်လာသောစိတ်**

"ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေနေသောသတ္တဝါတို့အား အစ၌ ဝီထိစိတ်၏အစွမ်းဖြင့် လောဘသဟဂုတ် စိတ္တုပ္ပါဒ်တို့သာ ဖြစ်၏"ဟု ဋီကာဆရာ ဖော်ပြချက်အရ လူသားတို့ ဘဝတစ်ခု အစပြုချိန်၌ ပဋိသန္ဓေစိတ် ဖြစ်ပြီးသည့်နောက် ဘဝင်စိတ် အနည်းငယ် ဖြစ်ပြီး မိမိရောက်ရှိနေသည့် လူ့ဘဝကို တပ်နှစ်သက်သော ဘဝ-နိကန္တိကလောဘဇောဝီထိစိတ် လက်ဦးစွာ ဖြစ်ပေါ်လာပါသည်။

**မူးယစ်ဆေးဝါးသုံးစွဲမှုသည် အပြစ်မရှိဟု ယူဆကာ ရွှင်ပြတက်ကြွစွာ သုံးစွဲသူ၌ ဖြစ်သောစိတ်မှာ-**

"သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူပထမစိတ်" ဖြစ်ပါသည်။

---

**၂။ မူးယစ်ဆေးဝါးသုံးစွဲနေစဉ် စိတ်ပျံ့လွင့်တုန်လှုပ်နေသည်ဖြစ်ရာ ယင်းမူးယစ်ဆေးဝါးသုံးစွဲသူသည် တိုက်အိမ်ကောင်းကောင်း မြင်ရာ၌ ဝမ်းမြောက်မှု ဖြစ်နိုင်-မဖြစ်နိုင်၊ ရန်သူကို မြင်ရာ၌ စိတ်မချမ်းသာမှု ဖြစ်နိုင်-မဖြစ်နိုင် အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။**

http://www.dhammadownload.com



**မူးယစ်ဆေးဝါးသုံးစွဲသူသည် တိုက်အိမ်ကောင်းကောင်း မြင်ရာ၌ ဝမ်းမြောက်မှု မဖြစ်နိုင်ပါ။ ရန်သူကို မြင်ရာ၌လည်း - စိတ်မချမ်းသာမှု မဖြစ်နိုင်ပါ။**

အကြောင်းမှာ - စိတ်ပျံ့လွင့်တုန်လှုပ်နေခြင်းသည် ဥဒ္ဓစ္စစေတသိက်၏ သဘောကြောင့် ဖြစ်ပြီး ထိုသူ၌ "ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ်" ဖြစ်ပေါ်နေပါသည်၊ မောဟမူစိတ်သည် အလွန်တွေဝေ အလွန်တုန်လှုပ်သောကြောင့် တိုက်အိမ်ကောင်းကောင်းဟူသော ဣဋ္ဌာရုံကို မြင်ရသော်လည်း ဝမ်းမြောက်မှု (သောမနဿ) မဖြစ်နိုင်ပါ၊ ရန်သူဟူသော အနိဋ္ဌာရုံကို မြင်ရသော်လည်း စိတ်မချမ်းသာမှု(ဒေါမနဿ) မဖြစ်နိုင်ပါ၊ ဥပေက္ခာသဟဂုတ်စိတ်သာ ဖြစ်ပါသည်။

- မောဟမူစိတ် အလွန်တွေဝေရခြင်းမှာ - လောဘ, ဒေါသဟူသော အခြားမူလ ၂-ပါးတို့ မယှဉ်ကြ၊ မောဟမူလ တစ်ပါးသာ ယှဉ်၏၊ ထိုသို့ တစ်ပါးတည်းသာ ယှဉ်ရသော မောဟသည် လောဘ, ဒေါသတို့၏ သဘောတို့ မလိုက်လျောရသဖြင့် မိမိသဘောအတိုင်း လွတ်လွတ်လပ်လပ် တွေဝေခွင့်ရပါသည်။
- မောဟမူစိတ် အလွန်တုန်လှုပ်ရခြင်းမှာ - အာရုံ၌ ပျံ့လွင့်ခြင်း၏အစွမ်းဖြင့် ဖြစ်သော ဥဒ္ဓစ္စနှင့် အမြဲယှဉ်သောကြောင့် အလွန်တုန်လှုပ်ရပါသည်။

---

၃။ **ဆူးလေ၊ မဟာဝိဇယ၊ ရွှေတိဂုံစသော စေတီတော်များအား ငွေပေါင်းမြောက်မြားစွာကို ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အစဉ်မပြတ် လှူဒါန်းလျက်ရှိကြရာ ယင်းသို့ လှူဒါန်းရာ၌ ဝမ်းမြောက်ရွှင်လန်းစွာ လှူဒါန်းနိုင်ကြခြင်း၏ အချက်အလက်များကို အစဉ်မပြတ်အောင် တင်ပြခဲ့ပါ။**

ဆူးလေ၊ မဟာဝိဇယ၊ ရွှေတိဂုံစသော စေတီတော်များအား ငွေပေါင်းမြောက်မြားစွာကို ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အစဉ်မပြတ် လှူဒါန်းလျက်ရှိကြရာ ယင်းသို့ လှူဒါန်းရာ၌ ဝမ်းမြောက်ရွှင်လန်းစွာ လှူဒါန်းနိုင်ကြခြင်း၏အချက်အလက်များကို အစဉ်မပြတ်အောင် တင်ပြရသော် - **မဟာကုသိုလ် သောမနဿဖြစ်ကြောင်းများ ဖြစ်သော**

(၁) အားကြီးသောသဒ္ဓါ ရှိခြင်း၊

(၂) ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်း၊

(၃) လှူဖွယ်ပစ္စည်း, အလှူခံပုဂ္ဂိုလ်စသည်တို့နှင့် ပြည့်စုံခြင်းတို့ ဖြစ်ပါသည်။

---

http://www.dhammadownload.com



**၁၉၉၈**

၁။ **ရတနာမြတ်သုံးပါးတို့အား နေ့စဉ် ရှိခိုးပူဇော်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်များ လက်တွေ့ ရရှိခံစားရသည့် အကျိုးကျေးဇူးများကို အများနားလည်အောင် ရေးပြပါ။**

**ရတနာမြတ်သုံးပါးတို့အား နေ့စဉ်ရှိခိုးပူဇော်ကြသော ဗုဒ္ဓဘာသာဝင်သူတော်စင်များ လက်တွေ့ ရရှိခံစားရသည့် အကျိုးကျေးဇူးများမှာ -**

ရတနာမြတ်သုံးပါးတို့အား နေ့စဉ်ရှိခိုးပူဇော်ခြင်းကြိယာကို ပြီးစေသော မဟာကုသိုလ်စေတနာသည် ရှိခိုးထိုက်သော ရတနာ ၃-ပါး၏ ခေတ္တ၊ ရှိခိုးတတ်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အဇ္ဈာသယနှင့် ပြည့်စုံခြင်းကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ပင်

(၁) ရအပ်ပြီးသောအကျိုးနှင့် ပြည့်စုံခြင်း၏အကြောင်းဖြစ်သော ဇနကကံအား မိမိ၏အားအဆင့်ကို ပေးခြင်း၊
(၂) ထိုဇနကကံသည် ဖြစ်စေအပ်သော အကျိုးဝိပါက်အစဉ်ကို အန္တရာယ်ပြုတတ်သော ဥပပီဠကကံ, ဥပစ္ဆေဒကကံတို့ကို ပယ်ရှားတားမြစ်ခြင်း၊
(၃) ထိုဥပပီဠက, ဥပစ္ဆေဒကကံတို့ကြောင့် ဖြစ်ပေါ်လာတတ်သည့် အနာရောဂါ အစရှိသောအန္တရာယ်တို့၏ မဖြစ်ခြင်း

စသော အကျိုးကျေးဇူးများကို လက်တွေ့ရရှိခံစားကြရမည် ဖြစ်ပါသည်။

---

၂။ **မဖောက်ပြန်သည့် ရုပ်ပရမတ်ကို အဘယ်သဘာဝတရားများက ဖောက်ပြန်အောင် ဖန်တီးပေးနေပါသနည်း၊ ဖြေဆိုပြီးလျှင် ရုပ်ပရမတ်၏ဖောက်ပြန်နေပုံသဘာဝကိုလည်း ဖြေဆိုပါ။**

**မဖောက်ပြန်သည့် ရုပ်ပရမတ်ကို** အအေး, အပူ စသော ဆန့်ကျင်ဘက်သဘာဝတရားများက ဖောက်ပြန်အောင် ဖန်တီးနေပါသည်။

(အအေး, အပူ စသည်အရ - ထမင်းဆာမှု, ရေငတ်မှု, မှက် ခြင် လေ နေပူ မြွေတို့၏ ထိတွေ့ကိုက်ခဲမှုတို့အပြင် ကံ, စိတ်, အာဟာရတို့ကြောင့်လည်း ရုပ်ဖောက်ပြန်နိုင်ပါသည်။)

**ရုပ်ပရမတ်၏ ဖောက်ပြန်နေပုံသဘာဝ** - အအေး အပူစသော ဆန့်ကျင်ဘက်

http://www.dhammadownload.com



အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ခဲ့သော် ရှေးရုပ်အစဉ်နှင့် မတူ၊ ထူးခြားသော အားဖြင့် နောက်ရုပ်အစဉ်၏ဖြစ်ပေါ်လာခြင်းသည် ရုပ်ဖောက်ပြန်ခြင်းပင် ဖြစ်ပါသည်။

ဥပမာ - အအေးဥတုကြောင့် အအေးရုပ်အစဉ် ဖြစ်နေခိုက်၌ အပူဥတုဖြစ်ပေါ်လာ၍ အအေးရုပ်အစဉ် ကွယ်ပျောက်ပြီး အပူရုပ်အစဉ် ဖြစ်ပေါ်လာမှုမျိုးတည်း။

---

**၃။ အယူအမြင်မှားနေသူတစ်ဦးကို အမြင်မှန်ရအောင် သင်မည်သို့ ဆောင်ရွက်ပေးမည်နည်း၊ ဖြေဆို၍ ပုထုဇဉ်နှင့် ဈာန်ရပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်များ သန္တာန်ဝယ် ရရှိဖြစ်ပေါ်လာသည့် သဘာဝချင်းမတူသော ကုသိုလ်သုံးမျိုးတို့၏ စွမ်းအင်သတ္တိသုံးမျိုးကိုလည်း ရေးပြပါ။**

**အယူအမြင်မှားနေသူတစ်ဦးကို အမြင်မှန်ရအောင် ကျွန်ုပ်သည် -**

(၁) အယူဖောက်ပြန်ပျက်စီးသောပုဂ္ဂိုလ် (မိစ္ဆာအယူရှိသောတိတ္ထိများ)ကို လေးစားမြတ်နိုးလျက် ထိုသူတို့နှင့် တွဲဖက်ပေါင်းသင်းခြင်း မပြုမိစေရန်လည်းကောင်း၊

(၂) သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော မိစ္ဆာအယူအာသယတစ်ပါးပါးမှ လွတ်ကင်းစေရန်လည်းကောင်း ဆောင်ရွက်ပေးပါမည်။

**ပုထုဇဉ်နှင့် ဈာန်ရပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်များ သန္တာန်ဝယ် ရရှိဖြစ်ပေါ်လာသည့် သဘာဝချင်း မတူသော ကုသိုလ်သုံးမျိုးတို့၏ စွမ်းအင်သတ္တိသုံးမျိုးမှာ -**

(၁) **ပုထုဇဉ်သန္တာန်၌ ရရှိဖြစ်ပေါ်လာသည့်** ကာမာဝစရကုသိုလ်သည် ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင့် ပယ်သတ်နိုင်ပါသည်။

(၂) **ဈာန်ရပုဂ္ဂိုလ်သန္တာန်၌ ရရှိဖြစ်ပေါ်လာသည့်** မဟဂ္ဂုတ် (ရူပ, အရူပ) ကုသိုလ်သည် ကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်သတ်နိုင်ပါသည်။

(၃) **အရိယာပုဂ္ဂိုလ်သန္တာန်ဝယ် ရရှိဖြစ်ပေါ်လာသည့်** လောကုတ္တရာကုသိုလ် (မဂ် ၄-ပါး)သည် ဆိုင်ရာကိလေသာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်နိုင်ပါသည်။

---

http://www.dhammadownload.com



၁၉၉၁

၁။ **ပရမတ္ထသဘာဝတို့ကို လေ့လာကျွမ်းကျင်ပြီးသော စိတ်ပညာရှင်တစ်ဦးအနေဖြင့် စိတ်နှင့် ပတ်သက်၍ သိအပ်သော သဘောအဓိပ္ပါယ်တို့ကို စုံလင်စွာ ဖွင့်ဆိုပြပါ။**

**စိတ်နှင့် ပတ်သက်၍ သိအပ်သော သဘောအဓိပ္ပါယ်တို့မှာ -**

(၁) အာရုံကို သညာသိ, ပညာသိတို့ဖြင့် သိပုံမှ ထူးခြား၍ အာရုံတစ်ခုခုကို ရအောင် ယူခြင်းဖြင့် အာရုံကို သိတတ်သောသဘောသည် "စိတ်" မည်၏။

(၂) ဖဿစသော သမ္ပယုတ်တရားတို့၏ အာရုံကို သိကြောင်းဖြစ်သောကြောင့် "စိတ်" မည်၏။

(၃) အာရုံကို သိခြင်းမျှ ဖြစ်သောကြောင့် "စိတ်" မည်၏။

ရင်းအပြင် "စိတ္တ"သဒ္ဒါ၏ ရနိုင်သမျှ အနက်အဓိပ္ပါယ်များကို ဖွင့်ဆိုပြရသော် -

(၁) ဆန်းကြယ်သော ပန်းချီရုပ် ပန်းပုရုပ် စသည်ကို ပြုလုပ်တတ်သောကြောင့် "စိတ်" မည်၏။ (ဝုဋ္ဌော၊ ကာမဇော-၂၉၊ အဘိညာဉ်ဒွေးဟူသော ၃၂-ပါးသောစိတ်တို့ကို ရ၏။)

(၂) ဆန်းကြယ်သောဂတိ စသည်ကို ပြုလုပ်တတ်သောကြောင့် "စိတ်" မည်၏။ (လောကီကုသိုလ်၊ အကုသိုလ်စိတ်တို့ကို ရ၏။)

(၃) မိမိကိုယ်တိုင်က ဇာတိ, ဘူမိ, သမ္ပယောဂ, သင်္ခါရ စသောအားဖြင့် တစ်ပါးနှင့် တစ်ပါး ထူးခြားဆန်းကြယ်သည်၏အဖြစ်ကြောင့် "စိတ်" မည်၏။ (စိတ်အားလုံးကို ရ၏။)

(၄) ကံ, ကိလေသာတို့သည် ဆည်းပူးအပ်သောကြောင့် "စိတ်" မည်၏။ (ဝိပါက်စိတ်ကို ရ၏။)

(၅) ကံ, ကိလေသာတို့သည် စီရင်အပ် ဖြစ်စေအပ်သော အတ္တဘော (ဝိပါက်ဝိညာဉ်)ကို စောင့်ရှောက်တတ်သောကြောင့် "စိတ်" မည်၏။ (ဝိပါက်စိတ်ကို ရ၏။)

(၆) မိမိဟူသော ဇောစိတ်အစဉ်ကို (တစ်နည်း) အလုံးစုံသောစိတ်အစဉ်ကို စီရင်တတ်,ဖြစ်စေတတ်သောကြောင့် "စိတ်" မည်၏။ (ဇောစိတ် - တစ်နည်း စိတ်

http://www.dhammadownload.com



အားလုံးကို ရ၏။)

(၇) ဆန်းကြယ်ထူးခြားသောအာရုံရှိသောကြောင့် "စိတ်" မည်၏။ (စိတ်အားလုံးကို ရ၏။)

---

၂။ **လူတစ်ယောက်တွင် ခန္ဓာကိုယ်တစ်ခုသာ ရှိပါလျက် အဘယ်ကြောင့် ကာယဝိညာဏ်ဒွေးဟု ဆိုပါသနည်း၊ ဖြေဆိုရ၌ ထိုကာယဝိညာဏ်ဒွေးသည် အများနည်းတူ ဥပေက္ခာမဖြစ်ဘဲ ဒုက္ခ, သုခ ဖြစ်ရခြင်းအကြောင်းကိုလည်း ရှင်းပြပါ။**

**လူတစ်ယောက်တွင် ခန္ဓာကိုယ်တစ်ခုသာ ရှိပါသော်လည်း - မိမိပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံ အားလျော်စွာ အကျိုးဝိပါက်သည်လည်း -**

(၁) ဣဋ္ဌဖောဋ္ဌဗ္ဗာရုံဖြစ်က- အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၊

(၂) အနိဋ္ဌဖောဋ္ဌဗ္ဗာရုံဖြစ်က- အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဟု-၂-မျိုး ကွဲပြားသောကြောင့် ကာယဝိညာဏ်ဒွေးဟု ဆိုရခြင်း ဖြစ်ပါသည်။

**ထိုကာယဝိညာဏ်ဒွေးသည် အများနည်းတူ ဥပေက္ခာမဖြစ်ဘဲ ဝတ္ထု, အာရုံတို့ ထိခိုက်မှု အားရှိသောကြောင့် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်, ဣဋ္ဌာရုံ၌ သုခသဟဂုတ် ဖြစ်ရပါသည်။**

ကာယဝိညာဏ်၏အာရုံမှာ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ် ရုပ် ၃-ပါး ဖြစ်၏၊ ထိုဖောဋ္ဌဗ္ဗာရုံဘူတရုပ်သည် ဥပါဒါရုပ်ဖြစ်သော ကာယပသာဒရုပ်၌ ထိခိုက်သည်ရှိသော် ထိုကာယပသာဒရုပ်ကို လွန်၍ ထိုကာယပသာဒရုပ်၏မှီရာ မဟာဘုတ်တို့၌ သွား၍ ထိခိုက်ပါသည်။

ဘူတရုပ်တို့က ဘူတရုပ်တို့ကို ထိခိုက်ခြင်း (မဟာဘုတ်အချင်းချင်း ထိခိုက်ခြင်း) သည် သံတုံးပေါ်၌ ဝါဂွမ်းစိုင်ကို တင်၍ သံတူဖြင့် ထုသောအခါ သံတူသည် ဝါဂွမ်းစိုင်တွင်သာ မရပ်ဘဲ ဝါဂွမ်းစိုင်ကို **လွန်၍** အောက်ခံသံတုံးကို ရိုက်မိ ထိခိုက်မိသကဲ့သို့ အလွန်အားရှိပါသည်။

ထိုသို့ ဝတ္ထု, အာရုံ ထိခိုက်မှု **အားရှိသော**ကြောင့် (မဟာဘုတ်အချင်းချင်း ထိခိုက်မှုက အားရှိသောကြောင့်) **အာရုံ၏အရသာ**သည် ထင်ရှား၏၊ ထို့ကြောင့် အနိဋ္ဌာရုံ

http://www.dhammadownload.com



နှင့် တွေ့ကြုံလျှင် ကာယဝိညာဏ်စိတ်မှာ ဒုက္ခသဟဂုတ် ဖြစ်၍၊ ဣဋ္ဌာရုံနှင့် တွေ့ကြုံလျှင် ကာယဝိညာဏ်စိတ်မှာ သုခသဟဂုတ် ဖြစ်ရပါသည်။

---

**၃။ ကမ္ဘာအေးစေတီတော် ဘက်စုံမွမ်းမံပြုပြင်ရန်အတွက် မိမိစေတနာအလျောက် ဉာဏ်လည်း ပေါက်၍ ဝမ်းမြောက်စွာ လှူဒါန်းသူ၌ ဖြစ်ပေါ်သည့် ကုသိုလ်စိတ်ကို အတိအကျ ဖော်ပြ၍၊ ထိုကုသိုလ်စိတ်တစ်ခုသည် ဒါန, သီလ စသည်တို့ဖြင့် ထပ်ဆင့်ပွားပါက မည်မျှအထိ များပြားလာနိုင်သနည်း၊ အလှူရှင် သဒ္ဒါပွားရအောင် မြောက်ပွားဖော်ပြပါ။**

**ကမ္ဘာအေးစေတီတော် ဘက်စုံမွမ်းမံပြုပြင်ရန်အတွက် မိမိစေတနာအလျောက် ဉာဏ်လည်း ပေါက်၍ ဝမ်းမြောက်စွာ လှူဒါန်းသူ၌ ဖြစ်ပေါ်သည့် ကုသိုလ်စိတ်မှာ**

"သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် ပထမစိတ်" ဖြစ်ပါသည်။

ထိုကုသိုလ်စိတ်တစ်ခုသည် ဒါန, သီလ စသည်ဖြင့် ထပ်ဆင့်ပွားများပါက -

မဟာကုသိုလ်စိတ် = ၁-ပါး
ပုညကြိယာဝတ္ထု = × ၁၀-ပါး
၁၀-ပါး
အာရုံ = × ၆-ပါး
၆၀-ပါး
အဓိပတိ = × ၄-ပါး
၂၄၀-ပါး
ကံ ၃-ပါး = × ၃-ပါး
၇၂၀-ပါး
ဟီန, မဇ္ဈိမ, ပဏီတ= × ၃-ပါး
မဟာကုသိုလ်စိတ်ပေါင်း = ၂၁၆၀ - ပါး

ဤကဲ့သို့ မဟာကုသိုလ်စိတ် ၁-ပါးကို တည်ထား၍ ပုညကြိယာဝတ္ထု ၁၀-ပါး, အာရုံ ၆-ပါး, အဓိပတိ ၄-ပါး, ကံ ၃-ပါး, ဟီန-မဇ္ဈိမ-ပဏီတ ၃-ပါးတို့ဖြင့် မြောက်

http://www.dhammadownload.com



ပွားသော် မဟာကုသိုလ်စိတ်ပေါင်း ၂၁၆၀-ပါး ရ၏၊ ကာလ, ဒေသ စသည်ဖြင့် မြှောက်ပွားသော် မရေတွက်နိုင်အောင် များပြားလာမည် ဖြစ်ပါသည်။

---

**၁၉၉၂**

၁။ **အရက်သောက်ခြင်းကို အပြစ်မရှိဟု ယူဆလျက် သောက်သူနှင့် အပြစ်ရှိမှန်းသိလျက် သောက်သူ ဤနှစ်ဦးတို့၏ အကုသိုလ်ဖြစ်ပုံချင်း တူညီသလော၊ ခြားနားမှု ရှိပါသလော၊ အဘိဓမ္မာအမြင်ဖြင့် စိစစ်ပြပါ။**

**အရက်သောက်ခြင်းကို အပြစ်မရှိဟု ယူဆလျက် သောက်သူနှင့် အပြစ်ရှိမှန်း သိလျက် သောက်သူ ဤနှစ်ဦးတို့၏ အကုသိုလ်ဖြစ်ပုံချင်း မတူညီပါ၊ ခြားနားမှု ရှိပါသည်။**

| | |
|---|---|
| (၁) အရက်သောက်ခြင်းသည် အပြစ်ရှိပါလျက် အပြစ်မရှိဟု ယူဆလျက် သောက်သူ၌ မိစ္ဆာအယူ(ဒိဋ္ဌိ) ဖြစ်၍ "ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ်" ဖြစ်ပါမည်။ | (၁) အပြစ်ရှိမှန်းသိလျက်နှင့် သောက်သူ၌မူ မိစ္ဆာအယူ(ဒိဋ္ဌိ) မယှဉ်သောကြောင့် "ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘမူစိတ်" ဖြစ်ပါမည်။ |
| (၂) ထိုမိစ္ဆာအယူကို အရင်းခံ၍ မကောင်းမှု ပြုလုပ်ရာ၌ အကုသိုလ်အပြစ်ကို ကြောက်ရွံ့တွန့်ဆုတ်ခြင်း မရှိ၊ ရဲရဲဝံ့ဝံ့ ပြုကျင့်မိကြ၏။ ထို့ကြောင့် အကုသိုလ်သည် ထိုမိစ္ဆာအယူရှိသူ၏သန္တာန်၌ ကြီးလေးစွာ အဖတ်တင်ကျန်ရစ်၏။ (ဥပမာ - ရဲရဲညီသော သံတွေခဲကို ပတ္တမြားခဲထင်၍ ကိုင်မိသူမှာ ပြင်းထန်စွာ အလောင်ခံရသကဲ့သို့တည်း။) | (၂) အပြစ်ရှိမှန်းသိသူ၌ကား မကောင်းမှုကို မရှောင်ကြဉ်နိုင်၍ ပြုလုပ်သော်လည်း အကုသိုလ်အပြစ်ကို တွန့်ဆုတ်လျက် ပြုလုပ်ကြ၏။ ထို့ကြောင့် အကုသိုလ်အပြစ်လည်း ဒိဋ္ဌိနှင့် ယှဉ်သူလောက် မကြီးမားချေ။ (ဥပမာ - ရဲရဲညီသော သံတွေခဲကို ပူမှန်းသိပြီးဖြစ်၍ မလွဲသာ၍ ကိုင်ရသော်လည်း အပူသက်သာအောင် ကိုင်သကဲ့သို့တည်း။) |

http://www.dhammadownload.com



**၂။ လူတစ်ယောက်အား မိစ္ဆာဒိဋ္ဌိဖြစ်ဖို့ရန်အတွက် အမိကတွန်းအားပေးသော ဒိဋ္ဌိဖြစ်ကြောင်းတရားတို့ကို ဖော်ပြ၍၊ သမ္မဒိဋ္ဌိဗွိုင်းမည်ခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။**

**လူတစ်ယောက်အား မိစ္ဆာဒိဋ္ဌိဖြစ်ဖို့ရန်အတွက် အမိကတွန်းအားပေးသော ဒိဋ္ဌိဖြစ်ကြောင်းတရား ၂-ပါး ရှိပါသည်။**

(၁) အယူဖောက်ပြန်ပျက်စီးသောပုဂ္ဂိုလ် (မိစ္ဆာအယူရှိသောတိတ္ထိများ)ကို လေးစားမြတ်နိုးလျက် ထိုသူတို့နှင့် တွဲဖက်ပေါင်းသင်းခြင်း၊

(၂) သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော မိစ္ဆာအယူအာသယတစ်ပါးပါး ရှိခြင်းတို့ဖြစ်ကြပါသည်။

**သမ္မဒိဋ္ဌိဗွိုင်းမည်ခြင်းအကြောင်းမှာ -**

ပဉ္စဝိညာဏ်သည် ယူအပ်ပြီးသော ရုပ်ပါရုံ အစရှိသော ပဉ္စာရုံကို ခံယူသကဲ့သို့ဖြစ်တတ်သောကြောင့် "သမ္မဒိဋ္ဌိဗွိုင်း" မည်ပါသည်။

---

**၃။ ဝိတက်သည် ယှဉ်ဘက်စိတ်တို့ကို အာရုံသို့ တင်ပေးသည်ဆိုရာ ဝိတက်မယှဉ်သောစိတ်တို့ကား အဘယ်သို့လျှင် အာရုံသို့ တက်နိုင်ကြပါသနည်း၊ ဖြေဆိုပါ။**

**ဝိတက်မယှဉ်သောစိတ်များ အာရုံသို့ တက်ရောက်နိုင်ကြပုံ**

ဝိတက်မယှဉ်သောစိတ်များသည်လည်း ဝိတက်၏အစွမ်းဖြင့်သာလျှင် အာရုံသို့တက်ရောက်ပါသည်၊ ဥပမာ - တောသားယောကျ်ားသည် မင်းကျွမ်းဝင်သူ (သို့) မင်းဆွေမျိုးတို့၏အကူအညီဖြင့် မင်းနန်းတော်သို့ ဝင်ဖန်များသော် ထိုမင်းကျွမ်းဝင်သူ (သို့) မင်းဆွေမျိုးတို့၏အကူအညီ မပါတော့သော်လည်း မင်းနန်းတော်သို့ ဝင်ထွက်ရဲသကဲ့သို့ - ဝိတက်မယှဉ်သော ဒုတိယစျာန် အစရှိသည့်စိတ်တို့သည်လည်း ဝိတက်၏အကူအညီဖြင့် အာရုံသို့တက်ခဲ့သော အလေ့အကျက်၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်နိုင်ကြပါသည်။

(တစ်နည်း)

(က) ဒွေပဉ္စဝိညာဏ် ၁၀-ပါးသည် - ဝတ္ထု, အာရုံတို့ ထိခိုက်ခြင်း၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်နိုင်ပါသည်။

http://www.dhammadownload.com



(ခ) ဒုတိယစျာန်စိတ်စသည်တို့သည် - အောက်အောက်၌ဖြစ်သော ဥပစာရဘာဝနာ၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်နိုင်ပါသည်။

---

**၁၉၉၃**

**၁။ ဗုဒ္ဓဘာသာဝင်တို့ ရှိခိုးပူဇော်အပ်သော ရတနာသုံးပါးအနက် ဓမ္မရတနာတွင် ပါဝင်သောတရားတို့ကို ဖော်ပြ၍ စာဖြေသူတို့ သင်ကြားလေ့လာလျက်ရှိသော အဘိဓမ္မာပရိယတ္တိသည် ဓမ္မရတနာ မည်-မမည် အကြောင်းပြ ဖြေဆိုပါ ။**

**ဓမ္မရတနာတွင် ပါဝင်သောတရားတို့မှာ -**

(၁) မဂ် ၄-ပါး၊

(၂) ဖိုလ် ၄-ပါး၊

(၃) နိဗ္ဗာန် နှင့်

(၄) ပရိယတ္တိတရားတို့ ဖြစ်ကြပါသည်။

**အဘိဓမ္မာပရိယတ္တိသည် ဓမ္မရတနာ မည်ပါသည်၊**

အဘိဓမ္မာပရိယတ္တိသည် (ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်တတ်သော) အရိယာမဂ်ကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့် ဖလူပစာအားဖြင့် 'ဓမ္မရတနာ' မည်ပါသည်။

---

**၂။ ဟာသရုပ်ရှင်ကားကို ကြည့်မြင်ခိုက်တွင် မြင်သိစိတ်နှင့် အတူတကွ ဖြစ်ပေါ်သောဝေဒနာကို ဖော်ပြ၍ အဘယ့်ကြောင့် ထိုဝေဒနာဖြစ်ရကြောင်းကိုလည်း ရှင်းပြခဲ့ပါ။**

**ဟာသရုပ်ရှင်ကားကို ကြည့်မြင်ခိုက်တွင် မြင်သိစိတ်နှင့် အတူတကွ ဖြစ်ပေါ်လာသော ဝေဒနာမှာ "ဥပေက္ခာဝေဒနာ" ဖြစ်ပါသည်၊ စက္ခုဝိညာဏ်စိတ်၏ ဥပေက္ခာဝေဒနာ ဖြစ်ရခြင်းအကြောင်းမှာ -**

စက္ခုဝိညာဏ်၏ မှီရာဖြစ်သော စက္ခုပသာဒရုပ်သည် ဥပါဒါရုပ် ဖြစ်ပါသည်၊ စက္ခုဝိညာဏ်၏အာရုံဖြစ်သော ရူပါရုံသည်လည်း ဥပါဒါရုပ်ပင် ဖြစ်၏၊ ဥပါဒါရုပ်ဖြစ်သော ရူပါရုံက ဥပါဒါရုပ်ဖြစ်သော စက္ခုပသာဒကို ထိခိုက်ခြင်းသည် ဥပမာအား

http://www.dhammadownload.com



ဖြင့် ဝါဂွမ်းစိုင်တစ်ခုက အခြားဝါဂွမ်းစိုင်တစ်ခုကို ထိခိုက်ခြင်းကဲ့သို့ အလွန်အား နည်း၏။

ထိုသို့ အာရုံနှင့် ဝတ္ထုတို့ ထိခိုက်မှုသည် မထန်မပြင်း ညင်သာအားနည်းသည့် အတွက် ဟာသရုပ်ရှင်ကားဟူသော ရူပါရုံကို ကြည့်မြင်ခိုက် အာရုံ၏အရသာ မထင် ရှားပေ၊ ထို့ကြောင့် စက္ခုဝိညာဏ်သည် သင့်တင့်ရုံ ခံစားတတ်သော "ဥပေက္ခာ ဝေဒနာ" နှင့်သာ အတူတကွ ဖြစ်ရခြင်း ဖြစ်ပါသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

**၃။ ဖဿစသော သမ္ပယုတ်တရားများ ရှိပါလျက် ဝိတက်စသော တရားငါးပါးကိုသာ အဘယ် ကြောင့် ဈာန်အင်္ဂါဟု ဆိုပါသနည်း ဖြေဆိုပါ။**

**ဝိတက်စသော တရားငါးပါးကိုသာ ဈာန်အင်္ဂါဟု ဆိုရခြင်းအကြောင်းမှာ -**

ဝိတက်စသော ၅-ပါးတို့သည်သာ

(၁) ကသိုဏ်းစသော အာရုံတို့ကို ကပ်၍ ရှုခြင်း(စူးစူးစိုက်စိုက်ရှုခြင်း) ကိစ္စ ရှိသော ကြောင့်လည်းကောင်း၊

(၂) ကာမစ္ဆန္ဒအစရှိသော နီဝရဏတရားတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြ သောကြောင့်လည်းကောင်း ဈာန်အင်္ဂါဟု ဆိုနိုင်ခြင်း ဖြစ်ပါသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

## ၁၉၄၄

**၁။ တစ်ဦးက တိုက်တွန်း၍ တစ်ဦးက လှူဒါန်းရာဝယ် သင်္ခါရသဘောသည် တိုက်တွန်းသူ၌ သာ ဖြစ်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် လှူဒါန်းသူ၌ ဖြစ်သော ကုသိုလ်သည် သသင်္ခါရိကကုသိုလ် ဖြစ်ရသနည်း၊ ရှင်းလင်းဖြေဆိုပါ။**

**တစ်ဦးက တိုက်တွန်း၍ တစ်ဦးက လှူဒါန်းရာဝယ် သင်္ခါရသဘောသည် တိုက်တွန်းသူ၌ ဖြစ်သည်မှာ မှန်၏၊ သို့သော် လှူဒါန်းသူ၌ဖြစ်သော ကုသိုလ်သည်လည်း သသင်္ခါရိက ကုသိုလ် မည်၏၊ ဤသို့ ဖြစ်ရခြင်းမှာ -**

"သင်္ခါရ"၏ အဓိပ္ပာယ် = တွန့်တိုဆုတ်နစ်နေသောစိတ်ကို ထက်မြက်လာစေရန် ပြင်ဆင်တတ်သောကြောင့် သင်္ခါရ မည်ပါသည်။

http://www.dhammadownload.com



"သင်္ခါရ" အရ = တွန့်တိုဆုတ်နစ်နေသောစိတ်ကို ထက်မြက်လာစေရန် ပြင်ဆင်တတ်သော ပုဗ္ဗပယောဂကို **မုချအားဖြင့်** ရပြီး၊ ထို ပုဗ္ဗပယောဂကြောင့် ဖြစ်ပေါ်လာသောနောက်စိတ်၏ ထက်မြက်ခြင်းသတ္တိအထူးကို **ကာရဏူပစာအားဖြင့်** ရပါသည်။

"သသင်္ခါရိက"အဓိပ္ပါယ်= သင်္ခါရ (နောက်စိတ်၏ထက်မြက်ခြင်း သတ္တိအထူး)နှင့် တကွဖြစ်သောစိတ်ကို ဆိုလို၏။

ထို့ကြောင့်- တိုက်တွန်းသူ၌ သင်္ခါရသဘောဖြစ်ပြီး ထိုတိုက်တွန်းသူကြောင့် လှူဒါန်းသူ၌ ဖြစ်သောကုသိုလ်သည် သင်္ခါရ(နောက်စိတ်၏ထက်မြက်ခြင်း သတ္တိအထူး)နှင့်တကွ ဖြစ်ပေါ်လာသောစိတ် ဖြစ်သောကြောင့် "သသင်္ခါရိကကုသိုလ်" မည်ပါသည်။

---

၂။ **အဟိတ်ကုသလဝိပါက်စိတ်၌ သောမနဿ သန္တီရဏ ရှိသကဲ့သို့ အကုသလဝိပါက်စိတ်၌လည်း ဒေါမနဿ သန္တီရဏ ရှိသင့်-မရှိသင့်ကို အဘိဓမ္မာကျွမ်းကျင်ပညာရှင်ပီပီ စိစစ်ပြပါ။**

**အဟိတ်ကုသလဝိပါက်စိတ်၌ သောမနဿသန္တီရဏ ရှိသကဲ့သို့ အကုသလဝိပါက်စိတ်၌လည်း ဒေါမနဿ သန္တီရဏ မရှိသင့်ပါ။ အဘိဓမ္မာနည်းအရ စိစစ်ပြရသော်-**

အကုသလဝိပါက်အရာ၌ ထင်လာသောအာရုံသည် အနိဋ္ဌာရုံသာ ဖြစ်၏၊ ထို အနိဋ္ဌာရုံ၌ ဖြစ်ထိုက်သော ဒေါမနဿဝေဒနာသည် ပဋိဃ(ဒေါသ)နှင့် ကင်း၍ ဖြစ်ခြင်း မရှိ၊ ပဋိဃ(ဒေါသ)သည်လည်း ဇောနအကုသိုလ်သဘောရှိသည်ဖြစ်၍ အဗျာကတသဘောရှိသော ဝိပါက်စိတ်တို့၌ မဖြစ်သင့်၊ ထိုသို့ မိမိနှင့်အတူ ယှဉ်ဘက်ဖြစ်သော ပဋိဃနှင့် ကင်း၍ ဖြစ်ခြင်း မရှိသောကြောင့် အကုသလဝိပါက်စိတ်၌ ဒေါမနဿဝေဒနာ မရှိသင့်ဘဲ ဥပေက္ခာဝေဒနာသာ ဖြစ်ရပါသည်။

(တစ်နည်း) ဥပမာအားဖြင့် အားရှိသောယောက်ျား၏ အထောင်းအထုကို ခံရသော အားနည်းသောယောက်ျားသည် အားရှိသောသူအား အလျော့ပေး လျစ်လျူရှုရသကဲ့သို့ အကုသလဝိပါက်စိတ်တို့သည် အလွန်အားနည်းသောကြောင့် အနိဋ္ဌာရုံ၌ သော်မှလည်း ဒေါမနဿဝေဒနာဖြစ်ခြင်း မရှိတော့ပေ၊ ဥပေက္ခာသန္တီရဏသာ ဖြစ်ရပါသည်။

---

http://www.dhammadownload.com



**၃။ သူတစ်ပါးတိုက်တွန်း၍ ဈာန်တရား အားထုတ်မှုမျိုးလည်း ရှိသင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ရူပါဝစရစိတ်၌ သင်္ခါရအပြား မရှိပါသနည်း၊ ဋီကာဆရာအာဘော်ကျ ဖြေပါ။**

**(သူတစ်ပါးတိုက်တွန်း၍ ဈာန်တရားအားထုတ်မှုမျိုး မရှိသင့်ပါ၊ သူတစ်ပါးက တိုက်တွန်းသည့်အတွက် အားမထုတ်ချင်, ထုတ်ချင်နှင့် အားထုတ်သူမှာ ဈာန်မဆိုထားဘိ၊ နိမိတ်ထင်ဖို့ရာပင် မဖြစ်နိုင်ပါ။)**

**ရူပါဝစရစိတ်၌ သင်္ခါရအပြား မရှိခြင်းအကြောင်းကို ဋီကာဆရာအာဘော်ကျ ဖြေဆိုရသော် -**

အလုံးစုံသောဈာန်သည် ဈာန်မရမီ ရှေ့အဖို့၌ 'ပထဝီ-ပထဝီ'စသည်ဖြင့် စီးဖြန်းမှုပရိကံဟု ဆိုအပ်သော 'ပုဗ္ဗာဘိသင်္ခါရ'နှင့်ကင်း၍ ရှေးဘဝက ဈာန်ရဖို့ရန် လွန်လွန်ကဲကဲ အားထုတ်ခဲ့ဖူးခြင်းဟူသော 'အဓိကာရ'သက်သက်၏အစွမ်းဖြင့် မဖြစ်နိုင်သောကြောင့် အသင်္ခါရိကဟူ၍လည်း မဆိုသင့်ပါ၊ 'အဓိကာရ'နှင့် ကင်း၍ 'ပုဗ္ဗာဘိသင်္ခါရ' သက်သက်၏အစွမ်းဖြင့်လည်း မဖြစ်နိုင်သောကြောင့် သသင်္ခါရိကဟူ၍လည်း မဆိုသင့်ပါ၊ ထို့ကြောင့် ရူပါဝစရစိတ်၌ သင်္ခါရအပြား မရှိခြင်း ဖြစ်ပါသည်။

(တစ်နည်း) - ပုဗ္ဗာဘိသင်္ခါရအစွမ်းဖြင့်သာလျှင် ဖြစ်ရသော ရူပါဝစရကုသိုလ်စိတ်သည် တစ်ခါတစ်ရံမျှ အသင်္ခါရိက မဖြစ်သင့်၍ အသင်္ခါရိကဟူ၍လည်း မဆိုအပ်ပါ၊ သသင်္ခါရိကကေန်ဖြစ်၍ "အသင်္ခါရိကလေလား"ဟု ယုံမှားဖွယ် မရှိသောကြောင့် သသင်္ခါရိကဟူ၍လည်း မဆိုအပ်ပါ၊ ထို့ကြောင့် ရူပါဝစရစိတ်၌ သင်္ခါရအပြား မရှိခြင်း ဖြစ်ပါသည်။

---

**၄။ "တူသောအကျိုးကို ပေး၏"ဟူသောစကားသည် အဘိဓမ္မာနယ်ပယ်၌ အခါခပ်သိမ်း မှန်ကန်ပါသလော၊ မတူသောအကျိုးကိုလည်း ပေးသောစိတ်များ ရှိက အကြောင်းပြဖော်ပြပါ။**

**"တူသောအကျိုးကို ပေး၏"ဟူသောစကားသည် အဘိဓမ္မာနယ်ပယ်၌ အခါခပ်သိမ်း မှန်ကန်မှု မရှိပါ။**

http://www.dhammadownload.com



ရူပ, အရူပ, လောကုတ္တရာ ကုသိုလ်စိတ်တို့သည်သာ (ကုသိုလ် ၅-ပါး ရှိလျှင် ဝိပါက်လည်း ၅-ပါး စသည်ဖြင့်) "လူစသည်တို့၏ အရိပ်သည် လူစသည်တို့နှင့် တူသကဲ့သို့" တူသောအကျိုးကို ပေးနိုင်ကြပါသည်။

**"မတူသောအကျိုး"ကို ပေးသောစိတ်များလည်း ရှိပါသည်၊ ယင်းမှာ မဟာကုသိုလ်စိတ် ၈-ပါး ဖြစ်ပါသည်။**

မဟာကုသိုလ်စိတ်သည် အဟိတ်ကုသလဝိပါက်ဟူသော မတူသောအကျိုး၊ မဟာဝိပါက်ဟူသော တူသောအကျိုး ဤသို့ တူ-မတူ ၂-ပါးစုံသောအကျိုးကို ပေးပါသည်။

အကြောင်းမှာ မဟာကုသိုလ်စိတ်တို့သည် နီဝရဏတရားတို့၏ တုန်လှုပ်ချောက်ချားမှုကို ခံနေရသောကြောင့် ဤသို့ တူ-မတူ ၂-ပါးစုံသောအကျိုးကို ပေးခြင်း ဖြစ်ပါသည်။

---

**၁၉၉၅**

၁။ **(က) အဘိဓမ္မာ (ခ) အဘိဓမ္မတ္ထ (ဂ) အဘိဓမ္မတ္ထသင်္ဂဟတို့၏အရကို ဋီကာကျမ်းလာအတိုင်း အသီးသီး ကောက်ပြပါ။**

(က) **အဘိဓမ္မာ-အရ** = ပညတ်မှ အသီးအခြားထုတ်အပ်သော ပရမတ္ထ၏ အဖြစ်အားဖြင့် ထူးကုန်သောတရားတို့ကို ဟောရာဖြစ်သော မဓမ္မသင်္ဂဏီစသော အဘိဓမ္မာ ၇-ကျမ်းကို ရ၏။

(ခ) **အဘိဓမ္မတ္ထ-အရ** = အဘိဓမ္မာ ၇-ကျမ်း၌ ဟောအပ်ကုန်သော စိတ်, စေတသိက်စသော အနက် (တစ်နည်း) စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထတရား ၄-ပါးကို ရ၏။

(ဂ) **အဘိဓမ္မတ္ထသင်္ဂဟ-အရ** = အဘိဓမ္မာ ၇-ကျမ်း၌ အကျယ်အားဖြင့် ဟောတော်မူအပ်ကုန်သော စိတ်, စေတသိက်စသော အနက်တို့ကို အကျဉ်းအားဖြင့် ယူရာယူကြောင်း ဖြစ်သော

http://www.dhammadownload.com



ကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သော သင်္ဂြိုဟ်ကျမ်းကို ရ၏။

---

၂။ **စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းတွင် ဝမ်းမြောက်စွာ လုပ်အားပေးလှူသူ၏ သန္တာန်၌ ဖြစ်သော ကုသိုလ်စိတ်သည် အဘယ်ဝေဒနာနှင့် ယှဉ်ပါသနည်း၊ ဖြေဆိုရ၍ ထိုဝေဒနာဖြစ်ခြင်းအကြောင်းများကိုလည်း ဖော်ပြပါ။**

စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေးလုပ်ငန်းတွင် ဝမ်းမြောက်စွာ လုပ်အားပေးလှူသူ၏သန္တာန်၌ဖြစ်သောကုသိုလ်စိတ်သည် **"သောမနဿဝေဒနာ"နှင့် ယှဉ်ပါသည်။**

**မဟာကုသိုလ် သောမနဿဝေဒနာဖြစ်ခြင်း အကြောင်းများ** (၁၉၈၉-၃)

---

၃။ **"ပဌမဈာန်" ဟူသောစကား၌ ပဌမမည်ခြင်းအကြောင်း၊ ဈာန်မည်ခြင်းအကြောင်းတို့ကို ဖြေဆိုရ၍ သူခ၏ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတို့ကိုလည်း ဆန့်ကျင်ပုံနှင့်တကွ ဖော်ပြပါ။**

**"ပဌမဈာန်" ဟူသောစကား၌**
**ပဌမမည်ခြင်းအကြောင်း**

(၁) ဒေသနာက္ကမ (ဟောစဉ်) အားဖြင့်လည်းကောင်း၊
(၂) ဥပတ္တိက္ကမ (ဖြစ်စဉ်) အားဖြင့်လည်းကောင်း အစဖြစ်သောကြောင့် ဈာန်သည် "ပဌမ" မည်ပါသည်။

**ဈာန်မည်ခြင်းအကြောင်း**

(၁) ကသိုဏ်းစသောအာရုံတို့ကို ကပ်၍ ရှုတတ် (စူးစူးစိုက်စိုက်ရှုတတ်)သောကြောင့်လည်းကောင်း၊
(၂) ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း "ဈာန်" မည်ပါသည်။

**သုခ၏ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတို့မှာ** ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ ဖြစ်ပါသည်။
အကြောင်းမှာ - သုခသည် ငြိမ်သက်ခြင်း အေးမြခြင်းသဘော ရှိသောကြောင့် မငြိမ်မသက် တုန်လှုပ်ပူပန်တတ်သော ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏ၏ ဆန့်ကျင်

http://www.dhammadownload.com



ဘက် ဖြစ်ပါသည်။

---

**၁၉၉၆**

**၁။ "ရတနာမြတ်သုံးပါးတို့အား ရိုသေစွာ ရှိခိုးပါ၏"ဟုဆိုရာ၌ အဘယ်သို့ ရှိခိုးမှ ရိုသေစွာ ရှိခိုးရာ ရောက်ပါသနည်း။ ဋီကာကျမ်းနှင့် အညီ ဖြေဆို၍၊ နိဗ္ဗာန်၏ အသင်္ခတမည်ခြင်း အကြောင်းကိုလည်း ဖော်ပြပါ။**

**"ရိုသေစွာ ရှိခိုးခြင်း" ဟူသည် -**

ကြောက်၍ ရှိခိုးခြင်း (ဘယ)၊ လာဘ်ကိုလို၍ ရှိခိုးခြင်း (လာဘ)၊ အမျိုးအလေ့အားဖြင့် ရှိခိုးခြင်း (ကုလစာရ) အစရှိသည်တို့မှ ကင်း၍ ရတနာသုံးပါး၏ဂုဏ်ရည်ကို ယုံကြည်လျက် ထက်သန် ထူးကဲသော သဒ္ဓါ, ပညာ, သတိ, ဝီရိယ, စိတ်စေတနာတို့ဖြင့် ရိုသေစွာ ကာယ, ဝစီ, မနောဒွါရတို့ဖြင့် အထူးအားဖြင့် ရှိခိုးမှသာ ရိုသေစွာ ရှိခိုးရာ ရောက်မည် ဖြစ်ပါသည်။

**နိဗ္ဗာန်၏ အသင်္ခတမည်ခြင်းအကြောင်းမှာ -**

ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါးတို့က မပြုပြင်အပ်သော တရား ဖြစ်ခြင်းကြောင့် နိဗ္ဗာန်သည် စင်စစ်အားဖြင့် "အသင်္ခတ" မည်ပါသည်။

---

**၂။ လူ့ဘောင်လောကဝယ် "ဉာဏ်ကောင်းတယ်၊ ဉာဏ်မကောင်းဘူး" ဟု ပြောဆိုလေ့ရှိရာ "ဉာဏ်" ဟူသော စကား၏ အဓိပ္ပါယ်ကို ဖွင့်ဆိုပြ၍ ယင်းဉာဏ်ဖြစ်ကြောင်းတရားများကိုလည်း ရေးခဲ့ပါ။**

**ဉာဏ်** - ရုပ်, နာမ်ဟု ဆိုအပ်သော သဘာဝဓမ္မများကို ကက္ခဠတ္တ၊ ဖုသန၊ အနိစ္စတာ စသော သဘောအားလျော်စွာ ထိုးထွင်းသိတတ်သောကြောင့် 'ဉာဏ်' မည်ပါသည်။

**ဉာဏ်ဖြစ်ကြောင်းတရားများမှာ -**

(၁) "ဤကောင်းမှုကြောင့် ဖြစ်ရာဘဝ၌ ဉာဏ်ပညာထက်မြက်သူ ဖြစ်ရပါလို၏"ဟု

http://www.dhammadownload.com



ဆုတောင်း၍ ပညာဉာဏ် ဖြစ်စေတတ်သော ကောင်းမှုကံကို ဆည်းပူးခဲ့ခြင်း၊
(၂) ဒေါသဗျာပါဒ မရှိသော ဗြဟ္မာ့ဘုံ၌ ဖြစ်ခဲ့ခြင်း၊
(၃) ပညိန္ဒြေရင့်ကျက်ရာ အသက်အရွယ်သို့ ရောက်ခြင်း၊
(၄) ကိလေသာတို့မှ ဝေးကွာသူ၏အဖြစ် အားထုတ်နေခြင်း၊
(၅) တိဟိတ်ပဋိသန္ဓေ မနေခဲ့သူဖြစ်ခြင်းတို့ ဖြစ်ပါသည်။

---

**၃။ မဂ်စိတ်သည် အဘယ်ကြောင့် တစ်ကြိမ်သာ ဖြစ်ပါသနည်း၊ ဥပမာပြ ဖြေဆို၍ မဂ်စိတ် အကြိမ်ကြိမ် ဖြစ်ခဲ့သော် လောကုတ္တရာစိတ်၌ ကြိယာ ရှိသင့်-မရှိသင့် ဖြေဆိုပါ။**

**မဂ်စိတ် တစ်ကြိမ်သာ ဖြစ်ရခြင်းအကြောင်း**

မဂ်စိတ်သည် -

(၁) ဆိုင်ရာကိလေသာကို သမုစ္ဆေဒပဟာန် အကြွင်းမဲ့ဖြတ်သည်၏အစွမ်းဖြင့်သာ လျှင် ရအပ်သောကြောင့်လည်းကောင်း၊

(၂) ဥပမာ- မိုးကြိုးသည် တစ်ကြိမ်တည်းဖြင့် သစ်ပင်စသည်တို့ကို အမြစ်နှင့်တကွ ဖျက်ဆီးခြင်းကို ပြီးစေသကဲ့သို့ မဂ်စိတ်သည်လည်း ၁-ကြိမ်တည်းဖြင့်ပင် ဆိုင်ရာကိလေသာကို ပယ်ခြင်းကိစ္စ ပြီးစေနိုင်သောကြောင့်လည်းကောင်း၊

(၃) တစ်ဖန်ဖြစ်လျှင်လည်း ပြုဖွယ် ပယ်ဖွယ်ကိစ္စများ မရှိတော့ခြင်းကြောင့်လည်း ကောင်း၊

(၄) ဤဘဝ၌ ချမ်းသာစွာနေလိုလျှင်လည်း အကျိုးဖြစ်သော ဖလသမာပတ်နှင့်သာ နိဗ္ဗာန်ကို အာရုံပြု၍ ဝင်စားနိုင်ခြင်းကြောင့်လည်းကောင်း၊

သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ တစ်ကြိမ်ထက်ပို၍ မဖြစ်ရခြင်း ဖြစ်ပါသည်။

**မဂ်စိတ် အကြိမ်ကြိမ်ဖြစ်ခဲ့သော် လောကုတ္တရာစိတ်၌ ကြိယာ ရှိသင့်ပါသည်၊ သို့သော် မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်သဖြင့် လောကုတ္တရာစိတ်၌ ကြိယာ မရှိပါ။**

လောကုတ္တရာကုသိုလ်(မဂ်)စိတ်သည် အခါခပ်သိမ်း ၁-ကြိမ်သာ ဖြစ်ရိုးရှိသော ကြောင့် ရဟန္တာသန္တာန်၌ ထပ်၍ မဖြစ်နိုင်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာ

http://www.dhammadownload.com



မရှိပါ။

လောကီစိတ်များ၌မူ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သန္တာန်ဝယ် ဖြစ်လေ့ရှိသော ကာမ, မဟဂ္ဂုတ်ကုသိုလ်စိတ်များသည် ရဟန္တာသန္တာန်၌ဖြစ်သောအခါ အဝိဇ္ဇာ, တဏှာ တည်းဟူသော ဝဋ်မြစ် ကုန်ခမ်းသဖြင့် အကျိုးမပေးစွမ်းနိုင်တော့သည့်အတွက် ကြိယာ စိတ်ဟု အမည်ရကြ၏။

ထို့အတူ မဂ်ကုသိုလ်စိတ်သည် အကြိမ်ကြိမ်ဖြစ်ခဲ့သော် ရဟန္တာသန္တာန်၌ ဖြစ်လျှင် လောကုတ္တရာစိတ်၌လည်း ကြိယာ ရှိနိုင်ပေသည်။

---

**၄။ "ဈာန်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ဘုရား" ဟု ဆုတောင်းလေ့ရှိကြရာ "ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်" ဟူသောစကားတို့၏ အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ ရေးပါ ။**

**ဈာန်** (၁) ကသိုဏ်းစသော အာရုံတို့ကို ကပ်၍ ရှုတတ် (စူးစူးစိုက်စိုက်ရှုတတ်) သောကြောင့်လည်းကောင်း၊

(၂) ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့် လည်းကောင်း 'ဈာန်' မည်ပါသည်။

**မဂ်** (၁) နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် 'မဂ်' မည်ပါသည်။

(၂) နိဗ္ဗာန်ကို အလိုရှိသောသူတို့သည် ရှာမှီးအပ်သောကြောင့် 'မဂ်' မည်ပါသည်။

(၃) ကိလေသာတို့ကို သတ်ဖြတ်ပယ်ရှားလျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် 'မဂ်' မည်ပါသည်။

**ဖိုလ်** (၁) ကိလေသာများ ငြိမ်းအေးသွားခြင်းသဘောသည် 'ဖိုလ်' မည်ပါသည်။

(၂) အကြောင်းတရားဖြစ်သောမဂ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားသည် 'ဖိုလ်' မည်ပါသည်။

**နိဗ္ဗာန်** (၁) ဘဝကြီး, ဘဝငယ်ကို ချုပ်စပ်တတ်သော ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် 'နိဗ္ဗာန်' မည်ပါသည်။

http://www.dhammadownload.com



(၂) ရာဂအစရှိသော မီး ၁၁-ပါးတို့၏ ငြိမ်းအေးကြောင်း ဖြစ်သောကြောင့် 'နိဗ္ဗာန်' မည်ပါသည်။

---

**၁၉၉၇**

၁။ **"လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် မြတ်ဗုဒ္ဓ"ဟု ဆိုရာ၌ အနှိုင်းမဲ့(အတုလ) ဖြစ်ပုံကို ဋီကာနှင့်အညီ ဖြေဆိုပါ။**

**မြတ်ဗုဒ္ဓ၏ အနှိုင်းမဲ့ (အတုလ) ဖြစ်ပုံကို ဋီကာနှင့်အညီ ဖြေဆိုရသော် ------**

(၁) ပုရဏကဿပစသော တိတ္ထိဆရာကြီးတို့သည် ဘုရားရှင်ကို တုပြိုင်ကြသော်လည်း သီလ, သမာဓိ, ပညာစသော ဂုဏ်အရည်အချင်းအားဖြင့် မတုနိုင်ကြပေ၊ ထို့ကြောင့် သီလစသော ဂုဏ်အရည်အချင်းအားဖြင့် တူသူမရှိခြင်း၊ (နတ်နှင့်တကွသော လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သောကြောင့် တူသောပုဂ္ဂိုလ်မရှိခြင်း။)

(၂) ဘုရားရှင်၏ သီလ, သမာဓိ, ပညာစသော ဂုဏ်တော်တို့ကို ရှင်သာရိပုတ္တရာကဲ့သို့သော ဉာဏ်ကြီးရှင်သည်ပင် ဉာဏ်ပညာဖြင့် နှိုင်းချိန်ကြည့်သောအခါ "ဤရွေ့ ဤမျှသာ ရှိသည်"ဟု နှိုင်းချိန်၍ မရပေ၊ ထို့ကြောင့် - ချိန်ခွင်ပမာဉာဏ်ပညာဖြင့် နှိုင်းချိန်အပ်သောပုဂ္ဂိုလ် မဟုတ်ခြင်း။

ဤသို့အားဖြင့် မြတ်ဗုဒ္ဓသည် အနှိုင်းမဲ့(အတုလ) ဖြစ်တော်မူပါသည်။

---

၂။ **"ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏"ဟု ဆိုရာ၌ (က) အဘယ်သို့ ဖြစ်ခြင်းကို ဖောက်ပြန်သည်ဟု ဆိုပါသနည်း၊ (ခ) နာမ်တရားများလည်း ဖောက်ပြန်တတ်ပါလျက် အဘယ်ကြောင့် ရုပ်မမည်ပါသနည်း၊ (ဂ) ဥတုသပ္ပါယမျှတသော ရူပဗြဟ္မာကြီးများအတွက် အဘယ်သို့လျှင် ရုပ်အမည် ရနိုင်ပါသနည်း။ အသီးသီးဖြေဆိုပါ။**

(က) **ရုပ်၏ဖောက်ပြန်ခြင်းဟူသည်** - အအေးအပူစသော ဆန့်ကျင်ဘက်အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်သော် ရှေးရုပ်အစဉ်နှင့် မတူ, ထူးခြားသောအားဖြင့် နောက်ရုပ်အစဉ်၏ ဖြစ်ပေါ်လာခြင်းသည် ဖောက်ပြန်ခြင်း မည်ပါသည်။

http://www.dhammadownload.com



(ခ) **နာမ်တရားများလည်း ဖောက်ပြန်တတ်ပါလျက် ရုပ်မမည်ခြင်းအကြောင်းမှာ** - အလွန်ထင်ရှားသော ဖောက်ပြန်ခြင်းကိုသာ ဖောက်ပြန်သည်ဟူ၍ အလိုရှိအပ်သောကြောင့် ဖောက်ပြန်မှု မထင်ရှားသော နာမ်တရားတို့ကို ရုပ်ဟု မခေါ်နိုင်ခြင်း ဖြစ်ပါသည်။

(ဂ) **ဥတုသပ္ပါယမျှတသော ရူပဗြဟ္မာကြီးများအတွက် ရုပ်အမည်ရနိုင်ပုံမှာ** -
(၁) ဗြဟ္မာ့ဘုံ၌ ကပ်၍ နှိပ်စက်တတ်သော သီတစသည်တို့ မရှိသော်လည်း ချီးမြှောက်တတ်သော သီတစသည်တို့ ရှိသောကြောင့် ထိုချီးမြှောက်တတ်သော သီတစသည်တို့အစွမ်းဖြင့် ဗြဟ္မာဘုံ၌ ဖောက်ပြန်ခြင်း ဖြစ်သင့်ပါသည်၊ ထို့ကြောင့် ရူပဗြဟ္မာကြီးများအတွက် ရုပ်အမည် ရနိုင်ပါသည်။
(၂) တစ်နည်း- ဥတုသပ္ပါယမျှတသော ရူပဗြဟ္မာကြီးများ၏ရုပ်တို့သည်လည်း (ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းမိက ဖောက်ပြန်ကြမည်သာ) ဖောက်ပြန်ခြင်းသဘောကို မလွန်ဆန်နိုင်ကြသောကြောင့် ရုပ်အမည်ရနိုင်ပါသည်။

---

၃။ **အဟိတ်ကုသလဝိပါက်စိတ်၌ သောမနဿဝေဒနာသည် အဘယ့်ကြောင့် သန္တီရဏစိတ်၌သာ ယှဉ်၍ သမ္ပဋိစ္ဆိုင်းစိတ်၌ မယှဉ်နိုင်ပါသနည်း၊ ပြည့်စုံစွာ ရှင်းပြပါ။**

**သမ္ပဋိစ္ဆိုင်းစိတ်သည်** ပဉ္စဝိညာဏ်စိတ်၏အခြားမဲ့၌ ဖြစ်၏၊ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်စိတ်တို့သည် စက္ခုဝတ္ထုစသော ပဉ္စဝတ္ထုရုပ်ကို မှီကြပြီး သမ္ပဋိစ္ဆိုင်းစိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီ၏၊ ထိုသို့ သမ္ပဋိစ္ဆိုင်းဒွေးသည် မိမိနှင့် မှီရာမတူသော စက္ခုဝိညာဏ်စိတ် စသည်တို့၏အခြားမဲ့၌ ဖြစ်ရ၍ တူသောမှီရာ ရှိသောစိတ်မှ အနန္တရပစ္စည်းကို မရသဖြင့် (သဘောတူယောက်ျားတစ်ယောက်၏ အထောက်အပံ့မှ ကင်းသောယောက်ျားကဲ့သို့) အားမရှိရကား ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်းငှာ မစွမ်းနိုင်သောကြောင့် အလုံးစုံသောအာရုံတို့၌ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

**သန္တီရဏစိတ်မှာမူ** မှီရာ (ဟဒယဝတ္ထုရုပ်)ချင်း တူသော သမ္ပဋိစ္ဆိုင်းမှ အနန္တရပစ္စည်းကို ရ၍ အလွန်အားရှိရကား ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏

http://www.dhammadownload.com



အရသာကို ခံစားနိုင်သောကြောင့် ဣဋ္ဌာရုံ၌ သောမနဿသဟဂုတ် ဖြစ်၍၊ ဣဋ္ဌ-မဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ် ဖြစ်ပါသည်။

သို့ဖြစ်၍ အဟိတ်ကုသလဝိပါက်စိတ်တို့တွင် သောမနဿဝေဒနာသည် သန္တီရဏစိတ်၌သာ ယှဉ်၍ သမ္ပဋိစ္ဆိုင်းစိတ်၌ မယှဉ်ခြင်း ဖြစ်ပါသည်။

---

**၄။ "ဝိညာဏဉ္စာယတနကုသိုလ်စိတ်"ဟူသောစကား၌ "ဝိညာဏ"အရ ယူရမည့်စိတ်ကို တိကျစွာ ကောက်ပြ၍၊ ယင်းစိတ်၏ အနန္တဖြစ်ပုံ အကြောင်းစုံကိုလည်း ရေးပြပါ။**

**"ဝိညာဏဉ္စာယတနကုသိုလ်စိတ်"ဟူသောစကား၌ "ဝိညာဏ"အရ ယူရမည့်စိတ်မှာ-**

အပိုင်းအခြားမရှိသော ကောင်းကင်သာလျှင် အာရုံရှိသည့် အာကာသာနဉ္စာ-ယတနစိတ်(ပဌမာရုပ္ပဝိညာဏ်စိတ်)ဖြစ်ပါသည်။(ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ခဲ့ဖူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ် ဖြစ်ပါသည်။)

**ယင်းစိတ်၏ အနန္တဖြစ်ပုံ အကြောင်းစုံမှာ -**

(၁) ပဌမာရုပ္ပဝိညာဏ်သည် အနန္တမည်သော ကောင်းကင်ပညတ်ကို အာရုံပြုသောကြောင့် အာရုံ၏အနန္တအမည်ကို ဝိညာဏ်ပေါ် တင်စား၍ ဌာနူပစာရအားဖြင့် ပဌမာရုပ္ပဝိညာဏ်ကို အနန္တဟု ဆိုရပါသည်။

(၂) ယောဂီပုဂ္ဂိုလ်က "အနန္တ ဝိညာဏံ"ဟု ကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ( ဥပါဒ် စသော အပိုင်းအခြားကို မယူဘဲ အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောကြောင့်) ယောဂီပုဂ္ဂိုလ်၏ ဘာဝနာကမ္မဋ္ဌာန်းအရ ပဌမာ-ရုပ္ပဝိညာဏ်ကို အနန္တဟု ဆိုရပါသည်။

---

**၁၉၉၈**

**၁။ အယူလွဲမှား ဘာသာခြားဖြစ်ရန်အတွက် တွန်းအားပေးသော အဓိကအကြောင်းများကို အဘိဓမ္မာသဘောအရ ဖော်ပြ၍၊ အသင်္ခါရိက ဖြစ်ကြောင်းကိုလည်း ဖြေဆိုပါ။**

**အယူလွဲမှားရန်အတွက် တွန်းအားပေးသော အဓိကအကြောင်းများ** (၁၉၉၂-၂)

http://www.dhammadownload.com



**အကုသိုလ် အသင်္ခါရိက ဖြစ်ကြောင်းများမှာ -**

သင့်တင့်လျောက်ပတ်သော ဥတု, ဘောဇဉ်, ကျောင်းအိပ်ရာ နေရာ, အဆွေခင်ပွန်းပုဂ္ဂိုလ်စသည်တို့နှင့် ပြည့်စုံခြင်း ဖြစ်ပါသည်။

**ကုသိုလ် အသင်္ခါရိက ဖြစ်ကြောင်းများမှာ -**

(၁) သင့်တင့်လျောက်ပတ်သော ဥတု, ဘောဇဉ်, ကျောင်းအိပ်ရာ နေရာ, အဆွေခင်ပွန်းပုဂ္ဂိုလ်စသည်တို့နှင့် ပြည့်စုံခြင်း၊

(၂) သင့်တင့်လျောက်ပတ်သော ဥတု, ဘောဇဉ်စသည်တို့၏အစွမ်းဖြင့် ကိုယ်စိတ်နှစ်ပါး ခိုင်ခံ့ကျန်းမာခြင်း၊

(၃) ရှေးဘဝက ဒါနမှုစသည်တို့၌ ပြုခဲ့ဖူးသော အလေ့အလာများခဲ့ခြင်းတို့ ဖြစ်ပါသည်။

---

**၂။ လောကအမြင်အားဖြင့် လူချင်းတူပါလျက် ပဋိသန္ဓေစိတ်မှာ "ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်"ဟု ခြားနားရခြင်းအကြောင်းရင်းကို ဖော်ပြ၍၊ "သဟိတ်ဝိပါက်၊ သဟိတ်ကြိယာ" ဟု "သဟိတ်" ဟူသောစကားဖြင့် အထူးပြုဆိုရခြင်းအကြောင်းကိုလည်း ရေးပြပါ။**

**လူချင်းတူပါလျက် ပဋိသန္ဓေစိတ်မှာ "ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်" ဟု ခြားနားရခြင်းအကြောင်းရင်းမှာ -**

လူ့ဘဝပဋိသန္ဓေအကျိုးကို ပေးတတ်သောကံသည် ဗလဝ (တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ) ဖြစ်လျှင် မဟာဝိပါက် "ဉာဏသမ္ပယုတ်" စိတ် ၄-ပါးမှ တစ်ပါးပါးနှင့် ပဋိသန္ဓေနေမည် ဖြစ်ပါသည်။

အကယ်၍ ပဋိသန္ဓေအကျိုးကို ပေးသောကံမှာ ဒုဗ္ဗလ (တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ) ဖြစ်ပါက မဟာဝိပါက် "ဉာဏဝိပ္ပယုတ်" စိတ် ၄-ပါးမှ တစ်ပါးပါးဖြင့် ပဋိသန္ဓေနေရမည် ဖြစ်ပါသည်။

ဤသို့အားဖြင့် ပဋိသန္ဓေအကျိုးပေးသော ကံပေါ် မူတည်၍ လူချင်းတူပါလျက် ပဋိသန္ဓေစိတ်ချင်း ကွဲပြားရပါသည်။

http://www.dhammadownload.com



**"သဟိတ်ဝိပါက်၊ သဟိတ်ကြိယာ"ဟု "သဟိတ်" ဟူသောစကားဖြင့် အထူးပြုဆိုရခြင်း အကြောင်းမှာ -**

ကာမာဝစရစိတ်တို့တွင် အကုသိုလ်စိတ်နှင့် ကာမာဝစရကုသိုလ်စိတ်တို့မှာ ဧကန်စင်စစ် သဟိတ်သာ ဖြစ်ပြီး အဟိတ်လေလားဟု ယုံမှားဖွယ် မရှိသောကြောင့် "သဟိတ်" သဒ္ဒါဖြင့် အထူးပြုစရာ မလိုပါ။ ကာမာဝစရဝိပါက်, ကြိယာစိတ်တို့မှာမူ အဟိတ်ဝိပါက်, ကြိယာစိတ်တို့နှင့် ယုံမှားဖွယ် ရှိသောကြောင့် "သဟိတ်(ကာမာဝစရ) ဝိပါက်" "သဟိတ်(ကာမာဝစရ)ကြိယာ"ဟု "သဟိတ်" ဟူသောစကားဖြင့် အထူးပြု ဆိုရခြင်း ဖြစ်ပါသည်။

မဟဂ္ဂုတ်, လောကုတ္တရာစိတ်တိုသည်လည်း သဟိတ်ဧကန်ဖြစ်၍ "သဟိတ် (ရူပါဝစရ)ဝိပါက်" စသည်ဖြင့် "သဟိတ်"သဒ္ဒါ ထည့်ဆိုရန် မလိုပါ။

---

**၃။ ရူပါဝစရစိတ်၌ သဒ္ဒါရအပြား ရှိသင့်/မရှိသင့်ကို ဋီကာကျော်အဘော်နှင့် ညှိ၍ စိစစ်ပြ ပါ။** (၁၉၉၄-၃)

---

**၄။ "အရဟတ္တမဂ်စိတ်"ဟု ဆိုရာ၌ "အရဟာ"မည်ခြင်းအကြောင်းတို့ကို နည်းစုံခင်း၍ ရှင်း လင်းပြပါ။**

**"အရဟာ"မည်ခြင်းအကြောင်းများ**

(၁) မြတ်သောအလှူကို ခံထိုက်သည် ဖြစ်၍ ပူဇော်အထူးကို ခံယူခြင်းငှာ ထိုက်သော ကြောင့် 'အရဟာ' မည်ပါသည်။

(၂) ကိလေသာရန်သူတို့ကို သတ်ဖြတ်ပြီး ဖြစ်သောကြောင့် 'အရဟာ' မည်ပါသည်။

(၃) သံသရာစက်၏အကန့်ဖြစ်ကုန်သော ကိလေသာတို့ကို ဖျက်ဆီးပြီး ဖြစ်သော ကြောင့် 'အရဟာ' မည်ပါသည်။

(၄) မကောင်းမှုပြုခြင်း၌ ဆိတ်ကွယ်ရာအရပ် မရှိသောကြောင့် 'အရဟာ' မည်ပါသည်။

---

http://www.dhammadownload.com



## ၁၉၉၄

**၁။ ဗုဒ္ဓဘာသာဝင်များ ပူဇော်ကြသော ဓမ္မရတနာတို့တွင် ကေန်မုချ ဓမ္မအမည် ရထိုက်သောတရားတို့ကို အကြောင်းနှင့်တကွ ဖော်ပြ၍ သင် လေ့လာလျက်ရှိသော အဘိဓမ္မာဘာသာရပ်သည် ဓမ္မရတနာ၌ ပါဝင်နိုင်၊ မပါဝင်နိုင် အကြောင်းပြ ဆုံးဖြတ်ပါ။**

**ကေန်မုချ ဓမ္မအမည် ရထိုက်သောတရားတို့မှာ**

အရိယာမဂ် (မဂ်လေးပါး)နှင့် နိဗ္ဗာန်တို့ ဖြစ်ကြပါသည်။

အကြောင်းမှာ - အရိယာမဂ်လေးပါးသည် ကိလေသာတို့ကို အကြွင်းမဲ့ သတ်ဖြတ်တတ်သောကြောင့်လည်းကောင်း၊

- နိဗ္ဗာန်သည် အာရုံ၏အဖြစ်ဖြင့် ထိုမဂ်လေးပါး၏ ကိလေသာတို့ကို အကြွင်းမဲ့သတ်ဖြတ်ခြင်းကိစ္စ ပြီးစီးခြင်း၏ အကြောင်း ဖြစ်သောကြောင့်လည်းကောင်း ဖြစ်ပါသည်။

**အဘိဓမ္မာဘာသာရပ်သည် ဓမ္မရတနာ၌ ပါဝင်နိုင်၏။** (၁၉၉၃-၁)

---

**၂။ ဒုစရိုက်လုပ်ငန်း ပြုလုပ်ရာတွင် ရှင်လန်းနှစ်သက်ဝမ်းမြောက်မှုဖြစ်အောင် တွန်းအားပေးသော အဓိကအကြောင်းများကို ဖော်ပြ၍၊ စက္ခုဝိညာဏ်စသော ၄-ပါးတို့ ဥပေက္ခာသာ ဖြစ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**ဒုစရိုက်လုပ်ငန်း ပြုလုပ်ရာတွင် ရှင်လန်းနှစ်သက်ဝမ်းမြောက်မှုဖြစ်အောင် တွန်းအားပေးသောအဓိကအကြောင်းများမှာ -**

(၁) ပင်ကိုယ်သဘောအားဖြင့်လည်းကောင်း၊ ကြံဆခြင်းအားဖြင့်လည်းကောင်း ဣဋ္ဌာရုံနှင့် တွေ့ကြုံရခြင်း၊

(၂) သောမနဿဖြင့် ပဋိသန္ဓေနေခဲ့ခြင်း၊

(၃) စိတ်နေစိတ်ထား မလေးနက်ခြင်းတို့ ဖြစ်ပါသည်။

**စက္ခုဝိညာဏ်စသော ၄-ပါးတို့ ဥပေက္ခာသာ ဖြစ်ရခြင်းအကြောင်း** (၁၉၉၃-၂)

---

http://www.dhammadownload.com



**၃။ အလှူဒါန ပြုကြရာတွင် မဟာကုသိုလ်ပဌမစိတ် ဖြစ်ပေါ်လာအောင် လှူဒါန်းနည်းကို ဋီကာနှင့်အညီ ရေးသား၍ ဥပေက္ခာကို ဈာနင်၌ မထည့်သွင်းရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။**

**မဟာကုသိုလ်ပဌမစိတ်ဖြစ်အောင် လှူဒါန်းနည်း**

- လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ် စသည်တို့၏ ပြည့်စုံခြင်းကိုလည်းကောင်း၊ အခြားသော သောမနဿဖြစ်ကြောင်းကိုလည်းကောင်း စွဲ၍ အလွန်ရွှင်လန်းဝမ်းမြောက်စွာ၊
- "အတ္ထိ ဒိန္န" စသောနည်းဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍၊
- လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြခြင်းရှိသူ၏အဖြစ် စသည်တို့၏အစွမ်းဖြင့် မတွန့်တို မဆုတ်နစ်မူ၍ သူတစ်ပါးတို့က မတိုက်တွန်းအပ်ဘဲ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုသောအခါ ထိုသူ၏စိတ်သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်ပဌမစိတ် ဖြစ်ပါသည်။

**ဥပေက္ခာကို ဈာနင်၌ မထည့်သွင်းရခြင်းအကြောင်း**

ဥပေက္ခာသည် ငြိမ်သက်သောသဘော ရှိသောကြောင့် သုခ၌ အကျုံးဝင်ပြီး ဖြစ်၍ သီးခြားဈာနင်အဖြစ် မထည့်သွင်းရခြင်း ဖြစ်ပါသည်။

---

**၄။ ဝိညာဏဉ္စာယတနနှင့် အာကိဉ္စညာယတနတို့တွင် ပါဝင်သော "အာယတန"နှစ်ပါးတို့၏ ခြားနားချက်ကို ရေးသား၍ အရူပစိတ်ကို ပဉ္စမဈာန်ဟု သတ်မှတ်ရခြင်း၏အကြောင်းကို လည်း ဖြေဆိုပါ။**

(၁) **ဝိညာဏဉ္စာယတန၌ ပါဝင်သော "အာယတန"**

ဝိညာဏဉ္စ အမည်ရသော ပဌမာရုပ္ပဝိညာဏ်သည် ဒုတိယာရုပ္ပဝိညာဏ်၏တည်ရာ ဖြစ်သောကြောင့် အာယတန မည်၏။

(၂) **အာကိဉ္စညာယတန၌ ပါဝင်သော "အာယတန"**

အာကိဉ္စည အမည်ရသော နတ္ထိဘောပညတ်သည် တတိယာရုပ္ပဝိညာဏ်၏ တည်ရာ ဖြစ်သောကြောင့် အာယတန မည်၏။

ဤသို့အားဖြင့် ခြားနားပါသည်။

http://www.dhammadownload.com



**အရူပစိတ်ကို ပဉ္စမဈာန်ဟု သတ်မှတ်ရခြင်းအကြောင်း**

ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်သာ ယှဉ်ကြ၍ ရူပါဝစရပဉ္စမဈာန်နှင့် ဈာန်အင်္ဂါ တူမျှသောကြောင့် ပဉ္စမဈာန်ဟု သတ်မှတ်ရခြင်း ဖြစ်ပါသည်။

---

**၂၀၀၀**

**၁။ အနိုင်းမဲ့ မြတ်ဗုဒ္ဓအား "အတုလံ"ပုဒ်ဖြင့် ချီးကျူးရခြင်း၏အကြောင်းကို ဖော်ပြ၍၊ ဖြစ်ပျက် ဖောက်ပြန်ပြောင်းလဲနေပါလျက် နာမ်တရားများကို အဘယ့်ကြောင့် "ရုပ်"ဟု မခေါ်ပါသနည်း။**

**အနိုင်းမဲ့ မြတ်ဗုဒ္ဓအား "အတုလံ"ပုဒ်ဖြင့် ချီးကျူးရခြင်း၏အကြောင်း**

သမ္မာသမ္ဗုဒ္ဓံ ဟူသောပုဒ်သည် မြတ်စွာဘုရား၌ အမည်တော်မျှကိုသာ ပြခြင်း၏အစွမ်းဖြင့် ဖြစ်သောကြောင့် ဂုဏ်တော်တို့ကို ထင်ရှားပြခြင်းအကျိုးငှာ "အတုလံ" ပုဒ်ဖြင့် ချီးကျူးရခြင်း ဖြစ်၏။ **(၁၉၉၇-၁ လည်း ကြည့်ပါ။)**

**နာမ်တရားများကို ရုပ်ဟု မခေါ်ဆိုနိုင်ပုံ** (၁၉၉၇-၂)

---

**၂။ ပထမ လောဘမူစိတ်နှင့် ပထမ မဟာကုသိုလ်စိတ်တို့၏ ဖြစ်ရာကာလကို ဖော်ပြ၍ သတ္တဝါတစ်ဦးမှာ လျှာတစ်ခုသာ ရှိပါလျက် အဘယ်ကြောင့် ဇိဝှာဝိညာဏ်စိတ် နှစ်ပါး ရှိပါသနည်း၊ ဖြေဆိုခဲ့ပါ။**

**ပထမ လောဘမူစိတ် ဖြစ်ရာကာလ**

- "ကာမဂုဏ်တို့၌ အပြစ် မရှိ" စသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍၊
- ရွှင်လန်းဝမ်းမြောက်စွာ၊
- သဘောအားဖြင့် ထက်သော မတိုက်တွန်းအပ်သောစိတ်ဖြင့် ကာမဂုဏ် ခံစားရာ၌ဖြစ်စေ, ဒိဋ္ဌမင်္ဂလာ စသည်တို့ကို အနှစ်သာရအားဖြင့် ယုံကြည်ရာအခါတို့၌ ဖြစ်စေ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ပထမ လောဘမူစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



**ပထမမဟာကုသိုလ်စိတ် ဖြစ်ရာကာလ (၁၉၉၉-၃)**

**သတ္တဝါတစ်ဦးမှာ လျှာတစ်ခုသာ ရှိပါလျက် ဇိဝှာဝိညာဏ်စိတ် နှစ်ပါး ရှိရခြင်းအကြောင်း**

ဇိဝှာဝိညာဏ်စိတ် ဖြစ်ရန် ဇိဝှါပသာဒ (ဝတ္ထု)နှင့် ရသာရုံ(အာရုံ)တို့ ထိခိုက်ရာ တွင် -

အနိဋ္ဌာရုံဖြစ်ပါက - အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် (အကုသိုလ်၏အကျိုးစိတ်) ဖြစ်၍

ဣဋ္ဌာရုံဖြစ်ပါက - အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် (ကုသိုလ်၏အကျိုးစိတ်) ဖြစ်သောကြောင့် ဖြစ်ပါသည်။

---

**၃။ မဟာကုသိုလ်စိတ် ၈-ပါး ပြားရခြင်းအကြောင်းကို ဖော်ပြ၍ ဈာနင်္ဂါးပါးနှင့် ဆန့်ကျင်ဘက် နီဝရဏတရားများကိုလည်း အသီးသီး တွဲစပ်ပြပါ။**

**မဟာကုသိုလ် ၈-ပါး ပြားရခြင်းအကြောင်း**

မဟာကုသိုလ်စိတ်သည် ဝေဒနာအပြား (သောမနဿ၊ ဥပေက္ခာ)အားဖြင့် ၂-ပါးအပြား ရှိ၏၊ ဉာဏ်အပြား (ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်) အားဖြင့် ပွားပါက ၄-ပါးအပြား ရှိ၏၊ တစ်ဖန် သင်္ခါရအပြား (အသင်္ခါရိက၊ သသင်္ခါရိက) အားဖြင့် ပြားသောကြောင့် မဟာကုသိုလ်စိတ် ၈-ပါး ပြားရပါသည်။

**ဈာနင်္ဂါးပါးနှင့် ဆန့်ကျင်ဘက် နီဝရဏတရားများ တွဲစပ်ပြရသော်-**

| ဈာနင်္ဂါးပါး | ဆန့်ကျင်ဘက် နီဝရဏ |
|---|---|
| (၁) ဝိတက် | ထိန-မိဒ္ဓ နီဝရဏ |
| (၂) ဝိစာရ | ဝိစိကိစ္ဆာ နီဝရဏ |
| (၃) ပီတိ | ဗျာပါဒ နီဝရဏ |
| (၄) သုခ | ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏ |
| (၅) ဧကဂ္ဂတာ | ကာမစ္ဆန္ဒ နီဝရဏ |

---

http://www.dhammadownload.com



**၄။ စတုတ္ထာရုပ္ပဈာန်ကို "နေဝသညာ နာသညာ" စသည်ဖြင့် ဆိုသော် ရနိုင်/မရနိုင် အကြောင်းပြ ဆုံးဖြတ်၍ မဂ်စိတ်နှင့် မိုးကြိုးတို့၏ တူပုံအခြင်းအရာကိုလည်း စပ်ဟပ်၍ ဖြေဆိုခဲ့ပါ။**

**စတုတ္ထာရုပ္ပဈာန်ကို "နေဝသညာ နာသညာ" စသည်ဖြင့် ဆိုသော် ရနိုင်ပါသည်။**

အကြောင်းမှာ - စတုတ္ထာရုပ္ပဈာန်၌ "နေဝသညာ နာသညာ"ဟု သညာ၏ အစွမ်းဖြင့် ဈာန်ကို မှတ်ခြင်းသည် (အမြွက်ကို ပြကာမျှဖြစ်သော) နိဒဿနနည်းမျှသာ ဖြစ်၍ ဝေဒနာစသော သမ္ပယုတ်တရားတို့သည်လည်း "နေဝဝေဒနာ နာဝေဒနာ" စသည် မည်ကြသောကြောင့် ဖြစ်ပါသည်။

**မဂ်စိတ်နှင့် မိုးကြိုးတို့၏ တူပုံအခြင်းအရာကို စပ်ဟပ်ပြရသော် -**

ဝရဇိန်လက်နက်မိုးကြိုးစက်သည် တစ်ချက်တည်းဖြင့် သစ်ပင်စသည်တို့ကို အမြစ်နှင့်တကွ ဖျက်ဆီးနိုင်သကဲ့သို့ ထို့အတူ မဂ်စိတ်သည်လည်း တစ်ကြိမ်တည်းဖြင့်ပင် ကိလေသာတို့ကို အကြွင်းမဲ့ ဖျက်ဆီးနိုင်ပါသည်။

---

**၂၀၀၁**

**၁။ အဘိဓမ္မာဘာသာရပ်ကို လေ့လာလိုက်စားသဖြင့် ရရှိနိုင်သောအကျိုးတရားများကို ရေးသား၍ လောကုတ္တရာစိတ်သည် အဘယ်လောကမှ လွတ်မြောက်သည်ကိုလည်း ဖော်ပြပါ။**

**အဘိဓမ္မာဘာသာရပ်ကို လေ့လာလိုက်စားခြင်းဖြင့် ရရှိနိုင်သော အကျိုးတရားများမှာ -**

(၁) အဘိဓမ္မာဆိုင်ရာ ပရိယတ်တရားတော်ကို သုတမယဉာဏ်ဖြင့် သိမြင်ခြင်း၊ (အဘိဓမ္မာ၏ သရုပ် သဘော လက္ခဏာတို့ကို ထိုးထွင်း၍ သိရခြင်း) ဟူသော မုချအကျိုး၊

(၂) ထိုသို့သိရခြင်းလျှင် အကြောင်းရင်းရှိသော ပစ္စုပ္ပန်အကျိုးစီးပွား, တမလွန်အကျိုးစီးပွားတို့ ပြီးစီးပြည့်စုံနိုင်ခြင်းဟူသော အကျိုးဆက်များ၊

http://www.dhammadownload.com



(က) သိသည့်အတိုင်း ကျင့်လျှင် ဈာန်အဘိညာဉ်ဟူသော ဈာနသုခခံစားနိုင်ခြင်း၊

(ခ) မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာ ခံစားနိုင်ခြင်း ဟူသော အကျိုးဆက်စသည်တို့ကို ရနိုင်ပါသည်။

**လောကုတ္တရာစိတ်တို့၏ လောကမှ လွတ်မြောက်ပုံ**

လောကုတ္တရာစိတ် ၈-ပါးတို့တွင်

(၁) မဂ်စိတ် ၄-ပါးတို့သည် - ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သင်္ခါရလောကမှ အာသဝေါတရားတို့၏အာရုံ မဟုတ်သောအားဖြင့် လွတ်မြောက်ဆဲ ဖြစ်ပြီး၊

(၂) ဖိုလ်စိတ် ၄-ပါးတို့သည် - ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သင်္ခါရလောကမှ အာသဝေါတရားတို့၏အာရုံ မဟုတ်သောအားဖြင့် လွတ်မြောက်ပြီး ဖြစ်ပါသည်။

---

**၂။ အမျက်ဒေါသ ဖြစ်ပေါ်လာစေရန် အဓိက တွန်းအားပေးသောအကြောင်း ၂-ပါးကို ဖော်ပြ၍ မနောဒွါရာဝဇ္ဇန်းကို "ဝုဋ္ဌော"ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။**

**အမျက်ဒေါသ ဖြစ်ပေါ်လာစေရန် အဓိကတွန်းအားပေးသော အကြောင်း ၂-ပါး**

(၁) အလုံးစုံသောအနိဋ္ဌာရုံ၊

(၂) အာဃာတဝတ္ထု (ရန်ငြိုးဖွဲ့ကြောင်းတရား) ၉-ပါး။

**မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌောဟု ခေါ်ဆိုရခြင်းအကြောင်း**

မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ၌ သန္တီရဏသည် စုံစမ်းအပ်ပြီးသောအာရုံကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သောကြောင့် "ဝုဋ္ဌော"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com



**၃။ ဉာဏ်ရှိ ဉာဏ်မဲ့ လူနှစ်မျိုးတို့၌ ဉာဏ်ရှိ ဉာဏ်မဲ့ စိတ်နှစ်မျိုး ကွဲပြားရခြင်း၏ အကြောင်းကို ဥပမာဖြင့် ထင်ရှားအောင် ရေးသား၍ ပညာသဘော၊ သုခသဘောရှိသော ဈာနင်နှစ်ပါးကိုလည်း ဖော်ပြပါ။**

**ဉာဏ်ရှိ ဉာဏ်မဲ့ စိတ်နှစ်မျိုး ကွဲပြားရခြင်းအကြောင်း**

ဥပမာ-သုဘိက္ခ (သာယာဝပြော အစာပေါခြင်း), ဒုဗ္ဘိက္ခ (ငတ်မွတ်ခေါင်းပါး အစာရှားခြင်း)တို့ကို မိုးတစ်ခုတည်းက ပြုအပ်သကဲ့သို့ ထို့အတူ ရုပ်, နာမ်တို့၏ သဘောလက္ခဏာကို ထိုးထွင်း၍ သိတတ်သော"ဉာဏ်" ရှိခြင်း, မရှိခြင်းကို စွဲ၍ ဉာဏ်ရှိ, ဉာဏ်မဲ့ စိတ်နှစ်မျိုး ကွဲပြားခြင်း ဖြစ်ပါသည်။

**ပညာသဘောရှိသော ဈာနင်** = ဝိစာရဈာနင်၊
(အာရုံ၌ အဖန်ဖန် ပွတ်တိုက်ခြင်း, သုံးသပ်ခြင်း၏ အစွမ်းဖြင့် ပညာနှင့် သဘောတူ၏။)

**သုခသဘောရှိသော ဈာနင်** = ဥပေက္ခာဈာနင်၊
(ငြိမ်သက်သောဖြစ်ခြင်းသဘော ရှိ၍ သုခနှင့် သဘောတူ၏။)

---

**၄။ အာကာသာနဉ္စာယတနနှင့်နေဝသညာနာသညာယတနတို့တွင် ပါဝင်သော "အာယတန" နှစ်ပါးတို့၏ခြားနားချက်ကို ဖော်ပြ၍ မဂ် ၄-ပါး ပြားရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။**

**အာယတနနှစ်ပါး ခြားနားချက်**

**(၁) အာကာသာနဉ္စာယတနတွင် ပါဝင်သော 'အာယတန'**

(အာကာသာနဉ္စ အမည် ရသော) ကောင်းကင်ပညတ်သည် သမ္ပယုတ်တရားနှင့်တကွဖြစ်သော ပထမာရုပ္ပဈာန်၏တည်ရာ ဖြစ်သောကြောင့် အာယတန မည်ပါသည်။

**(၂) နေဝသညာနာသညာယတနတွင် ပါဝင်သော 'အာယတန'**

(နေဝသညာနာသညာ အမည် ရသော) သမ္ပယုတ်တရားနှင့် တကွဖြစ်သော

http://www.dhammadownload.com



စတုတ္ထာရုပ္ပဈာန်သည် မနာယတန, ဓမ္မာယတန၌ အကျုံးဝင်သောကြောင့် အာယတန မည်ပါသည်။

(တစ်နည်း) နေဝသညာနာသညာ အမည်ရသော သညာသည်ပင် သမ္ပယုတ်တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပဈာန်၏ နိဿယပစ္စည်း ဖြစ်၍ တည်ရာမှီရာ ဖြစ်သောကြောင့် အာယတန မည်ပါသည်။

**မဂ် ၄-ပါးပြားရခြင်းအကြောင်း**

သဒ္ဓါစသော ဣန္ဒြေတို့၏ မထက်မြက်သည်၏အဖြစ်, ထက်မြက်သည်၏အဖြစ်, အထူးသဖြင့် ထက်မြက်သည်၏အဖြစ်, အလွန်အကျူး အထူးထက်မြက်သည်၏ အဖြစ်အားဖြင့် အစွမ်းသတ္တိပြား၍ သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ထူးသောကြောင့် (အင်္ဂါ ၅-ပါးစီ ရှိခြင်းအားဖြင့် တူသော်လည်း) မဂ် ၄-ပါး ပြားရပါသည်။

---

**၂၀၀၂**

၁။ **"သမ္မာသမ္ဗုဒ္ဓ"ဂါထာကို အရှင်အနုရုဒ္ဓါဆရာဆိုရခြင်း အကျိုးတရားကို ပြည့်ပြည့်စုံစုံ ရှင်းပြ၍၊ "အဘိဓမ္မတ္ထသင်္ဂဟ"ပါဠိဖြင့် အဘယ်အခြင်းအရာကို ပြဆိုပါသနည်း။**

**"သမ္မာသမ္ဗုဒ္ဓ" ဂါထာကို အရှင်အနုရုဒ္ဓါဆရာ ဆိုရခြင်းအကျိုး**

အရှင်အနုရုဒ္ဓါဆရာသည် ကျမ်းကို အားမထုတ်မီ ရှေးအဖို့၌ ရတနတ္တယပဏာမ၊ အဘိဓေယျ၊ ကရဏပ္ပကာရ၊ ပကရဏာဘိဓာန၊ ပယောဇဉ်ငါးပါးတို့ကို ပြခြင်းအကျိုးငှာ "သမ္မာသမ္ဗုဒ္ဓ" ဂါထာကို ဆိုခြင်း ဖြစ်ပါသည်။

(၁) ကျမ်းအစ၌ ရတနတ္တယပဏာမကို ပြရခြင်းအကျိုး

- အားထုတ်အပ်သော ကျမ်း၏ အန္တရာယ် မရှိသဖြင့် ပြီးစီးခြင်းအကျိုး၊
- အရှင်အနုရုဒ္ဓါဆရာ၏ ရှိခိုးခြင်းလျှင် ရှေ့သွားရှိသောအကျင့်ဖြင့် စာသင်သားတို့ အန္တရာယ်မရှိဘဲ သင်ယူခြင်း, ဆောင်ရွက်မှတ်သားခြင်းစသောကိစ္စများ ပြည့်စုံခြင်းအကျိုး၊

(၂) အဘိဓေယျ (ကျမ်း၏အနက်)ကို ဆိုရခြင်းအကျိုး

http://www.dhammadownload.com



- သိအပ်ပြီးသောအနက်ရှိသော ကျမ်းကို သင်ယူခြင်း စသည်တို့၏အစွမ်းဖြင့် ပညာရှိတို့ကို အဖန်တလဲလဲ မှီဝဲခြင်းအကျိုး၊

(၃) ကရဏပ္ပကာရ (ကျမ်းပြုပုံအခြင်းအရာ)ကို ပြရခြင်း အကျိုး
- စာသင်သားတို့၏ ကောင်းစွာအားထုတ်လိုခြင်းကို ဖြစ်စေခြင်းအကျိုး၊

(၄) ပကရဏာဘိဓာန (ကျမ်း၏အမည်)ကို ဆိုရခြင်းအကျိုး
- ခေါ်ဝေါ်ရလွယ်ကူခြင်းအကျိုး၊

(၅) ပယောဇဉ် (ကျမ်း၏အကျိုး) ကို ဆိုရခြင်းအကျိုး
- စာသင်သားတို့၏ ကောင်းစွာအားထုတ်လိုခြင်းကို ဖြစ်စေခြင်းအကျိုးတို့ ရှိပါသည်။

**"အဘိဓမ္မတ္ထသင်္ဂဟ"ပါဠ်ဖြင့် ပြဆိုပုံ အခြင်းအရာ**

"အဘိဓမ္မတ္ထသင်္ဂဟ"ပါဠ်ဖြင့် အဘိဓေယျ (ကျမ်း၏အနက်)၊ ကရဏပ္ပကာရ (ကျမ်းပြုပုံအခြင်းအရာ)၊ ပကရဏာဘိဓာန (ကျမ်း၏အမည်) တို့ကို ပြဆိုပါသည်။

---

**၂။ "အဘိဝါဒိယ" ရှိခိုး၍- ဟု ဆိုရာ၌ လိုအပ်သော ရှိခိုးမှု၊ မလိုအပ်သော ရှိခိုးမှုတို့ကို ထေရဝါဒဗုဒ္ဓအလိုကျ ဖော်ပြ၍ စိတ်လေးပါးကို အဘယ်ကြောင့် အစဉ်အတိုင်း ဆိုထားရသည်ကို ဂုဏ်ထူးဆောင် စာဖြေပုဂ္ဂိုလ်များ ဖြစ်သည်နှင့်အညီ ရှင်းပြပါ။**

**လိုအပ်သော ရှိခိုးမှု** = ရတနာ ၃-ပါး၏ဂုဏ်ရည်ကို ယုံကြည်လျက် ထက်သန်ထူးကဲသော သဒ္ဓါ, ပညာ, သတိ, ဝီရိယ, စိတ်စေတနာတို့ဖြင့် ရိုသေစွာ ကာယ, ဝစီ, မနောဒွါရတို့နှင့် အထူးအားဖြင့် ရှိခိုးခြင်း။

**မလိုအပ်သော ရှိခိုးမှု** = ကြောက်၍ ရှိခိုးခြင်း, လာဘ်ကို လို၍ ရှိခိုးခြင်း, အမျိုးအလေ့အားဖြင့် ရှိခိုးခြင်း။

**စိတ်လေးပါးကို အစဉ်အတိုင်း ဆိုရပုံ**

(၁) အယုတ် (၂) အမြတ် (၃) အထူးသဖြင့် မြတ် (၄) မြတ်သည်ထက် အထူးသဖြင့် အမြတ် အနေဖြင့် (၁) ကာမစိတ် (၂) ရူပစိတ် (၃) အရူပစိတ် (၄) လောကုတ္တရာစိတ်ဟု စိတ်လေးမျိုး စဉ်ထားခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com



**၃။ လောဘမူစိတ် ဒေါသမူစိတ်တို့၌ သင်္ခါရအပြားဖြင့် ဆိုထားပါလျက် အဘယ်ကြောင့် မောဟမူစိတ်၌ သင်္ခါရအပြားဖြင့် မဆိုပါသနည်း၊ ရှင်းပြ၍၊ အကုသိုလ်စိတ်နှင့် အဟိတ်စိတ်တို့ကို "အသောဘနစိတ်" ဟု ခေါ်ဝေါ်ရပုံကိုလည်း ရှင်းလင်းဖြေဆိုပါ။**

**မောဟမူစိတ်၌ သင်္ခါရအပြားဖြင့် မဆိုရပုံ**

မောဟမူစိတ်သည် အလွန်တွေဝေ ယုံမှား ပျံ့လွင့်တုန်လှုပ်သော ဝိစိကိစ္ဆာ ဥဒ္ဓစ္စတို့နှင့် ယှဉ်သည့်စိတ်များ ဖြစ်၍ ပင်ကိုယ်သဘောအားဖြင့် ထက်သန်သည်၏အဖြစ်, တိုက်တွန်းအပ်သည်၏အဖြစ်တို့ မရှိသောကြောင့် သင်္ခါရအပြား မရှိပါ။

**အကုသိုလ်စိတ်နှင့် အဟိတ်စိတ်တို့ကို "အသောဘနစိတ်" ဟု ခေါ်ဝေါ်ရပုံ**

**အကုသိုလ်စိတ်သည်** လောဘ, ဒေါသ, မောဟ အပြစ်ရှိသောဟိတ်တို့နှင့် ယှဉ်သဖြင့် မတင့်တယ်သောကြောင့် "အသောဘနစိတ်" ဟု ခေါ်ဝေါ်ပါသည်။

**အဟိတ်စိတ်သည်** အပြစ်မရှိသောဟိတ်တို့နှင့် မယှဉ်သောကြောင့်လည်းကောင်း၊ ယှဉ်ဘက်ဟိတ်ကင်းသောကြောင့်လည်းကောင်း"အသောဘနစိတ်"ဟု ခေါ်ဝေါ်ပါသည်။

---

**၂၀၀၃**

**၁။ ရတနာသုံးပါး ဦးထိပ်ထား၍ လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်ကြရာ၌ ရရှိနိုင်မည့် အကျိုးတရားတို့ကို ဋီကာကျော်နှင့်အညီ ဖြေဆို၍၊ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်၏သဘောကိုလည်း နားလည်သမျှ ရှင်းပြပါ။** (၁၉၉၀-၁) (၁၉၉၆-၄)

---

**၂။ ဒေါမနဿနှင့် ပဋိဃတို့၏ အထူးကို ရေး၍ အဘယ်မျှသောစိတ်တို့သည် အဘယ်အကြောင်းကြောင့် "သောဘနစိတ်" ခေါ်သည်ကိုလည်း ဖြေဆိုပါ။**

**ဒေါမနဿနှင့် ပဋိဃ အထူး**

**ဒေါမနဿသည်** အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော ဝေဒနာစေတသိက် ဖြစ်ပြီး၊ ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

**ပဋိဃသည်** ခက်ထန်ကြမ်းတမ်းခြင်းလက္ခဏာရှိသောဒေါသစေတသိက် ဖြစ်ပြီး၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

http://www.dhammadownload.com



### “သောဘနစိတ်” ခေါ်ပုံ

ကာမာဝစရစိတ် ၂၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၈/၄၀-ပါးတို့၏အစွမ်းဖြင့် ၅၉-ပါး (တစ်နည်း) ၉၁-ပါးသောစိတ်တို့ကို

(၁) သဒ္ဓါဂုဏ်, ဟိရီဂုဏ်စသော ကောင်းမြတ်သောဂုဏ်တို့နှင့် ယှဉ်သဖြင့် တင့်တယ်သောကြောင့်လည်းကောင်း၊

(၂) အလောဘ, အဒေါသ, အမောဟဟူသော အပြစ်ကင်း၍ တင့်တယ်သောဟိတ်တို့နှင့် ယှဉ်သောကြောင့်လည်းကောင်း သောဘဏစိတ်ဟု ခေါ်ပါသည်။

---

၃။ **“အတုမြင် အတတ်သင်” ဟူသောစကားအရ မိဘများလှူဒါန်းမှုပြုသည်ကို အားကျ၍ ရဟန်းတော်ကို တွေ့မြင်သောအခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ထဲရှိမုန့်ကို လှူဒါန်းလိုက်သောကလေး၏သန္တာန်၌ ဖြစ်သော ကုသိုလ်စိတ်ကို ဖော်ပြ၍ ယင်းကုသိုလ်စိတ်ကို ဒါန, သီလ စသည်ဖြင့် မြောက်ပွားပါက မည်မျှများပြားလာမည်ကိုလည်း မြောက်ပွားပုံနှင့်တကွ ဖြေဆိုပါ။**

### ကလေး၏ သန္တာန်၌ ဖြစ်သော ကုသိုလ်စိတ်

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်တတိယစိတ် ဖြစ်ပါသည်။ ယင်းကုသိုလ်စိတ်ကို ဒါန, သီလ စသည်ဖြင့် မြောက်ပွားပါက -

**အရှင်သုမင်္ဂလအလို**

| | |
|---|---|
| ကုသိုလ်စိတ် | ၁-ပါး |
| ပုညကိရိယာဝတ္ထု | × ၁၀-ပါး |
| | = ၁၀-ပါး |
| အာရုံ | × ၆-ပါး |
| | = ၆၀-ပါး |
| ဝီမံသာအဓိပတိလျှော့ | × ၃-ပါး |
| | = ၁၈၀-ပါး |
| ကံ | × ၃-ပါး |
| | = ၅၄၀-ပါး |
| ဟီန,မဇ္ဈိမ,ပဏီတ | × ၃-ပါး |
| **ပေါင်းစိတ်** | **= ၁၆၂၀ - ပါး** |

**အရှင်ဗုဒ္ဓဒတ္တမထေရ်အလို**

| | |
|---|---|
| ကုသိုလ်စိတ် | ၁-ပါး |
| ပုညကိရိယာဝတ္ထု | × ၁၀-ပါး |
| | = ၁၀-ပါး |
| | × ၆-ပါး |
| | = ၆၀-ပါး |
| (ဝီမံသာမလျှော့) | × ၄-ပါး |
| | = ၂၄၀-ပါး |
| ကံ | × ၃-ပါး |
| | = ၇၂၀-ပါး |
| ဟီန,မဇ္ဈိမ, ပဏီတ | × ၃-ပါး |
| **ပေါင်းစိတ်** | **= ၂၁၆၀ - ပါး** |

http://www.dhammadownload.com



ကာလ, ဒေသ စသည်တို့၏ အပြားအားဖြင့်လည်း မရေတွက်နိုင်အောင် များပြားပါသည်။

---

၄။ **"ဆန့်ကျင်ဘက် နီဝရဏတို့ကို လောင်မြိုက်စေတတ်သောကြောင့် ဈာန်မည်၏"ဟု ဆိုရာ၌ အဘယ်နီဝရဏကို အဘယ်ဈာနင်က လောင်မြိုက်စေပါသနည်း၊ အသီးသီး ဖြေ၍ "နေဝသညာ နာသညာယတန"၌ သညာနှစ်ခု၏ ခြားနားချက်နှင့် "အာယတန" အရကိုလည်း ဖော်ပြခဲ့ပါ။**

**နီဝရဏကို ဈာနင်က လောင်မြိုက်စေပုံ** (၂၀၀၀-၃)

**နေဝသညာ နာသညာယတန၌ သညာနှစ်ခု ခြားနားချက်**

နေဝသညာ = (စတုတ္ထ အရူပါဝစရစိတ်၌) သညာသည် အလွန်သိမ်မွေ့ရကား အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာတင်၍ သုံးသပ်မရနိုင်၊ သုံးသပ်သော်လည်း အနိစ္စစသည် မထင်နိုင်၊ ဝိပဿနာပညာ၏ အာရုံအဖြစ်သို့ ရောက်၍ သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းကို ဖြစ်စေခြင်းဟု ဆိုအပ်သော ထင်ရှားသောသညာကိစ္စ မရှိသောကြောင့် "နေဝသညာ" မည်ပါသည်။

နာသညာ = (ရေသည် အာပေါဓာတ် ဖြစ်သော်လည်း ရေပူ၌ တေဇောဓာတ်သည် သိမ်မွေ့စွာ ထင်ရှားရှိသကဲ့သို့) ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သောသင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် "န အသညာ = နာသညာ" မည်ပါသည်။

ဤသို့အားဖြင့် ခြားနားပါသည်။

**အာယတန အရ** (၂၀၀၁-၄)

နေဝသညာနာသညာယတနပုဒ်၌ "နေဝသညာနာသညာ" အမည်ရသော သမ္ပယုတ်တရားနှင့် တကွဖြစ်သော **စတုတ္ထာရုပ္ပဈာန်**သည်ပင် မနာယတန, ဓမ္မာယတန၌ အကျုံးဝင်သောကြောင့် "အာယတန" အရ ကောက်ရပါသည်။

(တစ်နည်း) နေဝသညာနာသညာ အမည်ရသော **သညာ**သည်ပင် သမ္ပယုတ်

http://www.dhammadownload.com



တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပဈာန်၏ နိဿယပစ္စည်းဖြစ်၍ တည်ရာမှီရာ ဖြစ်သောကြောင့် “အာယတန”အရ ကောက်ရပါသည်။

---

**၂၀၀၄**

၁။ **မြတ်စွာဘုရားရှင်နှင့် တူသောပုဂ္ဂိုလ် မရှိရခြင်းအကြောင်းကို ဖြေ၍ “ဖောက်ပြန်တတ်သောကြောင့် ရုပ်”ဟု ဆိုရာ ရုပ်ဖောက်ပြန်ပုံကိုလည်း ရှင်းပြပါ။**

**မြတ်စွာဘုရားရှင်နှင့် တူသောပုဂ္ဂိုလ် မရှိရခြင်းအကြောင်း**

မြတ်စွာဘုရားရှင်သည် သီလအစရှိသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်နှင့်မျှ တူတော်မမူသောကြောင့်, ချိန်ခွင်နှင့် တူသော ဉာဏ်ပညာဖြင့် နှိုင်းယှဉ်အပ်သောပုဂ္ဂိုလ် မဟုတ်ပါ။ ထို့ကြောင့် မြတ်စွာဘုရားနှင့် တူသောပုဂ္ဂိုလ် မရှိရခြင်း ဖြစ်ပါသည်။

(တစ်နည်း) နတ်နှင့်တကွသော လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သောကြောင့် တူသောပုဂ္ဂိုလ် မရှိရခြင်း ဖြစ်ပါသည်။

**ရုပ်ဖောက်ပြန်ပုံ** (၁၉၉၀-၂)

---

၂။ **ဒွေပဉ္စဝိညာဏ် ၁၀-ပါးတို့တွင် စက္ခုဝိညာဏ်ဒွေ စသည်တို့သည် ဝေဒနာကွဲပြားမှု မရှိဘဲ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်းအကြောင်းနှင့် ကာယဝိညာဏ်ဒွေ၌မူ သုခ, ဒုက္ခ ဝေဒနာနှစ်မျိုး ကွဲပြားလျက် သုခသဟဂုတ်, ဒုက္ခသဟဂုတ် ဖြစ်ရခြင်းအကြောင်းတို့ကို ဖြေပါ။** (၁၉၉၃-၂) (၁၉၉၁-၂)

---

၃။ **ဈာနင် ၅-ပါးလာ ပီတိနှင့် သုခတို့၏ ထူးခြားပုံကို ဥပမာပြဖြေဆို၍၊ အရူပါဝစရစိတ်သည် ဈာန် ၅-ပါးတွင် မည်သည့်ဈာန်၌ သွင်းယူရမည်ကိုလည်း အကြောင်းပြဖြေပါ။**

http://www.dhammadownload.com



**ပီတိနှင့် သုခအထူး**

| ပီတိ | သုခ |
|---|---|
| အာရုံကို ရှေးဦးစွာ ရရှိရာအခါ၌ နှစ်သက်ခြင်းသည် ပီတိ မည်၏။ ဥပမာ- ခရီးခဲ၌ ပင်ပန်းသောယောက်ျားသည် တော၌ ရေကိုမြင်သောအခါ နှစ်သက်ခြင်းကဲ့သို့တည်း။ | ရအပ်ပြီးသောအာရုံကို ခံစားရာအခါ၌ ချမ်းသာခြင်းသည် သုခ မည်၏။ ဥပမာ- မြင်ပြီးသောရေကို သောက်သောအခါ စသည်တို့၌ ချမ်းသာခြင်းကဲ့သို့တည်း။ |

**အရူပါဝစရစိတ်ကို ဈာန် ၅-ပါးတွင် ပဥ္စမဈာန်တွင် သွင်းယူရပါမည်။** (၁၉၉၀-၄)

---

၄။ **သကဒါဂါမိပုဂ္ဂိုလ် ၅-ဦးကို မှတ်သားဖွယ်အဖြစ် ရေတွက်ပြ၍ လောကုတ္တရာစိတ်၌ ကြိယာစိတ် မပါရှိရခြင်းအကြောင်းကိုလည်း ရှင်းပြပါ။**

**သကဒါဂါမိပုဂ္ဂိုလ် ၅-ဦး**

(၁) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမိပုဂ္ဂိုလ်။

(၂) ထိုနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမိပုဂ္ဂိုလ်။

(၃) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမိပုဂ္ဂိုလ်။

(၄) ထိုနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမိပုဂ္ဂိုလ်။

(၅) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ ဖြစ်ပြီးလျှင် ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမိပုဂ္ဂိုလ်။

**လောကုတ္တရာစိတ်၌ ကြိယာစိတ် မပါခြင်း** (၁၉၉၆-၃)

---

http://www.dhammadownload.com



## ၂၀၀၅

၁။ **သင်္ဂြိုဟ်ကျမ်းအစ၌ အနုရုဒ္ဓါဆရာ ရတနတ္တယပဏာမကို ပြုသဖြင့် အဘိဓမ္မာကို လေ့လာသင်ယူ စာဖြေသူတို့အတွက် ရရှိပြီးစီးနိုင်သောအကျိုးများကို ထုတ်နုတ်ပြဆို၍ စိတ် အမည်ရပုံကိုလည်း အကျဉ်းအားဖြင့် ဖြေဆိုပါ။**

**အနုရုဒ္ဓါဆရာ ရတနတ္တယပဏာမကို ပြုသဖြင့် စာဖြေသူတို့ ရရှိနိုင်သောအကျိုးများမှာ** - အန္တရာယ်မရှိဘဲ ကျမ်းစာကို သင်ယူနိုင်ခြင်း၊ ဆောင်ရွက်မှတ်သားနိုင်ခြင်း စသောကိစ္စများ ပြည့်စုံခြင်းတို့ ဖြစ်ပါသည်။

**စိတ်အမည်ရပုံကို အကျဉ်း ဖြေဆိုရသော်** (၁၉၉၁-၁၊ ပထမ ၃-ချက်)

---

၂။ **အကုသိုလ်စိတ်မှန်သမျှနှင့် ဆက်ဆံပါလျက် နောက်ဆုံးစိတ်ကိုသာ ဉဒ္ဓစ္စဖြင့် အထူးပြုပုံကို ဖြေဆို၍ ကမ္မဇရုပ်များ ဝိပါက မည်သင့်, မမည်သင့်ကိုလည်း ရှင်းပြပါ။**

**အကုသိုလ်စိတ်မှန်သမျှနှင့် ဆက်ဆံပါလျက် နောက်ဆုံးစိတ်ကိုသာ ဉဒ္ဓစ္စဖြင့် အထူးပြုပုံ**

ဉဒ္ဓစ္စသည် အကုသိုလ်စိတ်မှန်သမျှနှင့် ဆက်ဆံသော်လည်း ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရားတို့၌ မပြဋ္ဌာန်း၊ နောက်ဆုံးစိတ်၌သာ ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရားတို့၌ သတ္တိထင်ရှားအင်အားရှိသည် ဖြစ်၍ ပြဋ္ဌာန်းသောကြောင့် ဤနောက်ဆုံးစိတ်ကိုသာ "ဉဒ္ဓစ္စသမ္ပယုတ္တ"ဟု အထူးပြုခြင်း ဖြစ်ပါသည်။

**ကမ္မဇရုပ်သည် ဝိပါက မမည်သင့်ပါ။**

ဝိပါကဟူသော အမည်သည် ရင့်ကျက်ခြင်းသဘောသို့ ရောက်ကုန်သော နာမ်တရားတို့၏သာ အမည်ဖြစ်သောကြောင့် ကမ္မဇရုပ်သည် ဝိပါကဟူသော အမည်ကို မရနိုင်ကြပါ။

---

၃။ **ဘဝအတွက် အရေးပါသော ဉာဏ်၏သဘောသွားကို ရေးပြ၍၊ ဉာဏ်ရှိသူ, ဉာဏ်မဲ့သူတို့၏ ဖြစ်ကြောင်းဖြစ်ရာများကို စုံစုံလင်လင် ဖော်ပြခဲ့ပါ။** (၁၉၉၆-၂) (ဉာဏ်မဲ့သူ၏ ဖြစ်ကြောင်းကို ဉာဏ်ရှိသူဖြစ်ကြောင်း၏အပြန် ယူရန်)

---

http://www.dhammadownload.com



**၄။ ကြံ့ခိုင်မှုမရှိသော ပဉ္စဝိညာဏ်သည် အာရုံသို့ တက်နိုင်စွမ်း ရှိ မရှိကို ရှင်းလင်း ဆုံးဖြတ်၍၊ ရူပဘုံ၌ဖြစ်သော လောဘမူစသော ကာမစိတ်များကို ရူပစိတ်ဟု ခေါ်သင့်, မခေါ်သင့်ကို အကြောင်းသွင်း၍လည်းကောင်း၊ ဥပမာပြ၍လည်းကောင်း ဆုံးဖြတ်ခဲ့ပါ။**

**ပဉ္စဝိညာဏ်သည် အာရုံသို့ တက်နိုင်ပါသည်။**

ပဉ္စဝိညာဏ်သည် ဝတ္ထု, အာရုံတို့ ထိခိုက်ခြင်း၏အစွမ်းဖြင့် အာရုံသို့ တက်နိုင်ပါသည်။

**ရူပဘုံ၌ ဖြစ်သော ကာမစိတ်များကို ရူပစိတ်ဟု မခေါ်သင့်ပါ။**

များသောအားဖြင့် ဖြစ်ခြင်းကိုသာ အလိုရှိအပ်သောကြောင့် လောဘမူစသော ကာမစိတ်အချို့သည် ရူပဘုံ၌ တစ်ခါတစ်ရံ ဖြစ်သော်လည်း ရူပါဝစရစိတ်ဟု အမည် မရဘဲ "ကာမာဝစရ" ဟူသောအမည်ကိုသာ ရကြ၏၊ ထို့ကြောင့် ရူပစိတ်ဟု မခေါ်သင့်ပါ၊ ကာမစိတ်ဟုသာ ခေါ်ရပါမည်။

ဥပမာအားဖြင့် - လူမိန်းမဝမ်း၌ ဖြစ်သော်လည်း တိရစ္ဆာန်မျိုး၌ အကျုံးဝင်သောကြောင့် တိရစ္ဆာန်ကို တိရစ္ဆာန်ဟူ၍သာ ဆိုအပ်သကဲ့သို့ ကာမစိတ်တို့သည် မိမိဘုံမှ တစ်ပါးသောရူပဘုံ၌ ဖြစ်သော်လည်း ကာမတဏှာ၏ အာရုံအဖြစ်ဖြင့် ကာမဘုံ၌သာ အကျုံးဝင်သောကြောင့် ကာမစိတ်ဟူ၍သာ ဆိုရ၏၊ ရူပစိတ်ဟု မဆိုရပါ။

---

**၂၀၀၆**

**၁။ မိမိကို ဆောင်သူအား အပါယ်လေးပါးဝဋ်ဆင်းရဲတို့၌ မကျရောက်အောင် ဆောင်တတ်သောကြောင့် 'ဓမ္မ'ဟု ဆိုရာ ၎င်းဓမ္မ-အရကို ပြည့်စုံစွာ ကောက်ပြ၍ ကိလေသာတို့ကို ပယ်သတ်ရာ၌ မုချပယ်သတ်တတ်သောတရားနှင့် ပရိယာယ်အားဖြင့် ပယ်သတ်တတ်သောတရားတို့ကိုလည်း ကောက်ပြပါ။**

**ဓမ္မ အရ** (၁၉၉၃-၁)

**ကိလေသာကို မုချပယ်သတ်တတ်သောတရားမှာ** မဂ် ၄-ပါးနှင့် နိဗ္ဗာန်၊

http://www.dhammadownload.com



**ကိလေသာကို ပရိယာယ်အားဖြင့် ပယ်သတ်တတ်သောတရားမှာ** ဖိုလ် ၄-ပါးနှင့် ပရိယတ်တရားတို့ ဖြစ်ပါသည်။

---

၂။ **ဖောက်ပြန်ပျက်စီးတတ်သောကြောင့် ရုပ် ဟု ဆိုလျှင် ဖောက်ပြန်ပြောင်းလဲတတ်သော နာမ်တရားများကိုလည်း ရုပ်ဟု ခေါ်နိုင်/မခေါ်နိုင် သေချာရှင်းပြ၍ ကာမာဝစရ-၌ အဘယ်တရားကို အဘယ်ကြောင့် ကာမ-ဟု ခေါ်ပါသနည်း, ဖြေဆိုခဲ့ပါ။**

**နာမ်တရားကို ရုပ်ဟု မခေါ်နိုင်ပုံ** (၁၉၉၇-၂-ခ)

**ကာမာဝစရ-၌ ကာမ၏ အရ**

(က) ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုလားတတ်သောကြောင့် ကာမတဏှာသည် ကာမ မည်၏။ (ကိလေသာကာမ)

(ခ) တစ်နည်း - ကာမတဏှာသည် လိုလားတောင့်တအပ်သောကြောင့် ကာမ ၁၁-ဘုံသည် ကာမ မည်၏။

(ဂ) တစ်နည်း - ကာမ ၁၁-ဘုံ၌ ဝတ္ထုကာမ၊ ကိလေသာကာမ ၂-ပါးသည် ကျင်လည်တတ် ဖြစ်တတ်၏၊ ထို့ကြောင့် ဝတ္ထုကာမ၊ ကိလေသာ ကာမ ၂-ပါးသည် ကာမ မည်၏။

---

၃။ **အကုသိုလ်စိတ်(၁၂)ပါးတို့တွင် လောဘမူ, ဒေါသမူ, မောဟမူ-ဟု ရှေ့နောက်စီစဉ်ထားရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ ပဋ္ဌမဗ္ဗာန်-၌ ပဋ္ဌမမည်ပုံနှင့် ဈာန်မည်ပုံတို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။**

**အကုသိုလ်စိတ် (၁၂)ပါး စဉ်ပုံ**

ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေနေသောသတ္တဝါအား အစ၌ ဝီထိစိတ်၏ အစွမ်းဖြင့် လောဘသဟဂုတ်စိတ်တို့သာ ဖြစ်သောကြောင့် လောဘမူစိတ်တို့ကို ရှေးဦးစွာ ပြဆိုပါသည်၊ ထို့နောက် လောဘမူစိတ်နှင့် ဒွိဟိတ်စိတ်အဖြစ်ဖြင့် တူသောကြောင့် ဒေါသမူစိတ်တို့ကို ပြဆိုပါသည်၊ ထို့နောက်မှ ဧကဟိတ်စိတ်ကို ပြခြင်းအကျိုးငှာ မောဟမူစိတ်တို့ကို ပြဆိုပါသည်။

http://www.dhammadownload.com



ပဋ္ဌမဗျာန်း-၌ ပဋ္ဌမမည်ပုံနှင့် ဈာန်မည်ပုံ (၁၉၉၅-၃)

---

၄။ ဝိညာဏဥ္စာယတန ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ပါသော ဝိညာဏ-သဒ္ဒါသုံးခုတို့၏အထူးကို ရေးသားဖြေဆို၍ အောက်ဖော်ပြပါဈာန်တို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။
(က) သမ္မသိတဈာန် (ခ) ပုဂ္ဂလဇ္ဈာသယဈာန်။

**ဝိညာဏဥ္စာယတန ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ပါသော ဝိညာဏ-သဒ္ဒါသုံးခုတို့၏ အထူး**

(၁) ဝိညာဏဥ္စာယတနကုသိုလ်၌ ပါသော ဝိညာဏ်အရ - ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ် ဖြစ်သည်။
(၂) ဝိညာဏဥ္စာယတနဝိပါက်စိတ်၌ ပါသော ဝိညာဏ်အရ - ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ် ဖြစ်သည်။
(၃) ဝိညာဏဥ္စာယတနကြိယာစိတ်၌ ပါသော ဝိညာဏ်အရ - ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ်နှင့် ဤဘဝ၌သာ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာကာသာနဉ္စာယတနကြိယာစိတ် ဖြစ်သည်။

**(က) သမ္မသိတဈာန်** = ဝိပဿနာဂါမိနီဝိပဿနာဖြစ်ဖို့ရန် အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် သုံးသပ်အပ်သောဈာန်။
**(ခ) ပုဂ္ဂလဇ္ဈာသယဈာန်** = "ငါ့မှာ ပဋ္ဌမဈာန်နှင့် တူသော အင်္ဂါ ၅-ပါးရှိသောမဂ် ဖြစ်ပါမူ ကောင်းလေစွ" စသည်ဖြင့် ဈာနလာဘီယောဂီ ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သော အလိုဆန္ဒ။

(မှတ်ချက် ။ ။ ပုဂ္ဂလဇ္ဈာသယဈာန်ဟု မေး၍သာ မေးခွန်းအားလျော်စွာ ဖြေလိုက်ပါသည်၊ 'ပုဂ္ဂလဇ္ဈာသယ'သာ မှန်ပါသည်။)

---

၂၀၀၇

၁။ ကျမ်းပြုဆရာ အနုရုဒ္ဓါသည် အဘိဓမ္မာကျမ်းကို ရေးသားရာ၌ ကာမဘုံ, ရူပဘုံ, အရူပဘုံ, အဝတ္တာဘုံဟု အစဉ်အတိုင်းရေးသားရခြင်း၏အကြောင်းကို ဖြေဆိုပြီးလျှင်၊ . . .

http://www.dhammadownload.com



**ကာမဘုံ, ရူပဘုံ, အရူပဘုံ, အဝတ္ထာဘုံဟု အစဉ်အတိုင်း ရေးသားရခြင်း** (၂၀၀၂-၂)

ဘုံလေးပါး၌ ဖြစ်ကုန်သောတရားတို့သည် အစဉ်အတိုင်း မြတ်ကြကုန်သောကြောင့် ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါသည် အဘိဓမ္မာကျမ်းကို ရေးသားရာ၌ ကာမဘုံ, ရူပဘုံ, အရူပဘုံ, အဝတ္ထာဘုံဟု အစဉ်အတိုင်း ရေးသားခြင်း ဖြစ်ပါသည်။

---

၂။ **လူတစ်ယောက်၏သန္တာန်၌ လျှာတစ်ခုသာ ရှိပါလျက် အဘယ်ကြောင့် 'ဇိဝှါဝိညာဏ်ဒွေး'ဟု ခေါ်ပါသနည်း၊ ဖြေဆိုပြီးလျှင်၊ ဇိဝှါ-အရ မုချ, ဥပစာအားဖြင့် ကောက်ပြပါ။**

**ဇိဝှါဝိညာဏ်ဒွေး** (၁၉၉၁-၂ ကိုမှီး၍ ဖြေရန်)

**ဇိဝှါ-အရ ကောက်ပြရသော်**

(**ဇိဝှါ = ဇီဝိတ + အဝှါ) ဇီဝိတ - အသက်**၏အကြောင်းဖြစ်သော ရသာရုံကို + **အဝှါ = ခေါ်တတ်**သောကြောင့် ဇိဝှါပသာဒသည် ဇိဝှါ မည်ပါသည်၊ ထို့ကြောင့် **ဇိဝှါ အရ** ဇိဝှါပသာဒကို ကောက်ရပါမည်။

**ဇိဝှါပုဒ်၌ ပါရှိသော ဇီဝိတအရ** - မုချအားဖြင့် ဇီဝိတိန္ဒြေကို၊
- ဥပစာအားဖြင့် ရသာရုံကို ကောက်ပါသည်။

(အကျိုးဖြစ်သော ဇီဝိတိန္ဒြေ၏ ဇီဝိတဟူသောအမည်ကို အကြောင်းဖြစ်သော ရသာရုံ၌ တင်စား၍ ရသာရုံကို ဖလူပစာရအားဖြင့် ယူခြင်း ဖြစ်ပါသည်။)

---

၃။ **ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့သည် ပဉ္စဒွါရ, မနောဒွါရတို့၌ ဆင်ခြင်တတ်သောစိတ်များပင် ဖြစ်၍ အတူတူပင် ဖြစ်၏-ဟု မှတ်ရမည်လော, အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ကုသိုလ်ကောင်းမှုပြုရာ၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရခြင်း၏အကြောင်းများကိုလည်း ဖော်ပြပါ။**

**ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့သည် ပဉ္စဒွါရ, မနောဒွါရတို့၌ ဆင်ခြင်တတ်သောစိတ်များပင် ဖြစ်၍ အတူတူပင် ဖြစ်၏-ဟု မမှတ်ရပါ။**

http://www.dhammadownload.com



ပဉ္စဒွါရာဝဇ္ဇန်းသည် စက္ခုစသော ၅-ဒွါရ၌ ထင်လာသည့် ရူပါရုံစသော အာရုံ ၅-ပါးကို ဆင်ခြင်၍၊ မနောဒွါရာဝဇ္ဇန်းသည် မနောဒွါရ၌ ထင်လာသောအာရုံ ၆-ပါးကို ဆင်ခြင်ပါသည်။

ပဉ္စဒွါရာဝဇ္ဇန်းသည် အဟိတ်ကြိယာ မနောဓာတ် ဖြစ်ပြီး၊ မနောဒွါရာဝဇ္ဇန်းသည် အဟိတ်ကြိယာ မနောဝိညာဏဓာတ် ဖြစ်ပါသည်။

**ကုသိုလ် သောမနဿဖြစ်ကြောင်း** (၁၉၈၉-၃)

---

၄။ **ဈာနင်နှင့် ဈာန်တို့၏အထူးကို ဥပမာပြရေးသားပြီးလျှင်၊ အထူးထူးအပြားပြား ဆန်းကြယ်မှုကို ပြုကြောင်း ဖြစ်သောစိတ်ကို ဝေဖန်အပ်သောအပြားတို့ကိုလည်း သိသာအောင် ညွှန်ပြခဲ့ပါ။**

**ဈာနင်နှင့် ဈာန်တို့၏ အထူး**

ဝိတက်စသော ဈာန်အင်္ဂါအသီးသီးတို့သည် ဈာန်၏အစိတ်ဖြစ်သောကြောင့် ဈာနင် မည်၏၊ ဝိတက်စသော ဈာန်အင်္ဂါအပေါင်းတို့သည် ဈာန် မည်၏။

ဥပမာ - အကွပ်, တကူ စသည်တို့သည် လှည်း၏အင်္ဂါ မည်ပြီး၊ ထိုအကွပ်, တကူစသော လှည်း၏အင်္ဂါအပေါင်းသည်သာ ရထား(လှည်း) မည်သကဲ့သို့ ဝိတက်စသော ဈာန်အင်္ဂါတို့၏အပေါင်း၌သာလျှင် ဈာန်ဟူသောအမည် ဖြစ်၏။

**အထူးထူးအပြားပြား ဆန်းကြယ်မှုကို ဖြစ်ကြောင်း ဖြစ်သောစိတ်ကို** ဘူမိ, ဇာတိ, သမ္ပယောဂ, သင်္ခါရ, ဝေဒနာ, ဈာန်, အာရုံ, မဂ်တို့၏အပြားအားဖြင့် ဝေဖန်အပ်ပါသည်။

---

**၂၀၀၈**

၁။ **ရှင်အနုရုဒ္ဓါဆရာသည် မြတ်စွာဘုရား၏ဂုဏ်တို့ကို ဖော်ပြနိုင်သော အခြားသောပုဒ်တို့ဖြင့် မချီးမွမ်းမူ၍ "သမ္မာသမ္ဗုဒ္ဓံ အတုလံ"ဟူသော ဤနှစ်ပုဒ်ဖြင့်သာ မြတ်စွာဘုရားအား ချီးမွမ်းရခြင်း၏အကြောင်းကို ဋီကာကျော်မြန်မာပြန်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။**

http://www.dhammadownload.com



**"သမ္မာသမ္ဗုဒ္ဓံ အတုလံ"ဟူသော ဤနှစ်ပုဒ်ဖြင့်သာ မြတ်စွာဘုရားအား ချီးမွမ်းရခြင်း၏ အကြောင်း -**

မြတ်စွာဘုရား၏ဂုဏ်တို့ကို ဖော်ပြနိုင်သော အခြားသောပုဒ်များ ရှိသော်လည်း "သမ္မာသမ္ဗုဒ္ဓံ, အတုလံ" ဟူသော ဤနှစ်ပုဒ်သည် အကျဉ်းအားဖြင့် ဟေတုသမ္ပဒါ, ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါ ဟူသော သမ္ပဒါ ၃-ပါး၏အစွမ်းဖြင့် မြတ်စွာဘုရား ဂုဏ်တော်တို့ကို ထင်ရှားစွာပြနိုင်သောကြောင့် ထိုနှစ်ပုဒ်တို့ဖြင့်သာ မြတ်စွာဘုရား အား ချီးမွမ်းတော်မူခြင်း ဖြစ်ပါသည်။

---

၂။ **ပါဏာတိပါတစသည် လွန်ကျူးသောပုဂ္ဂိုလ်၌ အသင်္ခါရိက, သသင်္ခါရိကဖြစ်သည်ဟု သိအပ်ပုံကို အကြောင်းပြဖြေဆိုပြီးလျှင်၊ ကုသိုလ်နှင့် အကုသိုလ်တို့၏ ဆန့်ကျင်ပုံကိုလည်း ရေးသားခဲ့ပါ။**

**ပါဏာတိပါတ စသည်ကို လွန်ကျူးသောပုဂ္ဂိုလ်၌ အသင်္ခါရိက, သသင်္ခါရိက ဖြစ်သည်ဟု သိအပ်ပုံ**

ပါဏာတိပါတစသည် လွန်ကျူးရာ၌ သူတစ်ပါးတို့ တိုက်တွန်းမှုမပါဘဲ မိမိ ပင်ကိုယ် ထက်မြက်သောစိတ်ထားဖြင့် ပြုသောအခါ အသင်္ခါရိက ဖြစ်သည်, သူ တစ်ပါးတို့ တိုက်တွန်း၍ နုံ့ညံ့သောစိတ်ထားဖြင့် ပြုသောအခါ သသင်္ခါရိက ဖြစ်သည် ဟု သိအပ်ပါသည်။

**အကြောင်းမှာ** - နောက်စိတ်၏ ထက်မြက်သည်၏အဖြစ်ဟု ဆိုအပ်သော တန်ဆာ အထူး သတ္တိအထူး မရှိသောစိတ်သည် အသင်္ခါရိက (သင်္ခါရ မရှိ သောစိတ်) မည်ခြင်း၊
- နောက်စိတ်၏ ထက်မြက်သည်၏အဖြစ်ဟု ဆိုအပ်သော တန်ဆာ အထူးသတ္တိအထူးနှင့်တကွဖြစ်သောစိတ်သည် သသင်္ခါရိက (သင်္ခါရ နှင့်တကွ ဖြစ်သောစိတ်) မည်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ကုသိုလ်နှင့် အကုသိုလ်တို့ ဆန့်ကျင်ပုံ**

ကုသိုလ်သည် ပယ်တတ်သော (ပဟာယက)တရား၊ အကုသိုလ်သည် ပယ်အပ် သော (ပဟာတဗ္ဗ)တရား - ဤသို့အားဖြင့် ဆန့်ကျင်ကြပါသည်။

---

http://www.dhammadownload.com



**၃။ "ကံနှင့်တူသော အကျိုးကို ပေး၏" ဟု ဆိုရာ၌ ကောန်ပေးစွမ်းနိုင်သော ကုသိုလ်များကို အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ရူပဈာန်၊ အရူပဈာန်၊ လောကုတ္တရာဈာန် ရှိသကဲ့သို့ ကာမာဝစရဈာန် ရှိ /မရှိ ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။**

**"ကံနှင့်တူသော အကျိုးကို ပေး၏"** (၁၉၉၄-၄)

**ရူပဈာန်၊ အရူပဈာန်၊ လောကုတ္တရာဈာန်ရှိသကဲ့သို့ ကာမာဝစရဈာန် ရှိပါသည်။**

ကာမာဝစရဈာန်ဟူသည် နီဝရဏ၊ ဝိတက်၊ ဝိစာရ၊ နိကန္တိ စသည်တို့ကို ငြိမ်းအေးစေရာ၌ မြဲမြဲခိုင်ခံ့တည်တံ့သော ဥပစာရဈာန် ဖြစ်ပါသည်။

---

**၄။ သုခမည်ပုံနှင့် ၎င်း၏လက္ခဏာကို ဥပမာပြ ဖြေဆိုပြီးလျှင်၊ ဧကဂ္ဂတာမည်ပုံနှင့် လက္ခဏာကိုလည်း ဂုဏ်ထူးဆောင်ဝိဝိ ပေါ်လွင်ထင်ရှားအောင် ရေးသားခဲ့ပါ။**

**သုခ မည်ပုံနှင့် ၎င်း၏လက္ခဏာ**

- မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို ချမ်းသာစေတတ်သောကြောင့် သုခ မည်ပါသည်။
- ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။

ဥပမာ - ကောင်းသောဘောဇဉ်၏အရသာကို သာယာတတ် ခံစားတတ်သောမင်းကဲ့သို့။

**ဧကဂ္ဂတာ မည်ပုံနှင့် ၎င်း၏လက္ခဏာ**

- တစ်ခုတည်းသောအာရုံရှိသော စိတ်၏ဖြစ်ကြောင်း ဖြစ်ရာ ဖြစ်သောကြောင့် သမာဓိသည် ဧကဂ္ဂတာ မည်ပါသည်။
- မပျံ့လွင့်ခြင်း တည်ကြည်ခြင်းလက္ခဏာ ရှိပါသည်။

---

**၅။ ဖဿ-စသော တစ်ပါးသော သမ္ပယုတ်တရားများ ရှိလျက် ဝိတက်စသောငါးပါးကိုသာ ဈာန်အင်္ဂါဟု ဆိုရခြင်း၏အကြောင်းကို ရေးသားပြီးလျှင်၊. . .** (၁၉၉၃-၃)

---

http://www.dhammadownload.com



## ၂၀၀၉

**၁။ သောမနဿ သဟဂတ်၌ သုမန-အရ, သောမနဿ-အရတို့ကို ပြည့်စုံစွာ ကောက်ပြ၍ သောမနဿသဟဂတ ဖြစ်ပုံကိုလည်း အဘိဓမ္မာဂုဏ်ထူးဆောင်ဝိဝိ ဋီကာကျော်နှင့်အညီ ရေးသားဖြေဆိုခဲ့ပါ။**

**သုမန-အရ** သာယာဖွယ်ကောင်းသောစိတ် ရှိသောပုဂ္ဂိုလ်၊

**သောမနဿ-အရ** သာယာဖွယ်ကောင်းသောစိတ် ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်သောဝေဒနာ (စိတ်၌ဖြစ်သော သုခဝေဒနာ) ဖြစ်ပါသည်။

**သောမနဿသဟဂတ ဖြစ်ပုံ**

စိတ်သည် သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒ အစရှိသည်တို့၏အစွမ်းဖြင့် နှီးနှောသောကြောင့် သောမနဿသဟဂတ ဖြစ်ပါသည်။

---

**၂။ မဂ်စိတ်နှင့် ဖိုလ်စိတ်တို့၏ လောကုတ္တရာမည်ပုံကို ခွဲခြားဖြေဆို၍၊ ဒိဋ္ဌိဂတသမ္ပယုတ္တ်၌ ဒိဋ္ဌိ၏ဖြစ်ကြောင်းတရားများကိုလည်း ဖြေဆိုခဲ့ပါ။**

**မဂ်စိတ်နှင့် ဖိုလ်စိတ်တို့၏ လောကုတ္တရာမည်ပုံ**

- ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရလောကမှ အာသဝေါတရားတို့၏အာရုံ မဟုတ်သောအားဖြင့် လွတ်မြောက်ဆဲ ဖြစ်သောကြောင့် မဂ်စိတ်သည် လောကုတ္တရာ မည်ပါသည်။
- ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရလောကမှ အာသဝေါတရားတို့၏အာရုံ မဟုတ်သောအားဖြင့် လွတ်မြောက်ပြီး ဖြစ်သောကြောင့် ဖိုလ်စိတ်သည် လောကုတ္တရာ မည်ပါသည်။

**ဒိဋ္ဌိ၏ဖြစ်ကြောင်းတရားများ** (၁၉၉၂-၂)

---

**၃။ အပါယ်ဘူမိ ဒုဂ္ဂတိသို့ ရောက်စေတတ်သော အကုသိုလ်စိတ်ကို အဘယ်ကြောင့် 'ပါပ' ဟု ခေါ်ဆိုရသည်ကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ဋီကာကျော်နှင့်အညီ ဖြေဆိုခဲ့ပါ။**

http://www.dhammadownload.com



(က) သမ္ပဋိစ္ဆန၊ (ခ) သန္တီရဏ၊ (ဂ) ဝုဋ္ဌော။

**အကုသိုလ်စိတ်ကို 'ပါပ' ဟု ခေါ်ဆိုရခြင်း**

မိမိကိန်းရာသတ္တဝါကို အပါယ်အစရှိသောဒုက္ခသို့ ကျရောက်စေတတ်သောကြောင့် အကုသိုလ်စိတ်ကို 'ပါပ' ဟု ခေါ်ဆိုရပါသည်။

(က) **သမ္ပဋိစ္ဆန** = ပဉ္စဝိညာဉ်သည် ယူအပ်ပြီးသော ရူပါရုံအစရှိသောအာရုံကို ခံယူသကဲ့သို့ ဖြစ်သောကြောင့် သမ္ပဋိစ္ဆန မည်၏။

(ခ) **သန္တီရဏ** = သမ္ပဋိစ္ဆိုင်းသည် ခံယူအပ်ပြီးသော ရူပါရုံအစရှိသောအာရုံကို ကောင်းစွာစုံစမ်းတတ်သောကြောင့် သန္တီရဏ မည်၏။

(ဂ) **ဝုဋ္ဌော** = မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ၌ သန္တီရဏသည် စုံစမ်းအပ်ပြီးသောအာရုံကို ပိုင်းခြားသတ်မှတ်ဆုံးဖြတ်တတ်သောကြောင့် ဝုဋ္ဌော မည်၏။

---

၄။ **ဈာနင်ငါးပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိတို့သည် အဘယ်နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သည်ကို အကြောင်းနှင့်တကွ ဖြေဆို၍၊ ရူပါဝစရစိတ်နှင့် အရူပါဝစရစိတ်တို့၏ဖြစ်ပုံအထူးကိုလည်း ဖြေဆိုခဲ့ပါ။**

**ဝိတက်, ဝိစာရ, ပီတိ ဈာနင်တို့သည် နီဝရဏတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ပုံ**

(၁) သင့်လျော်သောအကြောင်းအားဖြင့် ကြံစည်ခြင်း၏အစွမ်းဖြင့် လှုပ်ရှားခြင်း, ပျံ့လွင့်ခြင်းနှင့်တကွ ဖြစ်သောကြောင့် ဝိတက်ဈာနင်သည် ထိုင်းမှိုင်းတွေဝေခြင်းသဘောရှိသော ထိန-မိဒ္ဓနီဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်၏။

(၂) အာရုံ၌ အဖန်ဖန်ပွတ်တိုက်ခြင်း, သုံးသပ်ခြင်း၏အစွမ်းဖြင့် ပညာနှင့် တူသောသဘောရှိသောကြောင့် ဝိစာရဈာနင်သည် အာရုံ၌ ကောင်းစွာမတည် ယုံမှားတတ်သော ဝိစိကိစ္ဆာနီဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်၏။

(၃) ဝမ်းမြောက်တတ် နှစ်သက်တတ်သောသဘော ရှိသောကြောင့် ပီတိဈာနင်သည် ခက်ထန်ကြမ်းတမ်းလျက် အာရုံကို မနှစ်သက်နိုင်သော ဗျာပါဒနီဝရဏ

http://www.dhammadownload.com



၏ ဆန့်ကျင်ဘက် ဖြစ်၏။

**ရူပါဝစရစိတ်နှင့် အရူပါဝစရစိတ်တို့၏ ဖြစ်ပုံအထူး**

- ရူပါဝစရစိတ်သည် သမ္ပယောဂအင်္ဂါတို့၏အစွမ်းဖြင့်လည်းကောင်း၊ ပဟာနအင်္ဂါတို့၏ အစွမ်းဖြင့်လည်းကောင်း ၅-ပါး ပြားရသည်။
- အရူပါဝစရစိတ်သည် အာရုံ၏အစွမ်းဖြင့် ၄-ပါး ပြားရသည်။

ဤသို့လျှင် ရူပါဝစရစိတ်နှင့် အရူပါဝစရစိတ်တို့၏ဖြစ်ပုံ ထူးပါသည်။

---

**၂၀၁၁**

၁။ **ပရမတ္ထသဘောတရား၏ နက်နဲခက်ခဲပုံကို ဉာဏ်ပညာဖြင့် ရှုဆင်ခြင်၍ 'မဖောက်မပြန်သော သဘောတရားသည် ပရမတ္ထ မည်၏' နှင့် 'ဖောက်ပြန်သော သဘောတရားသည် ရုပ် မည်၏' - ဟူသော စကားနှစ်ရပ် မဆန့်ကျင်ပုံကို သေချာရှင်းလင်း ဖြေဆိုခဲ့ပါ။**

**စကားနှစ်ရပ် မဆန့်ကျင်ပုံ**

"မဖောက်မပြန်သော သဘောတရားသည် ပရမတ္ထ မည်၏" ဟူသည် "မိမိ၏ မူလပင်ကိုယ်သဘောလက္ခဏာမှ မဖောက်ပြန်ခြင်း" ဖြစ်ပါသည်၊ "ဖောက်ပြန်သော သဘောတရားသည် ရုပ် မည်၏" ဟူသည် "သန္တတိပညတ်ဟူသော ရုပ်အစဉ်အဆက်၏ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခြင်း" ဖြစ်ပါသည်၊ ထို့ကြောင့် ထိုစကားနှစ်ရပ် မဆန့်ကျင်ပါ။

---

၂။ **ဗုဒ္ဓဘာသာဝင်သူတော်စဉ်များ ကုသိုလ်ပြုတိုင်း ဆုတောင်းလေ့ရှိသော နိဗ္ဗာန်၏အဓိပ္ပါယ်ကို ဋီကာကျော်၌ လာသောနည်းနှစ်နည်းဖြင့် ရေးသားဖြေဆို၍၊ "ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ"၌ သင်္ခါရ၏အဓိပ္ပါယ်ကိုလည်း ဂုဏ်ထူးဆောင်ပီပီ ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။**

**နိဗ္ဗာန်၏ အဓိပ္ပါယ်**

ဘဝကြီးဘဝငယ်တို့ကို ချုပ်စပ်တတ်သောကြောင့် တဏှာကို "ဝါန"ဟု ဆိုအပ်၏၊ ထိုဝါန ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် "နိဗ္ဗာန်" ဟု

http://www.dhammadownload.com



ခေါ်ပါသည်။

(တစ်နည်း) ရာဂအစရှိသောကြောင့် မီး ၁၁-ပါးတို့၏ ငြိမ်းအေးကြောင်း ဖြစ်သောကြောင့် "နိဗ္ဗာန်" ဟု ခေါ်ပါသည်။

**"ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေက်" ၌ သင်္ခါရ၏အဓိပ္ပါယ်**

တွန့်တိုဆုတ်နစ်နေသော နောက်စိတ်ကို ထက်မြက်သည်၏အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူးဖြင့် ပြုပြင်စီရင်တတ်သောကြောင့် သင်္ခါရ မည်ပါသည်။

---

၃။ **မောဟမူစိတ်တို့၏ အလုံးစုံသောအာရုံ၌ တပ်မက်နှစ်သက်ခြင်း, ပြစ်မှားခြင်းတို့ ကင်းရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ စက္ခုဝိညာဉ်ဒွေး၏ ဉပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**မောဟမူစိတ်တို့၏ အလုံးစုံသောအာရုံ၌ တပ်မက်နှစ်သက်ခြင်း, ပြစ်မှားခြင်းတို့ ကင်းရခြင်းအကြောင်း** (၁၉၈၉-၂)

မောဟမူစိတ်တို့သည် အလွန်တွေဝေခြင်း, အလွန်တုန်လှုပ်ခြင်းတို့ကြောင့် အလုံးစုံသောအာရုံ၌ တပ်မက်နှစ်သက်ခြင်း, ပြစ်မှားခြင်းတို့ ကင်းရခြင်း ဖြစ်ပါသည်။

**စက္ခုဝိညာဉ်ဒွေး၏ ဉပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်းအကြောင်း** (၁၉၉၃-၂)

---

၄။ **ဈာနင်မည်သော သုခ, ဧကဂ္ဂတာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို အကြောင်းနှင့်တကွ ရေးသားဖြေဆို၍၊ ဖလဇ္ဈာန်ပုဂ္ဂိုလ်တို့သည် အဘယ်အကျိုးငှာ ဖိုလ်ဝင်စားကြပါသနည်း? ဖြေဆိုခဲ့ပါ။**

**ဈာနင်မည်သော သုခ, ဧကဂ္ဂတာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားများ**

သုခဈာနင်သည် ငြိမ်သက်ခြင်း, အေးမြခြင်းသဘော ရှိသောကြောင့် မငြိမ်သက်ခြင်း, နောင်တတစ်ဖန်ပူပန်ခြင်းသဘောရှိသော ဉဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

ဧကဂ္ဂတာဈာနင်သည် ကာမဂုဏ်အာရုံကို တောင့်တတတ်သော ရာဂ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

http://www.dhammadownload.com



**ဖိုလ်ဝင်စားခြင်းအကြောင်း**

ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်းအကျိုးငှာ ဖိုလ်ဝင်စားကြခြင်း ဖြစ်ပါသည်။

---

**၂၀၁၁**

**၁။ ကိလေသာတရားကို အကြွင်းအကျန်မရှိအောင် ပယ်သတ်နိုင်သော မဂ်စိတ်တို့၏ လောကုတ္တရာမည်ပုံကို တိကျမှန်ကန်စွာ ဖြေဆို၍၊ လူသားအားလုံး၌ "ဓောစဉ်အစ လောဘက" ဟူသော စကား မှန်မမှန်ကိုလည်း သေချာစွာ သုံးသပ်ဖြေဆိုခဲ့ပါ။**

**မဂ်စိတ်တို့၏ လောကုတ္တရာမည်ပုံ** (၂၀၀၉-၂)

**"ဓောစဉ်အစ လောဘက" ဟူသောစကား မှန်ပါသည်။** (၁၉၈၉-၁ ကို မှီး၍ ဖြေပါ။)

---

**၂။ သူတစ်ပါး၏ပစ္စည်းကို ခိုးယူလျှင် အပြစ်ရှိသည်ဟု သိသော်လည်း စားဝတ်နေရေး မပြေလည်၍ ဖနီးသည်၏ နားပူနားဆာပြုလုပ်မှုကြောင့် ရှင်လန်းတက်ကြွမှု မရှိဘဲ သူတစ်ပါး ပစ္စည်းကို ခိုးယူသူသန္တာန်၌ ဖြစ်သော အကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြ၍၊ ဒေါမနဿနှင့် ပဋိဃတို့၏ အထူးကိုလည်း ဖြေဆိုခဲ့ပါ။**

**ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ်။**

**ဒေါမနဿနှင့် ပဋိဃတို့၏ အထူး** (၂၀၀၃-၂)

---

**၃။ အရက်သောက်ခြင်းကို အပြစ်မရှိဟု ယူဆလျက် အရက်သောက်သူနှင့် အပြစ်ရှိမှန်း သိလျက် အရက်သောက်သူတို့တွင် အဘယ်ပုဂ္ဂိုလ်၌ အပြစ်ပိုကြီးသည်ကို သုံးသပ် ဆုံးဖြတ်ဖြေဆိုပြီးလျှင်၊ ကုသိုလ်နှင့် အကုသိုလ်တို့၏ ဆန့်ကျင်ဘက်ဖြစ်ပုံကိုလည်း ဋီကာကျော် အတိုင်း ဖြေဆိုခဲ့ပါ။**

**အရက်သောက်ခြင်း** (၁၉၉၂-၁ ကို မှီး၍ဖြေပါ)

**ကုသိုလ်နှင့် အကုသိုလ်တို့၏ ဆန့်ကျင်ဘက်ဖြစ်ပုံ** (၂၀၀၈-၂)

---

http://www.dhammadownload.com



၄။ ဗုဒ္ဓမြတ်စွယ်တော်ကို ရှိသေစွာပူဇော်ခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုး ရနိုင်သည်ကို ယုံကြည်လျက် ပျော်ရွှင်ကြည်နူးစွာ မိမိဆန္ဒအတိုင်း အကျင့်မြတ်ဖြင့် ပူဇော်နေသော ပုထုဇဉ်ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သောစိတ်ကို တိကျစွာထုတ်ပြ၍၊ ဉာဏ်ကြီးသူဖြစ်ရန် လိုအပ်သောအကြောင်းတရားတို့ကိုလည်း ကာမာဝစရသောဘနစိတ်အဖွင့်ကို ရှု၍ ဖြေဆိုခဲ့ပါ။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်။

ဉာဏ်ကြီးသူဖြစ်ရန် လိုအပ်သောအကြောင်းတရား (၁၉၉၆-၂)

---

## ၂၀၀၂

၁။ "အဘိဓမ္မာ"ဟူသော ဝေါဟာရ၏အဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ အဘိဓမ္မာ-ပုဒ်၏ အရကိုလည်း ပြည့်စုံစွာ ကောက်ပြခဲ့ပါ။

**"အဘိဓမ္မာ"ဟူသော ဝေါဟာရ၏အဓိပ္ပါယ်**

ပညတ်မှ အသီးအခြားထုတ်ယူအပ်သော ပရမတ္ထဖြစ်ခြင်းအားဖြင့် ထူးကုန်သောတရားတို့ကို ဟောအပ်ရာဖြစ်သောကြောင့် ဓမ္မသင်္ဂဏီစသော ၇-ကျမ်းတို့သည် အဘိဓမ္မာ မည်ပါသည်။

**အဘိဓမ္မာ-ပုဒ်၏အရ** (၁၉၉၅-၁)

ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟူသော ၇-ကျမ်းတို့ ဖြစ်ပါသည်။

---

၂။ လောက၌ စေတနာကောင်းသူ, သဒ္ဓါတရား ထက်သန်သူ-ဟု စေတသိက်တရားတို့ကို ရှေ့တန်းထား ပြောဆိုနေကြသော်လည်း "မနော ပုဗ္ဗင်္ဂမာ ဓမ္မာ"(နာမက္ခန္ဓာလေးပါးတို့တွင် စိတ်သာ ရှေ့သွားခေါင်းဆောင် ရှိကုန်၏) ဟု ဘုရားရှင်ဟောတော်မူပုံကို အကြောင်းပြ ရှင်းလင်းဖြေဆိုခဲ့ပါ။

လောက၌ စေတနာကောင်းသူ, သဒ္ဓါတရား ထက်သန်သူ-ဟု စေတသိက်တရားတို့ကို ရှေ့တန်းထား ပြောဆိုနေကြသော်လည်း "မနော ပုဗ္ဗင်္ဂမာ ဓမ္မာ" (နာမက္ခန္ဓာလေးပါးတို့

http://www.dhammadownload.com



**တွင် စိတ်သာ ရှေ့သွားခေါင်းဆောင် ရှိကုန်၏) ဟု ဘုရားရှင်ဟောတော်မူရခြင်း အကြောင်းမှာ-**

စေတသိက်သည် စိတ်မရှိသော် အချင်းခပ်သိမ်း မဖြစ်နိုင်သောကြောင့် စိတ်နှင့် ကင်း၍ အာရုံယူခြင်းငှာ မစွမ်းနိုင်ပါ၊ စိတ်ကား ဝိတက်စသော အချို့သောစေတသိက် တို့နှင့် ကင်း၍လည်း အာရုံကို ယူနိုင်ပါသည်၊ ဤသို့ စေတသိက်၏သာ စိတ်နှင့် စပ် သောဖြစ်ခြင်း ရှိသောကြောင့် "မနော ပုဗ္ဗင်္ဂမာ ဓမ္မာ"ဟု ဘုရားရှင်ဟောတော်မူရခြင်း ဖြစ်ပါသည်။

---

၃။ **လေးဆူစာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကို ဝမ်းမြောက်စွာ ဖူးမြင်ရသည် ဖြစ်ပါလျက် ဘုရားဖူးသူတော်စင်သန္တာန်၌ ဖြစ်သော "မြင်သိ"စိတ်၏ ဥပေက္ခာသာ ဖြစ်ရခြင်း အကြောင်းကို ဖြေဆို၍၊ မည်သို့နှလုံးသွင်းရှိသူ(အမြင်ရှိသူ)ကို "ဒိဋ္ဌိအမြင်ရှိသူ"ဟု ဆိုရပါ သနည်း? ဋီကာကျော်လာအရ ဖြေဆိုခဲ့ပါ။**

**"မြင်သိ"စိတ်၏ ဥပေက္ခာသာ ဖြစ်ရခြင်း** (၁၉၉၃-၂)

**"ဒိဋ္ဌိအမြင်ရှိသူ"** -

မှားသောအားဖြင့် မြင်တတ်, နှလုံးသွင်းတတ်သောသူကို "ဒိဋ္ဌိအမြင်ရှိသူ"ဟု ဆိုပါ သည်၊ မှားသောအားဖြင့် မြင်တတ်, နှလုံးသွင်းတတ်ခြင်း-ဟူသည် ကာမဂုဏ်တို့၌ အပြစ် မရှိ၊ မကောင်းမှုပြုရာ၌ သံသရာအပြစ်မရှိ စသည်ဖြင့် လွဲမှားစွာသိခြင်းကို ဆိုလိုပါသည်။

---

၄။ **ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ဆဲကာလ တည်ငြိမ်အေးချမ်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတဝှမ်းတွင် လှူဒါန်းမှုအဖုံဖုံ အစုံစုံသောဒါန ပြုနေကြသည့် အလှူရှင်တို့ သန္တာန်၌ ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ဒါန ပြုနိုင်ရခြင်းအကြောင်းများကို ရှင်းလင်းဖြေဆို ၍၊ "မင်္ဂ"မည်ပုံ အဓိပ္ပါယ်ကိုလည်း ဋီကာကျော်လာအရ (၃)မျိုး ဖြေပြခဲ့ပါ။** (၁၉၈၉-၃) (၁၉၉၆-၄)

---

http://www.dhammadownload.com



## ၂၀၀၃

၁။ **သသဒ္ဒမ္မဂဏုတ္တမံ-၌ ဓမ္မ-၏အဓိပ္ပါယ်ကို ရေးသားဖော်ပြ၍၊ ဓမ္မ-အရကိုလည်း (၂)နည်း ကောက်ပြပါ။**

**ဓမ္မ-၏အဓိပ္ပါယ်** (၁၉၉၃-၁)

**ဓမ္မ-အရ** = မဂ်လေးတန် ဖိုလ်လေးတန်နှင့် နိဗ္ဗာန် ဟူသော တရားကိုးပါး။

တစ်နည်း = မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်နှင့် ပရိယတ် ဟူသော ဆယ်ပါးသောတရားတို့ ဖြစ်ပါသည်။

---

၂။ **ဗုဒ္ဓဘာသာကို စွန့်ကာ အခြားဘာသာပြောင်းသူ၏ အယူမှားရခြင်း အခြေခံအကြောင်း ၂-ပါးကို ဖော်ပြ၍၊ နံနက်ခင်းရွှေကျီးသာသည်ကို မြင်၍ လာဘ်ရလိမ့်မည်ဟု မျှော်လင့်ယုံကြည် ဝမ်းသာနေသူသန္တာန်၌ ဖြစ်သော အကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။**

**အယူမှားရခြင်း အခြေခံအကြောင်း ၂-ပါး** (၁၉၉၂-၂)

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

---

၃။ **"ကာလဝိပါက် နောက်ပိုးတက်"ဟု ဆိုရာ၌ ဝိပါက်၏အဓိပ္ပါယ်ကို ရေး၍၊ ဇီဝှါဝိညာဏ်-၌ အဘယ့်ကြောင့် အဘယ်တရားသည် (က) ဇီဝိတ (ခ) ဇိဝှါ (ဂ) ဇိဝှါဝိညာဏ် မည်ပါသနည်း။ ဒိုကာမိုး၍ အသီးသီး ဖြေဆိုပါ။**

**ဝိပါက်၏အဓိပ္ပါယ်** = အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်တို့၏အကျိုး ဖြစ်သောကြောင့် ဝိပါက် မည်ပါသည်။

**(က) ဇီဝိတ** = အသက်၏အကြောင်း ဖြစ်သောကြောင့် ရသာရုံသည် ဇီဝိတ မည်ပါသည်။

**(ခ) ဇိဝှါ** = ဇီဝိတမည်သော ရသာရုံကို ခေါ်တတ်သောကြောင့် ဇိဝှါပသာဒသည် ဇိဝှါ မည်ပါသည်။

**(ဂ) ဇိဝှါဝိညာဏ်** = ဇိဝှါပသာဒ၌ မှီတတ်သောကြောင့် စိတ်သည် ဇိဝှါဝိညာဏ် မည်ပါသည်။

---

http://www.dhammadownload.com



၄။ အခြေခံပညာအထက်တန်းအောင် ၆-ဘာသာဂုဏ်ထူးရှင်ကျောင်းသားတစ်ဦး၏ ဉာဏ်ပညာ ထက်မြက်စေသောအကြောင်းများကို ဖြေဆို၍၊ အိမ်သို့ ကြွလာသော ရဟန်းတော်အား မိခင်ဆွမ်းလောင်းသည်ကို မြင်၍ အတုမြင် အတတ်သင်ကာ ဝမ်းမြောက်ဝမ်းသာ ဆွမ်းလောင်းသူ ကလေးငယ်သန္တာန်၌ဖြစ်သော မဟာကုသိုလ်စိတ်ကို အတိအကျဖော်ပြပါ။ (၁၉၉၆-၂) (၂၀၀၃-၃)

---

## ၂၀၀၄

၁။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ဘုရားရှိခိုးရာတွင် "နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား"ဟု ဆုတောင်းရာ၌ ပါဝင်သော နိဗ္ဗာန်၏သဘောအဓိပ္ပါယ်ကို (၂) နည်း ဖြေဆို၍၊ ယင်းနိဗ္ဗာန်၏ လောကုတ္တရာမည်ခြင်းအကြောင်းကိုလည်း ရေးပါ။ (၂၀၀၀-၂)

**နိဗ္ဗာန်၏ လောကုတ္တရာမည်ခြင်းအကြောင်း**

သင်္ခါရလောကထက် လွန်ကဲမြင့်မြတ်သောကြောင့် နိဗ္ဗာန်သည် လောကုတ္တရာမည်ပါသည်။

---

၂။ လောကလူသားတို့ စိတ်မချမ်းသာမှု ဖြစ်ရခြင်းအကြောင်းများကို ဖြေဆို၍၊ ယင်း စိတ်မချမ်းသာမှုကြောင့် သူတစ်ပါးအသက်ကို ရက်ရက်စက်စက် ထက်ထက်သန်သန် သတ်သူသန္တာန်၌ ဖြစ်သော အကုသိုလ်စိတ်ကိုလည်း အတိအကျ ဖော်ပြပါ။ (၂၀၀၁-၂)

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်

---

၃။ "သွန်သင်ဆုံးမ မရလို့ ဥပေက္ခာပြုလိုက်သည်" ဟူသောစကားလာ "ဥပေက္ခာ" ဟူသော ဝေါဟာရ၏အဓိပ္ပါယ်ကို နှစ်နည်းရေးသားပြ၍၊ ငါးဖြာအာရုံ ကာမဂုဏ်တရားတို့၏ ကောင်းဆိုးနှစ်တန်ကို ဆင်ခြင်စဉ်းစားရသော အာဝဇ္ဇန်းဒွေး၏ ဥပေက္ခာသာ ဖြစ်ရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



**"ဥပေက္ခာ"၏အဓိပ္ပါယ်**

(၁) အသင့်အလျော်အားဖြင့် အာရုံ၏အရသာကို ခံစားတတ်သောကြောင့်"ဥပေက္ခာ" မည်ပါသည်။

(၂) သုခဝေဒနာ ဒုက္ခဝေဒနာတို့အား သင့်လျော်သော အာရုံ၏အရသာကို ခံစားခြင်းသည် "ဥပေက္ခာ" မည်ပါသည်။

**အာဝဇ္ဇန်းဒွေး၏ ဥပေက္ခာသာ ဖြစ်ရခြင်းအကြောင်း**

အာဝဇ္ဇန်းဒွေးသည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်းငှာ မစွမ်းနိုင်သောကြောင့် ဥပေက္ခာသာ ဖြစ်ရခြင်း ဖြစ်ပါသည်။

---

၄။ **"မြေလျှိုးမိုးပျံ ကောင်းကင်ဈာန်"ဟု ဆိုရာ၌ မြေလျှိုးမိုးပျံခြင်းသည် ဈာန်မည်ပါသလော၊ အဘယ်သည် ဈာန်မည်ပါသနည်း? အကြောင်းပြဖြေဆို၍၊ ပါဒကဈာန်နှင့် သမ္မသိတ ဈာန်တို့၏အဓိပ္ပါယ်ကိုလည်း ရေးပါ။** (၁၉၉၅-၃) (၂၀၀၆-၄)

**ပါဒကဈာန်၏အဓိပ္ပါယ်** = ဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ကြောင်း အခြေခံအဖြစ်ဖြင့် ဝင်စားအပ်သောဈာန် ဖြစ်ပါသည်။

---

၂၀၁၅

၁။ **လူသားတို့ ကျူးလွန်မိပါက အပြစ်နှင့်တကွ မကောင်းကျိုးပေးစွမ်းနိုင်သည့် အကုသိုလ်စိတ်တို့တွင် အဘယ့်ကြောင့် 'လောဘမူစိတ်'ကို ရှေးဦးစွာ ပြဆိုပါသနည်း? ဋီကာ အလိုကျ ရှင်းပြ၍၊ သင်္ခါရ-အမည်ရသောတရားကိုလည်း မှချအားဖြင့် ဖော်ပြခဲ့ပါ။**

**အကုသိုလ်စိတ်တို့တွင် 'လောဘမူစိတ်'ကို ရှေးဦးစွာ ပြဆိုရခြင်း** (၂၀၀၆-၃)

**သင်္ခါရ-အမည်ရသောတရားသည် မှချအားဖြင့်**

ပါဏာတိပါတစသော, ဒါနစသော ထိုထိုကိစ္စ၌ တွန့်တိုဆုတ်နစ်နေသောစိတ်အား အားအဆင့်ကို ပေးသည်၏အစွမ်းဖြင့် မိမိသန္တာန်၌လည်းကောင်း, သူတစ်ပါး သန္တာန်၌လည်းကောင်း ဖြစ်သော ပုဗ္ဗပယောဂကို ရပါသည်။

---

http://www.dhammadownload.com



၂။ ဗုဒ္ဓဟောထား မြတ်တရားကို ဝမ်းမြောက်စွာ နာကြားရသည် ဖြစ်ပါလျက် တရားနာယူနေသည့် သူတော်စင်သန္တာန်၌ ဖြစ်သော ကြားသိစိတ်၏ ဥပေက္ခာသာ ဖြစ်ရခြင်း အကြောင်းကို ဖြေဆို၍၊ မိခင်က လှူခိုင်းသဖြင့် ရွှေတိဂုံစေတီတော်အား ဝမ်းမြောက်ဝမ်းသာ ရွှေသက်န်းဘိုးလှူသော ကလေးငယ်သန္တာန်၌ ဖြစ်သော ကုသိုလ်စိတ်ကိုလည်း အတိအကျ ဖော်ပြပါ။ (၂၀၁၀-၃) (၂၀၀၃-၃)

---

၃။ 'ဝမ်းသာပီတိ ဖြစ်မိပါသည်' ဟူသောစကား၌ ပါသော ပီတိ၏ (က) သဘောအဓိပ္ပါယ်၊ (ခ)လက္ခဏာတို့ကို ဖော်ပြ၍ ပီတိနှင့် သုခ အထူးကိုလည်း ဖြေဆိုခဲ့ပါ။

**ပီတိ၏**

(က) သဘောအဓိပ္ပါယ် = ကိုယ်နှင့် စိတ်ကို နှစ်သက်စေတတ်၊ တိုးပွားစေတတ်သော သဘော ရှိပါသည်။

(ခ) လက္ခဏာ = အာရုံကို သင့်လျော်လျောက်ပတ်သောအားဖြင့် ယူခြင်း လက္ခဏာ ရှိပါသည်။

**ပီတိနှင့် သုခ အထူး** (၂၀၀၄-၃)

---

၄။ 'သကဒါဂါမိ'၏ အဓိပ္ပါယ်ကို ရေးသားဖော်ပြ၍၊ သကဒါဂါမိပုဂ္ဂိုလ် (၅) ယောက်ကိုလည်း ဋီကာအလိုကျ မြန်မာလို ရေတွက်ပြပါ။

**'သကဒါဂါမိ'၏ အဓိပ္ပါယ်**

ပဋိသန္ဓေတည်နေခြင်း၏အစွမ်းဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာတတ်သောကြောင့် သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်သည် သကဒါဂါမိ-မည်ပါသည်။

**သကဒါဂါမိပုဂ္ဂိုလ် (၅) ယောက်** (၂၀၀၄-၄)

---

http://www.dhammadownload.com

http://www.dhammadownload.com



# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ပထမဆင့် (စေတသိက်ပိုင်း)
## (၁၉၇၈–ခုနှစ် မှ ၁၉၈၈–ခုနှစ်ထိ)
## မေးခွန်းဟောင်းများ

### ၁၉၇၈

၁။ အောက်ပါစေတသိက်တို့၏ သဘောလက္ခဏာ ထူးခြားပုံကို ရှင်းပြပါ။

(က) လောဘ နှင့် ဆန္ဒ (ခ) ဒိဋ္ဌိ နှင့် ပညာ

၂။ အောက်ပါ စေတသိက်တို့၏ အဓိပ္ပါယ်ကို ဥပမာပြ၍ ရှင်းပြပါ။

(က) ဟိရီ (ခ) ဩတ္တပ္ပ (ဂ) အလောဘ (ဃ) အဒေါသ။

၃။ ပြဟ္မစိုရ်တရားလေးပါး စေတသိက်များကို ရှင်းပြ၍ အောက်ပါဝိရတီသုံးမျိုးအထူးကို ရှင်းပြပါ။

(က) သမ္ပတ္တဝိရတီ (ခ) သမာဒါနဝိရတီ (ဂ) သမုစ္ဆေဒဝိရတီ

---

### ၁၉၇၉

၁။ စိတ်ပိုင်းတွင် "အဟိတ်စိတ်"ဟု ထင်ထင်ရှားရှား ပြခဲ့၏၊ စေတသိက်ကို ပြရာအခန်းဝယ် အဟိတ်စေတသိက်ဟု အဘယ်ကြောင့် မရှိပါသနည်း၊ ရှင်းပြခဲ့ပါ။

၂။ လူတို့၏ သိစိတ်-သိနာမ်လောကတွင် ထင်ရှားသော အောက်ဖော်ပြပါ စေတသိက် ၃-မျိုးတို့၏ သဘောအဓိပ္ပါယ် ထူးခြားချက်ကို ပေါ်လွင်အောင် ရေးသားခဲ့ပါ။

(က) သညာ (ခ) ဝိညာဏ် (ဂ) ပညိန္ဒြေ။

၃။ သူတစ်ပါး မတိုက်တွန်းရဘဲ လုပ်ငန်းတစ်ခုကို တက်တက်ကြွကြွ ဆောင်ရွက်သော အသင်္ခါရိကစိတ်၌ ထိနနှင့် မိဒ္ဓ စေတသိက်နှစ်မျိုး ယှဉ်နိုင်ပါသလော၊ သဘာဝကျအောင် ရှင်းပြပါ။

http://www.dhammadownload.com



၁၉၈၀

၁။ စေတနာ၏ သဘောအဓိပ္ပါယ်နှင့် ဥပမာပုံဆောင်မှုတို့ကို ဖော်ပြပြီးလျှင် စေတနာရှိတိုင်း ကောင်းသည်ဟူ၍ မှတ်ရမည်လော၊ အဘိဓမ္မာသဘာဝကျအောင် ဖြေဆိုခဲ့ပါ။

၂။ ငါးပါးသီလကို ခံယူစောင့်ထိန်းပြီးလျှင် မည်သည့်ဒုစရိုက်တရားများကို ရှောင်ကြဉ်ရမည်နည်း၊ ဤသို့ ရှောင်ကြဉ်လျှင် မည်သည့်ဝိရတီကုသိုလ်ကို ရပါသနည်း။

၃။ သတ်ခွင့်ကြုံပါလျက် မသတ်ဘဲ ရှောင်ကြဉ်လိုက်သောခဏ၌ သမ္မာကမ္မန္တဝိရတီစေတသိက်နှင့် ကရုဏာစေတသိက်တို့သည် တစ်ပြိုင်နက် အတူတကွ ဖြစ်နိုင်ကြပါသလော အဘိဓမ္မာသဘောအရ ဖြေဆိုခဲ့ပါ။

---

၁၉၈၁

၁။ သက်သတ် ခိုးမှု ကာမေသု စသော ကိစ္စတို့၌ မရှက်တတ်သော အဟိရိကနှင့် မကြောက်တတ်သော အနောတ္တပ္ပတို့၏ အထူးကို ဥပမာနှင့် ဖြေဆို၍
(က) အမျိုးကောင်းသမီးနှင့် တူသော စေတသိက်
(ခ) ပြည့်တန်ဆာမနှင့် တူသော စေတသိက်
(ဂ) ရထားထိန်းနှင့် တူသော စေတသိက်များကို ဖော်ပြပါ။

၂။ မည်သို့ပြုမူပြောဆိုလျှင် ဝိရတီစေတသိက်များ ဖြစ်ကြောင်း ရှင်းလင်းဖော်ပြခဲ့ပါ။

၃။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဟူသော စေတသိက်တို့သည် အဘယ်ကြောင့် အကုသိုလ်စိတ်ဖြစ်တိုင်း လိုက်ပါ၍ ဖြစ်သည်ကို ရှင်းလင်းဖော်ပြခဲ့ပါ။

---

၁၉၈၂

၁။ လိုချင်ခြင်းအားဖြင့် သဘောတူကြသော ဆန္ဒနှင့် လောဘတို့၏ လိုချင်ပုံချင်း ခြားနားချက်ကို ဖော်ပြ၍ -
(က) ကိလေသာမှ လွတ်ပြီးသောရဟန်းနှင့် တူသော စေတသိက်

http://www.dhammadownload.com



(ခ) လျော့ကျပတ်သော အဆွေခင်ပွန်းကောင်းနှင့် တူသော စေတသိက်တို့ကို ဖော်ပြပါ။

၂။ သတ္တဝါတို့၏အကျိုးစီးပွားကို လိုချင်သည်၏အစွမ်းဖြင့်ဖြစ်သော မေတ္တာနှင့် သတ္တဝါတို့အပေါ်၌ အမျက်ထွက်ခြင်း၊ ချစ်ခြင်းတို့မှငြိမ်းစေသည်၏အစွမ်းဖြင့်ဖြစ်သော ဥပေက္ခာတို့သည် စေတသိက် ၅၂-ပါးတို့တွင် အဘယ်အမည်ဖြင့် ပါဝင်နေကြပါသနည်း။

၃။ လူတစ်ယောက်ကို လူကောင်းတစ်ယောက်ဟူ၍ မည်သို့ သတ်မှတ်နိုင်မည်နည်း၊ သမ္မာ-ဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝစေတသိက်တို့၏ဖွင့်ဆိုချက်နှင့် ဆက်စပ်ဖော်ပြပါ။

---

## ၁၉၈၃

၁။ "ငါ့မှာ ပီတိဖြစ်လိုက်တာ"ဟု ပြောဆိုလေ့ရှိကြရာ ပီတိဖြစ်ကြောင်း သိစေနိုင်သည့် သဘောလက္ခဏာများကို ဖော်ပြပါ။

၂။ စိတ်နှင့်အတူဖြစ်တိုင်း စေတသိက်ခေါ်နိုင်/မခေါ်နိုင်အကြောင်းခိုင်လုံစွာပြ၍ ဖြေဆိုပါ။

၃။ လုပ်နိုင်သောအခွင့်အာဏာရှိစဉ်က လုပ်သင့်လုပ်ထိုက်သော ကုသိုလ်ကောင်းမှုများကို မလုပ်မိခဲ့သည့်အတွက် နောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် စိတ်အခြေအနေဆိုးများကို လိုရင်းကျကျ စိစစ်ပြပါ။

၄။ အောက်ပါစေတသိက်တို့၏အမည်ကို ရေးပါ။

(က) လက်သမားဆရာ၏ အမှတ်အသားနှင့် တူသော စေတသိက်၊

(ခ) ကြာကို မသေအောင် စောင့်ရှောက်သောရေနှင့်တူသော စေတသိက်၊

(ဂ) ပြဿနာနှင့် ကြုံက တုန်လှုပ်ခြင်းမရှိ၊ ကျောက်စာတိုင်ကဲ့သို့ ခိုင်မြဲသော စေတသိက်၊

(ဃ) ပြာပုံတွင် ခဲကျ၍ ထသောပြာနှင့် တူသော စေတသိက်၊

(င) ရေနောက်ကို ကြည်စေနိုင်သော ပတ္တမြားနှင့် တူသော စေတသိက်။

http://www.dhammadownload.com



၅။ ရေစက်သွန်းချ အမျှပေးဝေသံကို ကြား၍ သာဓုအနုမောဒနာသံ သုံးကြိမ်ခေါ်ဆိုသူ၏သန္တာန်၌ မည်သည့်စေတသိက်များဖြစ်ကြောင်း အဘိဓမ္မာနည်းအရ စိစစ်ပြပါ။

---

## ၁၉၈၄

၁။ မနာလိုခြင်း, ဝန်တိုခြင်းတို့သည် လောဘနှင့် ဆိုင်သလော၊ ဒေါသနှင့် ဆိုင်သလော အဘိဓမ္မာနည်းကျကျ ဖြေဆိုပါ။

၂။ အဘိဓမ္မာသဘာဝချင်း မတူမျှကြသော ဉာဏ်နှင့် ဒိဋ္ဌိနှစ်ပါးတို့၏ ထူးခြားဟန်ကို ဖော်ပြ၍ -

(က) ပိုးဖလံမျိုး မီးကိုတိုးနှင့် တူသော စေတသိက်၊

(ခ) ပလ္လင်ထိပ်ဖျားမှ မှန်ကင်းနှင့် အလားတူသော စေတသိက်တို့ကို ထုတ်ပြပါ။

၃။ "သတိတမံ, ဉာဏ်မြေကတုတ်၊ ပညာစွန်း, ချွန်းကဲ့သို့ အုပ်" ဆိုရာ၌ သတိ, ဉာဏ်, ပညာ ဟူသော အဘိဓမ္မာစကားတို့၏ အနက်အဓိပ္ပါယ်နှင့် သဘောလက္ခဏာများကို ရှင်းလင်းဖော်ပြပါ။

၄။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း, ပန်း, ရေချမ်း, ဆီမီး လှူဒါန်းပူဇော်ရာ၌ သမ္မာကမ္မန္တဝိရတီကုသိုလ်ဖြစ်ပါသလား၊ မည်သည့်ကုသိုလ်မျိုး ဖြစ်ပါသနည်း၊ ရှင်းပြပါ။

---

## ၁၉၈၅

၁။ "ရလတ္တံ့. ရပြီး, ငါ့ပစ္စည်းနှင့် အံ့ချီးဖွယ်ကား များကြွယ်သူတစ်ပါး မဖြစ်စေသား" ဟူသော အလင်္ကာအရ ဖြစ်သင့်သော စေတသိက်ကို ထုတ်ပြပြီးလျှင် -

(က) ပြည့်ရှင်မင်းနှင့် တူသော စေတသိက်၊

(ခ) လက်သမားကြီးနှင့် တူသော စေတသိက်တို့ကို ရေးသားခဲ့ပါ။

http://www.dhammadownload.com



၂။ "အရေးကြီးက သွေးနီးရမည်"ဟု ဆိုရိုးစကား ရှိစေကာမူ ဒုက္ခရောက်သူတို့ကို ကူညီမှု မပြု ရှောင်ဖယ်နေသူအား မည်သည့်တရား ကင်းမဲ့နေသည်ကို ပြဆို၍ လောကကြီး မပျက်စီးရအောင် ထိန်းချုပ်ထားသည့်တရားနှစ်ပါးကို ထုတ်ပြပါ။

၃။ အစွန်အဖျားသို့ တက်နေသူ၏ လက်တုန် ဒူးတုန်စသည် ဖြစ်နေခြင်းနှင့် ၎င်းကို ကြည့်မြင်သူအား အသည်းတုန် အူတုန်စသည် ဖြစ်နေခြင်းသည် မည်သည့်စေတသိက်တို့၏သဘောလက္ခဏာ ဖြစ်ကြောင်း ဖော်ပြပါ။

---

**၁၉၈၆**

၁။ ဒုစရိုက်မှုပြုလုပ်ရန် (က) ရှက်ခြင်း၊ (ခ) လန့်ခြင်း၊ (ဂ) မရှက်ခြင်း၊ (ဃ) မလန့်ခြင်း သဘောလက္ခဏာများသည် အဘယ်စေတသိက်များ ဖြစ်ပါသနည်း၊ အသီးသီး ဖြေဆို၍ အရှက်သဘောနှင့် အလန့်သဘောကိုလည်း ဥပမာနှော၍ ရှင်းပြပါ။

၂။ မှန်မြတ်သောအသက်မွေးခြင်း(သမ္မာအာဇီဝ) ဖြစ်ရန်အတွက် အမှန်တကယ် ရှောင်ကြဉ်ရမည့်အချက်အလက်တို့ကို ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် ရေးသားပြပါ။

၃။ လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်ခြင်းကို အကြောင်းနှင့်တကွ ရှင်းပြပြီးလျှင် လောကုတ္တရာ စိတ်အကျယ်(၄၀) ဖြစ်လာအောင် စွမ်းဆောင်သည့်တရားများကိုလည်း ကုန်စင်အောင် ရေတွက်ပြပါ။

၄။ သင်္ဂဟနည်း(၃၃)ပါးကို အကျဉ်းထုတ်ပြပြီးလျှင် "ယှဉ်စိတ်အမျှ စေတသိက်ရ"နည်းဖြင့် ဆန္ဒစေတသိက်ပေါင်း မည်မျှပါရှိသနည်း၊ သင်္ချာမျှ ဖော်ပြပါ။

---

**၁၉၈၇**

၁။ "ဝီရိယဆောင်, ပြုသမျှအောင်"ဟူသော ဆိုရိုးစကား ထားရသော ဝီရိယစေတသိက်ကို ဋီကာလာအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုပြီးလျှင်၊ နိဗ္ဗာန်ရလိုမှုသည် ဆန္ဒလော, လောဘလော စိစစ်၍ ဆန္ဒနှင့် လောဘအထူးကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



၂။ ရဟန္တာပုဂ္ဂိုလ်များ အိပ်စက်ခြင်းသည် ထိန, မိဒ္ဓကြောင့် ဖြစ်ပါသလော၊ အဘယ်ကြောင့် အိပ်စက်ပါသနည်း၊ ဖြေဆိုပြီးလျှင်၊ လူတိုင်းကျင့်သုံးရမည့် ဗြဟ္မာ့ဝိဟာရတရားစေတသိက်များကိုလည်း ဖော်ပြပါ။

၃။ သူတစ်ပါးပစ္စည်းကို ခိုးယူသောသူ၏ စိတ်အစဉ်ဝယ် မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ စေတသိက်တို့ ပါဝင်နေပုံကို ဋီကာဆရာ ဖွင့်ပြထားသည့်အတိုင်း ရေးသားပါ။

၄။ ဗုဒ္ဓဘာသာဝင်တို့ ကုသိုလ်ကောင်းမှုပြုရာ၌ မဟာကုသိုလ်စိတ်များ ဖြစ်ရာဝယ် အပ္ပမညာနှင့် ဝိရတီစေတသိက်တို့ ပါဝင်ပုံကို ပြည့်စုံအောင် ရှင်းပြပါ။

---

**၁၉၈၈**

၁။ "ဝိတက်, ဝိစာရတွေ များလိုက်တာ"ဟု ပြောဆိုတတ်ကြရာ ဝိတက်နှင့် ဝိစာရသဘောလက္ခဏာများကို အသီးသီးရှင်းပြ၍၊ ပီတိနှင့် သုခတို့၏ သဘောထား ခြားနားချက်ကိုလည်း ဖြေဆိုပါ။

၂။ သိမြင်တတ်သော သဘာဝချင်း တူနေသော ဒိဋ္ဌိနှင့် ဉာဏ်တို့၏ သိမြင်ပုံ ခြားနားဟန်သင်မည်သို့ နားလည်ထားပါသနည်း၊ ရှင်းလင်းရေးသား၍ အောက်ပါစေတသိက်တို့ကို မှန်ကန်အောင် ဖြေဆိုပါ။

(က) ရဟန္တာနှင့် တူသော စေတသိက်၊

(ခ) ရထားထိန်းနှင့် တူသော စေတသိက်။

၃။ အယူမှားမှု ဒိဋ္ဌိနှင့် မိမိကိုယ်ကို အထင်ကြီးမှု မာနတို့သည် ဒေါသမူ, မောဟမူစိတ်တို့၌ မဖြစ်နိုင်ဟူသောအဆိုကို အများလက်ခံနိုင်အောင် ရှင်းလင်းရေးသားပါ။

---

http://www.dhammadownload.com



# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ပထမဆင့် (စေတသိက်ပိုင်း)
## (၁၉၈၉-ခုနှစ် မှ ၂၀၁၅-ခုနှစ်ထိ)
## မေးခွန်းဟောင်းနှင့် အဖြေများ

### ၁၉၈၉

၁။ **မှန်ကင်းနှင့်တူသော စေတသိက်ကို ဖော်ပြ၍ လောက၌ လူသားတို့ ငြိမ်းချမ်းမှုနှင့် ကင်းဝေးနေရခြင်း၏ လက်သည်တရားခံမှာ ငြူစူမှု၊ ဝန်တိုမှုပင် ဖြစ်လေရာ ယင်းနှစ်မျိုး၏ ထူးခြားချက်ကို ရေးပြခဲ့ပါ။**

**မှန်ကင်းနှင့်တူသော စေတသိက်မှာ** မာန ဖြစ်ပါသည်။

| **ငြူစူမှု = ဣဿာ** နှင့် | **ဝန်တိုမှု = မစ္ဆရိယ တို့၏ ခြားနားမှု** |
|---|---|
| ဣဿာသည် - သူတစ်ပါး စည်းစိမ်ဥစ္စာ စသည်ကို ငြူစူခြင်း၊ မနာလိုခြင်းသဘော ဖြစ်၏။ | မစ္ဆရိယသည် - မိမိ၏ စည်းစိမ်ဥစ္စာ စသည်ကို လျှို့ဝှက်ခြင်း၊ ဝန်တိုခြင်းသဘော ဖြစ်၏။ |
| ဥပမာ - မြဂူကို မနာလိုသော တောဝက်ကဲ့သို့။ | ဥပမာ - တောင်ရမ်းသူကို မြင်လျှင် စိတ်ရော ကိုယ်ပါ တွန့်သွားစေသကဲ့သို့။ |
| ဣဿာသည် ဗဟိဒ္ဓကို အာရုံပြု၏။ | မစ္ဆရိယသည် အဇ္ဈတ္တကို အာရုံပြု၏။ |

ဤသို့ ဣဿာနှင့် မစ္ဆရိယတို့ ခြားနားကြပါသည်။

---

၂။ **ယခုစာဖြေချိန်၌ စာဖြေသူသန္တာန်ဝယ် အဘိဓမ္မာစိတ်ဓာတ် ရစ်ပတ်လွှမ်းခြုံလျက် ရှိနေခြင်းကြောင့် စာဖြေသူ၏နာမ်တရားများ ကြမ်းတမ်းမှုကင်းခြင်း၊ လေးလံမှုကင်းခြင်း၊ ပူပန်မှုကင်းခြင်း အမှတ်အသားတို့ ဖြစ်ပေါ်လျက် ရှိနေရာ ယင်းအမှတ်အသားနှင့် ပတ်သက်သောစေတသိက်အမည်တို့ကို ဆိုင်ရာလက္ခဏာနှင့် တွဲစပ်ဖြေဆိုခဲ့ပါ။**

http://www.dhammadownload.com



**နာမ်တရားများ ကြမ်းတမ်းမှုကင်းခြင်းသည်**

(က) ကာယမုဒုတာ စေတသိက် (ဝေဒနာအစရှိသော စေတသိက်ခန္ဓာတို့၏ ခက်ထန်ကြမ်းတမ်းသည်၏အဖြစ်ကို ငြိမ်းစေခြင်းလက္ခဏာ ရှိ၏၊) နှင့်

(ခ) စိတ္တမုဒုတာ စေတသိက် (စိတ်၏ခက်ထန်ကြမ်းတမ်းသည်၏အဖြစ်ကို ငြိမ်းစေခြင်းလက္ခဏာ ရှိ၏၊) တို့ကြောင့် ဖြစ်ပါသည်။

**နာမ်တရားများ လေးလံမှုကင်းခြင်းသည်**

(က) ကာယလဟုတာ စေတသိက် (ဝေဒနာအစရှိသော စေတသိက်ခန္ဓာတို့၏ လေးလံထိုင်းမှိုင်းသည်၏အဖြစ်ကို ငြိမ်းအေးစေခြင်းလက္ခဏာ ရှိ၏၊) နှင့်

(ခ) စိတ္တလဟုတာ စေတသိက် (စိတ်၏လေးလံထိုင်းမှိုင်းသည်၏အဖြစ်ကိုငြိမ်းအေးစေခြင်းလက္ခဏာ ရှိ၏၊) တို့ကြောင့် ဖြစ်ပါသည်။

**နာမ်တရားများ ပူပန်မှုကင်းခြင်းသည်**

(က) ကာယပဿဒ္ဓိ စေတသိက် (ဝေဒနာအစရှိသော စေတသိက်ခန္ဓာတို့၏ ပူပန်ခြင်းကို ငြိမ်းအေးစေခြင်းလက္ခဏာ ရှိ၏၊) နှင့်

(ခ) စိတ္တပဿဒ္ဓိ စေတသိက် (စိတ်၏ပူပန်ခြင်းကို ငြိမ်းအေးစေခြင်းလက္ခဏာ ရှိ၏၊) တို့ကြောင့် ဖြစ်ပါသည်။

---

၃။ **ဒုစရိုက် ၇-ပါးမှ ရှောင်ကြဉ်ခြင်း တူပါလျက် သမ္မာဝါစာ, သမ္မာကမ္မန္တဟူ၍လည်းကောင်း၊ သမ္မာအာဇီဝ ဟူ၍လည်းကောင်း အုပ်စုကွဲပြားရခြင်းအကြောင်းကို ရှင်းလင်းတင်ပြ၍ စာဖြေသူသည် ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အတွက် ဒုစရိုက်ကို ရှောင်ကြဉ်သင့်သည်ဖြစ်ရာ ပြုပြီး, ပြုဆဲ, ပြုလတ္တံ့သော ဒုစရိုက်တို့တွင် အဘယ်ကို အာရုံပြု၍ ရှောင်ကြဉ်သင့်ပါ သနည်း၊ ဖြေဆိုပါ။**

**ဒုစရိုက် ၇-ပါးမှ ရှောင်ကြဉ်ခြင်း တူပါလျက် သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ ဟူ၍ ကွဲပြားရခြင်းအကြောင်း**

အသက်မွေးဝမ်းကျောင်းခြင်းလျှင် အကြောင်းမရှိသော ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်တတ်သောသဘောသည် သမ္မာဝါစာ မည်၏၊ ထို့အတူ ကာယဒုစရိုက်

http://www.dhammadownload.com



၃-ပါးမှ ရှောင်ကြဉ်တတ်သောသဘောသည် သမ္မာကမ္မန္တ မည်၏၊ အသက်မွေးဝမ်းကျောင်းခြင်းလျှင် အကြောင်းရှိသော ဝစီဒုစရိုက် ၄-ပါးနှင့် ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်တတ်သောသဘောသည် သမ္မာအာဇီဝ မည်၏။

ဤသို့ ဒုစရိုက်မှ ရှောင်ကြဉ်တတ်သောသဘောချင်း တူပါလျက် အသက်မွေးဝမ်းကျောင်းကို ငဲ့မှု, မငဲ့မှုပေါ် မူတည်၍ အသက်မွေးဝမ်းကျောင်းခြင်းလျှင် အကြောင်းမရှိသောဒုစရိုက်မှ ရှောင်ကြဉ်မှုမျိုးကို သမ္မာဝါစာ, သမ္မာကမ္မန္တဟူ၍လည်းကောင်း အသက်မွေးဝမ်းကျောင်းလျှင် အကြောင်းရှိသောဒုစရိုက်မှ ရှောင်ကြဉ်မှုမျိုးကို သမ္မာ-အာဇီဝဟူ၍လည်းကောင်း ကွဲပြားသွားရခြင်း ဖြစ်ပါသည်။

**ဒုစရိုက်ကို ရှောင်ကြဉ်ရာ၌** - အတိတ်ဖြစ်သော ပြုပြီး ဒုစရိုက်တို့မှ မရှောင်ကြဉ်နိုင်ပါ၊ ပြုဆဲပစ္စုပ္ပန်နှင့် ပြုလတ္တံ့သော အနာဂတ်ဒုစရိုက်တို့ကိုသာ ရှောင်ကြဉ်နိုင်ပါသည်။

---

၁၉၉၀

၁။ **"ကိုယ့်စိတ်စေတနာက ကိုယ့်ကို အကျိုးပေးမှာ"ဟု ရှေးပညာရှင်များ မိန့်ကြားခဲ့ရာ သင့်သန္တာန်ဝယ် ဖြစ်ပေါ်လာသောစေတနာ၏ မူလသဘာဝအမှန်ကို ဖြေဆို၍ အရက်အကြောက်သည် လူနှင့် တိရစ္ဆာန်တို့ကို ခွဲခြားပေးသည့် တံတိုင်းသဖွယ် ဖြစ်၍ ကောင်းသည့်လုပ်ငန်းတို့ကို ပြုလုပ်ပြောဆိုရမှာ ရှက်ကြောက်မှုသည် ဟိရီနှင့် ဩတ္တပ္ပ ဟုတ်မဟုတ် သုံးသပ်ပြပါ။**

**စေတနာ၏ သဘာဝအမှန်**

မိမိနှင့်အတူတကွ ယှဉ်ဘက်တရားတို့ကို အာရုံ၌ စေ့ဆော်တတ်သောကြောင့် (တစ်နည်း) သင်္ခတတရားတို့ကို ပြုစီမံခြင်း၌ လုံ့လဗျာပါရသို့ ရောက်တတ်သောကြောင့် စေတနာ မည်၏။

စေတနာသည် စေ့ဆော်ခြင်း, တိုက်တွန်းနှိုးဆော်ခြင်းလက္ခဏာ ရှိ၏။

ဥပမာများ (၁) စစ်မြေပြင်မှ စစ်ဗိုလ်ချုပ်ကြီး၊ ကျောင်းသားခေါင်းဆောင်၊ လယ်ပိုင်ရှင်ကဲ့သို့ နှိုးဆော်တတ်သောသဘော ရှိ၏။

http://www.dhammadownload.com



(၂) လယ်သမားကြီး တပည့်ကြီးကဲ့သို့ မိမိကိစ္စ, သူတစ်ပါးကိစ္စကို ပြီးစေတတ်သောသဘော ရှိ၏။

**ကောင်းသည့်လုပ်ငန်းတို့ကို ပြုလုပ်ပြောဆိုရမှာ ရှက်ကြောက်မှုသည် ဟိရီနှင့် ဩတ္တပ္ပ မဟုတ်ပါ။**

ဟိရီဆိုသည်မှာ - မကောင်းမှုဒုစရိုက်မှ ရှက်တတ်, စက်ဆုပ်တတ်သောသဘော၊
ဩတ္တပ္ပဆိုသည်မှာ - မကောင်းမှုဒုစရိုက်မှ ကြောက်ရွံ့, ထိတ်လန့်တတ်သောသဘော ဖြစ်၏။

ထို့ကြောင့် ကောင်းသည့်လုပ်ငန်းတို့ကို ပြုလုပ်ပြောဆိုရာမှာ ရှက်မှုနှင့် ကြောက်မှုတို့သည် ဟိရီနှင့် ဩတ္တပ္ပ မဟုတ်ပါ။ ကောင်းသည့်လုပ်ငန်းကို ပြုလုပ်ပြောဆိုရန် ရှက်မှုသည် ဟိရီအတု (တစ်နည်း) မာယာခေါ် တဏှာ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

---

၂။ **လောက၌ "သညာ၊ ဝိညာဏ်၊ ပညာ" ဟု သိတတ်သောသဘာဝသုံးမျိုး ရှိရာ ယင်းတို့၏ သိပုံသဘာဝချင်း တူ-မတူကို စိစစ်ပြပါ။**

**"သညာ, ဝိညာဏ်, ပညာ"ဟု သိတတ်သော သဘာဝသုံးမျိုးတို့၏ သိပုံသဘာဝချင်း တူ-မတူကို စိစစ်ပြရသော် (ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောအခါ ဖြစ်ပေါ်လာသော 'သညာ, ဝိညာဏ်, ပညာ'တို့၏အထူး)**

| သညာသိ | ဝိညာဏ်သိ | ပညာသိ |
|---|---|---|
| သညာသည် အညို, အရွှေ စသည်တို့၏အစွမ်းဖြင့် အမှတ်ပြု၍သိခြင်းကိုမျှ ပြုနိုင်၏။ | ဝိညာဏ်သည် အညို, အရွှေ စသည်တို့၏အစွမ်းဖြင့် အမှတ်ပြု၍ သိခြင်းကိုလည်း ပြုနိုင်၏။ | ပညာသည် အညို, အရွှေ စသည်တို့၏အစွမ်းဖြင့် အမှတ်ပြု၍ သိခြင်းကိုလည်း ပြုနိုင်၏။ |
| အနိစ္စ စသော သဘော လက္ခဏာကို ထိုးထွင်း၍ သိခြင်းကို မပြုနိုင်ချေ။ | အနိစ္စ စသော သဘော လက္ခဏာကို ထိုးထွင်း၍လည်း သိနိုင်၏။ | အနိစ္စ စသော သဘော လက္ခဏာကို ထိုးထွင်း၍ လည်း သိနိုင်၏။ |

http://www.dhammadownload.com



| | | |
|---|---|---|
| | သို့သော်လည်း လုံ့လဝီရိယ ပြု၍ အရိယမဂ်သို့ ရောက်စေခြင်းငှာ မစွမ်းနိုင်။ | လုံ့လဝီရိယပြု၍ အရိယမဂ်သို့ ရောက်စေခြင်းကိုလည်း ပြုနိုင်၏။ |
| ဥပမာ- ကလေးငယ်သည် ရွှေကို မြင်သောအခါ အညို့အရွှေစသောအဆင်းကိုသာ သိ၏၊ ရွှေဟူ၍ မသိသကဲ့သို့တည်း။ | ဥပမာ- မိဘသည် အညို့ အရွှေစသော အဆင်းကိုလည်း သိ၏၊ ရွှေဟူ၍လည်း သိ၏။ သို့သော် အစစ်, အတု၊ မည်သည့်ဆရာက ပြုလုပ်ထားသည်, မည်မျှတန်ဖိုးရှိသည်တို့ကိုကား မသိသကဲ့သို့တည်း။ | ဥပမာ-ရွှေပန်းထိမ်သည်သည် အညို့အရွှေစသော အဆင်းကိုလည်း သိ၏၊ ရွှေဟူ၍လည်း သိ၏၊ အစစ်, အတု၊ မည်သည့်ဆရာက ပြုလုပ်ထားသည်၊ မည်မျှတန်ဖိုးရှိသည် စသည်ဖြင့် သိသကဲ့သို့တည်း။ |

---

**၃။ မာနကြီးမှုကို အကြောင်းပြုပြီး ဒေါသဖြစ်တတ်ရာ မာနသည် ဒေါသမူစိတ်၌ ဖြစ်-မဖြစ် စိစစ်ပြ၍၊ သနားမှုနှင့် ဝမ်းသာမှုတို့သည် အဘယ့်ကြောင့် လောကုတ္တရာ(စိတ်)နယ်ပယ်၌ မဖြစ်နိုင်ပါသနည်း၊ ရှင်းပြပါ။**

**မာနကြီးမှုကို အကြောင်းပြု၍ ဒေါသဖြစ်တတ်သော်လည်း မာနသည် ဒေါသစိတ်၌မဖြစ်ပါ။**

မာနဟူသည် ခန္ဓာ ၅-ပါးပေါ်၌ ငါစွဲ စွဲပြီးလျှင် "ငါ မြတ်၏, ငါတတ်၏" စသဖြင့် ထောင်လွှားတက်ကြွမှုသဘော ဖြစ်ပါသည်၊ ဤသို့ မာနသည် မိမိကိုယ်ကို ချစ်ခြင်းလျှင် နီးစွာသောအကြောင်း ရှိသောကြောင့် လောဘမူစိတ်၌သာ ယှဉ်နိုင်ပြီး ဒေါသမူစိတ်၌ မယှဉ်နိုင်, မဖြစ်နိုင်ပါ။

**သနားမှုနှင့် ဝမ်းသာမှုတို့သည် လောကုတ္တရာ(စိတ်)နယ်ပယ်၌ မဖြစ်နိုင်ခြင်းအကြောင်း**

သနားမှု = ကရုဏာစေတသိက်သည် ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားမှုသဘော။

ဝမ်းသာမှု = မုဒိတာစေတသိက်သည် သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှုသဘော။

http://www.dhammadownload.com



ထို့ကြောင့် သနားမှုနှင့် ဝမ်းသာမှုတို့၏ အာရုံသည် သတ္တဝါပညတ်အာရုံ ဖြစ်၏၊ လောကုတ္တရာစိတ်၏အာရုံသည် နိဗ္ဗာန် ဖြစ်၏၊ ဤသို့ အာရုံချင်း မတူ ကွဲပြားသောကြောင့် သနားမှုနှင့် ဝမ်းသာမှုတို့သည် လောကုတ္တရာ(စိတ်)နယ်ပယ်၌ မဖြစ်နိုင်ခြင်း ဖြစ်ပါသည်။

---

**၁၉၉၁**

၁။ **အိပ်ချင်မှုကို ထိန, မိဒ္ဓ ဟု ဆိုလျှင် ထိနမိဒ္ဓ ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်များ အဘယ့်ကြောင့် အိပ်ကြပါသနည်း၊ ယင်းထိနနှင့် မိဒ္ဓတို့၏ သဘောသဘာဝချင်း ခြားနားချက်ကိုလည်း ဖော်ပြပါ။**

**ထိန, မိဒ္ဓ ကင်းပြီးသော ရဟန္တာတို့၏အိပ်ခြင်းသည် ခန္ဓာကိုယ်ပင်ပန်းညှိုးနွမ်းခြင်းကြောင့် ဖြစ်ပါသည်။**

သစ်ရွက်များ ညနေအခါ ညှိုးနွမ်းသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း ခန္ဓာကိုယ် ပင်ပန်းညှိုးနွမ်းအားနည်းလာသောအခါ ထိုထိုအာရုံမှ ဆုတ်နစ်ပြီးလျှင် ဘဝင်အစဉ်(ဝိပါက်အစဉ်)သာ ဖြစ်၍ အိပ်ခြင်းသို့ ရောက်ရှိတော့သည်။

**ထိနနှင့် မိဒ္ဓ ခြားနားချက်**

| ထိန | မိဒ္ဓ |
|---|---|
| စုခဲနေသော ထောပတ်အစိုင်အခဲကဲ့သို့ ထိုထိုအာရုံကို မပြန့်ဘဲ စုခဲနေကာ - | ကောင်းကင်ကို ပိတ်ကာ ဖုံးအုပ်ထားသော မိုးတိမ်ကဲ့သို့ ထိုထိုအာရုံ၌ ကြည်လင်မှု မရှိဘဲ |
| (၁) စိတ်တို့၏ အမှု၌ မခံ့ခြင်း (ခံနိုင်စွမ်း မရှိခြင်း)သဘော၊ | (၁) စေတသိက်တို့၏ အမှု၌ မခံ့ခြင်း (အစွမ်းသတ္တိကင်းခြင်း)သဘော၊ |
| (၂) အားထုတ်ခြင်း ကင်း၍ တွန့်တိုဆုတ်နစ်သည်၏အစွမ်းဖြင့် ပျင်းရိတတ်သောသဘော၊ | (၂) ယှဉ်ဘက်သမ္ပယုတ်တရားတို့၏ အစွမ်းသတ္တိ မရှိခြင်းကြောင့် ပင်ပန်းခြင်း, နွမ်းနယ်ခြင်းသဘော၊ |
| (၃) စိတ်တို့၏ထိုင်းခြင်းသဘော၊ | (၃) စေတသိက်တို့၏မှိုင်းခြင်းသဘော၊ |

ဤသို့အားဖြင့် ထိနနှင့် မိဒ္ဓတို့ ခြားနားပါသည်။

http://www.dhammadownload.com



၂။ **စိတ်ဓာတ်ကျသည်ဟု ဆိုရာဝယ် စိတ်ဓာတ်ကျမှု၏အဓိကအကြောင်းတရားကို သဘော၊ လက္ခဏာ၊ ယှဉ်ဖက်စိတ်တို့ဖြင့် တွဲဖက်ဖော်ပြပါ။**

**စိတ်ဓာတ်ကျမှု၏ အဓိကအကြောင်းတရားမှာ ဒေါသစေတသိက် ဖြစ်ပါသည်။**

ဒေါသစေတသိက်၏

(က) သဘော = မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ဖျက်ဆီးတတ်သောသဘော၊ (တစ်နည်း) မိမိတည်ရာပုဂ္ဂိုလ်နှင့် စိတ်ကို ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်သောသဘော ဖြစ်ပါသည်။

(ခ) လက္ခဏာ = တုတ်ဖြင့် ပုတ်ခတ်အပ်သော မြွေဟောက်ကဲ့သို့ ခက်ထန်ကြမ်းတမ်းခြင်းလက္ခဏာ ရှိပါသည်။

(ဂ) ယှဉ်ဖက်စိတ် = ဒေါသမူစိတ် ၂-ပါးတို့၌ ယှဉ်နိုင်ပါသည်။

---

၃။ **စာဖြေသူသည် မေးခွန်းစာရွက်ကို ကြည့်နေခိုက်ဝယ် အဖြေမှန်ကို ကြံစည် စဉ်းစားနိုင်ခြင်း ရှိ-မရှိ အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြချက်ပေး၍ ဖြေရှင်းပြပါ။**

**စာဖြေသူသည် မေးခွန်းစာရွက်ကို ကြည့်နေခိုက်ဝယ် အဖြေမှန်ကို ကြံစည်စဉ်းစားနိုင်ခြင်း မရှိပါ။**

အဘိဓမ္မာသဘောအရ မေးခွန်းစာရွက်ကို ကြည့်နေခိုက်ဝယ် ဖြစ်ပေါ်နေသော စိတ်မှာ စက္ခုဝိညာဏ်စိတ် ဖြစ်၏၊ ၎င်းစက္ခုဝိညာဏ်စိတ်တွင် ယှဉ်သောစေတသိက်တို့မှာ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးသာ ဖြစ်၏။

အဖြေမှန်ကို ကြံစည်ခြင်း = ဝိတက်စေတသိက်နှင့် စဉ်းစားနိုင်ခြင်း = ဝိစာရစေတသိက်တို့ မယှဉ်သဖြင့် စက္ခုဝိညာဏ်စိတ်ဖြစ်ခိုက် (တစ်နည်း) မေးခွန်းစာရွက်ကို ကြည့်နေခိုက်ဝယ် အဖြေမှန်ကို ကြံစည်စဉ်းစားနိုင်ခြင်း မရှိပါ။

---

http://www.dhammadownload.com



၁၉၉၂

၁။ **ပရမတ္ထဓမ္မတို့တွင် သိခြင်းသဘောရှိသော တရားသုံးပါး (အသိသုံးမျိုး)ကို ဖော်ပြ၍ ယင်းတို့၏သိမှုအဆင့်အတန်း ကွာခြားပုံကိုလည်း ဥပမာသွင်း၍ ရှင်းပြပါ။**(၁၉၉၀- ၂)

---

၂။ **“ငါကိုယ် ငါဟာ အစဉ်မကွာ သက္ကာယကြောင့် မာနတွေ ထောင်ကြတာ”ဟု ဆိုကြရာ သက္ကာယဒိဋ္ဌိစွဲလမ်းနေသူ၌ မာနဖြစ်, မဖြစ် ဥပမာဆောင်၍ ထင်ရှားအောင် ဖြေဆိုပါ။**

**သက္ကာယဒိဋ္ဌိ စွဲလမ်းနေသူ၌ မာနမဖြစ်နိုင်ပါ။ အကြောင်းပြရသော် -**

သက္ကာယဒိဋ္ဌိဟူသည် - ခန္ဓာ ၅-ပါးကို ငါ(အတ္တ)ဟု စွဲ၍ “ငါရှိ၏၊ ငါမြဲ၏” ဟု အမြင်မှား, အယူမှားသောအားဖြင့် ဖြစ်၏။

မာနဟူသည် - ခန္ဓာ ၅-ပါးအပေါ် ငါစွဲ စွဲပြီးလျှင် ငါဟူသော မာန်မာနဖြင့် “ငါမြတ်၏၊ ငါဂုဏ်ရှိ၏”ဟု ထောင်လွှားသောအားဖြင့် ဖြစ်၏။

ဤသို့ ဒိဋ္ဌိနှင့် မာနတို့သည် ခန္ဓာ ၅-ပါး အပေါ် စွဲလမ်းမှုချင်း တူသော်လည်း နှလုံးသွင်းပုံ သုံးသပ်ပုံချင်း မတူသောကြောင့် လောဘမူစိတ္တုပ္ပါဒ်တစ်ခုတည်း၌ အတူ ယှဉ်တွဲ၍ မဖြစ်နိုင်ပါ။

ဥပမာအားဖြင့် - ကေသရာဇာခြင်္သေ့မင်းတစ်ကောင်သည် သူနှင့်အလားတူ အခြား ကေသရာဇာခြင်္သေ့မင်းတစ်ကောင်နှင့် တစ်ဂူတည်း၌ အတူမအောင်းသကဲ့သို့တည်း။

---

၃။ **ကရုဏာနှင့် မုဒိတာတို့သည် မိမိနှင့် သဘာဝတူရာ သောမနဿဝေဒနာနှင့်သာ ယှဉ်သင့်သည် မဟုတ်ပါလော၊ အဘယ်သို့လျှင် ဥပေက္ခာဝေဒနာနှင့်လည်း ယှဉ်နိုင်ပါသနည်း၊ ဥပမာအစုံခင်း၍ ရှင်းပြပါ။**

**ကရုဏာနှင့် မုဒိတာတို့သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်နိုင်ပုံ**

ကရုဏာနှင့် မုဒိတာဟူသော အပ္ပမညာစေတသိက်တို့သည် မိမိတို့နှင့် သဘာဝ တူရာ သောမနဿဝေဒနာနှင့်သာမက ဥပေက္ခာဝေဒနာနှင့်လည်း ယှဉ်နိုင်ပါသည်၊ ထို့ကြောင့် မဟာကုသိုလ်, မဟာကြိယာ ဥပေက္ခာသဟဂုတ်စိတ် ၈-ပါး၌ပါ ယှဉ်နိုင် ခြင်း ဖြစ်၏။ ထိုသို့ ယှဉ်နိုင်ခြင်းကို ရှင်းပြရသော် -

http://www.dhammadownload.com



ကရုဏာ, မုဒိတာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသောအခါ အပ္ပနာ(ဈာန)ဝီထိမှ ရှေ့အဖို့၌ အလေ့အကျက်၏အစွမ်းဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကမ္မ ဘာဝနာ ဖြစ်နိုင်လေသည်။

ဥပမာ(၁) အဝါးဝစွာလေ့လာအပ်ပြီးသောကျမ်းစာကို ရွတ်အံသရဇ္ဈာယ်နိုင်သကဲ့သို့ လည်းကောင်း၊

(၂) အဝါးဝစွာ လေ့လာအပ်ပြီးသော ဝိပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့ကို သုံးသပ်အပ်သောပုဂ္ဂိုလ်သည် တစ်ခါတစ်ရံ အလေ့အကျင့်၏အစွမ်းဖြင့် ဉာဏဝိပ္ပယုတ်စိတ်တို့ဖြင့်လည်း သုံးသပ်နိုင်သကဲ့သို့လည်းကောင်း ဖြစ်ပါသည်။

(အပ္ပနာဘာဝနာ, ဥပစာရဘာဝနာအခိုက်၌ကား ကေန် သောမနဿဝေဒနာသာ ဖြစ်ပါသည်။)

---

**၁၉၉၃**

၁။ **စေတသိက်လက္ခဏာ ၄-ပါးတွင် အဘယ်အကျိုးငှာ "ကောလမ္ဗဏ" ဟူသော လက္ခဏာကိုပါ ဆိုပါသနည်း၊ ဖြေဆို၍ ဝေဒနာနှင့် စေတနာတို့၏ သဘောလက္ခဏာကိုလည်း ရေးခဲ့ပါ။**

**စေတသိက်လက္ခဏာ ၄-ပါးတွင် ကေပ္ပါဒနှင့် ကေနိရောဓ ၂-ပါးကို ဆိုပြီး ဖြစ်ပါလျက် "ကောလမ္ဗဏ"လက္ခဏာကို ဆိုရခြင်းအကြောင်းမှာ -**

စိတ်နှင့်အတူ ဖြစ်ခြင်း၊ စိတ်နှင့်အတူ ချုပ်ခြင်း ဤလက္ခဏာ၂-ပါးကိုသာ ဆိုခဲ့လျှင် -

(က) စိတ်သို့ အစဉ်လိုက်၍ ဖြစ်သော ဝိညတ်ရုပ် ၂-ပါးဟူသော စိတ္တဇရုပ်တရားများ၏ စေတောယုတ္တအဖြစ်(စေတသိက်မည်သည်ဟူသောအဖြစ်)ဟု ယုံမှားသံသယ ဖြစ်ခြင်း၊

http://www.dhammadownload.com



(ခ) စုတိစိတ်မှပြန်၍ ရေတွက်သည် ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဉပါဒ်ပြီး စုတိစိတ်နှင့်ပြိုင်ချုပ်သော ကမ္မဇရုပ်တို့၏ စေတောယုတ္တအဖြစ် ဟု ယုံမှားသံသယဖြစ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

ထိုသို့ ယုံမှားသံသယဖြစ်ခြင်းတို့ကို တားမြစ်ရန်အလို့ငှာ စိတ်နှင့် အာရုံ တူခြင်း (ဧကာလမ္ဗဏ)လက္ခဏာကိုပါ ထည့်ဆိုရခြင်း ဖြစ်ပါသည်။

**ဝေဒနာ၏ သဘောလက္ခဏာ**

**သဘော** - အာရုံ၏အရသာကို ခံစားတတ်သောသဘော။

**လက္ခဏာ** - အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာ။

ဉပမာ - ကောင်းသောဘောဇဉ်၏အရသာကို ခံစားတတ်သော ပြည့်ရှင်မင်းကဲ့သို့။

**စေတနာ၏ သဘောလက္ခဏာ**

**သဘော** - မိမိနှင့် အတူတကွ ယှဉ်ဘက်တရားတို့ကို အာရုံ၌ စေ့ဆော်တတ်သော သဘော၊ (တစ်နည်း) သမ်္ပယုတ်တရားတို့ကို ပြုစီမံခြင်း၌ လုံ့လဗျာပါရသို့ ရောက်စေတတ်သောသဘော။

**လက္ခဏာ** - စေ့ဆော်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းလက္ခဏာ။

ဉပမာ (၁) စစ်မြေပြင်မှ စစ်ဗိုလ်ချုပ်ကြီးကဲ့သို့ မိမိနှင့် ယှဉ်ဘက်တရား များကို အာရုံ၌ စေ့ဆော်စပ်ဟပ်၊ တိုက်တွန်း၊ နှိုးဆော်တတ် သောသဘော ရှိ၏။

(၂) လက်သမားကြီးကဲ့သို့ မိမိကိစ္စ၊ သူတစ်ပါးကိစ္စကို ပြီးစေ တတ်သောသဘော ရှိ၏။

**(မှတ်ချက် ။ ။ မေးခွန်းအရဆိုလျှင် ဉပမာမဖြေလည်း ပြည့်စုံမည်ဟု ထင်ပါသည်။)**

---

၂။ **လျှဒါန်းလို၍ ထိပေါက်ချင်မှုသည် ဆန္ဒလော လောဘလော၊ ဉပမာပြ ဖြေဆို၍ ဣဿာနှင့် မစ္ဆရိယတို့၏ ခြားနားပုံကိုလည်း ပေါ်လွင်အောင် ရှင်းပြပါ။**

http://www.dhammadownload.com



**လျှုဒါန်းလို၍ ထိပေါက်ချင်မှုသည် ဆန္ဒသာ ဖြစ်ပါသည်၊ လောဘ မဟုတ်ပါ။**

ဆန္ဒဟူသည် - အာရုံကို အလိုရှိကာမျှ(ပြုလိုကာမျှ)သဘော ဖြစ်ပါသည်။

လောဘဟူသည် - အာရုံ၌ အလွန်ကပ်ငြိ တပ်မက်ခြင်းသဘော ဖြစ်ပါသည်။

ဥပမာအားဖြင့် - ဆန္ဒသည် ပစ်အပ်သောမြားကို ကောက်ယူလိုသောလေးသမားနှင့် တူပြီး လောဘသည် မျောက်နဲ့စေးက မျောက်ကို ဖမ်းစား ကပ်ငြိစေသည်နှင့် တူပါသည်။

ဤဥပမာအရ လေးသမားသည် မြားကို ကောက်ယူခြင်းမှာ ပစ်လိုသော ဆန္ဒသဘောသာ ဖြစ်သကဲ့သို့ ထိပေါက်ချင်မှုသည် လှူဒါန်းလိုသော ဆန္ဒသဘောသာ ဖြစ်ပါသည်။

**ဣဿာ နှင့် မစ္ဆရိယတို့၏ ခြားနားမှု (၁၉၈၉-၁)**

---

၃။ **မာန၏ "ကဒါစိ" ဖြစ်ပုံနှင့် အပ္ပမညာတို့၏ "နာနာ" ဖြစ်ပုံကို အသီးသီး ဖြေဆို၍ မဟာဝိပါက်စိတ်တို့၌ အပ္ပမညာ မယှဉ်ခြင်းအကြောင်းကိုလည်း ဖော်ပြပါ။**

**မာနစေတသိက်၏ "ကဒါစိ" ဖြစ်ပုံ**

မာနစေတသိက်သည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်သည် ဆိုသော်လည်း "ငါသာ မြတ်၏၊ ငါသာ ဂုဏ်ရှိ၏" အစရှိသော ထောင်လွှားမှုဖြင့် ဖြစ်သောအခါ၌သာ ရံခါ(ကဒါစိ) ယှဉ်ပါသည်၊ ထောင်လွှားမှု မဖြစ်သောအခါ မယှဉ်ပါ။

**အပ္ပမညာစေတသိက်တို့ "နာနာ" ဖြစ်ပုံ**

ကရုဏာ, မုဒိတာ ဟူသော အပ္ပမညာစေတသိက်တို့သည် မဟာကုသိုလ် မဟာကြိယာ ၁၆-ပါး၊ မဟဂ္ဂုတ် ပထမဈာန်မှ စတုတ္ထဈာန်ထိ ၁၂-ပါး၊ ပေါင်း ၂၈-ပါးသောစိတ်တို့နှင့် ယှဉ်ရာဝယ် -

(က) ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာသာ ဖြစ်၍ မုဒိတာ မဖြစ်။

(ခ) သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာ ဖြစ်၍ ကရုဏာ မဖြစ်။

http://www.dhammadownload.com



ဤသို့ ကရုဏာနှင့် မုဒိတာတို့သည် သတ္တဝါပညတ်ကို အာရုံပြုပုံ, ဖြစ်ပုံချင်း မတူညီ ကွဲပြားသောကြောင့် အတူတကွ တစ်ပေါင်းတည်း မယှဉ်နိုင်ကြဘဲ အသီးသီး, တစ်ပါးစီ (နာနာ)သာ ယှဉ်ကြပါသည်။

**မဟာဝိပါက်စိတ်တို့၌ အပ္ပမညာ မယှဉ်ခြင်းအကြောင်း**

အပ္ပမညာစေတသိက်တို့သည် သတ္တဝါပညတ်ကို အာရုံပြု၍၊ မဟာဝိပါက်စိတ်တို့သည် ကာမအာရုံကိုသာ ဧကန်အာရုံပြု၏၊ ဤသို့ အာရုံချင်း ကွဲပြားသဖြင့် မဟာဝိပါက်စိတ်တို့၌ အပ္ပမညာစေတသိက်တို့ မယှဉ်နိုင်ပါ။

---

၁၉၉၄

၁။ **သစ်ပင်ထိပ်ဖျား တက်နေသူ၏ ခြေတုန်ဒူးတုန်ဖြစ်နေခြင်းနှင့် ၎င်းကို မြင်ရသူများ အသည်းတုန်အူတုန်ဖြစ်နေခြင်းတို့သည် မည်သည့်စေတသိက်တို့၏ သဘောလက္ခဏာ ဖြစ်ကြောင်း ဖြေဆို၍ ကျောက်တိုင်, ရွှာဝက်, ပတ္တမြားတို့နှင့် တူသော စေတသိက်တို့ကို လည်း အသီးသီး ယှဉ်တွဲဖော်ပြပါ။**

**သစ်ပင်ထိပ်ဖျားတက်နေသူ၏ ခြေတုန်ဒူးတုန်ဖြစ်နေခြင်းသည်** ဝေဒနာစေတသိက်၏သဘောလက္ခဏာ ဖြစ်ပါသည်။ **၎င်းကို မြင်ရသူများသည် အသည်းတုန်အူတုန်ဖြစ်နေခြင်းသည်** ဖဿစေတသိက်၏ သဘောလက္ခဏာဖြစ်ပါသည်။

**ကျောက်တိုင်နှင့်တူသော စေတသိက်** = အဓိမောက္ခ၊
**ရွှာဝက်နှင့်တူသော စေတသိက်** = အဟိရိက၊
**ပတ္တမြားနှင့်တူသော စေတသိက်** = သဒ္ဓါတို့ ဖြစ်ကြပါသည်။

---

၂။ **မိမိပစ္စည်းကို သူတစ်ပါးအား ပေးကမ်းရမှာ နှမြောနေသူ၌ လောဘ, ဒေါသ, မောဟ တရားသုံးပါးတို့တွင် အဘယ်တရားက အဓိကလွှမ်းမိုးထားပါသနည်း၊ အကြောင်းပြ ဖြေဆိုပါ။**

http://www.dhammadownload.com



**မိမိပစ္စည်းကို သူတစ်ပါးအား ပေးကမ်းရမှာ နှမြောနေသူ၌ ဒေါသတရားက အဓိကလွှမ်းမိုးထားပါသည်။** အကြောင်းပြဖြေဆိုရသော် -

မိမိပစ္စည်းကို သူတစ်ပါးအား ပေးကမ်းရမှာ နှမြောခြင်းဆိုသည်မှာ - မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း(နှမြောဝန်တိုခြင်း)လက္ခဏာ ရှိသော မစ္ဆရိယစေတသိက်၏ သဘော ဖြစ်ပါသည်၊ ဤမစ္ဆရိယသဘောသည် လောဘကို အရင်းခံ၍ ဖြစ်သော်လည်း မစ္ဆရိယဖြစ်ခိုက်မှာ မိမိစည်းစိမ်ကို သူတစ်ပါးတို့နှင့် ဆက်ဆံမည်ကို မလိုလားခြင်း, သည်းမခံနိုင်ခြင်းဟူသော ဒေါသသဘောသာ ရှိတော့၏၊ ထို့ကြောင့် ဒေါသတရားကသာ အဓိကလွှမ်းမိုးထားပါသည်။

---

၃။ **စိတ်ချင်းထူးအောင်ပြုသော စေတသိက်များအနက် ဉာဏ်(ပညာ)က ထူးအောင် ပြုပုံကို အများနားလည်လောက်အောင် ဖြေဆိုပါ။**

**ဝိသေသကစေတသိက်များအနက် ဉာဏ်(ပညာ)က ထူးအောင် ပြုပုံမှာ -**

ဉာဏ်သည် ကာမသောဘနစိတ်အချင်းချင်း ထူးအောင် ပြုပါသည်၊ ဉာဏ်သည် ကာမသောဘနစိတ် ၂၄-ပါးအနက် ပထမဒွေး, တတိယဒွေးတို့၌သာ ယှဉ်၍ ကာမသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂-ပါး ဖြစ်စေပြီး၊ ဒုတိယဒွေး, စတုတ္ထဒွေးတို့၌ မယှဉ်၍ ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါးကို ဖြစ်စေပါသည်။

ဤသို့ ဉာဏသမ္ပယုတ်စိတ်တို့မှ ဉာဏဝိပ္ပယုတ်စိတ်တို့ကို အထူးပြုပါသည်။

---

**၁၉၉၅**

၁။ **အပ္ပမညာလေးပါး ရှိပါလျက် စေတသိက်ပိုင်း၌ နှစ်ပါးသာ ပြဆိုခြင်းအကြောင်းကို ဖြေဆို၍၊ မေတ္တာနှင့် ဥပေက္ခာတို့၏အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။**

**အပ္ပမညာလေးပါး ရှိပါလျက် စေတသိက်ပိုင်း၌ နှစ်ပါးသာ ပြဆိုခြင်းအကြောင်း**

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူ၍ အပ္ပမညာ ၄-ပါး ရှိသော်လည်း စေတသိက်ပိုင်း၌ ကရုဏာနှင့် မုဒိတာ ၂-ပါးကိုသာ အပ္ပမညာစေတသိက်အဖြစ် ပြဆိုပါသည်၊ မေတ္တာနှင့် ဥပေက္ခာတို့ကို စေတသိက်အပိုင်း၌ သီးခြားမပြဆိုခြင်းမှာ

http://www.dhammadownload.com



"အဒေါသ"စေတသိက်ဖြင့် မေတ္တာကို, "တတြမဇ္ဈတ္တတ္တာ"စေတသိက်ဖြင့် ဥပေက္ခာကို ယူပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။

**မေတ္တာ၏ အဓိပ္ပါယ်** - အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ သတ္တဝါတို့၏အကျိုးစီးပွားကို လိုလားသောသဘော။
(ထို့ကြောင့် သတ္တဝါတို့၏အကျိုးစီးပွားကို လိုလားသော အားဖြင့် ဖြစ်သောအခါ "အဒေါသ"စေတသိက်သည်ပင် "မေတ္တာ" မည်သောကြောင့် အဒေါသဖြင့် မေတ္တာကို ယူအပ်ပါသည်။)

**ဥပေက္ခာ၏ အဓိပ္ပါယ်** - အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ သတ္တဝါတို့အပေါ်၌ အညီအမျှ လျစ်လျူရှုခြင်းသဘော (တစ်နည်း) ချစ်ခြင်း, မုန်းခြင်း ငြိမ်းပျောက် ကင်းရှင်းခြင်းအားဖြင့် ဖြစ်သောအခါ "တတြမဇ္ဈတ္တတ္တာ"သည်ပင် "ဥပေက္ခာ" မည်သောကြောင့် "တတြမဇ္ဈတ္တတ္တာ"ဖြင့် "ဥပေက္ခာ"ကို ယူအပ်ပါသည်။

---

၂။ **"ပီတိကို စား အားရှိပါ၏" ဟု အဆိုရှိရာ ပီတိ၏ သဘော၊ လက္ခဏာနှင့် ဥပမာတို့ကို ပြဆို၍ ထိုပီတိသည် သုခသဟဂုတ်ကာယဝိညာဏ်စိတ်တို့နှင့် ယှဉ်,မယှဉ် အကြောင်းပြ ဖြေဆိုပါ။**

**ပီတိ၏ သဘော၊ လက္ခဏာနှင့် ဥပမာ**

သဘော = (၁) အာရုံ၌ နှစ်သက်ရွှင်လန်းစေတတ်သောကြောင့်၊
(၂) ကိုယ်စိတ် ၂-ပါးကို နှစ်သက်ပြည့်ဖြိုး ပွားတိုးစေတတ်သောကြောင့် ပီတိ မည်ပါသည်။

လက္ခဏာ = အာရုံကို လွန်စွာနှစ်သက်မြတ်နိုးခြင်းလက္ခဏာ ရှိပါသည်။

ဥပမာများ = (၁) တောစခန်းမှ မောပန်းလာသော ခရီးသွားယောကျာ်းသည် ရေကို မြင်သော် နှစ်သက်ရွှင်လန်းသကဲ့သို့၊
(၂) ပဒုမ္မာကြာပန်း ပွင့်လန်းလာသကဲ့သို့၊

http://www.dhammadownload.com



**ပီတိသည် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ မယှဉ်ပါ။**

သုခသဟဂုတ် ကာယဝိညာဏ်စိတ်သည် ကိုယ်၌ဖြစ်သော ချမ်းသာကို ခံစားတတ်သော ကာယိက ဖြစ်၍ ပီတိကား စိတ်၌ဖြစ်သော ချမ်းသာကို ခံစားတတ်သော သောမနဿဝေဒနာနှင့် ယှဉ်သော မာနသိက ဖြစ်သောကြောင့် ဖြစ်ပါသည်။

---

**၃။ ဝိရတီစေတသိက်တို့၏ "နာနာ" ဖြစ်ရပုံကို ဖြေဆို၍၊ ထိုဝိရတီစေတသိက်တို့ မဟာကြိယာစိတ်၌ မယှဉ်ခြင်းအကြောင်းကိုလည်း ရေးသားပါ။**

**ဝိရတီစေတသိက်တို့ "နာနာ" ဖြစ်ရပုံ**

ဝိရတီစေတသိက်တို့သည် ဒုစရိုက်, ဒုရာဇီဝတို့ကို ရှောင်ကြဉ်ခိုက်တွင် မဟာကုသိုလ်စိတ်တို့၌ ယှဉ်ကြ၏။ ထိုသို့ယှဉ်ရာ၌ -

(၁) အသက်မွေးဝမ်းကျောင်းကို မငဲ့ဘဲ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခိုက်အခါ၌ **သမ္မာဝါစာသာ ဖြစ်၍** သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ မဖြစ်ပါ။

(၂) အသက်မွေးဝမ်းကျောင်းကို မငဲ့ဘဲ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခိုက်အခါ၌ **သမ္မာကမ္မန္တသာ ဖြစ်၍** သမ္မာဝါစာနှင့် သမ္မာအာဇီဝတို့ မဖြစ်ပါ။

(၃) အသက်မွေးဝမ်းကျောင်းကို ငဲ့၍ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခိုက်အခါ၌ **သမ္မာအာဇီဝသာ ဖြစ်၍** သမ္မာဝါစာနှင့် သမ္မာကမ္မန္တတို့ မဖြစ်ပါ။

ဤသို့ ဝိရတီစေတသိက်တို့သည် ဒုစရိုက်, ဒုရာဇီဝတရားများကို ရှောင်ကြဉ်ပုံချင်း မတူ, ကွဲပြားသောကြောင့် မဟာကုသိုလ်စိတ်တို့၌ ယှဉ်ရာ၌ အတူတကွ (တစ်ပေါင်းတည်း) မယှဉ်နိုင်ကြဘဲ အသီးသီး တစ်ပါးစီ တစ်ပါးစီ (နာနာ)သာ ယှဉ်ကြသည်။

**ဝိရတီစေတသိက်တို့ မဟာကြိယာစိတ်၌ မယှဉ်ခြင်းအကြောင်း**

ဝိရတီတို့သည် - ဒုစရိုက်, ဒုရာဇီဝမှ ရှောင်ကြဉ်ခြင်း ဖြစ်၍ ကုသိုလ်သဘော ရှိ၏၊ မဟာကြိယာစိတ်ဟူသည် ဒုစရိုက်, ဒုရာဇီဝတို့ကို အကြွင်းမဲ့ပယ်ပြီးသော ရဟန္တာများသန္တာန်၌သာ ဖြစ်၍ အဗျာကတသဘော ရှိ၏။

http://www.dhammadownload.com



ဤသို့ ဇာတ်ချင်း မတူသဖြင့် ဝိရတီစေတသိက်တို့သည် မဟာကြိယာစိတ်၌ မယှဉ်နိုင်ကြပါ။

---

ခုဂုဂ⁶

၁။ **စေတသိက်လက္ခဏာလေးပါးတွင် "ဧကနိရောဓလက္ခဏာ"ကို ထည့်ဆိုရခြင်းအကြောင်း ရှင်းပြ၍၊ ဝိညတ်ရုပ်များသည် စိတ်နှင့်အတူဖြစ်, အတူချုပ်ကြပါလျက် အဘယ့်ကြောင့် စေတသိက် မမည်ပါသနည်း၊ ဖြေဆိုပါ။**

**စေတသိက်လက္ခဏာလေးပါးဖြစ်သော -**

(၁) ဧကုပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း၊
(၂) ဧကနိရောဓ = စိတ်နှင့်အတူချုပ်ခြင်း၊
(၃) ဧကာလမ္ဗဏ = စိတ်နှင့် အာရုံတူခြင်း၊
(၄) ဧကဝတ္ထုက = စိတ်နှင့် မှီရာတူခြင်းတို့တွင်

"ဧကနိရောဓ" လက္ခဏာကို ထည့်ဆိုရခြင်းမှာ -

အမှတ်(၁)လက္ခဏာဖြစ်သော ဧကုပ္ပါဒတစ်ပါးတည်းကိုသာ စေတသိက်ဟု ဆိုနိုင်ပါက စိတ်နှင့် အတူဖြစ်သော စိတ္တဇရုပ်နှင့် ကမ္မဇရုပ်တရားတို့ကိုလည်း စေတသိက်ဟု ခေါ်ဆိုနိုင်ခြင်းကြောင့် ဤသို့ မဖြစ်စေခြင်းငှာ စိတ်နှင့် အတူချုပ်ခြင်း (ဧကနိရောဓ)လက္ခဏာကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

**ဝိညတ်ရုပ်များ စေတသိက် မမည်ခြင်းအကြောင်း**

ဝိညတ်ရုပ် ၂-ပါးသည် စိတ်နှင့် အတူဖြစ်, အတူချုပ်ကြ၏၊ သို့ရာတွင် ရုပ်တရားဖြစ်၍ အာရုံကို မယူနိုင်ကြချေ၊ ထို့ကြောင့် အမှတ်(၃)လက္ခဏာဖြစ်သော ဧကာလမ္ဗဏဟူသောအချက်နှင့် မပြည့်စုံသဖြင့် စေတသိက်ဟု မခေါ်နိုင်ပါ။

---

၂။ **(က) ငါနှင့် ငါသာ နှိုင်းစရာ၊ (ခ) ကိုယ့်ထက်သာ မနာလို၊ (ဂ) လူမိုက်နောက်မှ နောင်တရ ဟူသောစကားတို့သည် မည်သည့်စေတသိက်တို့၏ သဘောလက္ခဏာများ ဖြစ်ပါသနည်း၊ ဖြေဆို၍ "ဟိရီနှင့် ဩတ္တပ္ပ" မတူပုံကိုလည်း ဥပမာခင်း၍ ရှင်းပြပါ။**

http://www.dhammadownload.com



(က) "ငါနှင့် ငါသာ နှိုင်းစရာ" ဟူသည် မာနစေတသိက်၊
(ခ) "ကိုယ့်ထက်သာ မနာလို" ဟူသည် ဣဿာစေတသိက်၊
(ဂ) "လူမိုက်နောက်မှ နောင်တရ" ဟူသည် ကုက္ကုစ္စစေတသိက်တို့၏ သဘောလက္ခဏာ အသီးသီး ဖြစ်ကြပါသည်။

## ဟိရီ နှင့် ဩတ္တပ္ပ ထူးခြားပုံ

| ဟိရီသည် | ဩတ္တပ္ပသည် |
|---|---|
| (၁) မကောင်းမှု ဒုစရိုက်မှ ရှက်တတ်, စက်ဆုပ်တတ်သောသဘော၊ | (၁) မကောင်းမှုဒုစရိုက်မှ ကြောက်ရွံ့, ထိတ်လန့်တတ်သောသဘော၊ |
| (၂) မိမိကိုယ်ကို ရိုသေလေးစားခြင်း၏အစွမ်းဖြင့် မကောင်းမှုဒုစရိုက်မှ စက်ဆုပ်တတ်သောကြောင့် မိမိဂုဏ်ကို ရိုသေလေးစား တန်ဖိုးထားသော အမျိုးကောင်းသမီးနှင့် တူ၏။ | (၂) သူတစ်ပါးကို ရိုသေလေးစားခြင်း၏အစွမ်းဖြင့် မကောင်းမှုဒုစရိုက်မှ ထိတ်လန့်တတ်သောကြောင့် သူတစ်ပါးကို ရိုသေလေးစားတတ်သော ပြည့်တန်ဆာမနှင့် တူ၏။ (ပြည့်တန်ဆာမတို့သည် သူတစ်ပါးကို ရိုသေလေးစားခြင်းကြောင့် မိမိ၌ ကိုယ်ဝန်တည်မည်ကို ထိတ်လန့်တတ်ကြ၏) |

ဤသို့ ဟိရီနှင့် ဩတ္တပ္ပတို့ ထူးခြားပါသည်။

---

၃။ **မူးယစ်ဆေးဝါးသုံးစွဲသူ၏ စိတ်အစဉ်၌ "မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ" ဟူသော အကုသိုလ်များ ပါဝင်ဖြစ်ပေါ်ပုံကို ဋီကာဖွင့်အတိုင်း ဖြေဆို၍၊ ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခ မယှဉ်ခြင်းအကြောင်းကိုလည်း ရေးပါ။**

**မူးယစ်ဆေးဝါးသုံးစွဲသူ၏ စိတ်အစဉ်၌ "မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ" ဟူသော အကုသိုလ်များ ပါဝင်ဖြစ်ပေါ်ပုံ**

မူးယစ်ဆေးဝါးသုံးစွဲသူ၌ ဖြစ်ပေါ်သော အကုသိုလ်စိတ်အစဉ်တွင် -

http://www.dhammadownload.com



(က) မောဟဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း အကုသိုလ်အမှု၏အပြစ်ကို ဖုံးလွှမ်းထား၏။
(ခ) အဟိရိကဖြင့် ထိုအကုသိုလ်အမှုကို မစက်ဆုပ်စေရန် ပြုလုပ်ထား၏။
(ဂ) အနောတ္တပ္ပဖြင့် ထိုအကုသိုလ်အမှုကို မကြောက်လန့်စေရန် ပြုလုပ်ထား၏။
(ဃ) ဥဒ္ဓစ္စဖြင့် ထိုမူးယစ်ဆေးဝါးသုံးစွဲသူ၏ စိတ်အစဉ်ကို တွေဝေပျံ့လွင့်ကာ မငြိမ်းချမ်းစေအောင် ပြုလုပ်ထား၏။

ဤနည်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူ၏ စိတ်အစဉ်၌ "မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ" ဟူသော သဗ္ဗာကုသလသာဓာရဏစေတသိက် ၄-ပါးတို့သည် ပါဝင် ဖြစ်ပေါ်ကြပါသည်။

**ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခ မယှဉ်ခြင်းအကြောင်း**

အဓိမောက္ခစေတသိက်သည် အာရုံ၌ တုန်လှုပ်ခြင်း မရှိဘဲ ဆုံးဖြတ်တတ်သော သဘော ရှိ၏၊ ဝိစိကိစ္ဆာစိတ်သည်ကား အာရုံ၌ ရွေ့လျားခြင်း (မဆုံးဖြတ်နိုင်ခြင်း) သဘော ရှိ၏၊ ဤသို့ သဘောလက္ခဏာ, သဘာဝချင်း ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခစေတသိက် မယှဉ်ခြင်း ဖြစ်ပါသည်။

---

၁၉၉၇

၁။ **"ဇီဝိတ၊ ဣန္ဒြေ၊ ဇီဝိတိန္ဒြေ"ဟူသော စကားတို့၏အဓိပ္ပါယ်ကို အသီးသီးဖော်ပြ၍ သစ်ပင်များ၌ ရုပ်ဇီဝိတိန္ဒြေ ရှိ/မရှိ ဖြေဆိုပါ။**

**ဇီဝိတ** = မိမိနှင့်အတူတကွ ဖြစ်ဖက် သမ္ပယုတ်တရားတို့၏ အသက်ရှင်ကြောင်း ဖြစ်သောကြောင့် ဇီဝိတ မည်၏။

**ဣန္ဒြေ** = ထိုဇီဝိတသည်ပင် သဟဇာတ်ဖြစ်သော နာမ်ရုပ်တရားတို့ကို စောင့်ရှောက်ခြင်း၌ အစိုးရသောကြောင့် ဣန္ဒြေလည်း မည်၏။

**ဇီဝိတိန္ဒြေ** = ထို့ကြောင့် မိမိနှင့် အတူတကွဖြစ်ဖက် သမ္ပယုတ်တရားတို့၏ အသက်ရှင်ကြောင်း ဖြစ်၍ သဟဇာတ်ဖြစ်သော နာမ်ရုပ်တရားတို့ကို စောင့်ရှောက်ခြင်း၌ အစိုးရသောကြောင့် ဇီဝိတိန္ဒြေ မည်၏။

http://www.dhammadownload.com



**သစ်ပင်များ၌ ရုပ်ဇီဝိတိန္ဒြေ မရှိပါ။**

ရုပ်ဇီဝိတိန္ဒြေဟူသည် မိမိနှင့်တကွဖြစ်ဖက် ကမ္မဇရုပ်တို့ကို စောင့်ရှောက်သော ကမ္မဇရုပ်များ၏အသက်ဖြစ်သော ဇီဝိတရုပ်ကို ခေါ်၏၊ သစ်ပင်ဟူသည် ဥတုဇရုပ် ဖြစ်သောကြောင့် ကမ္မဇကောန်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေ မရှိပါ။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ **"ဥပေက္ခာသဟဂုတ်စိတ်၌ အပ္ပမညာ မယှဉ်"ဟူသော ကေစိဝါဒကို သင်္ဂြိုဟ်ဆရာက အဘယ့်ကြောင့် ထည့်သွင်းဖော်ပြထားကြောင်း ဋီကာဆရာ၏ရှင်းလင်းချက်ကို တင်ပြပါ။**

**"ဥပေက္ခာသဟဂုတ်စိတ်၌ အပ္ပမညာ မယှဉ်" ဟူသော ဝါဒသည် ကေစိဝါဒဖြစ်ကြောင်း ဋီကာဆရာ၏ ရှင်းလင်းချက်**

အပ္ပမညာစေတသိက်တို့သည် မဟာကုသိုလ် မဟာကြိယာ ၁၆-ပါးနှင့် မဟဂ္ဂုတ် ပထမစျာန်မှ စတုတ္ထစျာန်ထိ ၁၂-ပါး၊ ပေါင်း ၂၈-ပါးသောစိတ်တို့တွင် ယှဉ်နိုင်ပါသည်ဟု သမာနဝါဒက ဆိုသော်လည်း အချို့သောဆရာတို့က အပ္ပမညာစေတသိက်တို့သည် ဥပေက္ခာသဟဂုတ်စိတ်တို့တွင် မယှဉ်နိုင်သဖြင့် ပေါင်း ၂၀-ပါးသောစိတ်တို့တွင်သာ ယှဉ်နိုင်သည် ဟု ဆိုကြ၏၊ ဤအဆိုမှာ မမှန်ကြောင်း ဋီကာဆရာက အောက်ပါအတိုင်း ရှင်းလင်းထားပါသည်။

ကရုဏာ, မုဒိတာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသောအခါ အပ္ပနာ(စျာန)ဝီထိ၏ ရှေ့အဖို့၌ အလေ့အကျက်၏အစွမ်းဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကမ္မ ဘာဝနာ ဖြစ်နိုင်လေသည်။

ဥပမာ (က) အဝါးဝစွာ လေ့လာအပ်ပြီးသော ကျမ်းစာကို ရွတ်အံ့သရဇ္ဈာယ်သော ပုဂ္ဂိုလ်သည် တစ်ခါတစ်ရံ အခြားအာရုံသို့ စိတ်ရောက်နေသော်လည်း ရွတ်အံနိုင်သကဲ့သို့

(ခ) အဝါးဝစွာ လေ့လာအပ်ပြီးသော ဝိပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့ကို သုံးသပ်သောပုဂ္ဂိုလ်သည် တစ်ခါတစ်ရံ အလေ့အကျက်၏အစွမ်းဖြင့် ဉာဏဝိပ္ပယုတ်စိတ်တို့ဖြင့်လည်း သုံးသပ်နိုင်သကဲ့သို့တည်း။

ထို့ကြောင့် "ဥပေက္ခာသဟဂုတ်စိတ်၌ အပ္ပမညာ မယှဉ်" ဟူသောဝါဒကို ကေစိဝါဒဟု ဆိုရခြင်း ဖြစ်ပါသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

http://www.dhammadownload.com



**၃။ အဘယ်စိတ်သည် အဘယ့်ကြောင့် "မဇ္ဈိမ" မည်ပါသနည်း၊ ဖြေဆို၍ ဝိရတီစေတသိက်က စိတ်ကို ထူးအောင် ပြုပုံကိုလည်း ရေးပြပါ။**

ကာမာဝစရစိတ်နှင့် လောကုတ္တရာစိတ်တို့၏ အလယ်၌ ဖြစ်သောကြောင့် မဟဂ္ဂုတ်စိတ်သည် **"မဇ္ဈိမ"** မည်ပါသည်။

**ဝိရတီစေတသိက်က စိတ်ကို ထူးအောင်ပြုပုံ**

ဝိရတီစေတသိက်တို့သည် ကာမာဝစရကုသိုလ်စိတ်တို့၌သာ ယှဉ်ပြီး ဝိပါက်၊ ကြိယာစိတ်တို့၌ မယှဉ်သောကြောင့် ကာမာဝစရကုသိုလ်စိတ်တို့မှ ကာမာဝစရ ဝိပါက်စိတ်၊ ကြိယာစိတ်တို့ကို ထူးအောင် ပြုပါသည်။

---

**၁၉၉၈**

**၁။ စေတနာ၏ (က) အဓိပ္ပါယ်၊ (ခ) လက္ခဏာ၊ (ဂ) ဥပမာတို့ကို ပြဆို၍၊ "ကာယ-ပဿဒ္ဓိ"၌ "ကာယ"အရ ယူရမည့်တရားကိုလည်း ကောက်ပြပါ။**

**စေတနာ** (၁၉၉၀-၁)

**"ကာယပဿဒ္ဓိ"၌ "ကာယ"အရ** ယူရမည့်တရားမှာ ဝေဒနာစသော ခန္ဓာ ၃-ပါး အပေါင်း၊ (တစ်နည်း) စေတသိက်အပေါင်း ဖြစ်ပါသည်။

---

**၂။ လောဘကြီးသော ယောက်ျားကလေးများ၌ ဒိဋ္ဌိဖြစ်တတ်ပုံကို ပြဆို၍၊ မာနကြီးသော မိန်းကလေးများမှာ လောဘကြောင့်လော၊ ဒေါသကြောင့်လော ရှင်းပြပါ။**

**လောဘကြီးသော ယောက်ျားကလေးများ၌ ဒိဋ္ဌိဖြစ်တတ်ပုံ**

**ဒိဋ္ဌိဟူသည်** - ခန္ဓာ ၅-ပါးအပေါ်၌ ငါ၊ ငါ၏အတ္တ စသောအားဖြင့် မှားမှား ယွင်းယွင်း နှလုံးသွင်းတတ်သော၊ အယူမှားတတ်သောသဘော ဖြစ်၏။

**လောဘဟူသည်** - လောကီအာရုံကာမဂုဏ်ကို တပ်မက်ခင်မင် လိုချင်တတ်သော သဘော ဖြစ်၏။

http://www.dhammadownload.com



ထို့ကြောင့် လောဘကြီးသော ယောကျ်ားကလေးများ၌ ခန္ဓာ ၅-ပါးအပေါ်၌ တပ်မက်ခင်မင် လိုချင်မှုဖြစ်ပြီးလျှင် မှားယွင်းစွာ နှလုံးသွင်းမှု "ဒိဋ္ဌိ"သည်လည်း ဖြစ်ပေါ်တတ်ပါသည်။

**မာနကြီးသော မိန်းကလေးများမှာ လောဘကြောင့် ဖြစ်ပါသည်။**

မာနဟူသည် ခန္ဓာ ၅-ပါးအပေါ် ငါစွဲ စွဲပြီးလျှင် "ငါ မြတ်၏, ငါ ဂုဏ်ရှိ၏" စသည်ဖြင့် ထောင်လွှားတတ်သောသဘော ဖြစ်၏၊ ထိုထောင်လွှားတက်ကြွမှု မာန် မာနသည် မိမိကိုယ်ကို ချစ်ခင်မှုလောဘကို အကြောင်းခံ၍ ဖြစ်ရသောကြောင့် (ဝါ) စင်စစ် လောဘလျှင် နီးစွာသောအကြောင်း ဖြစ်သောကြောင့် မာနကြီးသော မိန်းကလေးများမှာ လောဘကြောင့် ဖြစ်ပါသည်။

---

၃။ **ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခ မယှဉ်ခြင်းအကြောင်းကို ရေး၍၊...** (၁၉၉၆-၃)

---

**၁၉၉၉**

၁။ **ကေဝဋ္ဋကသဒ္ဓါကို စေတောယုတ္တလက္ခဏာ၌ ထည့်သွင်းရခြင်း၏အကျိုးကို ဖော်ပြ၍ အောက်ပါတရားများကိုလည်း ဖြေဆိုပါ။**

**(က) စိတ်နှင့်အတူတကွသာ ဖြစ်၍ စိတ်နှင့်အတူတကွ မချုပ်သောတရား၊**

**(ခ) စိတ်နှင့်အတူတကွ ဖြစ်ခြင်း ချုပ်ခြင်း ရှိ၍ စိတ်နှင့် အာရုံမတူသောတရား။**

**ကေဝဋ္ဋကသဒ္ဓါကို စေတောယုတ္တလက္ခဏာ၌ ထည့်သွင်းရခြင်းအကျိုးမှာ -**

ရှေ့လက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော စေတသိက်တို့သည် အမြဲတမ်း တူသော မိုရာဝဋ္ဋရုပ် ရှိကြသည်သာတည်းဟူသော အနက်အဓိပ္ပါယ်ကို ပြခြင်းအကျိုးငှာ ဖြစ်ပါသည်။

**(က) စိတ်နှင့်အတူတကွသာ ဖြစ်၍ စိတ်နှင့် အတူတကွ မချုပ်သောတရားတို့မှာ -**

ဝိညတ်ရုပ်နှစ်ပါးကြဉ်သော စိတ္တဇရုပ်နှင့် ကမ္မဇရုပ်တို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



(ခ) **စိတ်နှင့်အတူတကွ ဖြစ်ခြင်း ချုပ်ခြင်း ရှိ၍ စိတ်နှင့် အာရုံမတူသောတရားတို့မှာ**
- ဝိညတ်ရုပ်နှစ်ပါးနှင့် စုတိစိတ်မှ ပြန်၍ ရေတွက်သည် ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်ပြီး စုတိစိတ်နှင့် ပြိုင်ချုပ်သော ကမ္မဇရုပ်တို့ ဖြစ်ပါသည်။

---

၂။ **ဇီဝိတိန္ဒြေသည် သဟဇာတ်တရားတို့ကို စောင့်ရှောက်သည်ဟု ဆိုရာ ဇီဝိတိန္ဒြေကိုကား မည်သည့်တရားက ပြန်၍ စောင့်ရှောက်ပါသနည်း။ ဥပမာနှင့်တကွ ဖြေ၍ အောက်ပါ စေတသိက်များကိုလည်း ဖော်ပြပါ။**
**(က) မယိမ်းမယိုင် ကျောက်စာတိုင်နှင့်တူသော စေတသိက်၊**
**(ခ) မိတ်ဆွေကောင်းနှင့်တူသော စေတသိက်။**

ဇီဝိတိန္ဒြေသည် သဟဇာတ်တရားတို့ကို စောင့်ရှောက်သည်ဟု ဆိုရာ၌ **ဇီဝိတိန္ဒြေကို ဇီဝိတိန္ဒြေကပင် စောင့်ရှောက်ပါသည်။**

ဥပမာ - လိုရာခရီးသို့ ခရီးသည်များကို ပို့ဆောင်သော လှေလှော်သားသည် ခရီးသည်တို့ကို စောင့်ရှောက်၍ ပို့ရာ၌ ထိုလှေထဲတွင် ပါလာသော မိမိကိုပါ စောင့်ရှောက်ပြီးသကဲ့သို့ ဖြစ်ပါသည်။
(တစ်နည်း) - ကြာရိုး၌ တည်သောရေသည် ကြာပင် ကြာရိုး ကြာရွက်တို့ကို မညှိုးနွမ်းအောင် စောင့်ရှောက်ရင်း မိမိ၏ ကြာရိုးအတွင်း၌ တည်နေနိုင်မှုကိစ္စ ပြီးစီးသကဲ့သို့ ဖြစ်ပါသည်။

(က) **မယိမ်းမယိုင် ကျောက်စာတိုင်နှင့်တူသော စေတသိက်** = အဓိမောက္ခ
(ခ) **မိတ်ဆွေကောင်းနှင့်တူသော စေတသိက်** = အဒေါသ

---

၃။ **ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာ ၄-ပါး ဆိုထားလျက် စေတသိက်ပိုင်း၌ ၂-ပါးသာ ဆိုရခြင်း၏အကြောင်းကို ပြဆို၍၊ "မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာမည်" ဟု ဆိုကြရာ မနာလိုမှုနှင့် ဝန်တိုမှုတို့ အတူတကွ ဖြစ်နိုင်-မဖြစ်နိုင် အကြောင်းပြ ဆုံးဖြတ်ပါ။**

http://www.dhammadownload.com



**ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာ ၄-ပါး ဆိုထားပါလျက် စေတသိက်ပိုင်း၌ ၂-ပါးသာ ဆိုရခြင်း** (၁၉၉၅-၁)

**မနာလိုမှု(ဣဿာ) နှင့် ဝန်တိုမှု(မစ္ဆရိယ)တို့ အတူတကွ မဖြစ်နိုင်ပါ။** (၁၉၈၉-၁)

ဣဿာသည် - သူတစ်ပါးစည်းစိမ်ဥစ္စာ စသည်ကို ငြူစူခြင်း၊ မနာလိုခြင်း သဘော ဖြစ်သောကြောင့် ဗဟိဒ္ဓကို အာရုံပြု၏။

မစ္ဆရိယသည် - မိမိ၏စည်းစိမ်ဥစ္စာ စသည်ကို လျှို့ဝှက်ခြင်း၊ ဝန်တိုခြင်း သဘော ဖြစ်သောကြောင့် အဇ္ဈတ္တကို အာရုံပြု၏။

ဒေါသမူစိတ် ၂-ပါး၌ ထိုစေတသိက်များ ယှဉ်ရာဝယ် အာရုံချင်း မတူ ကွဲပြားသောကြောင့် အတူတကွ တစ်ပေါင်းတည်း မယှဉ်နိုင်ဘဲ အသီးသီး တစ်ပါးစီသာ ယှဉ်ရပါသည်။

---

**၂၀၀၀**

၁။ **အမိမောက္ခ၏ (က) အမိပွါယ်၊ (ခ) လက္ခဏာ၊ (ဂ) ဥပမာတို့ကို ဖော်ပြ၍ လိုချင်မှု သဘာဝချင်း တူညီကြသော ဆန္ဒနှင့် လောဘတို့၏ လိုချင်ပုံ ထူးခြားဟန်ကိုလည်း ဖြေဆိုခဲ့ပါ။**

**အမိမောက္ခ၏ အမိပွါယ်မှာ** အာရုံ၌ စွဲစွဲမြဲမြဲ တုန်လှုပ်ခြင်းမရှိဘဲ ဆုံးဖြတ်ခြင်းဖြစ်၏၊ အာရုံ၌ ဆုံးဖြတ်ခြင်း **လက္ခဏာ** ရှိ၏၊ မြဲမြံစွာ စိုက်ထူထားသော ကျောက်စာတိုင်, တံခါးတိုင်ဖြင့် **ဥပမာ**ပြ၏။

**ဆန္ဒ** - အာရုံကို အလိုရှိကာမျှ၊ ပြုလိုကာမျှသဘော ဖြစ်၏။
**လောဘ** - အာရုံ၌ ငြိကပ် တွယ်တာ တပ်မက်မှုပါသော လိုချင်မှု ဖြစ်၏။
ဤသို့ ထူးပါသည်။ **(၁၉၉၃-၂ လည်း ကြည့်)**

---

၂။ **မစ္ဆရိယသည် လောဘအရင်းခံ၍ ဖြစ်ပေါ်လာသည် ဖြစ်ပါလျက် ဒေါသမူစိတ်၌ ယှဉ်**

http://www.dhammadownload.com



**ရခြင်း၏အကြောင်းကို ဖော်ပြ၍ လောကီဝိရတီနှင့် လောကုတ္တရာဝိရတီတို့၏ တူဟန်, ထူးခြားဟန်တို့ကိုလည်း ဖြေဆိုခဲ့ပါ။**

**မစ္ဆရိယသည် လောဘအရင်းခံ၍ ဖြစ်ပေါ်လာသည် ဖြစ်ပါလျက်** မိမိစည်းစိမ်ကို သူတစ်ပါးတို့နှင့် ဆက်ဆံသည်ကို မလိုလားခြင်း၊ သည်းမခံနိုင်ခြင်းဟူသော ဒေါသသဘော ရောနှောပါဝင်လာ၍ မစ္ဆရိယဖြစ်ခိုက် အရင်းခံလောဘ ချုပ်ပြီး ဒေါသသဘော သက်ရောက်သဖြင့် ဒေါသမူစိတ်၌ ယှဉ်ရပါသည်။ **(၁၉၉၄-၂)**

**လောကီဝိရတီနှင့် လောကုတ္တရာဝိရတီတို့ -**

**တူဟန်မှာ** - ဒုစရိုက်, ဒုရာဇီဝတို့ကို ပြုလုပ်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်သည်။

**ထူးခြားဟန်မှာ** - လောကီဝိရတီသည် ဒုစရိုက်, ဒုရာဇီဝတို့ကို အသီးသီး တစ်ပါးစီသာ ပယ်နိုင်၏၊ တစ်ပြိုင်နက် အကြွင်းမဲ့ မပယ်နိုင်ပါ။
လောကုတ္တရာဝိရတီတို့မှာ ဒုစရိုက်, ဒုရာဇီဝတို့ကို တစ်ပြိုင်နက် အကြွင်းမဲ့ ပယ်နိုင်၏။

---

၃။ **အယူဝါဒလွဲမှားမှု ဒိဋ္ဌိနှင့် မိမိကိုယ်ကို အထင်ကြီးမှု မာနတို့သည် ဒေါသမူ, မောဟမူစိတ်တို့၌ မဖြစ် ဟူသောအဆိုကို ဋီကာဆရာအလိုကျ ဖြေဆိုပါ။**

**ဒိဋ္ဌိနှင့် မာနတို့သည် ဒေါသမူစိတ်, မောဟမူစိတ်တို့၌ မဖြစ်ကြပါ။**

ဒိဋ္ဌိသည် ခန္ဓာ ၅-ပါးကို "ငါ (အတ္တ)" ဟု စွဲပြီးလျှင် "ငါရှိ၏, ငါမြဲ၏" ဟု အမြင်မှား အယူမှားသောအားဖြင့် ဖြစ်၏။

မာနသည် ခန္ဓာ ၅-ပါးအပေါ် ငါစွဲ စွဲပြီးလျှင် "ငါ မြတ်၏၊ ငါ တတ်၏"ဟု ထောင်လွှားတက်ကြွသောအားဖြင့် ဖြစ်၏။

ထိုသို့ ခန္ဓာ ၅-ပါးအပေါ် စွဲလမ်းတပ်မက်မှုဟူသော လောဘလျှင် နီးစွာသော အကြောင်း ရှိသောကြောင့် လောဘမူစိတ်မှ တစ်ပါးသော ဒေါသမူ, မောဟမူစိတ်တို့၌ မယှဉ်ပါ။

---

http://www.dhammadownload.com



၂၀၀၁

၁။ **"စိတ်တူ သဘောတူ" ဟူသော လောကစကားကဲ့သို့ပင် အဘိဓမ္မာသဘာဝ၌လည်း စိတ်နှင့် ဖြစ်ပျက်တူသော နာမ်တရား၊ ရုပ်တရားတို့ကို ဖော်ပြ၍ ကာယပဿဒ္ဓိ စသည်တို့ကို နှစ်ပါးစီတွဲ၍ ဟောရခြင်း၏အကြောင်းကိုလည်း ရေးသားပါ။**

**စိတ်နှင့် ဖြစ်ပျက်တူသော နာမ်တရား** = စေတသိက်၊
**စိတ်နှင့် ဖြစ်ပျက်တူသော ရုပ်တရား** = ဝိညတ်ရုပ် ၂-ပါး၊

**ကာယပဿဒ္ဓိ စသည်တို့ကို နှစ်ပါးစီတွဲ၍ ဟောရခြင်းအကြောင်း**

သဒ္ဓါစသော စေတသိက်တို့သည် ဆန့်ကျင်ဘက်အကုသိုလ်တရားကို တစ်ပါးစီ(တစ်ပါးချင်း)သာ ပယ်နိုင်ကြ၏၊ ကာယပဿဒ္ဓိစသော စေတသိက်တို့ကား နှစ်ပါးတွဲမှသာ ဆန့်ကျင်ဘက်အကုသိုလ်တို့ကို ပယ်နိုင်သောကြောင့် နှစ်ပါးစီတွဲ၍ ဟောတော်မူ၏။

---

၂။ **"လုံ့လရှေ့ဆောင် ကြံတိုင်းအောင်" ဟူသော ဆိုရိုးစကားနှင့်အညီ ဖွဲလုံ့လရှိသူတို့၌ ဖြစ်လေ့ရှိသော စေတသိက်၏ (က) အဓိပ္ပါယ် (ခ) လက္ခဏာ၊ (ဂ) ဥပမာတို့ကို ဖြေဆို၍ သဝိတက္ကစိတ်၌ ဒွေပဉ္စဝိညာဏ်ကြဉ်ရခြင်းအကြောင်းကိုလည်း ရေးသားပါ။**

**ဖွဲလုံ့လရှိသူတို့၌ ဖြစ်လေ့ရှိသော စေတသိက်မှာ ဝီရိယ ဖြစ်ပါသည်။**

**(က) အဓိပ္ပါယ်** - ယှဉ်ဘက်သမ္ပယုတ်တရားတို့ကို ထိုထိုကိစ္စ၌ ဆုတ်နစ်လျော့ရဲမှု မရှိအောင် ထောက်ပံ့တတ်သောကြောင့် ဝီရိယ မည်ပါသည်၊ ရဲရင့်သောသူတို့၏အဖြစ်သည် ဝီရိယ မည်ပါသည်၊

**(ခ) လက္ခဏာ** - သဟဇာတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်းလက္ခဏာ ရှိပါသည်။

**(ဂ) ဥပမာ** - လဲပြိုခါနီး အိမ်အိုကြီးကို မလဲမပြိုအောင် ထောက်ထားသော ထောက်ကျားတိုင်နှင့် တူပါသည်။

**သဝိတက္ကစိတ်၌ ဒွေပဉ္စဝိညာဏ် ကြဉ်ရခြင်းအကြောင်း**

ဒွေပဉ္စဝိညာဏ်တို့သည် ပင်ကိုယ်သဘောအားဖြင့် ဝိတက်ကင်းသောကြောင့်

http://www.dhammadownload.com



သဝိတက္ကစိတ်၌ ဒွေပဉ္စဝိညာဏ် မယှဉ်ပါ၊ ဒွေပဉ္စဝိညာဏ်တို့တွင် ဝတ္ထုအာရုံတို့၏ ထိခိုက်မှုအစွမ်းသည် ထင်ရှားသောကြောင့် ထိုအာရုံများသို့ ဝိတက်က တင်ပေးဖွယ် မလိုပါ။

---

၃။ **ဝိရတီစေတသိက်တို့သည် လောကီစိတ်တို့၌ အမြဲမယှဉ်ဘဲ လောကုတ္တရာစိတ်တို့၌သာ အမြဲယှဉ်ရခြင်း၏အကြောင်းကို ရေးသား၍ သတ္တဝါတို့အပေါ်၌ သနားခြင်း၊ ဝမ်းမြောက်ခြင်းတို့သည် သန့်စင်မွန်မြတ်ပါလျက် အဘယ်ကြောင့် လောကုတ္တရာစိတ်၌ မယှဉ်ရပါသနည်း၊ ဖြေဆိုပါ။**

**ဝိရတီစေတသိက်တို့ လောကုတ္တရာစိတ်တို့၌ အမြဲယှဉ်ရခြင်း၏ အကြောင်း**

မဂ်သည် အလုံးစုံသောဒုစရိုက်တို့ကို တစ်ပြိုင်နက်သောခဏ၌ အကြွင်းမဲ့ ဖြတ်ခြင်း၏အစွမ်းဖြင့် ဖြစ်သောကြောင့်လည်းကောင်း၊ ဖိုလ်သည်လည်း မဂ်က အကြွင်းမဲ့ဖြတ်အပ်ပြီးသော ကိလေသာတို့ကို တစ်ဖန်ငြိမ်းစေခြင်း၏အစွမ်းဖြင့် ထိုမဂ်အားလျော်စွာသာလျှင် ဖြစ်သောကြောင့်လည်းကောင်း ဝိရတီစေတသိက်တို့သည် လောကုတ္တရာစိတ်တို့၌ အမြဲယှဉ်ကြပါသည်။

**သတ္တဝါတို့အပေါ်၌ သနားခြင်း(ကရုဏာ) ဝမ်းမြောက်ခြင်း(မုဒိတာ)တို့သည် သန့်စင်မွန်မြတ်ပါလျက် လောကုတ္တရာစိတ်တို့၌ မယှဉ်ပါ။** (၁၉၉၀-၃)

---

၂၀၀၂

၁။ **"ဝိတက်-ဝိစာရ-မနသိကာရ"တို့၏ ထူးခြားချက်ကို ရှင်းပြ၍ "ဆန္ဒခေါ်ပုံ"၊ "ဆန္ဒ၏ လက္ခဏာ"၊ "ဆန္ဒ၏ ဥပမာ"တို့ကိုလည်း ဖော်ပြပါ ။**

**ဝိတက်-ဝိစာရ-မနသိကာရ တို့၏ ထူးခြားချက်**

**ဝိတက်** - သမ္ပယုတ်တရားတို့ကို အာရုံသို့ရောက်အောင် ရှေ့ရှုတင်ပေးခြင်း သဘော၊ ကြံစည်ခြင်းလက္ခဏာ။

http://www.dhammadownload.com



**ဝိစာရ** - စိတ်၏ အာရုံ၌ လှည့်လည်ခြင်းသဘော၊ အာရုံကို အဖန်ဖန် အထပ်ထပ်သုံးသပ်ခြင်းလက္ခဏာ။

**မနသိကာရ** - စိတ်ကို အာရုံ၌ ထင်လာအောင် ပြုလုပ်ပေးခြင်းသဘော၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ဖြောင့်တန်းစွာ မောင်းနှင်ပေးခြင်း လက္ခဏာ။

(အမှာ ။ ။ မေးခွန်းအတိုင်း ဖြေခြင်း ဖြစ်ပါသည်၊ မှတ်စု၌ကား "ဝိတက်-စေတနာ-မနသိကာရ"တို့၏ ထူးခြားချက်သာ ပါပါသည်။)

**ဆန္ဒခေါ်ပုံ** - အလိုရှိခြင်းသည် ဆန္ဒမည်၏၊ အာရုံကို အလိုရှိကာမျှဖြစ်သောသဘောကို ဆန္ဒဟု ခေါ်၏။

**ဆန္ဒ၏လက္ခဏာ** - အာရုံတစ်ခုခုကို ပြုလိုခြင်း (ကတ္တုကမျတာ) လက္ခဏာ ရှိ၏။

**ဆန္ဒ၏ ဥပမာ** - (၁) လက်ကို ဆန့်တန်းခြင်း၊ လှမ်းယူခြင်းကဲ့သို့
(၂) ပစ်ရမည့်မြားကို ကောက်ယူသော လေးသမားကဲ့သို့။

---

၂။ **မြန်မာ့ယဉ်ကျေးမှုကို ဇီလာဆန့်ကျင်၍ ဝတ်စားဆင်ယင်လျက်ရှိသော မြန်မာအမျိုးသမီးကလေး၏သန္တာန်၌ ဖြစ်ပေါ်လျက်ရှိသော"စေတသိက်"တို့ကို ဖော်ပြ၍ ယင်းစေတသိက်တို့၏လက္ခဏာကိုလည်း ဖော်ပြပါ။**

**မြန်မာ့ယဉ်ကျေးမှုကို ဇီလာဆန့်ကျင်၍ ဝတ်စားဆင်ယင်လျက်ရှိသော မြန်မာအမျိုးသမီးကလေး၏သန္တာန်၌ ဖြစ်ပေါ်လျက်ရှိသော စေတသိက်တို့မှာ** အဟိရိကနှင့် အနောတ္တပ္ပတို့ ဖြစ်ကြပါသည်။
အဟိရိကသည် ကာယဒုစရိုက်စသည်မှ မစက်ဆုပ်ခြင်းလက္ခဏာ ရှိ၏။
အနောတ္တပ္ပသည် ကာယဒုစရိုက်စသည်မှ မကြောက်လန့်ခြင်းလက္ခဏာ ရှိ၏။

---

၃။ **"သမ္ပယောဂနည်း" "သင်္ဂဟနည်း"အထူးကို ဖော်ပြ၍၊ လောကုတ္တရာစိတ်၌ "အပ္ပမညာ" မယှဉ်နိုင်ခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။**

**သမ္ပယောဂနည်း နှင့် သင်္ဂဟနည်း အထူး**

စေတသိက်ကို မူတည်၍ ယှဉ်ရာစိတ်ကို ပိုင်းခြားပြသောနည်းသည်

http://www.dhammadownload.com



သမ္ပယောဂနည်း မည်၏။

စိတ်ကို မှူတည်၍ ယှဉ်သော စေတသိက်အစုကို ပိုင်းခြားပြသောနည်းသည် သင်္ဂဟနည်း မည်၏။

**လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်နိုင်ခြင်းအကြောင်း** (၁၉၉၀-၃)

---

၂၀၀၃

၁။ **"စိတ်တူ သဘောတူ"ဟု ဆိုသော်လည်း (က) စိတ်နှင့် အတူသာ ဖြစ်၍ အတူမချုပ်သောတရား၊ (ခ) စိတ်နှင့် အတူဖြစ်ချုပ်သော်လည်း အာရုံမတူသောတရားတို့ကို ဖော်ပြ၍၊ အယူလွဲမှားသူ၏သန္တာန်၌ ဉာဏ်ယှဉ်-မယှဉ်ကိုလည်း ဉာဏ်နှင့် ဒိဋ္ဌိတို့၏ ခြားနားချက်ကို ထောက်၍ ဆုံးဖြတ်ပါ။**

**"စိတ်တူ သဘောတူ"ဟု ဆိုသော်လည်း** (၁၉၉၉-၁)

**အယူလွဲမှားသူ၏သန္တာန်၌ ဉာဏ်မယှဉ်ပါ။** အကြောင်းမှာ -

**ဒိဋ္ဌိ** - သည် အာရုံ၏သဘောမှန်ကို စွန့်၍ မဟုတ်မမှန်သောအားဖြင့် နှလုံးသွင်းတတ်၊ သိတတ်၏။

**ဉာဏ်** - သည် အာရုံကို ဟုတ်မှန်သည့်အတိုင်း သဘာဝကျကျ နှလုံးသွင်းတတ်၊ သိတတ်၊ မြင်တတ်၏။

ဤသို့ သဘောအားဖြင့် ခြားနားသောကြောင့် ဖြစ်ပါသည်။

---

၂။ **"မကောင်းလည်း ကံ၊ ကောင်းလည်း ကံ"ဟု ဆိုရာ၌ ကံဟူသည် အဘယ်တရားနည်း၊ ယင်းတရား၏ (က) အဓိပ္ပါယ်၊ (ခ) လက္ခဏာ၊ (ဂ) ဥပမာနတို့ကို ရေး၍ အောက်ပါ စေတသိက်တို့ကို မှန်ကန်အောင် ရေးသားပါ။**

**(က) အလံနှင့် တူသော စေတသိက်**

**(ခ) တံခါးမှူးနှင့် တူသော စေတသိက်**

**ကံဟူသည် စေတနာ ဖြစ်ပါသည်။** (၁၉၉၀-၁)

http://www.dhammadownload.com



**(က) အလံနှင့် တူသော စေတသိက်** = မာန
**(ခ) တံခါးမှူးနှင့် တူသော စေတသိက်** = သတိ

---

၃။ **စိတ်ဆိုးနေသူတစ်ချို့မှာ ပြုံးရယ်နိုင်ကြရာ ပီတိသည် ဒေါသမူဒွေးနှင့် ယှဉ်သောသဘော ဟုတ်-မဟုတ် ရှင်းပြ၍ မဟဂ္ဂုတ်ပဥ္စမဈာန်စိတ်၌ အပ္ပမညာ မယှဉ်ရခြင်းအကြောင်းကိုလည်း ရှင်းပြပါ။**

**စိတ်ဆိုးနေသူတစ်ချို့မှာ ပြုံးရယ်နိုင်ကြသည် ဆိုရာ၌ ပီတိသည် ဒေါသမူဒွေးနှင့် ယှဉ်သောသဘော မဟုတ်ပါ။**

ပီတိသည် နှစ်သက်ခြင်းသဘော ရှိ၏၊ ဒေါသမူဒွေးကား ကြမ်းတမ်းခြင်းသဘော ရှိ၏၊ ဤသို့ သဘောအားဖြင့် ဆန့်ကျင်သောကြောင့် ပီတိသည် ဒေါသမူဒွေးနှင့် မယှဉ်နိုင်ပါ။

**မဟဂ္ဂုတ်ပဥ္စမဈာန်စိတ်၌ အပ္ပမညာ မယှဉ်ခြင်းအကြောင်း**

အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာတို့သည် တစ်ခါတစ်ရံမျှ သောမနဿနှင့် ကင်း၍ ဖြစ်ခြင်း မရှိသောကြောင့် ဥပေက္ခာသဟဂုတ် ဖြစ်သော မဟဂ္ဂုတ်ပဥ္စမဈာန်စိတ်တို့၌ အပ္ပမညာစေတသိက် မယှဉ်ပါ။

---

**၂၀၀၄**

၁။ **အကြမ်းဖက်သမားတို့၏သန္တာန်၌ ဖြစ်သော စေတသိက်နှင့် ထိုအကြမ်းဖက်ဝါဒကို ဆန့်ကျင်သူတို့၏သန္တာန်၌ ဖြစ်သော စေတသိက်တို့၏ (က) သဘောလက္ခဏာ (ခ) ဥပမာတို့ကို ဖြေ၍ ကာယပဿဒ္ဓိ၌ ကာယအရကိုလည်း ကောက်ပြပါ။**

**အကြမ်းဖက်သမားတို့၏သန္တာန်၌ ဖြစ်သော စေတသိက်မှာ** ဒေါသစေတသိက် ဖြစ်ပါသည်။ (၁၉၉၁-၂)
**ထိုအကြမ်းဖက်ဝါဒကို ဆန့်ကျင်သူတို့၏သန္တာန်၌ ဖြစ်သော စေတသိက်မှာ** အဒေါသစေတသိက် ဖြစ်ပါသည်၊ အဒေါသစေတသိက်၏

http://www.dhammadownload.com



(က) **သဘော** = ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သောသဘောတရား၊
(မခက်ထန် မကြမ်းတမ်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်းသဘောတရား)
**လက္ခဏာ** = မကြမ်းတမ်းခြင်းလက္ခဏာ၊
(ခ) **ဥပမာ** = အရာရာ၌ လိုက်လျော သဘောချင်းတူမျှသော မိတ်ဆွေကောင်း နှင့် တူပါသည်။

**ကာယပဿဒ္ဓိ၌ ကာယအရ** (၁၉၉၈-၁)

---

၂။ **လောကစာတ်ပညာတွင် မတွေ့မြင်ရသဲ ဗုဒ္ဓ၏အဘိဓမ္မာဒေသနာ၌သာ လာရှိသော အသိ ၃-မျိုးတို့၏သဘောသွားကို ဥပမာခင်း ရှင်းပြ၍ ကျောင်းသားတစ်ယောက်က စာမှတ်မိခြင်းသည် မည်သည့်အသိမျိုး ဖြစ်မည်ကိုလည်း ထင်မြင်ချက်ပေးပါ။**

**အသိ ၃-မျိုးတို့၏ သဘောသွား** (၁၉၉၀-၂)
**ကျောင်းသားတစ်ယောက်စာမှတ်မိခြင်းသည်** သညာသိ ဖြစ်ပါသည်။

---

၃။ **ဒုစရိုက်ပြုပြီး ဝိပ္ပဋိသာရ ဖြစ်သူ၏သန္တာန်၌ဖြစ်သော စေတသိက်သည် အဘယ့်ကြောင့် ဒေါသမူဒွေးနှင့်သာ ယှဉ်တွဲဖြစ်ရသည်ကိုလည်းကောင်း၊ လောကုတ္တရာစိတ်၌ အပ္ပမညာ စေတသိက်သည် အဘယ်ကြောင့် မယှဉ်ရသည်ကိုလည်းကောင်း လိုရင်းမိအောင် ဖြေပါ။**

**ဒုစရိုက်မှုပြုပြီး ဝိပ္ပဋိသာရ ဖြစ်သူ၏သန္တာန်၌ဖြစ်သော စေတသိက်မှာ-**
ကုက္ကုစ္စစေတသိက် ဖြစ်ပါသည်၊ ထိုစေတသိက်သည် ပြုအပ်ပြီးသော ဒုစရိုက် အာရုံ၌ ထိပါးချုပ်ချယ်ခြင်း (ဒေါသ)၏အစွမ်းဖြင့်သာလျှင် ဖြစ်သောကြောင့် ဒေါသမူ ဒွေး၌သာ ယှဉ်တွဲဖြစ်ရပါသည်။

**လောကုတ္တရာစိတ်၌ အပ္ပမညာစေတသိက် မယှဉ်ရခြင်း** (၁၉၉၀-၃) (၂၀၀၂-၃)

---

http://www.dhammadownload.com



## ၂၀၀၅

**၁။ ဗုဒ္ဓဘာသာသူတော်စင် စင်စစ်ဖြစ်ကြရာ၌ ပဓာနပါဝင်သော စေတသိက်အမည်ကို ဖော်ပြ၍ ယင်းစေတသိက်၏ သဘော, လက္ခဏာ, ဥပမာတို့ကိုလည်း ဖြေဆိုပါ။**

**ဗုဒ္ဓဘာသာသူတော်စင် စင်စစ်ဖြစ်ကြရာ၌ ပဓာနပါဝင်သော စေတသိက်မှာ** သဒ္ဓါစေတသိက် ဖြစ်ပါသည်။

သဘော = ရတနာ ၃-ပါး, ကံကံ၏အကျိုးတရားစသည်တို့၌ ယုံကြည်တတ်သော သဘော၊
(တစ်နည်း) ဘုရားအစရှိသော ကောင်းသောအာရုံတို့၌ ကြည်ညိုခြင်းသဘော၊

လက္ခဏာ = ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်း လက္ခဏာ၊

ဥပမာ = ရေနောက်ကို ကြည်လင်စေတတ်သော စကြဝတေးမင်း၏ ပတ္တမြား ရတနာကဲ့သို့၊

---

**၂။ အကုသိုလ်ပြတိုင်း ပါဝင်သော အကုသိုလ်စေတသိက်တို့၏ ပါဝင်ပုံအခြင်းအရာတို့ကို စုံစုံညီညီ ယှဉ်တွဲဖော်ပြ၍ ကရုဏာ, မုဒိတာတို့၏ ပစ္စေကယှဉ်ပုံကိုလည်း သိသာရုံမျှ ဖြေဆိုပါ။** (၁၉၉၆-၃) နှင့် (၁၉၉၃-၃)

---

**၃။ အပ္ပမညာနှင့် ဝိရတီစေတသိက်တို့၏ မဟာဝိပါက်စိတ်၌ မယှဉ်နိုင်ပုံကို ရှင်းပြ၍ ဝိရတီစေတသိက်တို့၏ အထူးပြုပုံကိုလည်း ဖြေဆိုပါ။**

**အပ္ပမညာစေတသိက်တို့ မဟာဝိပါက်စိတ်၌ မယှဉ်နိုင်ခြင်း** (၁၉၉၃-၃)

**ဝိရတီစေတသိက်တို့ မဟာဝိပါက်စိတ်၌ မယှဉ်နိုင်ခြင်း**

လောကီဝိရတီစေတသိက်တို့သည် ကုသိုလ်သဘော ရှိ၏၊ မဟာဝိပါက်စိတ်သည် အဗျာကတသဘော ရှိ၏၊ ဤသို့ ဇာတ်သဘော ကွဲပြားသောကြောင့် ဝိရတီစေတသိက်တို့သည် မဟာဝိပါက်စိတ်၌ မယှဉ်နိုင်ပါ။

http://www.dhammadownload.com



**ဝိရတီစေတသိက်တို့ အထူးပြုပုံ**

ဝိရတီစေတသိက်တို့သည် ကာမဝစရကုသိုလ်စိတ်တို့၌သာ ယှဉ်၍ ဝိပါက်, ကြိယာစိတ်တို့၌ မယှဉ်သောကြောင့် ကုသိုလ်စိတ်တို့မှ ဝိပါက်, ကြိယာစိတ်တို့ကို အထူးပြုပါသည်၊ ဤသို့ဖြင့် ကာမသောဘနစိတ်ချင်း ကွဲပြားထူးခြားအောင် ပြုပါသည်။

---

၂၀၀၆

**၁။ စေတသိက်သည် စိတ်နှင့်ယှဉ်၏-ဟုဆိုရာ အဘယ်ကဲ့သို့ ဖြစ်ခြင်းကို ယှဉ်သည်-ဟု ဆိုပါသနည်း, ဖြေဆို၍ ဉာဏ်နှင့် ဒိဋ္ဌိတို့၏ ထူးခြားဟန်ကိုလည်း ပေါ်လွင်ထင်ရှားအောင် ရေးသား ဖြေဆိုပါ။**

**စေတသိက်သည် စိတ်နှင့် ယှဉ်၏-ဟုဆိုရာ**

(၁) ဧကုပ္ပါဒ = စိတ်နှင့် အတူဖြစ်ခြင်း၊
(၂) ဧကနိရောဓ = စိတ်နှင့် အတူချုပ်ခြင်း၊
(၃) ဧကာလမ္ဗဏ = စိတ်နှင့် အာရုံတူခြင်း၊
(၄) ဧကဝတ္ထုက = စိတ်နှင့် မှီရာတူခြင်း ဟူသော စေတောယုတ္တလက္ခဏာနှင့် ပြည့်စုံခြင်းကို "ယှဉ်သည်"ဟု ဆိုပါသည်။

**ဉာဏ်နှင့် ဒိဋ္ဌိအထူး** (၂၀၀၃-၁)

---

**၂။ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုပါလျက် ထိုဆင်းရဲဒုက္ခ မကင်းပျောက်ခဲ့လျှင် ကရုဏာဟု ဆိုနိုင်/မဆိုနိုင် အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ဝိရတိယော နာမ-၌ ဝိရတီ၏အဓိပ္ပါယ်နှင့် အပြားတို့ကိုလည်း ရေးသားဖြေဆိုခဲ့ပါ ။**

**ကရုဏာဟူသည်** သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်နိုင်သည်ဖြစ်စေ, မပယ်ဖျောက်နိုင်သည်ဖြစ်စေ သူတစ်ပါးတို့၏ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုခြင်းလက္ခဏာ ရှိသောကြောင့် သူတစ်ပါးတို့၏ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုပါလျက် ထိုဆင်းရဲဒုက္ခ မကင်းပျောက်သော်လည်း ကရုဏာဟု ဆိုနိုင်ပါသည်။

http://www.dhammadownload.com



**ဝိရတီ၏ အဓိပ္ပါယ်**

အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်သော ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါး၊ အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါး တို့မှ ရှောင်ကြဉ်တတ်သောကြောင့် ဝိရတီ မည်ပါသည်။

**ဝိရတီအပြား**

(၁) သမ္မာဝါစာဝိရတီ (၂) သမ္မာကမ္မန္တဝိရတီ (၃) သမ္မာအာဇီဝဝိရတီအားဖြင့် ၃-ပါးအပြား ရှိပါသည်။

---

**၃။ ကာမနယ်ပယ်တွင် သနားခြင်းနှင့် ဝမ်းမြောက်ခြင်းသည် အတူတကွ ယှဉ်တွဲ၍ ဖြစ်နိုင် /မဖြစ်နိုင် အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ . . .**

**သနားခြင်း(ကရုဏာ)နှင့် ဝမ်းမြောက်ခြင်း(မုဒိတာ)တို့သည် ကာမနယ်ပယ်တွင် အတူတကွ ယှဉ်တွဲ၍ မဖြစ်နိုင်ပါ။** အကြောင်းမှာ - ကရုဏာသည် ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုပြီး၊ မုဒိတာသည် သုခိတသတ္တဝါပညတ်ကို အာရုံပြု၏၊ ဤသို့ အာရုံချင်း မတူသောကြောင့် ကာမနယ်ပယ်ဖြစ်သော မဟာကုသိုလ်စိတ်နှင့် မဟာကြိယာစိတ်တို့တွင် အတူတကွ ယှဉ်တွဲ၍ မဖြစ်နိုင်ပါ။

---

**၂၀၀၇**

**၁။ . . . "ဒေါသကြီးသည်၊ ကြမ်းတမ်းသည်"ဟူသော စကားနှစ်ခုမှာ ထူးခြားမှု ရှိ/မရှိ အဘိဓမ္မာအမြင်ဖြင့် ဖြေဆိုခဲ့ပါ။**

**"ဒေါသကြီးသည်၊ ကြမ်းတမ်းသည်"ဟူသော စကားနှစ်ခုမှာ ထူးခြားမှု ရှိ/မရှိ**

ဒေါသစေတသိက်၏သဘောမှာ မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ဖျက်ဆီးတတ်သောသဘော၊ (တစ်နည်း) မိမိတည်ရာပုဂ္ဂိုလ်နှင့် စိတ်ကို ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်သောသဘော ဖြစ်ပြီး၊ တုတ်ဖြင့် ပုတ်ခတ်အပ်သော မြွေဟောက်ကဲ့သို့ ခက်ထန်ကြမ်းတမ်းခြင်းလက္ခဏာ ရှိပါသည်၊ ထို့ကြောင့် "ဒေါသကြီးသည်၊

http://www.dhammadownload.com



ကြမ်းတမ်းသည်”ဟူသော စကားနှစ်ခုမှာ အဘိဓမ္မာအမြင်ဖြင့် ထူးခြားမှု မရှိပါ။

---

၂။ **စိတ်မှာ အဟိတ်စိတ် ရှိသကဲ့သို့ စေတသိက်မှာ အဘယ့်ကြောင့် အဟိတ်စေတသိက် မရှိပါသနည်း, အကြောင်းပြ ဖြေဆို၍ အဒေါသဖြင့် မေတ္တာ၊ တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူရခြင်း၏အကြောင်းကိုလည်း ရှင်းလင်းဖြေဆိုပါ။**

**အဟိတ်စေတသိက် မရှိခြင်း**

အဟိတ်စိတ်၌သာ သီးခြားယှဉ်သောစေတသိက် မရှိခြင်းကြောင့် အဟိတ်စေတသိက် မရှိခြင်း ဖြစ်ပါသည်။

**အဒေါသဖြင့် မေတ္တာကို ယူရခြင်း** (၁၉၉၅-၁)

---

၃။ **အသိတရားသည် လူသားတို့အား ကျေးဇူးများသောကြောင့် “သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ”ဟူသော အဘိဓမ္မာလာ စကားရပ်တို့၏ အသိတရားထူးခြားဆန်းကြယ် ကွဲပြားမှုကို ဥပမာပြ၍ လူအများ နားလည်အောင် ရှင်းပြခဲ့ပါ။** (၁၉၉၀-၂)

---

၃။ **“ရုပ်နာမ်မေ့၊ သဒ္ဒါရကို၊ ငါ-ဟု ထောင်လွှား၊ အမြင်များကာ ဖြစ်ကုန်စွာ၏” ဟုဆိုရာ၌ မာနနှင့် ဒိဋ္ဌိတို့သည် တူသောသဘော ရှိသောကြောင့် တစ်ခုသောစိတ္တုပ္ပါဒ်၌ အတူတကွ ဖြစ်နိုင်/ မဖြစ်နိုင် ဥပမာအားဖြင့် ထင်စွာပြ၍ ဖြေဆိုခဲ့ပါ။** (၁၉၉၂-၂)

---

၂၀၀၈

၁။ **. . . “အရှက်အကြောက် ကြီးလွန်းတယ်” ဟူသောစကား၌ အရှက်အကြောက်တို့၏ သဘောသဘာဝအားဖြင့် ခြားနားပုံကို ဥပမာပြ၍ ရှင်းလင်းဖြေဆိုပါ။** (၁၉၉၆-၂)

---

၂။ **မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလည်းမရ ဆင်းရဲကြသောပုဂ္ဂိုလ်များ၏ ဆင်းရဲမှုကင်းပျောက် စေတတ်သောတရားများကို အဘိဓမ္မာအမြင်ဖြင့် ဖော်ပြပြီးလျှင်၊ မုဆိုး- မုဆိုးမ- သူခိုးစသည်**

http://www.dhammadownload.com



**တို့သည် ဒုစရိုက်မှုကိုစွန့်၍ မိမိတို့ရရှိထားသောပစ္စည်းတွေကို မစွန့်ဘဲ သုံးစွဲနေပါလျှင် သမ္မာအာဇီဝ ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပိုင်ပိုင် ဆုံးဖြတ်ပြပါ။**

**မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလည်းမရ ဆင်းရဲကြသောပုဂ္ဂိုလ်များ၏ ဆင်းရဲမှု ကင်းပျောက်စေတတ်သောတရားများမှာ** - အလောဘ အဒေါသ အမောဟတို့ ဖြစ်ပါသည်။

**သူခိုးစသည်တို့သည် ဒုစရိုက်မှုကို စွန့်၍ မိမိတို့ရရှိထားသောပစ္စည်းတွေကို မစွန့်ဘဲ သုံးစွဲနေပါလျှင် သမ္မာအာဇီဝ ဖြစ်နိုင်ပါသည်။**

သမ္မာအာဇီဝဖြစ်မှု၌ ရရှိထားသောပစ္စည်းကို စွန့်လွှတ်မှုသည် ပဓာန မဟုတ်ပေ၊ ဒုစရိုက်မှုကို စွန့်လွှတ်မှုသည်သာ ပဓာန ဖြစ်ပါသည်၊ ထို့ကြောင့် အသက်မွေးမှုနှင့်စပ်သော ဒုစရိုက်မှုကို စွန့်လွှတ်ရှောင်ကြဉ်လိုက်သည်နှင့် တစ်ပြိုင်နက် သမ္မာ-အာဇီဝဝိရတီ ဖြစ်နိုင်ပါသည်။

---

၃။ **မဟာကုသိုလ်စိတ် သင်္ဂဟနည်း၌ အပ္ပမညာ ဝိရတီတို့သည် အသီးသီး တစ်ခုစီ တစ်ခုစီ ယှဉ်ရခြင်းအကြောင်းကို ဖြေဆိုပြီး၊ မဟာကြိယာစိတ်၌ ဝိရတီကြဉ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**မဟာကုသိုလ်စိတ် သင်္ဂဟနည်း၌ အပ္ပမညာ ဝိရတီတို့သည် အသီးသီး တစ်ခုစီ တစ်ခုစီ ယှဉ်ရခြင်းအကြောင်း**

အပ္ပမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုကြသောကြောင့်လည်းကောင်း၊ ဝိရတီတို့သည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုကြသောကြောင့်လည်းကောင်း အပ္ပမညာ ဝိရတီတို့သည် စိတ္တုပ္ပါဒ်တစ်ခုတည်း၌ အတူတကွ မဖြစ်နိုင်ကြဘဲ အသီးသီး တစ်ခုစီ တစ်ခုစီ ယှဉ်ရခြင်း ဖြစ်ပါသည်။

**(အမှာ ။ ။ မဟာကုသိုလ်စိတ် သင်္ဂဟနည်း-ဟု မေးသဖြင့် အထက်ပါအတိုင်း ဖြေခြင်း ဖြစ်ပါသည်၊ သမ္ပယောဂနည်းရှုဒေါင့်ကလည်း လေ့ကျင့်ထားပါ။)**

**မဟာကြိယာစိတ်၌ ဝိရတီကြဉ်ရခြင်းအကြောင်း** (၁၉၉၅-၃)

---

http://www.dhammadownload.com



## ၂၀၀၉

၁။ **စိတ်ကိုမှီတွယ် ခြယ်လှယ်တတ်သော စေတသိက်တို့၏ လက္ခဏာလေးပါးတွင် ဧကဝတ္ထုက သဒ္ဒါ ထည့်ဆိုရခြင်းအကျိုးကို ရေးသားဖြေဆို၍၊ ဒိဋ္ဌိနှင့် မာနတို့၏ စိတ်တစ်ခုတည်း၌ မဖြစ်နိုင်ပုံကိုလည်း ဥပမာဆောင်၍ ပေါ်လွင်အောင် ရေးသားခဲ့ပါ။** (၁၉၉၉ - ၁) (၁၉၉၂ -၂)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ **အသက်မွေးမှုကိုအကြောင်းပြု၍ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင်သမ္မာဝါစာဝိရတီ ဖြစ်မဖြစ် စိစစ်ဖြေဆို၍၊ ဉာဏ်နှင့် ဒိဋ္ဌိတို့၏အထူးကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။**

**အသက်မွေးမှုကို အကြောင်းပြု၍ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင်သမ္မာဝါစာဝိရတီ မဖြစ်ပါ။**

"အသက်မွေးမှုလျှင် အကြောင်း မရှိသော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တတ်သောသဘောသည် သမ္မာဝါစာဝိရတီ မည်၏" ဟု ဖွင့်ဆိုချက်အရ အသက်မွေးမှုကို အကြောင်းပြု၍ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာဝိရတီ မဖြစ်ပါ။ (သမ္မာအာဇီဝဝိရတီသာ ဖြစ်ပါသည်။)

**ဉာဏ်နှင့် ဒိဋ္ဌိတို့၏ အထူး** (၂၀၀၃-၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၃။ **"သောကသည် ကရုဏာ ယောင်ဆောင်သည်" ဟု ဆိုကြရာ ကရုဏာအစစ်၏ သဘောလက္ခဏာကို ဋီကာကျော်နှင့်အညီ ရေးသားဖြေဆို၍၊ ပညိန္ဒြေ၌ (က) ပညာမည်ခြင်း၏ အကြောင်း၊ (ခ) ဣန္ဒြေမည်ခြင်း၏ အကြောင်းတို့ကိုလည်း မှန်ကန်စွာဖြေဆိုခဲ့ပါ။**

**ကရုဏာအစစ်၏ သဘောလက္ခဏာ**

သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုခြင်းလက္ခဏာ ရှိပါသည်။

**ပညိန္ဒြေ၌**

**(က) ပညာမည်ခြင်း** = အမျိုးမျိုးအစားစား အပြားအားဖြင့် သိတတ်၊ အနိစ္စစသည်တို့၏အစွမ်းဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ပညာ မည်၏။

http://www.dhammadownload.com



**(ခ) ဣန္ဒြေမည်ခြင်း** = ထိုပညာသည်ပင် အနိစ္စစသော သာမညလက္ခဏာ၊ ကက္ခဠတ္တ ဖုသန စသော ဝိသေသလက္ခဏာ ဟူသော ဟုတ်မှန်သော သဘောကို ထိုးထွင်း၍ သိခြင်း၌ အစိုးရသောကြောင့် ဣန္ဒြေလည်း မည်၏။

---

၂၀၁၀

၁။ **"စေတနာကောင်းလျှင် ကံကောင်း၏" ဟု လူအများပြောဆိုကြရာ စေတနာ၏အဓိပ္ပါယ်ကို နည်းစုံအောင် ရေးသားဖြေဆို၍၊ ဝိတက်, စေတနာ, မနသိကာရတို့၏ အထူးကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။**

**စေတနာ၏အဓိပ္ပါယ်** (၁၉၉၀-၁)

**ဝိတက်, စေတနာ, မနသိကာရတို့၏ အထူး**

**ဝိတက်သည်** တကွဖြစ်ဘက်တရားတို့ကို အာရုံ၌ ရှေးရှုတင်ပေးခြင်းသဘော ရှိသောကြောင့် ထိုတကွဖြစ်ဘက်တရားတို့ကို အာရုံ၌ ထည့်သွင်းသကဲ့သို့ ဖြစ်၏။

**စေတနာသည်** မိမိကိုယ်တိုင် အာရုံကိုယူခြင်းဖြင့် ဝိတက်သည် တင်ပေးအပ်ပြီးဖြစ်သော တကွဖြစ်ဘက်တရားတို့ကို ထိုထိုအာရုံ၌ တိုက်တွန်းနှိုးဆော်တတ်သော စစ်ဗိုလ်ချုပ်ကြီးနှင့် တူ၏။

**မနသိကာရသည်** ထိုတကွဖြစ်ဘက်တရားတို့ကို အာရုံ၌ ရှေးရှုတင်စေတတ်သောကြောင့် အာဇာနည်သိန္ဓောမြင်းတို့ကို ဖြောင့်ဖြောင့်သွားအောင် ယှဉ်စေတတ် မောင်းနှင်တတ်သော ရထားထိန်းနှင့် တူ၏၊ ဤသို့ ထူးပါသည်။

---

၂။ **မိမိထက် အသိပညာ, အတတ်ပညာ, ရုပ်အဆင်းတို့၌ သာလွန်သောပုဂ္ဂိုလ်ကို တွေ့လျှင် ဝမ်းမမြောက်နိုင်ဘဲ မနာလိုမှုဖြစ်သော ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်သောစေတသိက်ကို တိကျစွာ ထုတ်ပြ၍၊ ၎င်းစေတသိက်၏ (က) အဓိပ္ပါယ်၊ (ခ) လက္ခဏာတို့ကိုလည်း မှန်ကန်စွာ ဖြေဆိုခဲ့ပါ။**

http://www.dhammadownload.com



**မိမိထက် အသိပညာ၊ အတတ်ပညာ၊ ရုပ်အဆင်းတို့၌ သာလွန်သောပုဂ္ဂိုလ်ကို တွေ့လျှင် ဝမ်းမမြောက်နိုင်ဘဲ မနာလိုမှုဖြစ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သောစေတသိက်မှာ**
- ဣဿာ ဖြစ်ပါသည်။

**(က) ဣဿာ၏အဓိပ္ပါယ်**

သူတစ်ပါးစည်းစိမ်ကို ငြူစူတတ် မနာလိုတတ်သောသဘော ဖြစ်ပါသည်။

**(ခ) ဣဿာ၏လက္ခဏာ**

သူတစ်ပါးစည်းစိမ်ချမ်းသာကို ငြူစူခြင်း မနာလိုခြင်းလက္ခဏာ ရှိပါသည်။

---

၃။ **"နတ်၊ ဘိုးတော်စသော ပုဂ္ဂိုလ်တို့ကို ကိုးကွယ်လျှင် စီးပွားဥစ္စာတိုးတက်သည်"ဟု ယုံကြည်၍ ထိုနတ်၊ ဘိုးတော်တို့ကို ကိုးကွယ်သောပုဂ္ဂိုလ်၏ ယုံကြည်ခြင်းသည် သဒ္ဓါတရားအစစ် ဖြစ်/မဖြစ် ဗုဒ္ဓအမြင်ဖြင့် သုံးသပ်ဖြေဆို၍၊ "သဗ္ဗထာပိ နိယတာ ဧကတော၀ လဗ္ဘန္တိ" ၌ အောက်ပါတို့၏ အဓိပ္ပါယ်ကို ဋီကာဆရာအလိုကျ ဖြေဆိုခဲ့ပါ။**

(က) သဗ္ဗထာပိ၊ (ခ) ဧကတော။

**နတ်ဘိုးတော်တို့ကို ကိုးကွယ်သောပုဂ္ဂိုလ်၏ယုံကြည်ခြင်းသည် သဒ္ဓါတရားအစစ် မဖြစ်ပုံ**

သဒ္ဓါဟူသည် ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံကြည်ခြင်း ဖြစ်၏၊ ထို့ကြောင့် နတ်ဘိုးတော်တို့ကို ကိုးကွယ်သောပုဂ္ဂိုလ်၏ယုံကြည်ခြင်းသည် သဒ္ဓါတရားအစစ် မဖြစ်ပါ။

**(က) သဗ္ဗထာပိ၏ အဓိပ္ပါယ်**

လောကုတ္တရာဝိရတီ ၃-ပါးတို့၏ ထိုထိုဒုစရိုက်၊ ဒုရာဇီဝတို့၏ ဆန့်ကျင်ဘက် အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို ဆိုလိုပါသည်။

**(ခ) ဧကတော၏ အဓိပ္ပါယ်**

မဂ်ဖြင့် ထိုထိုဒုစရိုက်၊ ဒုရာဇီဝတို့ကို တစ်ပြိုင်နက် ပယ်ဖြတ်ခြင်း၏ အစွမ်းဖြင့် လောကုတ္တရာဝိရတီ ၃-ပါးတို့၏တစ်ပေါင်းတည်းဖြစ်ခြင်းကို ဆိုလိုပါသည်။

---

http://www.dhammadownload.com



## ၂၀၁၁

**၁။ ပုဂ္ဂိုလ်တစ်ဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးအား ပြောဆိုတိုက်တွန်းမှု မပါဘဲ ကြီးပွားချမ်းသာစေလိုခြင်းသည် မုချအားဖြင့် စေတနာ ဟုတ်မဟုတ် အဘိဓမ္မာနည်းအရ စစ်တမ်းထုတ်၍ ဖြေဆိုပြီးလျှင်၊ သဒ္ဓါစစ်နှင့် သဒ္ဓါတုကိုလည်း ပေါ်လွင်ထင်ရှားအောင် ရေးသားဖြေဆိုခဲ့ပါ။**

**ပုဂ္ဂိုလ်တစ်ဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးအား ပြောဆိုတိုက်တွန်းမှု မပါဘဲ ကြီးပွားချမ်းသာစေလိုခြင်းသည် မုချအားဖြင့် စေတနာ မဟုတ်ပါ။** ကုသလစ္ဆန္ဒခေါ် သမ္မာဆန္ဒသာ ဖြစ်ပါသည်၊ ထိုသမ္မာဆန္ဒကို အခြေခံကာ ကြီးပွားချမ်းသာကြောင်းနည်းလမ်းကောင်းများကို ပြောဆိုညွှန်ကြားလျက် တိုက်တွန်းသောအခါမှသာ စေတနာ ဖြစ်ပါသည်။

**သဒ္ဓါစစ်နှင့် သဒ္ဓါတု**

ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန်ဟူသော ရတနာသုံးတန်၊ ကံကံ၏အကျိုး၊ ပစ္စုပ္ပန်ဘဝ တမလွန်ဘဝများကို ယုံကြည်မှုသည်သာ သဒ္ဓါစစ် ဖြစ်၍၊ ဘုရားတု ဘုရားယောင်, တရားတု တရားယောင်, သံဃာတု သံဃာယောင်စသည်တို့ကို ယုံကြည်မှုမျိုးသည် သဒ္ဓါတု (မိစ္ဆာဓိမောက္ခ) ဖြစ်ပါသည်။

---

**၂။ ဝိရတီစေတသိက်တို့သည် ဖိုလ်စိတ်တို့၌ အမြဲတမ်း အတူတကွဖြစ်ရခြင်း၏အကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏သဘောအဓိပ္ပါယ်ကိုလည်း သိသာပေါ်လွင်အောင် ဖြေဆိုခဲ့ပါ - (က) ဒုစရိုက် (ခ) ဒုရာဇီဝ။**

**ဝိရတီစေတသိက်တို့ ဖိုလ်စိတ်၌ အမြဲတမ်းအတူတကွဖြစ်ခြင်းရခြင်းအကြောင်း** (၂၀၀၁-၃)

**(က) ဒုစရိုက် နှင့် (ခ) ဒုရာဇီဝတို့၏ သဘော**

မကောင်းဆိုးသွမ်းစွာ ကျင့်အပ်သောအမှုသည် ဒုစရိုက် မည်၏၊ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး ရှိပါသည်၊ ထိုအမှုတို့သည် အသက်မွေးဝမ်းကြောင်းနှင့် မသက်ဆိုင်လျှင် ဒုစရိုက်သာ မည်၏၊ ထိုအမှု ၇-ပါးတို့သည်ပင် အသက်မွေးဝမ်းကြောင်းနှင့် သက်ဆိုင်လျှင် ဒုရာဇီဝ မည်ပါသည်။

---

http://www.dhammadownload.com



၃။ **သနားခြင်း, ဝမ်းမြောက်ခြင်းတို့သည် အရူပကုသိုလ်ကံနှင့် ယှဉ်သောစိတ်တို့၌ ယှဉ်နိုင် မယှဉ်နိုင် အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ ဣဿာနှင့် မစ္ဆရိယတို့၏ အတူတကွ မဖြစ်နိုင် ခြင်း၏အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**သနားခြင်း, ဝမ်းမြောက်ခြင်းတို့သည် အရူပကုသိုလ်ကံနှင့်ယှဉ်သောစိတ်တို့၌ မယှဉ်နိုင်ပါ။**

အရူပကုသိုလ်ကံနှင့် ယှဉ်သောစိတ်သည် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ပါသည်၊ အပ္ပနာသို့ရောက်သော အပ္ပမညာတို့သည် တစ်ခါတစ်ရံမျှ သောမနဿနှင့်ကင်း၍ မဖြစ်သောကြောင့် သနားခြင်း(ကရုဏာ), ဝမ်းမြောက်ခြင်း(မုဒိတာ)တို့သည် အရူပ ကုသိုလ်ကံနှင့် ယှဉ်သောစိတ်တို့၌ မယှဉ်နိုင်ပါ။

**ဣဿာနှင့် မစ္ဆရိယတို့၏ အတူတကွ မဖြစ်နိုင်ခြင်းအကြောင်း** (၁၉၉၉-၃)

---

၂၀၁၂

၁။ **ဖဿသည် နာမ်တရားဖြစ်၍ အာရုံကို တွေ့ထိတတ်သောသဘော မရှိသည် ဖြစ်ပါလျက် အဘယ့်ကြောင့် ဖဿကို တွေ့ထိခြင်းလက္ခဏာ ရှိသည်ဟု ဆိုရပါသနည်း? ဥပမာနှင့် တကွ ဖြေဆို၍၊ အာရုံကို အလိုရှိပုံချင်း တူသော ဆန္ဒနှင့် လောဘအထူးကိုလည်း ရေး သားခဲ့ပါ။**

**ဖဿသည် နာမ်တရားဖြစ်၍ အာရုံကို တွေ့ထိတတ်သောသဘော မရှိသည် ဖြစ်ပါလျက် ဖဿကို တွေ့ထိခြင်းလက္ခဏာ ရှိသည်ဟု ဆိုရခြင်းအကြောင်း**

ဖဿသည် နာမ်တရားဖြစ်၍ အာရုံကိုတွေ့ထိတတ်သောသဘော မရှိသည်ဖြစ် သော်လည်း အာရုံ၌ တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်တတ်သောကြောင့် ဖဿ ကို တွေ့ထိခြင်းလက္ခဏာ ရှိသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဖဿ၏ အာရုံ၌ တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်ပုံမှာ ချဉ်သီးစားနေသူ ကို မြင်ရသော အခြားသူတစ်ယောက်၏ ခံတွင်းချဉ်၍ တံတွေးယိုသကဲ့သို့ ဖြစ်ပါ သည်။

**ဆန္ဒနှင့် လောဘအထူး** (၂၀၀၀-၁)

---

http://www.dhammadownload.com



**၂။ "မေတ္တာ ခြံမှ လုံသည်" ဟူသော စကားအရ အဘယ်သို့သဘောရှိသော အဘယ်တရားသည် "မေတ္တာ" မည်ပါသနည်း? ဋီကာကျော်အရ ဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ရေးသားခဲ့ပါ။**

**(က) ကရုဏာ (ခ) မုဒိတာ**

**မေတ္တာ** - သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောသဘော ရှိသော အဒေါသစေတသိက်သည် မေတ္တာ မည်ပါသည်။

**(က) ကရုဏာ** - သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို မြင်ရသည်ရှိသော် သူတော်ကောင်းတို့၏ စိတ်နှလုံးပင်ပန်းခြင်းကို ပြုတတ်ဖြစ်စေတတ်သောကြောင့် ကရုဏာ မည်ပါသည်။

**(ခ) မုဒိတာ** - မုဒိတာနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့၏ (တစ်နည်း) သမ္ပယုတ်တရားတို့၏ဝမ်းမြောက်ကြောင်း ဖြစ်သောကြောင့် မုဒိတာ မည်ပါသည်။

---

**၃။ မိတ်ဆွေသင်္ဂဟတို့အား ပေးရချေးငှားရမည်စိုး၍ မိမိပိုင်ပစ္စည်းများကို လျှို့ဝှက်သိမ်းဆည်းနေသူသန္တာန်၌ ဖြစ်သော အကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြ၍၊ ထောင်လွှားတက်ကြွ, မြင့်လွန်းလှသော မာန်မာနစေတသိက်တရား၏ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌သာ ရအပ်ခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**မိမိပိုင်ပစ္စည်းများကို လျှို့ဝှက်သိမ်းဆည်း နေသူသန္တာန်၌ ဖြစ်သော အကုသိုလ်စိတ်မှာ-**

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ် ဖြစ်ပါသည်။

**မာနစေတသိက်တရား၏ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌သာ ရအပ်ခြင်းအကြောင်း**

မာနသည် ဒိဋ္ဌိနှင့် အတူတကွ တစ်ခုတည်းသောစိတ္တုပ္ပါဒ်၌ မဖြစ်နိုင်ပါ၊ ဒေါသမူ, မောဟမူစိတ်တို့၌လည်း မဖြစ်နိုင်ပါ၊ ထို့ကြောင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌သာ ရအပ်ပါသည်။ (၁၉၉၂-၂ လည်း ကြည့်ပါ)

---

http://www.dhammadownload.com



## ၂၀၁၃

၁။ **မြန်မာနိုင်ငံ၌ 'မျိုးစောင့်ဥပဒေ' အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ပေးသည့် သူတော်စင်တို့ သန္တာန်၌ဖြစ်သော စေတနာ၏ (က) သဘောအဓိပ္ပါယ် (ခ) လက္ခဏာ (ဂ) တူသောဥပမာ-တို့ကို အသီးသီး ဖြေဆိုပါ။** (၁၉၉၀-၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ **လူ့လောက၌ အသိသုံးပါး-ဟု ခေါ်ဆိုနေကြသော 'သညာ, ဝိညာဉ်, ပညာ' သုံးပါးတို့၏ အထူးကို ဂုဏ်ထူးဆောင်ဝီသစွာ ဥပမာပြ ဖြေဆိုပါ။** (၁၉၉၀-၂)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၃။ **မြန်မာလူမျိုးတို့ တွင်ကျယ်စွာ ပြောနေကြသည့် 'သမ္မာအာဇီဝ' ဟူသည် ကောင်းသော အသက်မွေးခြင်းကို ဆိုပါသလော? အဘယ်ကို သမ္မာအာဇီဝ ဆိုပါသနည်း? အကြောင်းပြဖြေဆို၍၊ သမ္မာအာဇီဝ အပြား (၇)ပါးကိုလည်း ရေတွက်ပြခဲ့ပါ။**

အသက်မွေးဝမ်းကျောင်းခြင်းလျှင် အကြောင်းရှိသော ဝစီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်တတ်သောသဘောသည် သမ္မာအာဇီဝ မည်၏-ဟု ဆိုသောကြောင့် **ကောင်းသောအသက်မွေးခြင်းကို 'သမ္မာအာဇီဝ' ဟု ဆိုနိုင်ပါသည်။**

**သမ္မာအာဇီဝအပြား (၇)ပါးမှာ** - အသက်မွေးဝမ်းကျောင်းခြင်းလျှင် အကြောင်းရှိသော ဝစီဒုစရိုက်(၄)ပါးနှင့် ကာယဒုစရိုက်(၃)ပါးမှ ရှောင်ကြဉ်ခြင်း၏အစွမ်းအားဖြင့် (၇)ပါး အပြား ဖြစ်ပါသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

## ၂၀၁၄

၁။ **အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ ဖြေဆိုနိုင်ရန် သင်တန်းတက်ကာ ကြိုးစားစာကျက်မှတ်ရသည့် စာဖြေသူမောင်မယ်တို့သန္တာန်၌ဖြစ်သော ဝီရိယ၏ (က) သဘောအဓိပ္ပါယ် (ခ) လက္ခဏာတို့ကို ဖော်ပြ၍၊ ဉာဏ်နှင့် ဒိဋ္ဌိအထူးကိုလည်း ဖြေဆိုပါ။**
(၂၀၀၁-၂) (၂၀၀၃-၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ **မြန်မာ့ယဉ်ကျေးမှုကို စွန့်ပယ်ချ, နိုင်ငံခြားယဉ်ကျေးမှုကို ခံမင်ကြလျက် ထမီမပါ**

http://www.dhammadownload.com



ဘောင်းဘီတိုမျှသာ ဝတ်ကြတော့သည့် အချို့သော မြန်မာအမျိုးသမီးလေးများ၏ ဝတ်စားဆင်ယင် ရှက်ဖွယ်အသွင်ကို ပြုပြင်ပေးနိုင်သည့် (ဟိရီနှင့် ဩတ္တပ္ပ) လောကပါလ တရားနှစ်ပါး၏အထူးကို ဥပမာပြ ဖြေဆို၍၊ ကာယပဿဒ္ဓိစသည်၌ ပါသော ကာယ-အရကိုလည်း ကောက်ပြခဲ့ပါ။ (၁၉၉၆-၂) (၁၉၉၈-၁)

---

၃။ သံသယ သံသရာ လည်နေရှာသည့် ဝိစိကိစ္ဆာသဟဂုတ်စိတ် ဖြစ်နေသူသန္တာန်၌ အဓိမောက္ခစေတသိက်သဘောတရားများ ဖြစ်နိုင် မဖြစ်နိုင် အကြောင်းပြဆုံးဖြတ်၍၊ ဒေါသမူစိတ်၌ ကုက္ကုစ္စစသည်တို့ အသီးသီးယှဉ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။ (၁၉၉၆-၃) (၂၀၁၁-၇)

---

## ၂၀၁၅

၁။ 'စေတနာကောင်းမှ ကံကောင်းသည်'ဟု ဆိုရာ၌ စေတနာ၏သဘာဝကို ကျနစွာ ဖော်ပြ၍၊ ဝိတက်, စေတနာ, မနသိကာရ (၃)ပါးတို့၏ အထူးကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။ (၁၉၉၀-၁) (၂၀၁၀-၁)

---

၂။ လူသားများ နေ့စဉ်ကျင့်သုံးပွားများသင့်သော ဗြဟ္မစိုရ်တရား (၄)ပါး (အပ္ပမညာ ၄-ပါး) ရှိပါလျက် စေတသိက်ပိုင်း၌ (၂)ပါးသာ ဆိုရခြင်းအကြောင်းကို ရှင်းပြ၍၊ ဒုတိယ အပ္ပမညာတရား၏ လက္ခဏာကိုလည်း ဖော်ပြပါ။

စေတသိက်ပိုင်း၌ (၂)ပါးသာ ဆိုရခြင်းအကြောင်း (၁၉၉၅-၁)

ဒုတိယ အပ္ပမညာတရား(ကရုဏာ)၏ လက္ခဏာ

သူတစ်ပါးတို့၏ ဆင်းရဲကို ပယ်ဖျောက်လိုခြင်းလက္ခဏာ ရှိပါသည်။

---

၃။ 'ပြောင်းလဲချိန်တန်ပြီ' ဟူသောစကားနှင့်အညီ အမှန်တကယ် ပြောင်းလဲခွင့်ရမည့်အချိန်ကို မျှော်လင့်လျက် ဘဝင်မြင့်စိတ်ကြီးဝင်နေသူသန္တာန်၌ ဖြစ်သောစိတ်ကို အတိအကျ ဖော်ပြ၍၊ . . .

---

http://www.dhammadownload.com

http://www.dhammadownload.com



# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ပထမဆင့် (ပကိဏ်းပိုင်း)
# (၁၉၇၈-ခုနှစ် မှ ၁၉၈၈-ခုနှစ်ထိ)
# မေးခွန်းဟောင်းများ

## ၁၉၇၈

၁။ မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်ပါလျက် ဇောကိစ္စတပ်ရခြင်းအကြောင်းနှင့် မနောဒွါရာဝဇ္ဇန်း ၂-ကြိမ် ဖြစ်ပါလျက် ဇောကိစ္စ မတပ်ရခြင်းအကြောင်းကို ရှင်းပြပါ။

၂။ မနောဒွါရ၌ ဖြစ်သောစိတ်များသည် အဘယ်တရားကို အာရုံပြုပါသနည်း၊ ဖြစ်သင့်သလို အသီးသီးကို ရှင်းပြပါ။

၃။ အသညသတ်ဘုံမှ စုတေ၍ လူ့ပြည်၌ ပဋိသန္ဓေနေသော သတ္တဝါတို့၏ပဋိသန္ဓေစိတ်သည် မည်သည့်အာရုံကို မည်ကဲ့သို့ အာရုံပြုပါသနည်း၊ ရှင်းပြပါ။

---

## ၁၉၇၉

၁။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါးတို့ကို ပေါင်းလိုက်လျှင် နာမ်တရားပေါင်း ၁၄၁-ဖြစ်ကောင်း ဖြစ်ပါလျက်၊ ရှင်အနုရုဒ္ဓါဆရာသည် "နာမ်တေပညာသ ၅၃-ပါး"ဟူ၍ အဘယ်ကြောင့် ဆိုရပါသနည်း၊ ရှင်းပြပါ။

၂။ ဝီထိစိတ်အစဉ်ကို ပြရာအခန်း၌ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ ဟူ၍ ဘဝင်အများအပြား ရှိပါလျက် ဘဝင်ုပစ္ဆေဒ ၁၉-ခုကိုသာ မနောဒွါရဟု သတ်မှတ်ခြင်းအကြောင်းကို ရှင်းပြပါ။

၃။ လူ၏မနောဒွါရ၌ ဖြစ်သောအသိစိတ်တို့သည် အာရုံ ၆-ပါးကိုလည်းကောင်း, ကာလ ၃-ပါးလုံးကိုလည်းကောင်း, ကာလ ၃-ပါးမှ လွတ်သော ကာလဝိမုတ်အာရုံ

http://www.dhammadownload.com



ကိုလည်းကောင်း "ထိုက်သည့်အားလျော်စွာ" အာရုံပြုနိုင်သည်ဟု ဆိုရာတွင် ထိုက်သည့်အားလျော်စွာ အာရုံပြုပုံကို ရှင်းပြပါ။

၄။ လူ၏စိတ်ကို ဓာတ်အားဖြင့် ခွဲခြားရာ၌ ပဉ္စဝိညာဏဓာတ်၊ မနောဝိညာဏဓာတ် ဟူ၍ ထူးခြားလာရာ ယင်းတို့၏အဓိပ္ပါယ်အသီးသီးကို ခွဲခြားဖော်ပြပါ။

---

**၁၉၈၀**

၁။ လူ့ဘဝ၌ အရေးကြီးဆုံးဖြစ်သော "ပဋိသန္ဓေနှင့် စုတိ"တို့၏ လိုရင်းအဓိပ္ပါယ်ကို ဖော်ပြပြီးလျှင် ယင်းပဋိသန္ဓေနှင့် စုတိတို့သည် အဘိဓမ္မာသဘောအရ မည်သည့်ဌာနတို့၌ ဖြစ်နိုင်ကြပါသနည်း။

၂။ အာရုံ၏အဓိပ္ပါယ်ကို ဖော်ပြ၍ အဆင်းအာရုံကို မြင်ရာ၌ စိတ်နှင့် အာရုံသည် တစ်ခုတည်း မဟုတ်၊ သီးခြားသဘောတရားများ ဖြစ်ပုံကို ရှင်းလင်းဖော်ပြပါ။

၃။ ဝတ္ထုသင်္ဂဟပိုင်းအမြင်ဖြင့် လူနှင့် ပြဟ္မာသည် မည်ကဲ့သို့ ထူးခြားမှု ရှိပါသနည်း၊ အကြောင်းပြ၍ ဖြေဆိုပါ။

---

**၁၉၈၁**

၁။ ကိုယ်ရောစိတ်ပါ နှစ်ပါးစုံ၌ ခံစားမှုဖြစ်သော ဝေဒနာ, စိတ်၌သာ ခံစားမှုဖြစ်သော ဝေဒနာတို့ကို ခွဲခြားဖော်ပြပါ။

၂။ လူတို့၏ စိတ်သန္တာန်တွင် အဟုန်ပြင်းစွာဖြင့် ဖြစ်ပေါ်တတ်သော ဇောစိတ်များ၌ အာဝဇ္ဇန်းဒွေး မပါဝင်နိုင်ခြင်းအကြောင်းကို ဖော်ပြခဲ့ပါ။

၃။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် ၁၉-မျိုးတို့သည် မျက်စိအစရှိသော ဒွါရ ၆-ပါးတို့၌ မဖြစ်နိုင်ခြင်းအကြောင်းကို ဖော်ပြခဲ့ပါ။

၄။ နိဗ္ဗာန်နှင့် ပညတ်တရားများသည် ကာလသုံးပါးမှ လွတ်မြောက်အကြောင်းကို ဖော်ပြ၍ ရူပပြဟ္မာတို့အား နား မျက်စိ ဝတ္ထုရုပ်နှစ်ပါးသာ ရရှိခြင်းအကြောင်းကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၂

၁။ ခံစားခြင်းလက္ခဏာအားဖြင့် ဝေဒနာသည် တစ်မျိုးတည်းသာ ရှိပါလျက် အဘယ့်ကြောင့် ဝေဒနာအမျိုးမျိုး ကွဲပြားလာရသည်ကို ရှင်းလင်းရေးသားပါ။

၂။ "ဘဝင်မြင့်သည်၊ ဘဝင်ကိုင်သည်၊ ဘဝင်မကျဘူး၊ ဘဝင်ကိစ္စ" စသည်တို့ဖြင့် ပြောဆိုတတ်ကြရာတွင် "ဘဝင်"ဆိုသောအချက်နှင့် ပတ်သက်၍ အဘိဓမ္မာသဘာဝဆိုက်အောင် ရှင်းပြပါ။

၃။ အစာအာဟာရကို မှီဝဲစားသုံးရာ၌ ရိုးရိုးလူတို့နှင့် ရဟန္တာအရှင်သူမြတ်တို့၏ စားသုံးပုံချင်း တူ-မတူ ဒွါရ၌ ဖြစ်သောစိတ်တို့ကို စိစစ်၍ ရှင်းလင်းဖော်ပြပါ။

၄။ တန်ခိုးတော်ရှင် ရှင်မောဂ္ဂလာန်သည် အရိုးစုပြိတ္တာကြီးကို မြင်၍ ပြုံးတော်မူရာ၌ မည်သည့်စိတ် ဖြစ်ပါသနည်း၊ ထိုစိတ်သည် ကာမ၊ မဟဂ္ဂုတ်၊ လောကုတ္တရာတို့တွင် မည်သည့်အာရုံကို အာရုံပြုပါသနည်း။

---

## ၁၉၈၃

၁။ လောဘကို အကုသိုလ်တရားတို့၏ အရင်းမြစ်ဟု ဆိုရာ၌ လောကအမြင်ဖြင့် သိသာထင်ရှားအောင် ဥပမာဆောင်၍ ဖြေဆိုပါ။

၂။ မဟာမြတ်မုနိဘုရားကို ဖူး၍ ပြန်လာပြီးနောက် မိမိစိတ်တွင် မဟာမြတ်မုနိပုံတော်ကို ပြန်လည်တွေ့မြင်ရာ၌ အာရုံ ၂-မျိုးတို့၏ ခြားနားမှုရှိပုံကို အဘိဓမ္မာသဘာဝဆိုက်အောင် ဖြေဆိုပါ။

၃။ မျက်စိနှစ်လုံးဖွင့်ချိန်မှ စ၍ ကြည့်မြင်တိုင်း ဖြစ်ပေါ်သော "သိမြင်စိတ်"သည် လူဟုတ်-မဟုတ် ဝေဖန်ဆန်းစစ်ပြပါ။

---

http://www.dhammadownload.com



## ၁၉၈၄

၁။ လောကီလူသားတို့၏ ခံစားမှုဝေဒနာအမျိုးမျိုးကို ရှင်းလင်းဖော်ပြပြီးလျှင် အောင်ဘာလေသိန်းဆုပေါက်ရာ၌ ခံစားမှုဝေဒနာမျိုးသည် မည်သည့်အမျိုးအစားတွင် ပါဝင်ကြောင်း တိကျစွာ ညွှန်ပြပါ။

၂။ ရုပ်လောကတွင် လူ၌ရှိသော ဝတ္ထုရုပ်များကို ပြည့်စုံစွာဖော်ပြ၍ အဘယ့်ကြောင့် ထိုရုပ်တို့ အပြည့်အစုံရှိနေကြောင်း ဖော်ပြပါ။

၃။ စိတ်သည် အဘယ့်ကြောင့် ဝိညာဏ်မည်ပါသနည်း၊ စိတ်သည် အသက် ဟုတ်ပါသလော၊ ရှင်းလင်းဖြေဆိုပါ။

---

## ၁၉၈၅

၁။ သိကြား ဗြဟ္မာတို့ကို ရည်စူး၍ ယင်းရုပ်ထုတို့အား အမွှေးနံ့သာတို့ဖြင့် ပူဇော်ရာတွင် သက်ရှိသိကြား ဗြဟ္မာ ဖြစ်ပါက ယင်းအမွှေးနံ့သာတို့ကို ခံယူနိုင်ခြင်း ရှိ-မရှိ အဘိ-ဓမ္မတ္ထသင်္ဂဟအရ ဝေဖန်ဖော်ပြခဲ့ပါ။

၂။ လူ၌ရှိသော မျက်စိအကြည် (စက္ခုပသာဒရုပ်)သည် မည်သည့်အရာနှင့် တူပါသနည်း၊ တူပုံကို သိသာထင်ရှားအောင် အဘိဓမ္မာဋီကာကျော် အာဘော်ကျ ဖြေဆိုခဲ့ပါ။

၃။ “ကိစ္စ”ဟူသောစကား၏အဓိပ္ပါယ်ကို အဘိဓမ္မာနည်းကျ ဖော်ပြပြီးလျှင် နာမ်တရားတို့က ဆောင်ရွက်သော ပရမတ်ကိစ္စတို့ကို စုံလင်စွာ ဖော်ပြပါ။

---

## ၁၉၈၆

၁။ စိတ်၌ဖြစ်သော ခံစားချက်ဝေဒနာ ၂-မျိုးကို ဖော်ပြ၍ သတိနှင့်ယှဉ်၊ ပညာဖြင့်ဆင်ခြင်တတ်သော ယောနိသောမနသိကာရ ရှိသူ အကောင်းမြင်သမားများအတွက် ရနိုင်သောအကျိုးတရားများကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



၂။ ကမ္ဘာပေါ်တွင် ရှိသမျှအကုန် အလုံးစုံကို အာရုံပြုနိုင်သော စိတ်သရုပ်ကို ထုတ်ပြပြီးလျှင် "စိတ်နယ်လွန် ပညာ" ဟူ၍ လည်းကောင်း၊ "စိတ်နယ်လွန် ဖြစ်ရပ်" ဟူ၍ လည်းကောင်း ရှိနိုင်-မရှိနိုင်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၃။ အာကာသကမ္ဘာမှ ပြဟ္မာများတွင် (က) ရနိုင်သောဝတ္ထုရုပ်နှင့် (ခ) မရနိုင်သော ဝတ္ထုရုပ်များကို (ဂ) ရ-မရခြင်းအကြောင်းနှင့်တကွ ဖြေဆိုပါ။

---

**၁၉၈၇**

၁။ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဝေဒနာ ၅-ပါးတို့၏သဘောလက္ခဏာကို ဋီကာလာအတိုင်း ရေးသားဖော်ပြပါ။

၂။ မရှိမသေ ပေးလှူသူများ၊ မလေးမစား တရားနာသူများသန္တာန်၌ ကုသိုလ်စိတ် ဖြစ်နိုင်ပါသလော၊ ဖြစ်နိုင်လျှင် မည်သည့် ကုသိုလ်စိတ်မျိုး ဖြစ်ပါသနည်း။

၃။ လူ့ဘုံ၌ စက္ခုစသော ဝတ္ထုရုပ် ၆-ပါးလုံး အဘယ့်ကြောင့် အပြည့်အစုံ ရသနည်း၊ အရူပပြဟ္မာဘုံ၌မူ ဝတ္ထုရုပ် ၆-ပါးလုံး အဘယ့်ကြောင့် မရရှိသနည်း။

---

**၁၉၈၈**

၁။ ပဋိသန္ဓေကိစ္စ ဆောင်ရွက်ရမည့်ဌာနကို သတ်မှတ်ပြ၍ သန္တီရဏချင်း တူပါလျက် သောမနဿသန္တီရဏ၏ ပဋိသန္ဓေကိစ္စ မဆောင်ရွက်နိုင်ပုံကိုလည်း ရှင်းလင်းဖြေဆိုပါ။

၂။ လူတို့ထွက်ဝင်ရာတံခါးကို "ဒွါရ"ဟု ခေါ်သကဲ့သို့ စက္ခုစသော ပရမတ်တရားတို့၏ ဒွါရအမည် ရရှိပုံကို ရှင်းလင်းရေးသားပါ။

၃။ ရဟန္တာအရှင်မြတ်၏ ဟသိတုပ္ပါဒ်စိတ်သည် ကာမအာရုံကို အာရုံပြုသောအခါဝယ် ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို အာရုံပြု၍ ဖြစ်ပုံကို ရေးပြပါ။

၄။ ဝတ္ထုဟူသော ဝေါဟာရ၏အဓိပ္ပါယ်ကို နားလည်အောင် ရှင်းပြ၍ နားမကြားသော မျက်မမြင်ပုဂ္ဂိုလ် ရနိုင်သောဝတ္ထုနှင့် မရနိုင်သောဝိညာဏဓာတ်တို့ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ပထမဆင့် (ပကိဏ်းပိုင်း)
# (၁၉၈၉–ခုနှစ် မှ ၂၀၁၅–ခုနှစ်ထိ)
# မေးခွန်းဟောင်းနှင့် အဖြေများ

## ၁၉၈၉

၁။ **ဗုဒ္ဓဘာသာဝင် လူသားတိုင်း၌ ကုသိုလ်စိတ် မြောက်မြားစွာ ဖြစ်ပေါ်နေရန်အတွက် အရေးပါလှသောတရားကို ရေးပြ၍ လူသားချင်း အဆင့်အတန်းကွဲပြားအောင် ပြုတတ်သော "ဟိတ်"၏သဘောတရားတို့ကို ဥပမာထည့်စွက်လျက် ရှင်းလင်း တင်ပြခဲ့ပါ။**

**ဗုဒ္ဓဘာသာဝင် လူသားတိုင်း၌ ကုသိုလ်စိတ် မြောက်မြားစွာ ဖြစ်ပေါ်နေရန်အတွက် အရေးပါလှသောတရားမှာ** ယောနိသောမနသိကာရ ဟူသော အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း ဖြစ်ပါသည်။ ယောနိသောမနသိကာရရှိသူအား -

(၁) မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။

(၂) ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့သည် တိုးပွားကုန်၏။

**လူသားချင်း အဆင့်အတန်းကွဲပြားအောင် ပြုတတ်သော "ဟိတ်"၏သဘောတရားများ-**

ယှဉ်ဘက်တရားတို့၏ ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေတတ်သော (ဝါ) ယှဉ်ဘက်တရားတို့ကို ခိုင်မြဲစေတတ်သောကြောင့် လောဘစသည်တို့သည် "ဟိတ်" မည်ပါသည်။

ဥပမာအားဖြင့် - ဟိတ်သည် ရေသောက်မြစ်နှင့် တူပါသည်။

ရေသောက်မြစ်သည် သစ်ပင်ကို တည်တံ့ခိုင်မြဲစေ၊ စည်ပင်ပြန့်ပွားစေသကဲ့သို့ ဟိတ်တရားတို့သည်လည်း မိမိနှင့် ယှဉ်ဘက်ဖြစ်သောတရားတို့ကို အာရုံ၌ တည်တံ့ခိုင်မြဲစေပါသည်။

http://www.dhammadownload.com



ရှေးကံကြောင့် လူသားတစ်ဦး ပဋိသန္ဓေတည်လာသောအခါ -
- ဒွိဟိတ်သြမကကုသိုလ်ကံကြောင့် အဟိတ်ပဋိသန္ဓေ၊
- ဒွိဟိတ်ဥက္ကဋ္ဌနှင့် တိဟိတ်သြမကကုသိုလ်ကံကြောင့် ဒွိဟိတ်ပဋိသန္ဓေ၊
- တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံကြောင့် တိဟိတ်ပဋိသန္ဓေ ဟူ၍

ကုသိုလ်ကံအားလျော်စွာ ပဋိသန္ဓေကွဲပြားလာခြင်းသည် ဟိတ်တရားတို့က လူသားချင်း အဆင့်အတန်းကွဲပြားအောင် ပြုခြင်း ဖြစ်ပါသည်။

---

၂။ **အဖြေမှန်ကို မရေးနိုင်သော စာဖြေပုဂ္ဂိုလ်အား ဖြစ်သော ဉာဏဝိပ္ပယုတ် ကာမဇော၏ အာရုံကို ဖော်ပြ၍ ယင်းဇောက လုံးဝအာရုံမပြုနိုင်သော အာရုံတို့ကိုလည်း ရှင်းလင်းချက်နှင့်တကွ ဖော်ပြပါ။**

အဖြေမှန်ကို မရေးနိုင်သော စာဖြေပုဂ္ဂိုလ်၌ **မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော** ဖြစ်ပေါ်နေပါသည်၊ **ထိုမဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော၏အာရုံမှာ ကာမအာရုံ** ဖြစ်ပါသည်။

[အမှာ ။ ။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇောက ပြုနိုင်သမျှသောအာရုံတို့မှာ - (က) ကာမအာရုံ၊ (ခ) မဟဂ္ဂုတ်အာရုံ (ဂ) ပညတ်အာရုံ (တစ်နည်း) လောကီ စိတ်- ၈၁၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ ပညတ်တို့ ဖြစ်ပါသည်။ မေးခွန်းအနေအထားအရ ကာမအာရုံ-ဟု ဖြေခြင်း ဖြစ်ပါသည်။ ]

**ဉာဏဝိပ္ပယုတ် ကာမဇောက လုံးဝအာရုံမပြုနိုင်သောအာရုံမှာ** - လောကုတ္တရာအာရုံ ဖြစ်ပါသည်၊ ထိုအာရုံ၏တရားကိုယ်မှာ လောကုတ္တရာစိတ် ၈-ပါးနှင့် နိဗ္ဗာန်၊ ပေါင်း လောကုတ္တရာတရား ၉-ပါး ဖြစ်ပါသည်။

**ဉာဏဝိပ္ပယုတ်ကာမဇောတို့သည် လောကုတ္တရာအာရုံကို လုံးဝအာရုံမပြုနိုင်ခြင်းမှာ** -

ရဲရဲညီးသောမီးပုံကြီး၌ ယင်ကောင်သည် မနားနိုင်သကဲ့သို့ ဉာဏဝိပ္ပယုတ် ကာမဇောတို့သည်လည်း ဉာဏ်ပညာကင်း၍ ညံ့ဖျင်းကြသောကြောင့် အလွန်တရာ အရှိန်တန်ခိုးကြီးမား၍ နက်နဲလှသော လောကုတ္တရာတရားကို အာရုံမပြုနိုင်ခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com



**၃။ ဝတ္ထုရုပ် ၆-ပါးတို့တွင် လူသားတို့အတွက် အရေးပါလှသောဝတ္ထုရုပ်များကို အကြောင်းနှင့်တကွ ဖော်ပြ၍ "မနောဓာတ်ဖြင့် အတတ်ဟောသည်"ဟု ဆိုပါက မှန်ကန်မှု ရှိ-မရှိ ရှင်းလင်းဖြေဆိုပါ။**

**ဝတ္ထုရုပ် ၆-ပါးတို့တွင် လူသား(ကာမဘုံသား)တို့အတွက် အရေးပါဆုံးသောဝတ္ထုရုပ်တို့မှာ -**

(၁) စက္ခုဝတ္ထု

(၂) သောတဝတ္ထု

(၃) ဟဒယဝတ္ထု တို့ ဖြစ်ကြပါသည်။

**စက္ခုဝတ္ထု၏ အရေးပါပုံ**

လူသားတို့၏စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို ကေန်မှီရ၏၊ မြတ်စွာဘုရားကို ဖူးမြော်ရန်၊ တရားစာပေစသည်ကို ဖတ်ရှုရန် စက္ခုဝိညာဏ်သည် မရှိ မဖြစ်, လိုအပ်သဖြင့် စက္ခုဝတ္ထုသည် အရေးပါလှပါသည်။

**သောတဝတ္ထု၏ အရေးပါပုံ**

လူသားတို့၏သောတဝိညာဏ်စိတ်သည် သောတဝတ္ထုကို ကေန်မှီရ၏၊ တရားတော်ကို နာယူရန် (ပရတောဃောသစ္စည်းနှင့် ပြည့်စုံမှုသည် သောတာပန် ဖြစ်ရေးအတွက် အဓိကလိုအပ်သောအချက် ၁-ချက် ဖြစ်ပါသည်) သောတဝိညာဏ်သည် အရေးကြီးလှသဖြင့် သောတဝတ္ထုသည်လည်း အရေးပါလှပါသည်။

**ဟဒယဝတ္ထု၏ အရေးပါပုံ**

မနောဒွါရိကစိတ်တို့သည် ဟဒယဝတ္ထုကို (ပဋိသန္ဓေ ဝေါကာရဘုံ၌ ဖြစ်ခိုက်) ကေန်မှီရ၏၊ အာရုံတို့ကို အထူးသိနိုင်သောဓာတ် (ဝါ) မနောဝိညာဏဓာတ်သည်လည်း ဟဒယဝတ္ထုကို ကေန်မှီရ၏၊ ထို့ကြောင့် လူတို့အတွက် ဟဒယဝတ္ထုသည်လည်း အရေးပါလှပါသည်။

**"မနောဓာတ်ဖြင့် အတတ်ဟောသည်" ဆိုသောစကားသည် မှန်ကန်မှု မရှိပါ။**

မနောဓာတ်ဟူသည် ပဉ္စဒွါရ၌ ထင်လာသောအာရုံတို့ကို ဆင်ခြင်ရုံမျှ (ပဉ္စ-

http://www.dhammadownload.com



ဒွါရာဝဇ္ဇန်းစိတ်)၊ လက်ခံရုံမျှ (သမ္ပဋိစ္ဆိုင်းဒွေ)သာ ဖြစ်၍ (တစ်နည်း-အာရုံကို သိရုံမျှသာ ဖြစ်၍) "မနောဓာတ်ဖြင့် အတတ်ဟောသည်"ဆိုသည်မှာ အဘိဓမ္မာသဘော အရ မှန်ကန်မှု မရှိပါ။

---

၁၉၉၈

၁။ **သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့သည် အသီးသီးအမျိုးအစား ကွဲပြားမှု ရှိသကဲ့သို့ ဥပေက္ခာဝေဒနာမှာမူ အမျိုးအစား ကွဲပြားမှု ရှိ-မရှိ ၊ သဘာဝကျကျ ဝေဖန်သုံးသပ်ပြပါ။**

**သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့သည် အသီးသီးအမျိုးအစား ကွဲပြားမှုရှိသကဲ့သို့ ဥပေက္ခာဝေဒနာမှာမူ အမျိုးအစားကွဲပြားမှု မရှိပါ။ အကြောင်းမှာ -**

**သုခဝေဒနာသည်** ကိုယ်၌ဖြစ်သော သာယာခြင်းအားဖြင့် ကာယိန္ဒြေကို ချီးမြှောက်တတ်၏၊ ဤအခိုက်၌ သုခဝေဒနာအမည် ရ၏၊ စိတ်၌ ဖြစ်သော သာယာခြင်းအားဖြင့် မနိန္ဒြေကို ချီးမြှောက်တတ်၏၊ ဤအခိုက်၌ သောမနဿဝေဒနာအမည် ရ၏။

**ဒုက္ခဝေဒနာသည်** ကိုယ်၌ဖြစ်သော မသာယာခြင်းအားဖြင့် ကာယိန္ဒြေကို နှိပ်စက်တတ်၏၊ ဤအခိုက်၌ ဒုက္ခဝေဒနာအမည် ရ၏၊ စိတ်၌ ဖြစ်သောမသာယာခြင်းအားဖြင့် မနိန္ဒြေကို နှိပ်စက်တတ်၏၊ ဤအခိုက်၌ ဒေါမနဿဝေဒနာအမည် ရ၏။

**ဥပေက္ခာဝေဒနာသည်** သုခဝေဒနာ, ဒုက္ခဝေဒနာတို့ကဲ့သို့ ကိုယ်-စိတ်တို့ကို သာယာခြင်း-မသာယာခြင်းကို မပြုတတ်ပေ၊ (တစ်နည်း) ကာယိန္ဒြေ-မနိန္ဒြေတို့ကို ချီးမြှောက်ခြင်း, နှိပ်စက်ခြင်းတို့ကို မပြုတတ်ပေ။ ထို့ကြောင့် ဥပေက္ခာဝေဒနာကို အမျိုးအစားမကွဲပြားဘဲ တစ်ပါးတည်းသာ ဟောတော်မူပါသည်။

---

http://www.dhammadownload.com



**၂။ အာရုံကို ဆင်ခြင်မှု "အာဝဇ္ဇန်းကိစ္စ"ကို မည်သည့် ဌာနများ၌ ဆောင်ရွက်ရမည်နည်း၊ ဖြေဆိုပြီးလျှင် အာဝဇ္ဇန်းဒွေးသည် ဆင်ခြင်သုံးသပ်နိုင်သောသဘော ရှိပါလျက် "ဇော ကိစ္စ" မဆောင်ရွက်နိုင်ပုံကိုလည်း ဖြေဆိုပါ။**

**"အာဝဇ္ဇန်းကိစ္စ" ကို ဆောင်ရွက်ရာဌာနများ**

(၁) ပဉ္စဒွါရဝီထိ၌ ဘဝင်နှင့် ပဉ္စဝိညာဏ်တို့အကြားဌာန၊

(၂) မနောဒွါရဝီထိ၌ ဘဝင်နှင့် ဇောတို့အကြားဌာနဟူ၍ အာဝဇ္ဇန်း၂-ဌာန ဖြစ်ပါ သည်။

**အာဝဇ္ဇန်းဒွေးသည် "ဇောကိစ္စ" မဆောင်ရွက်နိုင်ပုံ**

(၁) အာဝဇ္ဇန်းဒွေးသည် အာရုံကို ဆင်ခြင်နိုင်ရုံမျှဖြစ်၍ အာရုံ၏အရသာကို မခံစား နိုင်သောကြောင့် "ဇောကိစ္စ" မတပ်နိုင်ပါ။

(၂) မနောဒွါရာဝဇ္ဇန်းသည် ပရိတ္တာရုံဝီထိ၌ ၂-ကြိမ်၊ ၃-ကြိမ်ဖြစ်သော်လည်း မိမိနှင့် မတူသောစိတ်အစဉ်ကို နောက်၌ ဖြစ်စေရခြင်း၏အစွမ်းဖြင့် ဗျာပါရတစ်ပါးကို ငဲ့နေရသောကြောင့် အာရုံ၏အရသာကို ခံစားခြင်း မရှိပါ။ ထို့ကြောင့် ဇောကိစ္စ မတပ်နိုင်ပါ။

---

**၃။ တစ်ခုယုတ် နှစ်ဆယ်သောစိတ်တို့၏ "ဒွါရဝိမုတ္တ" အမည်ရပုံကို ဖြေဆို၍၊ ယင်းတို့တွင် ဒွါရ ၆-ပါး၌ တစ်ခါတစ်ရံ ဖြစ်ခွင့်ရှိသော စိတ်တို့၏ ဖြစ်နိုင်ပုံကို အကြောင်းယုတ္တိပြ၍ ဖြေဆိုပါ။**

**တစ်ခုယုတ် နှစ်ဆယ်သောစိတ်တို့၏ "ဒွါရဝိမုတ္တ" အမည်ရပုံ**

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်သော စိတ်တစ်ခုယုတ်၂၀-တို့သည် ဒွါရမှ အလွတ်ဖြစ်၍ "ဒွါရဝိမုတ္တ"အမည် ရပါသည်၊ ၎င်းစိတ်တို့သည် ဒွါရဝိမုတ္တ ဖြစ်ရခြင်း မှာ -

(၁) ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် ဇနကကံအဟုန်သက်သက်ကြောင့်သာ ဖြစ်ကုန်၏၊ အာရုံနှင့် ဒွါရတို့၏ထိခိုက်မှုကြောင့် ဖြစ်သော စိတ်မျိုး မဟုတ်ပါ။ (တစ်နည်း) စက္ခုစသော ၆-ဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း၊ ကမ္မ

http://www.dhammadownload.com



နိမိတ်စသောအာရုံတို့မှ တစ်ပါးသောအာရုံကို ယူခြင်း၏အစွမ်းဖြင့် မဖြစ်သော ကြောင့်လည်းကောင်း၊

(၂) ဘဝင်စိတ်သည်လည်း မိမိကိုယ်တိုင် မနော‌ဒွါရဟု ဆိုအပ်သော ဘဝင်ဖြစ်နေ သောကြောင့်လည်းကောင်း ဖြစ်ပါသည်။

**တစ်ခုယုတ် ၂၀-သော ဒွါရဝိမုတ်စိတ်တို့အနက် ဒွါရ ၆-ပါး၌ ရံခါဖြစ်ခွင့်ရှိသောစိတ်တို့မှာ**

(၁) ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂-ပါး

(၂) မဟာဝိပါက်စိတ် ၈-ပါးတို့ ဖြစ်ပါသည်။

ဤ ၁၀-ပါးသော စိတ်တို့သည် -

(က) ပဉ္စဒွါရ၌ = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါးသည် သန္တီရဏ, တဒါရုံကိစ္စတို့၏အစွမ်းဖြင့်လည်းကောင်း၊ မဟာဝိပါက်စိတ် ၈-ပါးသည် တဒါရုံကိစ္စ၏အစွမ်းဖြင့် လည်းကောင်း ဖြစ်ကြပါသည်။

မနောဒွါရ၌ = ၎င်းစိတ် ၁၀-ပါးသည် တဒါရုံကိစ္စ၏အစွမ်းဖြင့် ဖြစ်ကြပါသည်။

ဤအခိုက်တို့ဝယ် ဒွါရ ၆-ပါး၌ ဖြစ်ခွင့် ရှိကြပါသည်။

(ခ) ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတို့၏အစွမ်းဖြင့် ဖြစ်သောအခါ၌ကား "ဒွါရ ဝိမုတ္တ" ဖြစ်ကြပါသည်။

---

**၄။ ကာလသုံးပါးမှ အလွတ်ဖြစ်သော သဘာဝဓမ္မတို့၏ ကာလသုံးပါး၌ မပါဝင်ကြပုံကို ဖြေ ဆို၍ ဉာဏဝိပ္ပယုတ်ဇောတို့၏ ကာမအာရုံကို အာရုံပြုပုံကိုလည်း ပေါ်လွင်အောင် ရေး ပြပါ။**

**ကာလဝိမုတ်တရားတို့မှာ နိဗ္ဗာန်နှင့် ပညတ်တို့ ဖြစ်ပါသည်၊ နိဗ္ဗာန်နှင့် ပညတ်တို့ ကာလ ဝိမုတ်ဖြစ်ရခြင်းမှာ -**

ပျက်စီးခြင်း မရှိသည့်အတွက် အတိတ်စသောကာလတို့၏အစွမ်းဖြင့် မဆိုထိုက် သောကြောင့် ကာလ ၃-ပါးမှ အလွတ်ဖြစ်ရပါသည်။

http://www.dhammadownload.com



**ဉာဏဝိပ္ပယုတ်ဇောတို့၏ ကာမအာရုံကို အာရုံပြုပုံ**

**(က) ကုသိုလ်ဉာဏဝိပ္ပယုတ်ဇော ၄-ပါးတို့သည် -**

ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၌ ဉာဏ်နှင့် မယှဉ်မူ၍ (ရိုရိုသေသေ လေးလေးစားစား မပြုမူ၍) အမှတ်တမဲ့ ပေးကမ်းလှူဒါန်းသောအခါ, တရားကို ဆင်ခြင်သောအခါ, တရားနာသောအခါ စသည်တို့၌ ကာမအာရုံကို အာရုံပြုပါသည်။

**(ခ) ကြိယာဉာဏဝိပ္ပယုတ်ဇော ၄-ပါးတို့သည် -**

ရဟန္တာအရှင်မြတ်တို့၌ ထို့အတူ ဉာဏ်နှင့် မယှဉ်မူ၍ အမှတ်တမဲ့ ပေးကမ်းလှူဒါန်းသောအခါ, တရားကို ဆင်ခြင်သောအခါ စသည်တို့၌ ကာမအာရုံကို အာရုံကို အာရုံပြုပါသည်။

---

၁၉၉၁

၁။ **တစ်ကိုယ်ရေ တိတ်တိတ်ကလေး ကြိတ်ကြိတ်တွေး၍ ဆွေးနေသူ၌ ခံစားရသော ဝေဒနာအမျိုးအစားကို သဘောလက္ခဏာနှင့်တကွ ဖော်ပြ၍ ဟိတ်နှင့် သစ်မြစ်တူပုံကိုလည်း ဆက်စပ်ပြခဲ့ပါ။**

**တစ်ကိုယ်ရေ တိတ်တိတ်ကလေး ကြိတ်ကြိတ်တွေး၍ ဆွေးနေသူ၍ ခံစားရသောဝေဒနာအမျိုးအစားသည်** ဣန္ဒြိယဘေဒနည်းအရ ဒေါမနဿဝေဒနာ ဖြစ်ပါသည်။

ဒေါမနဿဝေဒနာ၏သဘောလက္ခဏာမှာ - သဘောအားဖြင့်လည်းကောင်း၊ ကြံဆသောအားဖြင့်လည်းကောင်း အလိုမရှိအပ်သော သဘာဝအနိဋ္ဌာရုံ, ပရိကပ္ပ-အနိဋ္ဌာရုံကို ခံစားခြင်း ဖြစ်ပါသည်။

**ဟိတ်နှင့် သစ်မြစ်တူပုံ**

သစ်မြစ်(ရေသောက်မြစ်)သည် သစ်ပင်ကို ခိုင်ခံ့တည်တံ့အောင် ပြုသကဲ့သို့ ဟိတ်တရားသည်လည်း မိမိနှင့်ယှဉ်ဘက်တရားတို့ကို အာရုံ၌ ကောင်းစွာတည်တံ့ခိုင်မြဲစေပါသည်။

---

http://www.dhammadownload.com



**၂။ သတ္တဝါများ ပဋိသန္ဓေနေနိုင်အောင် ဆောင်ရွက်ပေးသောစိတ်တို့ကို ဖော်ပြ၍ ထိုစိတ်ထဲတွင် သောမနဿသန္တီရဏ မပါရပုံကိုလည်း အကြောင်းပြချက်ပေး၍ ရှင်းပြပါ။**

**သတ္တဝါများ ပဋိသန္ဓေနေနိုင်အောင် ဆောင်ရွက်ပေးသောစိတ် (ပဋိသန္ဓေကိစ္စတပ်သော စိတ်) ၁၉-ပါး ရှိပါသည်။ ၎င်းတို့မှာ -**

| | |
|---|---|
| အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် | = ၁-ပါး |
| အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် | = ၁-ပါး |
| မဟာဝိပါက်စိတ် | = ၈-ပါး |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = ၉-ပါး |
| ပေါင်း ပဋိသန္ဓေစိတ် | = ၁၉-ပါး ဖြစ်ပါသည်။ |

**ပဋိသန္ဓေစိတ် ၁၉ ပါးတွင် သောမနဿသန္တီရဏစိတ် မပါဝင်ခြင်းအကြောင်း**

သောမနဿသန္တီရဏစိတ်သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် ပဋိသန္ဓေကိစ္စ မတပ်ပါ။

(တစ်နည်း) ဒွိဟိတ်ဩမကဖြစ်သော သောမနဿကုသိုလ်ကံသည် အလွန် အားနည်း၍ အဟိတ်သောမနဿပဋိသန္ဓေကို မပေးနိုင်သောကြောင့် ဖြစ်ပါသည်။

---

**၃။ မလေးမစား ပေါ့ပေါ့ဆဆ ပေးကမ်းလှူဒါန်းသူ၌ ဖြစ်ပေါ်လာသော ဒါနကုသိုလ်စိတ်သည် အဘယ်ကို အာရုံပြုပါသနည်း၊ ဖော်ပြ၍ ယင်းကုသိုလ်မျိုးဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းမှု မဖြစ်နိုင်-မဖြစ်နိုင် ဥပမာပြ၍ ဖြေဆိုပါ။**

**မလေးမစား ပေါ့ပေါ့ဆဆ ပေးကမ်းလှူဒါန်းသူ၌ ဖြစ်ပေါ်လာသော ဒါနကုသိုလ်စိတ် သည်** မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်ဖြစ်ပြီး ထိုစိတ်သည် ကာမအာရုံကို အာရုံပြုပါသည်။

**ယင်း မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းမှု မဖြစ်နိုင်ပါ။** (၁၉၈၉-၂)

---

http://www.dhammadownload.com



၄။ **"မနောဝိညာဏဓာတ်"ဟူသောစကား၌ ပါဝင်သော မနောဝိညာဏဓာတ်တို့၏ အဓိပ္ပါယ်ကို ဋီကာကျော်ဆရာ၏အာဘော်ကျ တစ်ခုချင်း ရှင်းပြပါ။**

**"မနောဝိညာဏဓာတ်"ဟူသောစကား၏ အဓိပ္ပါယ်ကို ဋီကာကျော်ဆရာ၏ အာဘော်ကျ တစ်ခုချင်း ရှင်းပြရသော် -**

(က) မန (စိတ်)သည် သညာ ပညာကိစ္စတို့ထက် ထူးသော အာရုံကို သိခြင်းကိစ္စနှင့် ယှဉ်သောကြောင့် "ဝိညာဏ" မည်၏၊ သတ္တဝါလည်း မဟုတ်, ဇီဝလည်း မဟုတ်ဟူသောအနက်သဘောကြောင့် "ဓာတ်"လည်း မည်၏၊ ထို့ကြောင့် "မနောဝိညာဏဓာတ်" မည်၏၊ လွန်လွန်ကဲကဲ အထူးအပြားသိတတ်သောဓာတ်ဟု ဆိုလိုသည်။

(ခ) တစ်နည်းကား - မှီရာတူသော ရှေ့စိတ်, နောက်စိတ်များ၏ ဝိညာဏဓာတ်သည် "မနောဝိညာဏဓာတ်" မည်၏။ (မှီရာတူသော ရှေ့စိတ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရ၍ မှီရာတူသော နောက်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုရခြင်းကြောင့် အာရုံကို သိရာ၌ ထိထိမိမိသိကြသည်၊ ထို့ကြောင့် မနောဝိညာဏဓာတ် မည်ပါသည်။)

---

၁၉၉၂

၁။ **စိတ်ကူးဖြင့် ကြည်နူးနေသူတစ်ဦးဝယ် ခံစားရသော ဝေဒနာအမျိုးအစားကို ဖော်ပြ၍ စုတိကိစ္စနှင့် စုတိဌာနတို့၏အထူးကိုလည်း ရေးခဲ့ပါ။**

**စိတ်ကူးဖြင့် ကြည်နူးနေသူတစ်ဦးဝယ် ခံစားရသော ဝေဒနာအမျိုးအစားသည်**

ဣန္ဒြိယဘေဒနည်းအရ - သောမနဿဝေဒနာ၊

အနုဘဝနနည်းအရ - သုခဝေဒနာ ဖြစ်ပါသည်။

**စုတိကိစ္စနှင့် စုတိဌာနအထူး**

ကိစ္စ = စိတ်တို့၏ ဆောင်ရွက်မှုစွမ်းရည်သတ္တိကို ခေါ်၏။

ဌာန = ထိုသတ္တိ၏ တည်ရာ သတ္တိမန္တစိတ်ဒြပ်ကို ခေါ်၏။

ထို့ကြောင့် -

http://www.dhammadownload.com



စုတိကိစ္စဟူသည် - ဖြစ်ဆဲပစ္စုပ္ပန်ဘဝမှ ပျက်ပြားချုပ်ဆုံး သေလွန်ခြင်းသတ္တိကို ခေါ်၏၊
စုတိဌာနဟူသည် - ထိုစုတိကိစ္စ၏တည်ရာ သတ္တိမန္တ ကိစ္စဝန္တ ဖြစ်သော စုတိစိတ်ကို ခေါ်ပါသည်။

---

၂။ **လူချင်းတူလျက် အသက်ရှူခြင်းကွဲသကဲ့သို့ ကြိယာဟူသော အမျိုးဇာတ်ချင်း တူပါလျက်၊ ဆောင်ရွက်ပုံကိစ္စချင်း ကွဲပြားသောစိတ်တို့ကို ကွဲပြားရခြင်းအကြောင်းရင်းနှင့်တကွ ဖော်ပြ၍ မဟာကြုတ်ဝိပါက်စိတ်တို့၏ ဒွါရဝိမုတ် ဖြစ်ရခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။**

**ကြိယာဟူသော အမျိုးဇာတ်ချင်း တူပါလျက် ကိစ္စချင်း ကွဲပြားသောစိတ်နှင့် ကွဲပြားရခြင်း အကြောင်း**

ကြိယာစိတ်ပေါင်း ၂၀-ရှိရာဝယ် -

(၁) ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရ၌ ထင်လာသောအာရုံကို ဆင်ခြင်သောအာဝဇ္ဇန်း ကိစ္စကို ဆောင်ရွက်၏။

(၂) မနောဒွါရာဝဇ္ဇန်းသည် -

(က) မနောဒွါရ၌ ထင်လာသောအာရုံကို ဆင်ခြင်သော အာဝဇ္ဇန်းကိစ္စကို ဆောင်ရွက်၏။

(ခ) ပဉ္စဒွါရ၌ ထင်လာသောအာရုံကို ဆုံးဖြတ်သောဝုဋ္ဌောကိစ္စကို ဆောင်ရွက်၏။

(၃) အာဝဇ္ဇန်းဒွေးကြဉ်သော ကြွင်းကြိယာစိတ် ၁၈-ပါးသည် ဇောကိစ္စကို ဆောင်ရွက်၏။

ဤသို့ ကိစ္စကွဲပြားရခြင်းမှာ -

(က) အာဝဇ္ဇန်းဒွေးသည် = အာရုံကို ဆင်ခြင်ရုံ, ဆုံးဖြတ်တတ်ရုံ ဖြစ်၍ အာရုံ၏အရသာကို ခံစားခြင်းသဘော မရှိသောကြောင့် ဇောကိစ္စ မတပ်နိုင်ပါ။

(ခ) ကြွင်းကြိယာစိတ် ၁၈-ပါးသည် = အာရုံကို ပိုင်းခြားစွာ သိလျက် အဟုန်ပြင်းစွာ ဖြစ်တတ်သောကြောင့် ဇောကိစ္စ တပ်ပါသည်။

http://www.dhammadownload.com



**မဟာဂ္ဂုတ်ဝိပါက်စိတ်တို့ ဒွါရဝိမုတ်စိတ် ဖြစ်ရခြင်းအကြောင်း**

မဟာဂ္ဂုတ်ဝိပါက်စိတ်တို့သည် ဆိုင်ရာပြဟ္မာ့ဘုံတို့၌ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ တပ်ကြသောကြောင့် ဒွါရဝိမုတ် ဖြစ်ကြပါသည်။

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်သော ထိုစိတ်တို့သည် ဇနကကံအဟုန် သက်သက်ကြောင့်သာ ဖြစ်ကုန်၏၊ အာရုံနှင့် ဒွါရတို့၏ထိခိုက်မှုကြောင့် ဖြစ်သော စိတ်မျိုး မဟုတ်၍ စက္ခုစသော ၆-ဒွါရတို့၌ မဖြစ်ချေ။ ထိုစိတ်တို့သည် ကမ္မနိမိတ် ကိုသာ အာရုံပြုမြဲ ဖြစ်၏၊

ထို့ပြင် ဘဝင်စိတ်သည်လည်း မိမိကိုယ်တိုင် မနောဒွါရဟု ဆိုအပ်သော ဘဝင် ဖြစ်နေသောကြောင့် ဒွါရဝိမုတ် ဖြစ်ရပါသည်။

---

၃။ **အတိတ်က အဖြစ်တွေကို ယခုအချိန်ထိ မျက်စိထဲမှာ မြင်နေသေးတယ်ဟု ပြောဆိုလေ့ ရှိကြရာ အဘိဓမ္မာသဘောနှင့် ကိုက်ညီမှု ရှိ-မရှိ စိစစ်ပြပါ။**

**"အတိတ်ကအဖြစ်ကို ယခုအချိန်အထိ မျက်စိထဲမှာ မြင်နေသေးတယ်" ဟူသော စကား သည် အဘိဓမ္မာသဘာဝနှင့် ကိုက်ညီမှု မရှိပါ။ စိစစ်ပြရသော် -**

'မျက်စိ'ဟူသော စက္ခုပသာဒ (တစ်နည်း) စက္ခုဒွါရ၌ ထိခိုက်လာသော ပစ္စုပ္ပန်ရူပါရုံကိုသာ စက္ခုဝိညာဏ်စိတ်သည် အာရုံပြုနိုင်၏၊ ထိခိုက်ဆဲ မဟုတ်သော, ထိခိုက်ပြီးသောအာရုံ, ထိခိုက်လတ္တံ့သောအာရုံတို့ကို အာရုံမပြုနိုင်သောကြောင့် 'အတိတ်က အဖြစ်'ဟူသော အတိတ်ရူပါရုံသည် မျက်စိဟူသော စက္ခုဒွါရ၌ မထိခိုက် မမြင်နိုင်ပါ။

---

၄။ **အရူပပြဟ္မာဘဝဖြင့် သောတာပတ္တိမဂ်ကို ရနိုင်-မရနိုင် အကြောင်းပြ၍ ဆုံးဖြတ်ပြပါ။**

**အရူပပြဟ္မာဘဝဖြင့် သောတာပတ္တိမဂ်ကို မရနိုင်ပါ။**

သောတာပတ္တိမဂ်ရရန် အကြောင်းတရားတို့တွင် 'ပရတောဃောသပစ္စည်း'ဟု ဆိုအပ်သော 'သူတစ်ပါးထံမှ တရားနာယူမှုဟူသောအကြောင်း'သည် တစ်ပါး ပါဝင် ၏၊ အရူပပြဟ္မာဟူသည် ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် ရုပ်တရား လုံးဝမရှိ၊ နာမ်

http://www.dhammadownload.com



တရားသက်သက်သာရှိသော ပြဟ္မာများ ဖြစ်ကြ၏၊ ထို့ကြောင့် ဤပရတောဃောသ ပစ္စည်းသည် အရူပပြဟ္မာတို့၌ မဖြစ်နိုင်သောကြောင့် အရူပပြဟ္မာဘ၀ဖြင့် သောတာ -ပတ္တိမဂ်ကို မရနိုင်ပါ။

ထို့ပြင် ဘုရား, ပစ္စေကဗုဒ္ဓါတို့သည်လည်း လူ့ဘုံမှ တစ်ပါးသောဘုံ၌ မဖြစ် သောကြောင့် သောတာပတ္တိမဂ်ကို အရူပပြဟ္မာဘ၀ဖြင့် မရနိုင်ပါ။

---

၁၉၉၃

၁။ **ဝေဒနာသည် (က) တစ်ပါးသာ ရှိသည် (ခ) နှစ်ပါးသာ ရှိသည် (ဂ) သုံးပါးသာ ရှိသည် (ဃ) ငါးပါးရှိသည်-ဟု ဆိုလျှင် အဘယ်ဝေဒနာများ ဖြစ်မည်နည်း၊ အသီးသီး ဖြေဆိုပါ။**

**ဝေဒနာသည်**

(က) **တစ်ပါးသာ ရှိသည်-ဟု ဆိုလျှင်** ဒုက္ခဝေဒနာ ဖြစ်ပါသည်။

(ခ) **နှစ်ပါးသာ ရှိသည်-ဟု ဆိုလျှင်** သုခဝေဒနာနှင့် ဒုက္ခဝေဒနာ ဖြစ်ပါသည်။

(ဂ) **သုံးပါးသာ ရှိသည်-ဟု ဆိုလျှင်** သုခဝေဒနာ, ဒုက္ခဝေဒနာနှင့် အဒုက္ခမသုခ ဝေဒနာတို့ ဖြစ်ပါသည်။

(ဃ) **ငါးပါးရှိသည်-ဟု ဆိုလျှင်** သုခဝေဒနာ, သောမနဿဝေဒနာ, ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့ ဖြစ်ပါသည်။

---

၂။ **"ကိစ္စများမြောင် လူတို့ဘောင်" ဆိုသည့်အတိုင်း ကိစ္စတွေများသလောက် ဌာနမှာ ၁၀-ပါးသာ ရှိရခြင်းအကြောင်းကို ဖော်ပြ၍ နှလုံးသွင်းဆင်ခြင်ခြင်းကိစ္စကို ဆောင်ရွက်ကြသည့်စိတ်များကိုလည်း ဖော်ပြပါ။**

**ကိစ္စ ၁၄-ပါး ရှိသော်လည်း ဌာနမှာ ၁၀-ပါးသာ ရှိရခြင်းအကြောင်း**

ကိစ္စ ၁၄-ပါးတို့သည် ဌာန၏အစွမ်းအားဖြင့် ထင်ရှားပေါ်လွင်သောကြောင့် ဌာနအပြား ၁၀-ပါးသာ ပြဆိုခြင်း ဖြစ်၏။

(တစ်နည်း) ကိစ္စ ၁၄-ပါး ရှိသော်လည်း စက္ခုဝိညာဏ်စသော ၅-ပါးသောဝိညာဏ်တို့၏ ဖြစ်ရာဌာနသည် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏အကြား၌ ဖြစ်သည်

http://www.dhammadownload.com



ခြင်း တူ၍ ပဥ္စဝိညာဏ်ကို တစ်ဌာနတည်း ပေါင်းလျက် ယူထားသော ကြောင့် ဌာနသည် ၁၀-ပါးသာ ရှိရပါသည်။

**နှလုံးသွင်းဆင်ခြင်ခြင်း (အာဝဇ္ဇန်း) ကိစ္စကို ဆောင်ရွက်ကြသည့် စိတ်များမှာ -**

(၁) ပဉ္စဒွါရာဝဇ္ဇန်း - ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို နှလုံးသွင်း ဆင်ခြင်၏။

(၂) မနောဒွါရာဝဇ္ဇန်း - မနောဒွါရ၌ထင်လာသောအာရုံကို နှလုံးသွင်းဆင်ခြင်၏။

---

၃။ **စက္ခုဒွါရ၌ ၄၆-ပါးသောစိတ်တို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်၏ ဟု ဆိုရာ၌ "ထိုက်သည့်အားလျော်စွာ" ဟူသောစကားကို သင်နားလည်သမျှ ရှင်းပြပါ။**

**စက္ခုဒွါရ၌ ၄၆-ပါးသော စိတ်တို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်၏ ဟု ဆိုရာ၌ "ထိုက်သည့်အားလျော်စွာ"ဟူသောစကားကို ရှင်းပြရသော် -**

စက္ခုဒွါရိကစိတ် ၄၆-ပါးသည် အခါခပ်သိမ်း တစ်ပြိုင်နက် ဖြစ်ကြသည် မဟုတ်၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာအာရုံ၌၊ ယောနိသောမနသိကာရ, အယောနိသော မနသိကာရ, အနုသယကင်းသောရဟန္တာတို့၏သန္တာန်အားလျော်စွာ ထိုက်သင့်သလို ဖြစ်ခြင်းကို ဆိုလိုပါသည်။

စက္ခုဒွါရ၌ ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တ ဖြစ်သော ရူပါရုံ လာတိုက်သည်ရှိသော် ဝိပါက် စိတ်တို့သည် ကုသလဝိပါက်သာ ဖြစ်ကြ၏၊ ဣဋ္ဌာရုံ၌ သောမနဿကုသလဝိပါက်, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာကုသလဝိပါက်တို့ ဖြစ်ကြပါသည်။ အနိဋ္ဌရူပါရုံ လာတိုက် သည်ရှိသော် ဝိပါက်စိတ်တို့သည် အကုသလဝိပါက်သာ ဖြစ်ကြပါသည်။

ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၌ ယောနိသောမနသိကာရ ဖြစ်လျှင် ကာမကုသိုလ် ဇော, အယောနိသောမနသိကာရ ဖြစ်လျှင် အကုသိုလ်ဇောတို့ ဖြစ်ကြပါသည်၊ အနု- သယကင်းသော ရဟန္တာဖြစ်လျှင် ကာမကြိယာဇောတို့ ဖြစ်ကြပါသည်။

ဤသို့ဖြစ်ခြင်းကို "ထိုက်သည့်အားလျော်စွာ" ဖြစ်သည်-ဟု ဆိုခြင်း ဖြစ်ပါသည်။

---

၄။ **သတ္တဝါတို့၏ ပဋိသန္ဓေစိတ်သည် ရှေ့ဘဝက မရဏာသန္နဇောတို့ ယူခဲ့သောအာရုံကို သာ အာရုံပြုသည်ဟု ဆိုရာ၌ မရဏာသန္နဇော မကျဘဲ သေဆုံးရလျက် လူဖြစ်ကြမည့်**

http://www.dhammadownload.com



**အသညသတ်ပြဟ္မာကြီးများ၏ လူ့ဘဝပဋိသန္ဓေစိတ်သည် အဘယ်ကို အာရုံပြုမည်နည်း၊ ဖြေဆိုပြပါ။**

**အသညသတ်ပြဟ္မာကြီးများ၏ လူ့ဘဝပဋိသန္ဓေစိတ်သည်**

အသညသတ်ဘုံသို့ မရောက်မီ တစ်ပါးသောဘဝက ပြုခဲ့သော ယခုဘဝ အကျိုးပေးခွင့်ရသော အပရာပရိယာယဝေဒနီယကံ၏အစွမ်းကြောင့် ထင်လာအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် ၁-ပါးပါးကို အာရုံပြုပါသည်။

အသညသတ်ပြဟ္မာဟူသည် ရုပ်သက်သက်သာရှိသောပုဂ္ဂိုလ် ဖြစ်၍ သေခါနီးအခါ၌ မရဏာသန္နဇောစိတ် မရှိ၍ ထိုဇော၏အာရုံသည်လည်း မရှိနိုင်ပါ၊ ထိုသို့ မရှိသဖြင့် အသညသတ်ပြဟ္မာများ စုတေ၍ လူ့ပြည်၌ ပဋိသန္ဓေနေခဲ့လျှင် လူ့ဘဝပဋိသန္ဓေစိတ်သည် အတိတ်ဘဝ မရဏာသန္နဇော၏ အာရုံကို အာရုံမပြုနိုင်ချေ။

ထိုပဋိသန္ဓေစိတ်သည် အသညသတ်ပြဟ္မာဘဝသို့ မရောက်မီ တစ်ပါးသောဘဝက ပြုခဲ့သော, ယခုအကျိုးပေးခွင့်ရသော အပရာပရိယာယဝေဒနီယကံ၏အစွမ်းကြောင့် ဖြစ်ပေါ်လာသောကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးအနက် ၁-ပါးပါးကို အာရုံပြုပါသည်။

---

၁၉၉၄

၁။ **မြတ်စွာဘုရားသည် အဘယ်ကို ရည်ရွယ်တော်မူ၍ ခံစားမှု(ဝေဒနာ)အားလုံးကို ဒုက္ခဟု ဟောတော်မူပါသနည်း၊ ဖြေဆို၍ ဒေါမနဿဝေဒနာ၏ သဘောလက္ခဏာကိုလည်း ကျမ်းဆရာအဘော်ကျ ဖော်ပြပါ။**

**မြတ်စွာဘုရားသည် အချို့သောသုတ္တန်များ၌ "သင်္ခါရတို့၌ အလုံးစုံသော ဝေဒနာသည် ရှိ၏၊ အလုံးစုံသောဝေဒနာသည် ဒုက္ခသာဖြစ်သည်" ဟု ဟောကြားတော်မူ၏။**

အလုံးစုံသောဝေဒနာသည် သင်္ခါရဒုက္ခ ဖြစ်၍ ဒုက္ခသဘောချည်းသာ ဖြစ်သည်-ဟူသောသဘောကို ရည်ရွယ်၍ အချို့သောသုတ္တန်များ၌ ဟောတော်မူခြင်း ဖြစ်ပါသည်။

**ဒေါမနဿဝေဒနာ၏ သဘောလက္ခဏာ**

သဘောအားဖြင့်လည်းကောင်း၊ ကြံဆသောအားဖြင့်လည်းကောင်း အလိုမရှိအပ်

http://www.dhammadownload.com



သော သဘာဝအနိဋ္ဌာရုံ, ပရိကပ္ပအနိဋ္ဌာရုံကို ခံစားခြင်း သဘောလက္ခဏာ ရှိပါသည်။

---

**၂။ အကောင်းမြင်ဝါဒဖြင့် ယောနိသောမနသိကာရရှိသူတို့ ရရှိသော အကျိုးကျေးဇူးတို့ကို ဖော်ပြ၍ ဝုဋ္ဌောစိတ်၏ ဖြစ်ရာဌာနကိုလည်း သတ်မှတ်ပြပါ။**

**ယောနိသော မနသိကာရရှိသူတို့ ရရှိသော အကျိုးကျေးဇူး** (၁၉၈၉ -၁)

**ဝုဋ္ဌောစိတ်၏ ဖြစ်ရာဌာန**

(၁) သန္တိရဏနှင့် ဇောတို့၏အကြား ၁-ဌာန

(၂) သန္တိရဏနှင့် ဘဝင်တို့၏အကြား ၁-ဌာန

---

**၃။ "မနောဓာတ်ဖြင့် အတတ်ဟောသည်" ဟု ဆိုလျှင် ဟုတ်မှန်နိုင်ဖွယ် ရှိပါမည်လော၊ မနောဓာတ်တွင် ပါဝင်သောစိတ်တို့၏ သဘောသဘာဝကို ထောက်ဆတင်ပြ၍ အဆုံးအဖြတ် ပေးပါ။** (၁၉၈၉-၃)

---

**၁၉၉၁**

**၁။ "ကာယသုခ, စိတ္တသုခ" ရှိသကဲ့သို့ "ကာယဥပေက္ခာ, စိတ္တဥပေက္ခာ" ဟု ရှိသင့် မရှိသင့် သုံးသပ် ဆုံးဖြတ် ပြပါ။** (၁၉၉၀-၁)

---

**၂။ "ပဋိသန္ဓေကိစ္စ ပဋိသန္ဓေဌာန"ဟု ကိစ္စနှင့် ဌာနကို ခွဲခြားပြဆိုရာ ပဋိသန္ဓေမှ လွန်သော ဌာနမည်သည် အမှန်ရှိ-မရှိ ကျမ်းဆရာအာဘော်မိအောင် ဖြေဆို၍၊ တဒါရုံ၏အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။**

**"ပဋိသန္ဓေကိစ္စ၊ ပဋိသန္ဓေဌာန"ဟု ကိစ္စနှင့် ဌာနကို ခွဲခြားပြဆိုရာ၌ ပဋိသန္ဓေမှ လွတ်သောဌာန မည်သည် အမှန်ရှိ-မရှိ ကျမ်းဆရာအာဘော်မိအောင် ဖြေဆိုရသော် -**

ပဋိသန္ဓေကိစ္စဟူသည် - ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း သဘောသတ္တိ၊

ပဋိသန္ဓေဌာနဟူသည် - ထိုကိစ္စ,သဘောသတ္တိ၏တည်နေရာ ပဋိသန္ဓေစိတ်ဖြပ် ဖြစ်၏။

http://www.dhammadownload.com



ဤ၌ ပဋိသန္ဓေကိစ္စအရလည်း - ပဋိသန္ဓေစိတ်၊ ပဋိသန္ဓေဌာနအရလည်း - ပဋိသန္ဓေစိတ်ပင် ဖြစ်သဖြင့် ဋီကာကျော်အလို "ကိစ္စနှင့် ဌာန"သည် အရ မပြားပေ၊ သို့သော် "ကျောက်သားလေး၏ကိုယ်ခန္ဓာ"ဟု ပြောရာ၌ ကျောက်သားနှင့် ကျောက်သားဖြင့် ထုထားသောခန္ဓာကိုယ်မှာ မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပါသည်၊ ထို့ကြောင့် ပဋိသန္ဓေမှ လွတ်သောဌာနမည်သည် အမှန် မရှိပါ။

**တဒါရုံ၏အဓိပ္ပါယ်** - ထိုထိုဇောသည် ယူအပ်ပြီးသောအာရုံကို အာရုံပြု၍ ဖြစ်ခြင်းသည် တဒါရုံ မည်၏။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

**၃။ ဘဝင်စိတ်တို့တွင် မနောဒွါရမည်သော ဘဝင်စိတ်၊ မနောဒွါရ မမည်သော ဘဝင်စိတ်တို့ကို အကြောင်းသွင်း၍ ရှင်းလင်းဖြေဆိုပါ။**

**ဘဝင်စိတ်တို့တွင်**

(၁) ဘဝင်္ဂုပစ္ဆေဒဖြစ်သော ဘဝင် ၁၉-ခုသည် မနောဒွါရ မည်၏။

အကြောင်းမှာ - အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်၍ မနောဒွါရာဝဇ္ဇန်းအား အနန္တရပစ္စည်း တပ်နိုင်သောကြောင့် ဖြစ်ပါသည်။

(၂) အတီတဘဝင်, ဘဝင်္ဂစလန စသော ဘဝင်များသည် မနောဒွါရ မမည်ပါ။ အကြောင်းမှာ - ၎င်းဘဝင်တို့သည် မနောဒွါရာဝဇ္ဇန်းစိတ်အား အနန္တရပစ္စည်း မတပ်နိုင်သောကြောင့် ဖြစ်ပါသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

**၄။ "ကြွက်မနိုင် ကျွဲ မီးနှင့် ရှို့"ဆိုသကဲ့သို့ ရူပဗြဟ္မာများ စက်ဆုပ်သည်မှာ ဃနာရုံဖြစ်ပါလျက် ပယ်ခွာသောအခါ ဃာနပသာဒဝတ္ထုကို ပယ်ခွာထားသည်မှာ အဘယ့်ကြောင့်နည်း၊ ဆက်စပ်ပြ၍ အရူပဘုံ၌ ရူပါဝစရစိတ်များ မဖြစ်ခြင်းအကြောင်းကိုလည်း ရေးသားပြပါ။**

**ရူပဗြဟ္မာများ ဃာနပသာဒဝတ္ထုကို ပယ်ခွာခြင်းအကြောင်း**

ရူပဘုံသို့ ရောက်ကြောင်းဖြစ်သော ရူပဈာန်သည် ဝတ္ထုအာရုံ ကာမဂုဏ်ကို စက်ဆုပ်သော ကာမဝိရာဂဘာဝနာ ဖြစ်ပါသည်၊ ဝတ္ထုအာရုံဟူသည် ကာမအာရုံများ ဖြစ်ရကား ပယ်ခွာ၍ မဖြစ်နိုင်၊ ထို့ကြောင့် ရူပဗြဟ္မာများသည် စက် ဆုပ်သည့်

http://www.dhammadownload.com



ဂန္ဓာရုံကို မပယ်နိုင်ဘဲ "ကြွက်မနိုင် ကျီ မီးနှင့် ရှို့"ဆိုသကဲ့သို့ ဂန္ဓာရုံနှင့် ဆက်သွယ်နေသော (တစ်နည်း) ၎င်းဂန္ဓာရုံကို လက်ခံနိုင်ရာ ဃာနပသာဒကိုသာ ပယ်ရှားနိုင်ပါသည်၊ ထို့ကြောင့် ဃာနပသာဒဝတ္ထုကို ပယ်ခွာထားခြင်း ဖြစ်ပါသည်။

(ကာမဝိရာဂဘာဝနာ၏အစွမ်းဖြင့် ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်း ကင်းသည် ဖြစ်၍ ထိုဂန္ဓာရုံစသည်လျှင် အာရုံရှိကုန်သော ပသာဒရုပ်တို့၌လည်း တပ်ခြင်း ကင်းသောသဘော ရှိသောကြောင့် ဃာနပသာဒစသော ဝတ္ထုရုပ် ၃-ပါးကို ပယ်ခွာထားခြင်း ဖြစ်ပါသည်။)

**အရူပဘုံ၌ ရူပါဝစရစိတ်များ မဖြစ်ခြင်း အကြောင်း**

အရူပဗြဟ္မာဟူသည် ရူပဝိရာဂဘာဝနာကြောင့် ဖြစ်လာသော ဗြဟ္မာများ ဖြစ်ကြပါသည်၊ ထိုအရူပဗြဟ္မာတို့သည် ရုပ်တရားကို စက်ဆုပ်ရွံသာမက ကသိုဏ်းရုပ်ကို အာရုံပြုသောရူပဈာန်တို့၌လည်း တပ်မက်ခြင်း ကင်းကြသောကြောင့် အရူပဘုံ၌ ရူပါဝစရကုသိုလ်နှင့် ကြိယာစိတ်များ မဖြစ်ထိုက်ပေ။

ရူပါဝစရဝိပါက်စိတ်တို့သည်လည်း အရူပဘုံ၌ ဖြစ်ဖို့ရာ ပဋိသန္ဓေဟူသော အကြောင်း မရှိသောကြောင့် အရူပဘုံ၌ မဖြစ်ပါ။

---

၁၉၉၆

၁။ **သုခဝေဒနာနှင့် သောမနဿဝေဒနာတို့၏ ထူးခြားပုံကို ဖော်ပြ၍ စိတ်မချမ်းသာမှုသည် ဒုက္ခလော၊ ဒေါမနဿလော ဣန္ဒြိယဘေဒနည်းအရ ဖော်ပြပါ။**

| သုခဝေဒနာ | နှင့် သောမနဿဝေဒနာတို့၏ အထူး |
|---|---|
| (၁) အလိုရှိအပ်သော ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။ | (၁) သဘောအားဖြင့်လည်းကောင်း၊ ကြံဆသောအားဖြင့်လည်းကောင်း အလိုရှိအပ်သော သဘာဝဣဋ္ဌာရုံ၊ ပရိကပ္ပဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။ |
| (၂) ကာယိကဝေဒနာဖြစ်၏။ | (၂) စေတသိကဝေဒနာ ဖြစ်၏။ |

http://www.dhammadownload.com



ဤသို့ သုခဝေဒနာနှင့် သောမနဿဝေဒနာတို့သည် ဣန္ဒြိယဘေဒနည်းအရ ထူးခြားကြပါသည်။

ဣန္ဒြိယဘေဒနည်းအရ - စိတ်မချမ်းသာမှုသည် **"ဒေါမနဿဝေဒနာ"** ဖြစ်ပါသည်။

---

**၂။ ယခုအခါဝယ် ကာလမဲ့ပုံအကြောင်း အချို့ ပြောဆို ရေးသားလျက် ရှိရာ ကာလသုံးပါးမှ လွတ်သော (ကာလမဲ့)အရာများ အမှန် ရှိ-မရှိ ဖြေဆို၍ ရှိလျှင် အဘယ်အရာများသည် အဘယ့်ကြောင့် ကာလသုံးပါးမှ အလွတ်ဖြစ်ရကြောင်း သဘာဝကျကျ ဖြေဆိုပြပါ။**

**ကာလသုံးပါးမှ လွတ်သော (ကာလမဲ့)အရာများ အမှန်ရှိပါသည်၊ ထိုကာလမဲ့တရားများကား "နိဗ္ဗာန်နှင့် ပညတ်" ဖြစ်ပါသည်။**

**နိဗ္ဗာန်သည် ကာလမဲ့ (ကာလဝိမုတ်) ဖြစ်ရပုံ**

နိဗ္ဗာန်သည် မပျက်မစီး အမြဲတည်၍ ကာလသုံးပါးဖြင့် ခွဲဝေ၍ မရကောင်းသောကြောင့် ကာလဝိမုတ် ဖြစ်ရ၏။

**ပညတ်သည် ကာလမဲ့ ဖြစ်ရပုံ** (၁၉၉၀-၄ လည်း ကြည့်ပါ။)

ပညတ်သည် ဥပါဒ် ဌီ ဘင်အားဖြင့် အထင်အရှား မရှိ၍ ကာလသုံးပါးဖြင့် ခွဲဝေ၍ မရကောင်းသောကြောင့် ကာလဝိမုတ် ဖြစ်ရ၏။

---

**၃။ ပန်းနံ့သာတို့ဖြင့် စေတီတော်အား ပူဇော်လျက်ရှိသော ရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည် အဘယ်ကို အာရုံပြုပါသနည်း၊ တိကျစွာ ဖော်ပြ၍ အသင်စာဖြေသူ၌ ဝတ္ထုရုပ် ဘယ်နှစ်ပါး ရထားပါသနည်း၊ အဘယ်ကြောင့်နည်း၊ ဖြေဆိုပါ။**

**ပန်းနံ့သာတို့ဖြင့် စေတီတော်အား ပူဇော်လျက်ရှိသော ရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည်** ကာမအာရုံဖြစ်သော ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုပါသည်။

**စာဖြေသူ၌ ဝတ္ထုရုပ် ၆-ပါးလုံး ရရှိထားပါသည်၊ ထိုဝတ္ထုရုပ်များကား -** စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



အကြောင်းမှာ ပြည့်စုံသောဣန္ဒြေရှိသောပုဂ္ဂိုလ်ကို ကာမဘုံ၌ ရအပ်ပြီး စာဖြေသူသည် ကာမဘုံသား ပြည့်စုံသောဣန္ဒြေရှိသောသူ ဖြစ်သောကြောင့်တည်း။

---

၁၉၉၇

၁။ **သုခဝေဒနာနှင့် သောမနဿဝေဒနာတို့သည် ခံစားအပ်သောအာရုံနှင့် စပ်၍ မည်သို့ခြားနားပါသနည်း၊ ဖြေဆို၍ စုတိ၏ ဌာနကိုလည်း တိကျစွာ သတ်မှတ်ပြပါ။**

**သုခဝေဒနာနှင့် သောမနဿဝေဒနာတို့သည် ခံစားအပ်သောအာရုံ** (၁၉၉၆-၁)

**စုတိဌာန**

(၁) ဇောနှင့် ပဋိသန္ဓေတို့၏ အကြား ၁-ဌာန

(၂) တဒါရုံနှင့် ပဋိသန္ဓေတို့၏ အကြား ၁-ဌာန

(၃) ဘဝင်နှင့် ပဋိသန္ဓေတို့၏ အကြား ၁-ဌာန ဖြစ်ပါသည်။

---

၂။ **မနောဒွါရမည်ခြင်း၏အကြောင်းကို ဖော်ပြ၍ ယင်းမနောဒွါရအရ ယူရမည့်တရားကိုလည်း (က) သင်္ဂြိုဟ်ဆရာ၏အလို၊ (ခ) ဋီကာဆရာ၏အလိုအားဖြင့် အကြောင်းသွင်း၍ ရှင်းလင်းဖော်ပြပါ။**

**မနောဒွါရ မည်ပုံ** = မနောဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဒွါရ ဖြစ်သောကြောင့် မနောဒွါရ မည်ပါသည်။

**မနောဒွါရအရ ယူရမည့်တရား**

(က) **သင်္ဂြိုဟ်ဆရာ၏အလို** = ဘဝင်စိတ်ဟူသမျှ

**အကြောင်းပြရသော်** - မနောဒွါရသည် စက္ခုဒွါရ စသည်တို့ကဲ့သို့ ရုပ်တရားမဟုတ်၊ ဘဝင်စိတ်များတည်း၊ ဘဝင်စိတ်များ၌ အာရုံထင်လာလျှင် ထိုအာရုံကို ယူလျက် မနောဒွါရိကဝီထိစိတ်များ ဖြစ်ရသောကြောင့် "ဘဝင်စိတ်ဟူသမျှကို မနောဒွါရ" ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

(ခ) **ဋီကာဆရာ၏အလို** = ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါး

http://www.dhammadownload.com



**အကြောင်းပြရသော်** - အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာ-ဝဇ္ဇန်း, ဇောဟူသောစိတ်အစဉ်ဖြစ်ရာ၌ အတီတဘဝင်နှင့် ဘဝင်စလနတို့သည် မနော-ဒွါရာဝဇ္ဇန်းအား တိုက်ရိုက်ဆက်သွယ် ကျေးဇူးမပြုနိုင်၊ ဘဝင်ုပစ္ဆေဒကသာ မနောဒွါရာ-ဝဇ္ဇန်းအား တိုက်ရိုက်ဆက်သွယ်၍ အနန္တရသတ္တိဖြင့် ကျေးဇူးပြုနိုင်၏။

ရွာသို့ဝင်သော တံခါးပေါက်သည် ရွာနှင့် တစ်ဆက်တည်း နေရသကဲ့သို့ ဝီထိစိတ်တို့၏ဖြစ်ကြောင်း ဒွါရသည်လည်း ဝီထိစိတ်နှင့် တစ်ဆက်တည်း နေသင့်၏၊ ထို့ကြောင့် ဝီထိစိတ်တို့၏ဖြစ်ကြောင်း ဘဝင်ကို "မနောဒွါရ"ဟု ဆိုရာ၌ ဘဝင်ုပစ္ဆေဒကို ယူသင့်ပါသည်။

---

၃။ **အောက်ပါပြဿနာနှစ်ရပ်ကို အကြောင်းခိုင်လုံစွာဖြင့် ဖြေရှင်းပြပါ။**

**(က) ရူပပြဟ္မာကြီးများ ငိုမဲ့ခြင်း ရှိ-မရှိ**

**(ခ) အရူပပြဟ္မာကြီးများ ပြုံးရယ်ခြင်း ရှိ-မရှိ**

**(က) ရူပပြဟ္မာကြီးများ ငိုမဲ့ခြင်း ရှိ-မရှိ**

အကြောင်းမှာ - ဒေါသသည် နီဝရဏတရား စင်စစ်ဇကန်ဖြစ်သောကြောင့် ဒေါသနှင့်တကွဖြစ်သော ဒေါသမူဒွေးသည် ရူပဘုံ၌ ဖြစ်ခွင့် မရှိပါ၊ ဒေါသမူဒွေး မဖြစ်နိုင်သဖြင့် ငိုမဲ့ခြင်းလည်း မဖြစ်နိုင်ပါ။

**(ခ) အရူပပြဟ္မာကြီးများ ပြုံးရယ်ခြင်း ရှိ-မရှိ**

အကြောင်းမှာ - ပြုံးရယ်ရန်အတွက် ရုပ်တရား(ကိုယ်ခန္ဓာ) ရှိရမည်၊ အရူပပြဟ္မာကြီးများသည် ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် ရုပ်တရား လုံးဝမရှိ၊ နာမ်သက်သက်သာ ရှိသော ပြဟ္မာများ ဖြစ်သောကြောင့်တည်း။

---

၁၉၉၈

၁။ **ကြိယာစိတ်တို့တွင် အဘယ်စိတ်တို့သည် အဘယ်ကြောင့် "ဇော" မထိုက်ပါသနည်း၊ ဖြေဆို၍ "ဇော"ထိုက်သော ဝိပါက်စိတ်ရှိက ဖော်ပြပါ။**

http://www.dhammadownload.com



**ကြိယာစိတ်တို့တွင် "ဇော"မထိုက်သော ကြိယာစိတ်များနှင့်အကြောင်း** (၁၉၉၀-၂)

**"ဇော"ထိုက်သော ဝိပါက်စိတ်ကား-**

လောကုတ္တရာဝိပါက်စိတ်ဖြစ်သော ဖိုလ်စိတ် ၄-ပါး ဖြစ်ပါသည်။

[ဖိုလ်စိတ်သည် ဝိပါက်စိတ်ဖြစ်၍ အာသေဝနပစ္စည်း ကင်းသော်လည်း မဂ်စေတနာ (လောကုတ္တရာကုသိုလ်)၏ အာနုဘော်ကြီးသောတန်ခိုးအရှိန်ကြောင့်လည်းကောင်း၊ ပရိကမ္မ ဘာဝနာ၏အစွမ်းဖြင့် ဖြစ်သောကြောင့်လည်းကောင်း အာရုံ၌ လျင်စွာဖြစ်ခြင်းသဘော ရှိ၍ ဇောကိစ္စ တပ်ပါသည်။]

---

၂။ **အရူပဗြဟ္မာကြီးများ (က) သောတာပတ္တိမဂ် ရနိုင်-မရနိုင်**
**(ခ) အိပ်ငိုက်ခြင်း ရှိ-မရှိ စိစစ်ပြပါ။**

(က) (၁၉၉၂-၄)

(ခ) **အရူပဗြဟ္မာကြီးများ အိပ်ငိုက်ခြင်း ရှိ-မရှိ စိစစ်ပြရသော် -**

"အိပ်ငိုက်ခြင်း"ဟူသည် ခန္ဓာကိုယ်ရှိသောပုဂ္ဂိုလ်၌သာ ဖြစ်နိုင်ပါသည်၊ အရူပ ဗြဟ္မာတို့သည် ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် ရုပ်တရား မရှိ၊ နာမ်ချည်းသက်သက်သာ ရှိသဖြင့် အိပ်ငိုက်ခြင်း မရှိပါ။

---

၃။ **အသင်စာဖြေသူ၌ စိတ်, စေတသိက် နာမ်တရားများ မှီ၍ဖြစ်သော ဝတ္ထုရုပ်ပေါင်း မည်မျှရနိုင်သနည်း။ အကြောင်းပြ ဆုံးဖြတ်၍ ဉာဏ်သည် မည်သည့်ဝတ္ထုရုပ်ကို မှီ၍ဖြစ်ပါသနည်း၊ ရှင်းပြပါ။**

**စာဖြေသူ၌ ဝတ္ထုရုပ်ပေါင်း ၆-ပါး ရှိပါသည်၊** (၁၉၉၆-၃)

**ဉာဏ်သည် ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီပြီး စတုဝေါကာရဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မမှီပါ။**

ဉာဏ် (တစ်နည်း) ပညိန္ဒြေစေတသိက်ဟူသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်

http://www.dhammadownload.com



စိတ် ၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၄၇-ပါးသော တိဟိတ်စိတ်တို့၌ ယှဉ်၍ ဖြစ်၏။

စိတ်ဟူသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဝတ္ထုရုပ်ကိုမှီပြီး စတုဝေါကာရဘုံ၌ ဖြစ်ခိုက် ဝတ္ထုရုပ်ကို မမှီပါ၊ ထို့ကြောင့် ဉာဏ်နှင့်ယှဉ်သော တိဟိတ်စိတ်တို့သည် ထိုက်သည့်အားလျော်စွာ ပဉ္စဝါဟာရဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကို မှီပြီး စတု-ဝေါကာရဘုံ၌ ဖြစ်ခိုက် ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်ကြပါသည်။

---

**၁၉၉၉**

၁။ **သံယုတ်ပါဠိတော်၌ ဝေဒနာနှစ်ပါးသာ ဟောထားပါလျက် အရှင်အနုရုဒ္ဓါက မည်သည့် အကြောင်းကြောင့် ၃-ပါး ဆိုရသည်ကို ဖော်ပြ၍ ကုသိုလ်, အကုသိုလ် ဖြစ်ခြင်း၏ အကြောင်းရင်းကိုလည်း ရေးသားပါ။**

**သံယုတ်ပါဠိတော်၌ ဝေဒနာနှစ်ပါးသော ဟောထားပါလျက် အရှင်အနုရုဒ္ဓါက ၃-ပါး ဆိုရခြင်း အကြောင်းကို ဖော်ပြရသော်-**

သံယုတ်ပါဠိတော်၌ ဝေဒနာနှစ်ပါးသာ ဟောထားသော်လည်း ထိုဝေဒနာနှစ်ပါး တွင် ပေါင်း၍ ယူထားသဖြင့် ပါဝင်နေသော အဒုက္ခ-မသုခဝေဒနာကို သီးခြား ခွဲ ထုတ်ပြလိုသောကြောင့် **အာရမ္မဏာနုဘဝနလက္ခဏာအားဖြင့်** သုခဝေဒနာ, ဒုက္ခ ဝေဒနာ, အဒုက္ခ-မသုခဝေဒနာဟူ၍ အရှင်အနုရုဒ္ဓါက ၃-ပါး ပြား၍ ဆိုရခြင်း ဖြစ် ပါသည်။

**(သံယုတ်ပါဠိတော်၌ မြတ်စွာဘုရားရှင်သည် ဝေဒနာနှစ်ပါးသာ ဟောထားသော်လည်း အရှင်အနုရုဒ္ဓါဆရာသည် အဘိဓမ္မာ (ဓမ္မသင်္ဂဏီ)ပါဠိတော်အားလျော်စွာ အဒုက္ခမသုခဝေဒနာ ကို သီးခြားခွဲထုတ်၍ ပြလိုသောကြောင့် ဝေဒနာ ၃-ပါး ဆိုရခြင်း ဖြစ်ပါသည်။)**

**ကုသိုလ်, အကုသိုလ်ဖြစ်ခြင်း၏ အကြောင်းရင်းများ-**

ကုသိုလ်ဖြစ်ခြင်း၏အကြောင်းရင်းမှာ ယောနိသောမနသိကာရ, အကုသိုလ် ဖြစ်ခြင်း၏အကြောင်းရင်းမှာ အယောနိသောမနသိကာရ ဖြစ်ပါသည်။

---

http://www.dhammadownload.com



**၂။ အာဝဇ္ဇန်းဒွေးသည် ဆင်ခြင်သုံးသပ်နိုင်သောသဘော ရှိပါလျက် ဇောကိစ္စ မဆောင်ရွက်နိုင်ခြင်း၏အကြောင်းကို ရေးသား၍ "မနောဒွါရ"၌ မနနှင့် ဒွါရအရကို စုံလင်အောင် ဖြေဆိုပါ။**

**အာဝဇ္ဇန်းဒွေး ဇောကိစ္စ မဆောင်ရွက်နိုင်ခြင်းအကြောင်း** (၁၉၉၀-၂)

**"မနောဒွါရ"၌ မန နှင့် ဒွါရ အရကို စုံလင်အောင် ဖြေဆိုရသော် -**

(၁) မနောဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးသည် "မနောဒွါရ" မည်၏။

ဤတွင် မန-အရ အာဝဇ္ဇန်းစသော ဝီထိစိတ်၊

ဒွါရ-အရ မနောဒွါရ ခေါ် ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးကို ရ၏။

(၂) ဝီထိစိတ်တို့၏ဖြစ်ကြောင်း ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးသည်ပင် "မနောဒွါရ" မည်၏။

ဤတွင် မန-အရ ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါး၊

ဒွါရ-အရ ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးကိုပင် ရ၏။

**(၁၉၉၇-၂ လည်း ကြည့်ပါ။)**

---

**၃။ "ဝုဋ္ဌောသည် အလုံးစုံသောအာရုံကို အာရုံပြုသည်"ဆိုရာ အခါခပ်သိမ်း အာရုံပြုနိုင်/မပြုနိုင် ဖော်ပြ၍၊ အရှုပ်ပြဿနာကြီးများ ပြုံးရယ်မှု ရှိ/မရှိကိုလည်း အကြောင်းပြ ဆုံးဖြတ်ပါ။**

**"ဝုဋ္ဌောသည် အလုံးစုံသောအာရုံကို အာရုံပြုသည်"ဆိုရာ အခါခပ်သိမ်း အာရုံပြုနိုင်/မပြုနိုင် ဖော်ပြရသော် -**

ဝုဋ္ဌောသည် အလုံးစုံသောအာရုံကို အာရုံပြုသည်ဆိုရာ၌ အခါခပ်သိမ်း အာရုံမပြုနိုင်ပါ၊ မြတ်စွာဘုရားရှင်၏သန္တာန်၌ ဖြစ်သော သဗ္ဗညုတဉာဏ်, အနာဂတဉာဏ်, ကြိယာအဘိဉာဏ်တို့၏ရှေ့၌ ဖြစ်သောအခါမျိုးတွင်သာ အလုံးစုံသောအာရုံကို အာရုံပြုနိုင်ပါသည်။

**အရှုပ်ပြဿနာကြီးများ ပြုံးရယ်မှု မရှိပါ။** (၁၉၉၇-၃)

---

http://www.dhammadownload.com



၂၀၀၀

၁။ **လိုရာမရ၍ စိတ်ပျက်အားငယ်နေသူ၌ ခံစားနေရသော ဝေဒနာအမျိုးအစားကို သဘောလက္ခဏာနှင့်တကွ ဖော်ပြ၍ လာဘ်ပေးသူ, လာဘ်ယူသူတို့၌ ဖြစ်ပေါ်လာနိုင်သော ဟိတ်တရားတို့ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။**

**လိုရာမရ၍ စိတ်ပျက်အားငယ်နေသူ၌ ခံစားနေရသောဝေဒနာအမျိုးအစားကို သဘောလက္ခဏာနှင့်တကွ ဖော်ပြရသော် -**

**ဣန္ဒြိယဘေဒနည်းအရ** - ဒေါမနဿဝေဒနာ ဖြစ်ပါသည်။

**သဘောလက္ခဏာ** = သဘောအားဖြင့်လည်းကောင်း၊ ကြံဆသောအားဖြင့်လည်းကောင်း၊ အလိုမရှိအပ်သော သဘာဝအနိဋ္ဌာရုံကို ခံစားခြင်း ဖြစ်ပါသည်။

**အနုဘဝနည်းအရ** - ဒုက္ခဝေဒနာ ဖြစ်ပါသည်။

**သဘောလက္ခဏာ** = ဆင်းရဲသောခံစားမှု ဖြစ်ပါသည်။

**လာဘ်ပေးသူ, လာဘ်ယူသူတို့၌ ဖြစ်ပေါ်လာနိုင်သောဟိတ်တရားတို့ကို အကြောင်းပြ၍ ဆုံးဖြတ်ရသော် -**

လာဘ်ပေးခြင်း, လာဘ်ယူခြင်းတို့သည် အကုသိုလ်အမှုဖြစ်သဖြင့် အကုသိုလ်ဟိတ်တရားများဖြစ်သည့် လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်တို့ ဖြစ်နိုင်ပါသည်။ လာဘ်ပေးခိုက် ယူခိုက်၌ လောဘဟိတ်, မောဟဟိတ်တို့ ပြဋ္ဌာန်းပြီး၊ ပေးပြီးနောက် အခြေအနေကို လိုက်၍ ဒေါသဟိတ်, မောဟဟိတ်တို့ ပြဋ္ဌာန်းနိုင်ပါသည်။

---

၂။ **"စိတ်အလုပ်လုပ်သည်"ဟု ပြောဆိုကြရာ ပဋိသန္ဓေ၊ အာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သန္တီရဏစိတ်တို့၏လုပ်ငန်းကို အသီးသီး ဖော်ပြ၍ မဟဂ္ဂုတ်ဝိပါက်စိတ်တို့၏ ဒွါရဝိမုတ် ဖြစ်ရခြင်း၏အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**ပဋိသန္ဓေ၊ အာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သန္တီရဏစိတ်တို့၏လုပ်ငန်းများမှာ-**

**ပဋိသန္ဓေကိစ္စ** = ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းကိစ္စ။

http://www.dhammadownload.com



**အာဝဇ္ဇန်းကိစ္စ** = စိတ်အစဉ်ကို ဘဝင်၏အစွမ်းဖြင့် ဖြစ်ခွင့်မပေးဘဲ ဝီထိစိတ်ဖြစ်ခြင်းငှာ ညွှတ်စေခြင်း (ဆင်ခြင်ခြင်း)ကိစ္စ။

**ပဉ္စဝိညာဏ်လုပ်ငန်းများမှာ** -

(၁) ဒဿနကိစ္စ = စက္ခုဒွါရ၌ ထိခိုက်လာသော ရူပါရုံကို ရှုမြင်ခြင်းကိစ္စ။

(၂) သဝနကိစ္စ = သောတဒွါရ၌ ထိခိုက်လာသော သဒ္ဒါရုံကို ကြားခြင်းကိစ္စ။

(၃) ဃာယနကိစ္စ = ဃာနဒွါရ၌ ထိခိုက်လာသော ဂန္ဓာရုံကို နံခြင်းကိစ္စ။

(၄) သာယနကိစ္စ = ဇိဝှါဒွါရ၌ ထိခိုက်လာသော ရသာရုံကို အရသာသိခြင်းကိစ္စ။

(၅) ဖုသနကိစ္စ = ကာယဒွါရ၌ ထိခိုက်လာသောဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းကိစ္စ။

**သန္တီရဏကိစ္စ** = သမ္ပဋိစ္ဆိုင်းသည် ခံယူအပ်ပြီးသောပဉ္စာရုံကို ကောင်းစွာနှိုင်းချိန်စုံစမ်းသကဲ့သို့ ဖြစ်ခြင်းကိစ္စ။

**မဟာဂ္ဂုတ်ဝိပါက်စိတ်တို့၏ ဒွါရဝိမုတ် ဖြစ်ရခြင်းအကြောင်း** (၁၉၉၂ နံပါတ်-၂)

---

၃။ **ကာလ ၃-ပါးမှ အလွတ်ဖြစ်သော သဘာဝဓမ္မတို့၏ ကာလ ၃-ပါးတို့၌ မပါဝင်ရခြင်း၏အကြောင်းကို ဖြေဆို၍ အရှုပဖြဟ္မာဘဝဖြင့် သောတာပတ္တိမဂ် ရနိုင်/မရနိုင် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။** (၁၉၉၀-၃) (၁၉၉၂-၄)

---

၂၀၀၁

၁။ **"ချမ်းသာကိုယ်စိတ် မြဲပါစေ"ဟု မေတ္တာပို့တတ်ကြရာ ကိုယ်ချမ်းသာ, စိတ်ချမ်းသာသူတို့၌ ဖြစ်နိုင်သော ဝေဒနာအမျိုးအစားတို့ကို သဘောလက္ခဏာနှင့်တကွ ဖော်ပြ၍ ဣန္ဒြိယဒေသနာ၌ ဝေဒနာ ၅-ပါး ဟောရခြင်း၏အကြောင်းကိုလည်း ဖြေဆိုပါ။**

**"ချမ်းသာကိုယ်စိတ် မြဲပါစေ"ဟု မေတ္တာပို့တတ်ကြရာ ကိုယ်ချမ်းသာ, စိတ်ချမ်းသာသူတို့၌ ဖြစ်နိုင်သော ဝေဒနာအမျိုးအစားတို့ကို သဘောလက္ခဏာနှင့်တကွ ဖော်ပြရသော် -**

ဣန္ဒြိယဘေဒနည်းအရ ကိုယ်ချမ်းသာသောသူတို့၌ ဖြစ်နိုင်သောဝေဒနာသည်

http://www.dhammadownload.com



"သုခဝေဒနာ" ဖြစ်ပါသည်၊ သုခဝေဒနာသည် အလိုရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။

စိတ်ချမ်းသာသောသူတို့၌ ဖြစ်နိုင်သောဝေဒနာသည် "သောမနဿဝေဒနာ" ဖြစ်ပါသည်၊ သောမနဿဝေဒနာသည် သဘောအားဖြင့်လည်းကောင်း, ကြံဆသော အားဖြင့်လည်းကောင်း အလိုရှိအပ်သော သဘာဝဣဋ္ဌာရုံ, ပရိကပ္ပဣဋ္ဌာရုံကို ခံစား ခြင်းလက္ခဏာ ရှိပါသည်။

## ဣန္ဒြိယဒေသနာ၌ ဝေဒနာ ၅-ပါး ဟောရခြင်း၏အကြောင်း

**သုခနှင့် ဒုက္ခဝေဒနာတို့ကို** အစိုးတရ ခံစားခြင်း (ဣန္ဒြိယဘေဒ)အားဖြင့် ကိုယ်, စိတ်နှစ်ပါး ခံစားမှုဟု ခွဲခြားဟောပါသည်၊ အကြောင်းမှာ - သုခဝေဒနာနှင့် ဒုက္ခ ဝေဒနာတို့သည် -

- ကိုယ်၌ဖြစ်သော သာယာခြင်း, မသာယာခြင်းအပြားအားဖြင့် ကာယိန္ဒြေကို ချီးမြှောက်ခြင်း, နှိပ်စက်ခြင်းကို ပြုကုန်သကဲ့သို့ ဖြစ်သောကြောင့် "သုခ ဝေဒနာ"နှင့် "ဒုက္ခဝေဒနာ"-ဟု လည်းကောင်း၊
- စိတ်၌ ဖြစ်သော သာယာခြင်း, မသာယာခြင်း အပြားအားဖြင့် မနိန္ဒြေကို ချီး မြှောက်ခြင်း, နှိပ်စက်ခြင်းကို ပြုကုန်သကဲ့သို့ ဖြစ်သောကြောင့် "သောမနဿ ဝေဒနာ"နှင့် "ဒေါမနဿဝေဒနာ"-ဟုလည်းကောင်း

အသီးအခြား နှစ်ပါးစီ ဟောပါသည်။

**အဒုက္ခ-မသုခဝေဒနာကိုကား** ကိုယ်၌ ဖြစ်သော သာယာခြင်း, မသာယာခြင်း အပြားအားဖြင့် ကာယိန္ဒြေကို ချီးမြှောက်ခြင်း, နှိပ်စက်ခြင်းကိုလည်းကောင်း၊ စိတ်၌ ဖြစ်သော သာယာခြင်း; မသာယာခြင်း အပြားအားဖြင့် မနိန္ဒြေကို ချီးမြှောက်ခြင်း, နှိပ်စက်ခြင်းကို မပြုသောကြောင့် "ဥပေက္ခာဝေဒနာ"ဟု တစ်ပါးတည်း ဟောပါသည်။

---

**၂။ သန္တီရဏချင်း တူပါလျက် သောမနဿသန္တီရဏသည် ပဋိသန္ဓေကိစ္စကို မဆောင်ရွက်နိုင် ခြင်း၏အကြောင်းကို ရေးသား၍ ဒွေပဉ္စဝိညာဏ်နှင့် အပ္ပနာဇောတို့ တစ်ဖွဲ့ရ၍သာ ဖြစ် ရခြင်း၏အကြောင်းကိုလည်း ဖြေဆိုပါ။**

http://www.dhammadownload.com



**သောမနဿသန္တီရဏသည် ပဋိသန္ဓေကိစ္စကို မဆောင်ရွက်နိုင်ခြင်း၏အကြောင်းမှာ -**

သောမနဿသန္တီရဏစိတ်သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် ပဋိသန္ဓေကိစ္စ မဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။

(တစ်နည်း) ဒွိဟိတ်ဩမကဖြစ်သော သောမနဿကုသိုလ်ကံသည် အလွန် အားနည်းသောကြောင့် အဟိတ်ကုသလဝိပါက် သောမနဿပဋိသန္ဓေကို မဖြစ်စေ နိုင်၍ သောမနဿသန္တီရဏစိတ်သည် ပဋိသန္ဓေကိစ္စ မဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။

**ဒွေပဉ္စဝိညာဏ်နှင့် အပ္ပနာဇောတို့ တစ်ဒွါရ၌သာ ဖြစ်ရခြင်း၏ အကြောင်းမှာ -**

**ဒွေပဉ္စဝိညာဏ် ၁၀-**တို့သည် မိမိတို့ဆိုင်ရာဒွါရအသီးသီး၌သာ ဖြစ်သောကြောင့် လည်းကောင်း၊ **အပ္ပနာဇော**တို့သည် မနောဒွါရ၌သာ ဖြစ်သောကြောင့်လည်းကောင်း ဒွေပဉ္စဝိညာဏ်နှင့် အပ္ပနာဇောတို့သည် ထိုက်သည့်အားလျော်စွာ တစ်ဒွါရစီ၌သာ ဖြစ်ရခြင်း ဖြစ်ပါသည်။

---

**၃။ "ကြိယာအဘိညာဉ်ဇောတို့သည် အလုံးစုံသောအာရုံကို အာရုံပြုသည်"ဟု ဆိုရာ အခါ ခပ်သိမ်း အာရုံပြုနိုင်-မပြုနိုင် ဖြေဆို၍ "မိကျောင်းမှာ လျှာမရှိ"ဟူသော စကားမှန်-မမှန် ကိုလည်း ဋီကာအလိုကျ ဆုံးဖြတ်ပါ။**

**"ကြိယာအဘိညာဉ်ဇောတို့သည် အလုံးစုံသောအာရုံကို အာရုံပြုသည်"ဟု ဆိုရာ အခါ ခပ်သိမ်း အာရုံမပြုနိုင်ပါ။**

ကြိယာအဘိညာဉ်ဇောတို့သည် မြတ်စွာဘုရား၏သန္တာန်၌ ဖြစ်နိုင်သော သဗ္ဗ- ညုတဉာဏ်, အနာဝရဏဉာဏ် စသည်တို့၏အစွမ်းဖြင့် ဖြစ်ရာအခါ၌သာ အလုံးစုံ သောအာရုံကို အာရုံပြုနိုင်ပါသည်။

ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်တို့၏ အဘိညာဉ်ဇောတို့သည်ကား အလုံးစုံသော အာရုံကို အာရုံမပြုနိုင်ပါ။ ကာလ ၃-ပါးဖြစ်သော အာရုံ ၆-ပါးနှင့် ကာလဝိမုတ် ဖြစ် သော နိဗ္ဗာန်, ပညတ်တို့ကို ထိုက်သည့်အားလျော်စွာသာ အာရုံပြုနိုင်ပါသည်။

**"မိကျောင်းမှာ လျှာမရှိ" ဟူသောစကား မှန်-မမှန်ကို ဋီကာအလိုကျ ဆုံးဖြတ်ရသော် -**

"မိကျောင်းမှာ လျှာမရှိ" ဟူသော စကားသည် မမှန်ပါ။

http://www.dhammadownload.com



အကြောင်းမှာ - ဋီကာအလိုအရ ပြည့်စုံသောဣန္ဒြေရှိသောပုဂ္ဂိုလ်ကို ကာမဘုံ၌သာ ရအပ်သောကြောင့် ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါး ရပါသည်၊ ထို့ကြောင့် ကာမဘုံသား ဖြစ်သော မိကျောင်းမှာလည်း ဇိဝှါဝတ္ထု(ဇိဝှါပသာဒ) ရှိသောကြောင့် "မိကျောင်းမှာ လျှာမရှိ" ဟူသောစကား မမှန်ရခြင်း ဖြစ်ပါသည်။

---

၂၀၀၂

၁။ ဟေတုသင်္ဂဟဟု ခေါ်ဆိုနိုင်ပုံကို ဋီကာကျော်နှင့်အညီ ဖြေဆို၍ "ဟိတ်"မည်ပုံကို ဥပမာနှင့်တကွ ဖြေဆိုပါ။

**"ဟေတုသင်္ဂဟ"ဟု ခေါ်ဆိုနိုင်ပုံကို ဋီကာကျော်နှင့်အညီ ဖြေဆိုရသော် -**

လောဘအစရှိသော ဟိတ်အပြားအားဖြင့်လည်းကောင်း၊ ထိုဟိတ်တို့နှင့် ယှဉ်သောစိတ္တုပ္ပါဒ်အားဖြင့်လည်းကောင်း ပေါင်းစု၍ ယူရာ, ယူကြောင်းဖြစ်သော သင်္ဂဟ ဖြစ်သောကြောင့် "ဟေတုသင်္ဂဟ"ဟု ခေါ်ဆိုနိုင်ပါသည်။

**"ဟိတ်"မည်ပုံကို ဥပမာနှင့်တကွ ဖြေဆိုရသော် -**

ယှဉ်ဘက်သမ္ပယုတ်ရားတို့၏ ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေတတ်သော (ဝါ) ယှဉ်ဘက်သမ္ပယုတ်တရားတို့ကို ခိုင်မြဲစေတတ်သောကြောင့် လောဘစသည်တို့သည် "ဟိတ်"မည်ကြပါသည်။

(တစ်နည်း) အကျိုးပစ္စယုပ္ပန်တရားတို့၏တည်ရာဖြစ်သောကြောင့် (ဝါ) အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် လောဘစသည်တို့သည် "ဟိတ်" မည်ကြပါသည်။

ဥပမာ - ရေသောက်မြစ်စည်ပင်နေသောသစ်ပင်တို့သည် တည်တံ့ခိုင်မြဲကြသကဲ့သို့ - ဟိတ် ၆-ပါးတို့၏ ဖြစ်ကြောင်းဖြစ်ရာ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးအပြုခံရသော ပစ္စယုပ္ပန်တရားတို့သည်လည်း အာရုံ၌ တည်တံ့ခိုင်မြဲကြပါသည်၊ ဤသို့လျှင် ဟိတ် ၆-ပါးတို့သည် ရေသောက်မြစ်နှင့် တူကြပါသည်။

---

http://www.dhammadownload.com



၂။ "ဒွါရ"ခေါ်ပုံကို ဋီကာကျော်ပြ ဥပမာနှင့်တကွ ဖြေဆို၍၊ အဘယ့်ကြောင့် အဘယ်စိတ်ကို "မနောဒွါရ"ဟု ခေါ်ရပါသနည်း၊ ဖြေဆိုပါ။

**"ဒွါရ" ခေါ်ပုံကို ဋီကာကျော်ပြ ဥပမာနှင့်တကွ ဖြေဆိုရသော် -**

ပကတိတံခါးပေါက်သည် ထွက်သူဝင်သူ နှစ်ယောက်သောလူတို့၏ ထွက်ရာ ထွက်ကြောင်း ဝင်ရာဝင်ကြောင်း ဖြစ်သကဲ့သို့ -

စက္ခုပသာဒ စသည်တို့သည်လည်း ပဉ္စဒွါရာဝဇ္ဇန်း အစရှိသော နာမ်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် "ပကတိတံခါး"များနှင့် တူရကား စက္ခုပသာဒစသည်တို့ကို ဒွါရဟု ခေါ်ဆိုရပါသည်။

**အဘယ့်ကြောင့် အဘယ်စိတ်ကို "မနောဒွါရ"ဟု ခေါ်ရပါသနည်း ဆိုသော် -**

(၁) မနောဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘဝင်္ဂ-ပစ္ဆေဒစိတ် ၁၉-ပါးသည် မနောဒွါရ မည်၏၊ "မန"အရ အာဝဇ္ဇန်းစသော ဝီထိစိတ်တို့ကို ရ၏၊ "ဒွါရ"အရ မနောဒွါရခေါ် ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးကို ရ၏။

(၂) မနောဒွါရဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဘဝင်္ဂပစ္ဆေဒ ၁၉-ပါးသည်ပင် မနောဒွါရ မည်၏၊ "မန"အရ ဘဝင်္ဂုပစ္ဆေဒ ၁၉-ပါးကို ရ၏၊ "ဒွါရ"အရ "၎င်း"ကိုပင် ရ၏။

ထို့ကြောင့်

မနောဒွါရ = မန + ဒွါရ

မန = (၁) မနောဒွါရာဝဇ္ဇန်း စသော ဝီထိစိတ်၊
(၂) ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါး၊

ဒွါရ = (၁) ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါး၊
(၂) ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါး တို့ ဖြစ်ကြပါသည်။

(၁၉၉၇-၂ နှင့် ၁၉၉၉-၂ လည်း ကြည့်ပါ)

---

၃။ "ရူပါရမ္မဏ"ဟူသောပါဠိ၌ "အာရမ္မဏ"မည်ပုံကို လောကဥပမာနှင့်တကွ ရှင်းလင်း ဖြေဆို၍ "မွှာရုံ" အမည်ရသောတရားများကိုလည်း ရေတွက်ဖော်ပြပါ။

http://www.dhammadownload.com



**"ရူပါရမ္မဏ"ဟူသောပါဠိ၌ "အာရမ္မဏ" မည်ပုံ**

ဥယျာဉ်, ပန်းမန်တို့သည် လူတို့၏မွေ့လျော်ရာ ဖြစ်သကဲ့သို့၊ အားမရှိသော ယောကျ်ားသည် တောင်ဝှေး, ကြိုးတန်းကို ထောက်မှီဆွဲကိုင်၍ သွား, လာ, ထိုင်ရသကဲ့သို့ ထို့အတူ စိတ်, စေတသိက်တို့သည် မွေ့လျော်ရာ, ဆွဲကိုင်မှီတွယ်ရာ ဖြစ်သောကြောင့် ရူပစသည်သည် အာရမ္မဏ = အာရုံ မည်ပါသည်။

**"မဂ္ဂါရုံ" အမည်ရသောတရားများကို ရေတွက်ဖော်ပြရသော် -**

အကျဉ်းအားဖြင့် စိတ်၊ စေတသိက်၊ ပသာဒရုပ်၊ သုခုမရုပ်၊ နိဗ္ဗာန်နှင့် ပညတ် ပေါင်း ၆-ပါး ဖြစ်ပါသည်။

အကျယ်အားဖြင့် စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ပသာဒရုပ် ၅-ပါး၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန် ၁-ပါးနှင့် ပညတ် ၁-ပါး၊ ပေါင်း ၁၆၄-ပါး ဖြစ်ပါသည်။

---

၄။ **ရူပဗြဟ္မာကြီးများ၌ "ဃာန, ဇိဝှာ, ကာယ" မရှိခြင်း၏အကြောင်းကို ရှင်းပြ၍ ရူပဗြဟ္မာကြီးများမှာ အဘယ့်ကြောင့် "စက္ခု-သောတ"နှစ်ပါးကို ရရှိပါသနည်း၊ ဖြေဆိုခဲ့ပါ။**

**ရူပဗြဟ္မာကြီးများ၌ "ဃာန, ဇိဝှာ, ကာယ" မရှိခြင်းအကြောင်း** (၃၉၉၅=၃)

**ရူပဗြဟ္မာကြီးများမှာ "စက္ခု-သောတ"နှစ်ပါးကို ရရှိခြင်းအကြောင်း -**

ရူပဗြဟ္မာတို့သည် ဘုရားဖူးခြင်း၊ တရားနာခြင်း စသည်တို့အကျိုးငှာ စက္ခု, သောတဝတ္ထုရုပ် ၂-ပါးတို့၌ တပ်မက်ခြင်း မကင်းကြသေးသောကြောင့် စက္ခု, သောတဝတ္ထုရုပ် ၂-ပါးကို ရကြပါသည်။

---

**၂၀၀၃**

၁။ **"နာမ်တေပညာသ"ဟု ဆိုရာ၌ စိတ်ကိုတစ်ပါးတည်းအဖြစ်ဖြင့် ရေတွက်ရခြင်းအကြောင်းကို ေရး၍ သုခ, ဒုက္ခတို့၌ ဝေဒနာနှစ်ပါးစီ ပြားသကဲ့သို့ ဥပေက္ခာ၌ ဝေဒနာအပြား မရှိရခြင်းအကြောင်းကိုလည်း ရှင်းပြပါ။**

http://www.dhammadownload.com



**"နာမ်တေပညာသ"ဟု ဆိုရာ၌ စိတ်ကို တစ်ပါးတည်းအဖြစ်ဖြင့် ရေတွက်ရခြင်းအကြောင်း**

စိတ်တစ်ခု ယုတ်ကိုးဆယ်သည် အာရုံကို သိခြင်းသဘော (အာရမ္မဏဝိဇာနန) လက္ခဏာအားဖြင့် တူသောကြောင့် တစ်ပါးတည်းသာ ရေတွက်ခြင်း ဖြစ်ပါသည်။

**ဥပေက္ခာ၌ ဝေဒနာအပြား မရှိရခြင်း အကြောင်း** (၂၀၀၁-၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ **ပဋိသန္ဓေကိစ္စနှင့် ပဋိသန္ဓေဌာနအထူးကို ရေး၍၊ သောမနဿသန္တီရဏစိတ်၏ ပဋိသန္ဓေကိစ္စ မတပ်ရခြင်းအကြောင်းကိုလည်း ရှင်းပြပါ။** (၁၉၉၅-၁)(၂၀၀၁-၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၃။ **ကာလသုံးပါးမှ လွတ်သောတရားတို့ကို လွတ်ရခြင်းအကြောင်းနှင့်တကွ ဖြေဆို၍၊ အရှုပ ဗြဟ္မာကြီးတို့၏သန္တာန်၌ သောတာပတ္တိမဂ်ဉာဏ်ထူး ရနိုင်-မရနိုင်ကိုလည်း အကြောင်း သွင်း၍ ရှင်းလင်းဆုံးဖြတ်ခဲ့ပါ။** (၁၉၉၀-၄ နှင့် ၁၉၉၆-၂) (၁၉၉၂-၄)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

## ၂၀၀၄

၁။ **"ဝေဒနာ ၁-ပါး၊ ဝေဒနာ ၂-ပါး၊ ဝေဒနာ ၃-ပါး၊ ဝေဒနာ ၅-ပါး"ဟု ဒေသနာ အသီးသီး ရှိရာ ထိုဝေဒနာအသီးသီးတို့ကို ဖော်ပြ၍ ကုသိုလ်ဖြစ်ခြင်း၊ အကုသိုလ်ဖြစ်ခြင်းတို့သည် မည်သည့်အကြောင်းနှင့် ဆက်စပ်သည်ကိုလည်း ဖြေပါ။**

ဝေဒနာ ၁-ပါး = ဒုက္ခဝေဒနာ
ဝေဒနာ ၂-ပါး = သုခဝေဒနာနှင့် ဒုက္ခဝေဒနာ
ဝေဒနာ ၃-ပါး = သုခဝေဒနာ, ဒုက္ခဝေဒနာနှင့် အဒုက္ခ-မသုခ ဝေဒနာ
ဝေဒနာ ၅-ပါး = သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿ ဝေဒနာနှင့် ဥပေက္ခာဝေဒနာ

**ကုသိုလ်ဖြစ်ခြင်း, အကုသိုလ်ဖြစ်ခြင်း** (၁၉၉၉ -၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ **ပဋိသန္ဓေမှ လွတ်သောဌာန မရှိပါဘဲလျက် "ပဋိသန္ဓေဌာန"ဟု တွဲစပ်သုံးနှုန်းရခြင်း**

http://www.dhammadownload.com



**အကြောင်းကို သာဓကပြဖြေ၍ မင်္ဂစိတ်သည် တစ်ကြိမ်တည်းသာ ဖြစ်ပါလျက် ဇော ကိစ္စတပ်ရခြင်းအကြောင်းကိုလည်း ဖြေပါ။**

**ပဋိသန္ဓေဒါန** (၁၉၉၅-၁)

**မင်္ဂစိတ်သည် တစ်ကြိမ်တည်းသာ ဖြစ်ပါလျက် ဇောကိစ္စတပ်ခြင်းအကြောင်း**

မင်္ဂစိတ်သည် တစ်ကြိမ်တည်းသာ ဖြစ်ရသော်လည်း ဇောသဘော ရှိသော ကြောင့် ဇောကိစ္စ တပ်ပါသည်။

ဥပမာ - သဗ္ဗညုတဉာဏ်တော်သည် တစ်ပါး, တစ်ပါးသောအာရုံကို အာရုံပြု ခိုက် သိခိုက်၌လည်း အလုံးစုံသောအာရုံကို သိစွမ်းနိုင်သောသတ္တိ ရှိသောကြောင့် သဗ္ဗညုတဉာဏ်ဟူသောအမည်ကို မစွန့်သကဲ့သို့ ဖြစ်ပါသည်။

---

၃။ **"ရူပဘုံလောက၌ ဃာနစသည် မရှိ"ဟု ဆိုရာ မရှိရခြင်းအကြောင်းကို ရေး၍ အရူပ ဘုံ၌ ဟသိတုပ္ပါဒ်စိတ် ဖြစ်-မဖြစ်ကိုလည်း အကြောင်းပြဆုံးဖြတ်ပါ။**
(၂၀၀၂-၄) (၁၉၉၇-၃)

---

၂၀၀၅

၁။ **စိတ်အကျဉ်း ၈၉-ပါးကို တစ်ပါးတည်းအဖြစ် ပေါင်းရုံးပြ၍၊ အဗျာကတစိတ်တို့ဖြစ်ရာ၌ ဆက်စပ်နေသည့်အကြောင်းရင်းတို့ကို ပြည့်ပြည့်စုံစုံ ဖြေဆိုပါ။**

စိတ်အကျဉ်း ၈၉-ပါးသည် **အာရုံကို သိခြင်း သဘောလက္ခဏာအားဖြင့်** တစ်ပါးတည်း သာ ဖြစ်ပါသည်။

**အဗျာကတစိတ်တို့ဖြစ်ပုံ**

(၁) ဝိပါက်အဗျာကတတို့၏ အဗျာကတအဖြစ်သည် ကုသိုလ်ကံ, အကုသိုလ်ကံ, အဝိပါကဘာဝတို့နှင့် ဆက်စပ်ပါသည်။

(၂) ကြိယာအဗျာကတတို့၏ အဗျာကတအဖြစ်သည် နိရာနုသယသန္တာန်, အဝိပါက ဘာဝတို့နှင့် ဆက်စပ်ပါသည်။

---

http://www.dhammadownload.com



၂။ ဇောကိစ္စ ခေါ်ဆိုရပုံကို ဥပမာပြ ဖြေဆို၍၊ နိဗ္ဗာန်, ပညတ်တို့၏ ကာလဝိမုတ်ဖြစ်ရပုံကိုလည်း အကြောင်းသွင်း၍ ဖြေဆိုပါ။

**ဇောကိစ္စ ခေါ်ဆိုရပုံ**

အဟုန်ပြင်းစွာ ပြေးသွားသောယောက်ျားကဲ့သို့ အာရုံကို ပိုင်းခြားစွာ သိလျက် အဟုန်ပြင်းစွာ ဖြစ်ခြင်းကိစ္စကို ဇောကိစ္စဟု ခေါ်ပါသည်။

**နိဗ္ဗာန်, ပညတ် ကာလဝိမုတ်ဖြစ်ပုံ** (၁၉၉၀-၃)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၃။ ဝတ္ထုရုပ် ၆-ပါးလုံး ကာမဘုံ၌ ရနိုင်ပုံနှင့် အရူပဘုံ၌ မရနိုင်ပုံတို့ကို ဖြေရှင်းပြခဲ့ပါ။

**ဝတ္ထုရုပ် ၆-ပါး ကာမဘုံ၌ ရနိုင်ပုံ**

ပြည့်စုံသောဣန္ဒြေရှိသောပုဂ္ဂိုလ်ကို ကာမဘုံ၌ ရနိုင်သောကြောင့် ဖြစ်ပါသည်။

**ဝတ္ထုရုပ် ၆-ပါးလုံး အရူပဘုံ၌ မရနိုင်ပုံ**

ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် အရူပဘုံ၌ ရုပ်ဖြစ်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

## ၂၀၀၆

၁။ . . . မနောဓာတုတ္တိက-၌ မနောဓာတ်၏ အဓိပ္ပါယ်ကိုလည်း ရှင်းပြခဲ့ပါ။ (၁၉၉၈-၃)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ အနုဘဝနလက္ခဏာအားဖြင့် ၁-ပါးသာ ရှိသော ဝေဒနာသည် ဣန္ဒြိယဘေဒ၌ ၅-ပါး ပြားရခြင်းအကြောင်းကို ဖြေဆို၍၊ အဘယ်ကြောင့် "ဟိတ်"ဟု ခေါ်ပါသနည်း၊ ရှင်းပြခဲ့ပါ။

**ဝေဒနာ ၃-ပါးမှ ဝေဒနာ ၅-ပါးဖြစ်ပုံ** (၂၀၀၁ -၁)

အနုဘဝနလက္ခဏာဘေဒ၌ ပါသော သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့သည် ဣန္ဒြိယဘေဒ၌ ကာယိန္ဒြေနှင့် မနိန္ဒြေကို မှီးမြောက်မှု, ညှင်းဆဲနှိပ်စက်မှုအားဖြင့် သုခ, သောမနဿ, ဒုက္ခ, ဒေါမနဿဝေဒနာ ဟု ၄-ပါး၊ အဒုက္ခမသုခဝေဒနာ (ဥပေက္ခာ

http://www.dhammadownload.com



ဝေဒနာ)မှာမူ ထိုသို့ မပြားသောကြောင့် ၁-ပါး စုစုပေါင်း ၅-ပါး ဖြစ်လာပါသည်။

**ဟိတ်မည်ပုံ** (၁၉၈၉-၁)

---

၃။ **"ကိစ္စတွေ များလိုက်တာ"ဟု ဆိုရာ ကိစ္စအပြားကို သချာမျှ ဖော်ပြ၍ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**
**(က) ပဋိသန္ဓေကိစ္စ (ခ) ဘဝင်ကိစ္စ (ဂ) ဇောတိစ္စ**

**ကိစ္စအပြား** ၁၄-ပါး ဖြစ်ပါသည်။

**(က) ပဋိသန္ဓေကိစ္စ** = ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း။
**(ခ) ဘဝင်ကိစ္စ** = ဥပပတ္တိဘဝ မပြတ်မစဲ ဖြစ်မြဲဖြစ်ရန် အကြောင်းခံအဖြစ်ဖြင့် ဆက်စပ်ပေးခြင်း။
**(ဂ) ဇောကိစ္စ** = အာရုံ၌ ထိုထိုကိစ္စကို ပြီးစေခြင်း၏အစွမ်းဖြင့် အကြိမ်များစွာ ဖြစ်စေ, တစ်ကြိမ်တည်းဖြစ်စေ အဟုန်ပြင်းစွာ ပြေးသွားသောယောက်ျားကဲ့သို့ အဟုန်ပြင်းစွာ လျင်မြန်စွာ ဖြစ်ခြင်း။

---

၄။ **တဥ္စ ပစ္စုပ္ပန္နံ-၌ ပစ္စုပ္ပန်အပြားကို ဖော်ပြ၍ အရူပလေးဘုံ၌ သောတာပတ္တိမဂ်စိတ် မရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**တဥ္စ ပစ္စုပ္ပန္နံ-၌ ပစ္စုပ္ပန်အပြားမှာ** ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်နှင့် အဒ္ဓါပစ္စုပ္ပန်ဟူ၍ ၃-ပါး ဖြစ်ပါသည်။
**အရူပဘုံ၌ သောတာပတ္တိမဂ် မရခြင်း** (၁၉၉၂-၄)

---

**၂၀၀၇**

၁။ **ပကိဏ္ဏကမည်ပုံကို ရေးသား၍ သုခ, ဒုက္ခတို့ကို ကာယိက, မာနသိက နှစ်ပါးစီ ခွဲ၍ ဟောသကဲ့သို့ ဥပေက္ခာကို ကာယိက, မာနသိက နှစ်ပါး ခွဲ၍ မဟောရခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။**

http://www.dhammadownload.com



**ပဂ္ဂိဏ္ဏကမည်ပုံ**

ဝေဒနာ, ဟိတ် စသော ရောပြွမ်းသောအနက် ၆-မျိုးတို့ဖြင့် စိတ်, စေတသိက်တို့ကို ဝေဖန်ပြခြင်းကြောင့် ပဂ္ဂိဏ္ဏက မည်ပါသည်။

**ဥပေက္ခာဝေဒနာ ၂-ပါး မခွဲခြင်း** (၁၉၉၀-၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ **ဥပေက္ခာသန္တိရဏသည် ပဝတ္တိ, ပဋိသန္ဓေ နှစ်ကိစ္စတပ်ရခြင်းအကြောင်းကို ဋီကာကျော် မြန်မာပြန်၌ လာသည့်အတိုင်း ခိုင်လုံသော အထောက်အထားပြ ဖြေဆိုပြီးလျှင် မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်ပါလျက် ဇောကိစ္စတပ်ရခြင်းအကြောင်းကိုလည်း ဥပမာအားဖြင့် ထင်ရှားအောင် ပြ၍ ဖြေဆိုခဲ့ပါ။**

**ဥပေက္ခာသန္တိရဏသည် ပဝတ္တိ, ပဋိသန္ဓေ နှစ်ကိစ္စတပ်ရခြင်းအကြောင်း**

သောမနဿသန္တိရဏသည် ပဋိသန္ဓေကိစ္စ၏အစွမ်းဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် ဥပေက္ခာသန္တိရဏသည်သာ ပဝတ္တိ, ပဋိသန္ဓေနှစ်ကိစ္စ တပ်ရပါသည်။

အထောက်အထားမှာ - ပဌာန်းကျမ်း၌ လာသော "ဥပေက္ခာသဟဂတံ ဓမ္မံ ပဋိစ္စ ဥပေက္ခာသဟဂတော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ" ဖြစ်ပါသည်။

**မဂ်စိတ် ဇောကိစ္စတပ်ခြင်း** (၂၀၀၄-၁)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၃။ **ဒွါရ-မည်ပုံကို ဥပမာပြ ဖြေဆိုပြီးလျှင်၊ အသိဉာဏ်မပါဘဲ သူတစ်ပါးပြုလုပ်သည်ကို တွေ့မြင်၍ ဝမ်းမြောက်ဝမ်းသာ ပြုလုပ်သော ဒါနကုသိုလ်သည် လောကုတ္တရာ(နိဗ္ဗာန်)ကို အာရုံပြု နိုင်-မပြုနိုင် အကြောင်းနှင့်တကွ ရှင်းပြခဲ့ပါ။**(၂၀၀၂-၁)၊ (၁၉၉၁-၃)

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

**၂၀၀၈**

၁။ **အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်များ ရှိသကဲ့သို့ ဧကဟိတ်ပုဂ္ဂိုလ်ဟူ၍ ရှိသင့် မရှိသင့် အကြောင်းပြဆုံးဖြတ်ပြီးလျှင် စုတိကိစ္စ၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**

http://www.dhammadownload.com



**ဧကဟိတ်ပုဂ္ဂိုလ် ဟူ၍ မရှိသင့်ပါ။**

အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ် တိဟိတ်ပုဂ္ဂိုလ် စသည်ဖြင့် ခေါ်ဆိုခြင်းမှာ ပဋိ-သန္ဓေကို အစွဲပြု၍ ခေါ်ဆိုခြင်း ဖြစ်ပါသည်၊ ဧကဟိတ်ပဋိသန္ဓေဟူ၍ မရှိသောကြောင့် ဧကဟိတ်ပုဂ္ဂိုလ် ဟူ၍လည်း မရှိသင့် မရှိနိုင်ပါ။

**စုတိကိစ္စ** - ဥပပတ္တိဘဝမှ ရွေ့လျောခြင်းသည် စုတိကိစ္စ မည်ပါသည်။

---

၂။ **ဇာတိသန္ဓေ ပုဂ္ဂိုလ်မွေး၍ ဆိုရာ၌ ယင်းဇာတိသန္ဓေ၏ ပဋိသန္ဓိစိတ္တ, ပဋိသန္ဓိကိစ္စ, ပဋိသန္ဓိဌာနအရတို့ကို ဋီကာကျော်မြန်မာပြန်လာသည့်အတိုင်း အသီးသီး ကောက်ပြီး၊ အာဝဇ္ဇန်းဒွေးသည် ကိရိယာစိတ်ဖြစ်လျက် ဇောကိစ္စမတပ်ရခြင်း၏အကြောင်းကိုလည်း ဖြေဆိုပါ။**

**ပဋိသန္ဓိစိတ္တ အရ** - ပဋိသန္ဓေစိတ် ၁၉-ပါး၊
**ပဋိသန္ဓိကိစ္စ အရ** - အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးခြင်းသဘော၊
**ပဋိသန္ဓိဌာန အရ** - ပဋိသန္ဓေစိတ် ရပါသည်။

**အာဝဇ္ဇန်းဒွေး ဇောကိစ္စ မတပ်ရခြင်း၏အကြောင်း** (၁၉၉၀-၂)

---

၃။ **အာရုံပြကြ, နှလုံးသွင်းကြဟု ဆိုရာ၌ အာရုံ၏အဓိပ္ပါယ်ကို ဥပမာပြ ရေးသားပြီးလျှင် ဗုဒ္ဓဘာသာဝင်တို့ ပြောဆိုနေကြသော နိဗ္ဗာန်ကို အာရုံပြုကြ ဟူသောစကား၌ နိဗ္ဗာန်ကို အာရုံ ပြုနိုင်သော အာရုံအမျိုးအစားကိုလည်း ဖော်ပြခဲ့ပါ။**

**အာရုံ၏အဓိပ္ပါယ်** (၂၀၀၂-၃)

**နိဗ္ဗာန်ကို အာရုံပြုနိုင်သော အာရုံအမျိုးအစား**

**(မှတ်ချက် ။ ။ မေးခွန်းမှာသည်-ဟု ထင်ပါသည်၊ နိဗ္ဗာန်ကို အာရုံပြုနိုင်သော အာရမ္မဏိကတရား အမျိုးအစား- ဟု ထင်ပါသည်။)**

နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်တို့မှာ လောကုတ္တရာစိတ် ၈-ပါး, မနောဒွါရာ-ဝဇ္ဇန်း, မဟာကုသိုလ်-ကြိယာဉာဏသမ္ပယုတ်စိတ် = ပေါင်း ၁၁-ပါးသောစိတ်တို့ ဖြစ်ပါသည်။

---

http://www.dhammadownload.com



## ၂၀၀၉

**၁။ အနုဘဝနလက္ခဏာဘေဒ၌ပါသော သုခဝေဒနာနှင့် ဣန္ဒြိယဘေဒ၌ပါသော သုခဝေဒနာတို့၏အထူးကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။**

**(က) ဒဿနကိစ္စ၊ (ခ) ဘဝင်္ဂကိစ္စ၊ (ဂ) အာဝဇ္ဇနကိစ္စ။**

**သုခဝေဒနာ ၂-မျိုးအထူး**

အနုဘဝနလက္ခဏာဘေဒ၌ပါသော သုခဝေဒနာသည် ကာယိကသုခ, စေတသိကသုခ နှစ်မျိုးစလုံးနှင့် သက်ဆိုင်ပါသည်၊ သုခသဟဂုတ်ကာယဝိညာဉ်စိတ် ၁-ပါး, သောမနဿသဟဂုတ်စိတ် ၆၂-ပါး = ပေါင်း စိတ် ၆၃-ပါး၌ ယှဉ်သော သုခဝေဒနာ ဖြစ်ပါသည်။

ဣန္ဒြိယဘေဒ၌ ပါသော သုခဝေဒနာသည် ကာယိကသုခနှင့်သာ သက်ဆိုင်ပါသည်၊ သုခသဟဂုတ်ကာယဝိညာဉ်စိတ် ၁-ပါး၌သာ ယှဉ်သော သုခဝေဒနာ ဖြစ်ပါသည် - ဤသို့ ထူးပါသည်။

**(က) ဒဿနကိစ္စ** = စက္ခုဒွါရ၌ ထိခိုက်လာသော ရူပါရုံကို ရှုမြင်ခြင်းကိစ္စ၊

**(ခ) ဘဝင်္ဂကိစ္စ** = ဥပပတ္တိဘဝ ဟု ဆိုအပ်သော ပစ္စုပ္ပန်ဘဝ၌ ဖြစ်နေသော ခန္ဓာအစဉ်၏ ကံအရှိန်ရှိသမျှ တစ်ဘဝလုံး ခန္ဓာအစဉ်အဆက် မပြတ်ခြင်းအကြောင်းကိစ္စ။

**(ဂ) အာဝဇ္ဇနကိစ္စ** = စိတ်အစဉ်ကို ဘဝင်၏အစွမ်းဖြင့် ဖြစ်ခွင့် မပေးဘဲ ဝီထိစိတ်ဖြစ်ခြင်းငှာ ညွှတ်စေခြင်းကိစ္စ။

---

**၂။ ရူပါရမ္မဏ-၌ ပါသော ရူပနှင့် အာရမ္မဏတို့၏ အဓိပ္ပါယ်တို့ကို ဖြေဆို၍၊ ကာလဝိမုတ် အမည်ရသောတရားတို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။**

**ရူပါရမ္မဏ-၌ ပါသော ရူပနှင့် အာရမ္မဏတို့၏ အဓိပ္ပါယ်**

- အဆင်း၏ ဖောက်ပြန်ခြင်းသို့ ရောက်သည် ဖြစ်၍ (အဆင်းအမျိုးမျိုးပြောင်းလဲ

http://www.dhammadownload.com



သည် ဖြစ်၍) သတ္တဝါတို့၏ စိတ်၌ ဖြစ်သောသဘောကို ထင်ရှားပြတတ်သော ကြောင့် ရူပ မည်၏။

- ထိုရူပသည်ပင် စိတ်စေတသိက်တို့၏ မွေ့လျော်ရာ ဆွဲကိုင်မှီတွယ်ရာ ဖြစ်သော ကြောင့် အာရမ္မဏ မည်၏။

**ကာလဝိမုတ်အမည်ရသောတရား** (၁၉၉၀-၄)

---

၃။ **ပစ္စုပ္ပန်, အတိတ်, အနာဂတ်အာရုံတို့တွင် အနာဂတ်အာရုံသည် ပဋိသန္ဓေစိတ်၏အာရုံ မဖြစ်ရခြင်းအကြောင်းကို ရေးသားဖြေဆို၍၊ ရူပဘုံ၌ ဃာနစသော ဝတ္ထုရုပ်တို့ မရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**အနာဂတ်အာရုံသည် ပဋိသန္ဓေစိတ်၏အာရုံ မဖြစ်ရခြင်းအကြောင်း**

ပဋိသန္ဓေစိတ်ဟူသည် ဒွါရဝိမုတ်စိတ်ဖြစ်၏၊ ဒွါရဝိမုတ်စိတ်တို့သည် ထင်ရှားရှိသော ပစ္စုပ္ပန်, အတိတ်အာရုံတို့ကိုသာ အာရုံပြုနိုင်ပြီး ထင်ရှားမရှိသော အနာဂတ် အာရုံကို အာရုံမပြုနိုင်ပါ၊ ထို့ကြောင့် အနာဂတ်အာရုံသည် ပဋိသန္ဓေစိတ်၏အာရုံ မဖြစ်ရခြင်း ဖြစ်ပါသည်။

**(တစ်နည်း)** - အနာဂတ်အာရုံသည် အတိတ် ကံ, ကမ္မနိမိတ်တို့ကဲ့သို့ ခံစားအပ်, တွေ့ကြုံအပ်ပြီးလည်း မဟုတ်၊ ပစ္စုပ္ပန် ကမ္မနိမိတ်, ဂတိနိမိတ်တို့ကဲ့သို့ ရှေးရှုကျရောက်ခြင်းသို့ ရောက်သည်လည်း မဟုတ်သောကြောင့် - ပဋိသန္ဓေစိတ်၏အာရုံ မဖြစ်နိုင်ပါ။

**ရူပဘုံ၌ ဃာနစသော ဝတ္ထုရုပ်တို့ မရခြင်းအကြောင်း** (၂၀၀၂-၄)

---

**၂၀၁၀**

၁။ **"လောဘစသော ဟိတ်ခြောက်ပါးသည် ရေသောက်မြစ်နှင့် တူ၏" ဟု ပညာရှင်များ ပြောဆိုကြရာ ဟိတ်ခြောက်ပါး၏ ရေသောက်မြစ်နှင့် တူပုံကို ရေးသားဖြေဆို၍၊ အောက်ဖော်ပြပါ တရားများကိုလည်း မှန်ကန်စွာဖြေဆိုခဲ့ပါ။**
**(က) ကုသိုလ်ဖြစ်ကြောင်းတရား၊ (ခ) အကုသိုလ်ဖြစ်ကြောင်းတရား။**

http://www.dhammadownload.com



**ဟိတ်ခြောက်ပါး၏ ရေသောက်မြစ်နှင့် တူပုံ (၁၉၉၁-၁)**
**(က) ကုသိုလ်ဖြစ်ကြောင်း (ခ) အကုသိုလ်ဖြစ်ကြောင်းတရား (၁၉၉၉-၁)**

---

၂။ **သန္တိရဏချင်း တူပါသော်လည်း သောမနဿသန္တိရဏသည် ပဋိသန္ဓေကိစ္စ မတပ်ဘဲ ဥပေက္ခာသဟဂုတ်သန္တိရဏတို့သည်သာ ပဋိသန္ဓေကိစ္စတပ်ရခြင်းအကြောင်းကို ရေးသား ဖြေဆို၍၊ ဒွါရသင်္ဂဟ၌ ဒွါရ၏အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။**

**ဥပေက္ခာသဟဂုတ်သန္တိရဏတို့သည်သာ ပဋိသန္ဓေကိစ္စ တပ်ရခြင်းအကြောင်း**

သောမနဿသန္တိရဏသည် ပဋိသန္ဓေကိစ္စ၏အစွမ်းဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် ဥပေက္ခာသဟဂုတ်သန္တိရဏတို့သည်သာ ပဋိသန္ဓေကိစ္စတပ်ရခြင်း ဖြစ်ပါသည်။

**ဒွါရ၏အဓိပ္ပါယ်** (၂၀၀၂-၂)

---

၃။ **"ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ" ၌ ဘဝန္တရအရကို အကြောင်းပြ၍ ကောက်ပြပြီး လျှင်၊ ပရစိတ္တဝိဇာနနအဘိညာဉ်ရသော ပုထုဇဉ်ပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်တို့၏မဂ်စိတ် ဖိုလ်စိတ်တို့ကို သိနိုင်/မသိနိုင် အကြောင်းပြဖြေဆိုခဲ့ပါ။**

**ဘဝန္တရ-အရ**

လွန်ခဲ့ပြီးသောနှစ်ဘဝသုံးဘဝ စသည်တို့က ဆဒွါရိကမရဏာသန္နဇောသည် ယူပေးအပ်သောအာရုံသည် ဤဘဝ၌ ပဋိသန္ဓေစသည်တို့၏အာရုံ မဖြစ်နိုင်သောကြောင့် ဘဝန္တရအရ အတီတာနန္တရဘဝဟူသော လွန်ခဲ့ပြီးစ အခြားမဲ့ဘဝကို ယူရပါမည်။

**ပရစိတ္တဝိဇာနနအဘိညာဉ်ရသော ပုထုဇဉ်ပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်တို့၏ မဂ်စိတ် ဖိုလ်စိတ်တို့ကို မသိနိုင်ပါ။**

ပရစိတ္တဝိဇာနနအဘိညာဉ်ရသော ပုထုဇဉ်ပုဂ္ဂိုလ်သည် မဂ်စိတ်ဖိုလ်စိတ်တို့ကို မရဖူးသေးသောကြောင့် အရိယာပုဂ္ဂိုလ်တို့၏ မဂ်စိတ်ဖိုလ်စိတ်တို့ကို မသိနိုင်ခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com



၂၀၁၁

၁။ **"ဗုဒ္ဓအာရုံ အားလုံးမြဲက လုံးစုံပြည့်ဝ ချမ်းသာရ၏"ဟုဆိုရာ ထို၌ပါသော အာရုံ(အာရမ္မဏ) ၏အဓိပ္ပါယ်ကို နည်းစုံအောင် ရေးသားဖြေဆိုရ၌၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။ (က) ဂန္ဓာရုံ (ခ) ရသာရုံ (ဂ) ဖောဋ္ဌဗ္ဗာရုံ။**

**အာရုံ (အာရမ္မဏ)၏ အဓိပ္ပါယ်** (၂၀၀၈-၃)

**(က) ဂန္ဓာရုံ** = အနံ့ဟူသော မိမိ၏တည်ရာဖြစ်သော အထည်ဝတ္ထုကို "ဤဝတ္ထုသည် ဤအရပ်၌ ရှိ၏"ဟု ထင်ရှားပြတတ်သောကြောင့် (ကုန်းတိုက်သကဲ့သို့ ဖြစ်တတ်သောကြောင့်) 'ဂန္ဓ' မည်ပါသည်၊ ထိုဂန္ဓသည်ပင် စိတ်, စေတသိက်တို့၏ မွေ့လျော်ရာ, ဆွဲကိုင်မှီတွယ်ရာ ဖြစ်သောကြောင့် ဂန္ဓာရမ္မဏ = ဂန္ဓာရုံ မည်ပါသည်။

**(ခ) ရသာရုံ** = သတ္တဝါတို့သည် သာယာအပ်သောကြောင့် အရသာမှန်သမျှသည် 'ရသ' မည်ပါသည်၊ ထိုရသသည်ပင် စိတ်, စေတသိက်တို့၏ မွေ့လျော်ရာ, ဆွဲကိုင်မှီတွယ်ရာ ဖြစ်သောကြောင့် ရသာရမ္မဏ = ရသာရုံ မည်ပါသည်။

**(ဂ) ဖောဋ္ဌဗ္ဗာရုံ** = တွေ့ထိအပ်သောကြောင့် ပထဝီ, တေဇော, ဝါယောဟူသော ဘူတရုပ် ၃-ပါးသည် 'ဖောဋ္ဌဗ္ဗ' မည်ပါသည်၊ ထိုဖောဋ္ဌဗ္ဗသည်ပင် စိတ်, စေတသိက်တို့၏ မွေ့လျော်ရာ, ဆွဲကိုင်မှီတွယ်ရာ ဖြစ်သောကြောင့် ဖောဋ္ဌဗ္ဗာရမ္မဏ = ဖောဋ္ဌဗ္ဗာရုံ မည်ပါသည်။

---

၂။ **အသညတ်ဘုံမှ စုတေ၍၊ ကာမဘုံသို့ ရောက်လာသောသတ္တဝါတို့၏ ပဋိသန္ဓေအာရုံသည် မည်သည့်အစွမ်းဖြင့် ထင်လာသည်ကို ပြည့်စုံစွာရေးသားဖြေဆိုရ၌၊ သောတာပန်ပုဂ္ဂိုလ်၏ဖိုလ်စိတ်ကို ပုထုဇဉ်ပုဂ္ဂိုလ်များ မသိနိုင်ခြင်း၏အကြောင်းကိုလည်း ရေးသားဖြေဆိုခဲ့ပါ။**

**အသညတ်ဘုံမှ စုတေ၍ ကာမဘုံသို့ ရောက်လာသောသတ္တဝါတို့၏ ပဋိသန္ဓေအာရုံ ထင်လာပုံ**

အသညတ်ဘုံမှစုတေ၍ ကာမဘုံသို့ ရောက်လာသော သတ္တဝါတို့၏ ပဋိသန္ဓေ

http://www.dhammadownload.com



အာရုံသည် အသညတ်ဘုံသို့ မရောက်မီ တစ်ပါးသောဘဝဆီက ပြုခဲ့၍ ယခုအကျိုးပေးခွင့်ရသော အပရာပရိယဝေဒနီယကံ၏အစွမ်းဖြင့် ထင်လာပါသည်၊ ထိုသို့ ထင်ရာ၌ အပရာပရိယဝေဒနီယကံသည် ထင်စေအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

**သောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်စိတ်ကို ပုထုဇဉ်ပုဂ္ဂိုလ်များ မသိနိုင်ခြင်းအကြောင်း**

ပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပန်ပုဂ္ဂိုလ်၏ဖိုလ်စိတ်ကို မရဖူးသေးသောကြောင့် ဖြစ်ပါသည်။

---

၃။ **အထက်ဘဝဂ် ဟု ဆိုအပ်သော နေဝသညာနာသညာယတနဘုံ၌ သောတာပတ္တိမဂ်စိတ် မဖြစ်နိုင်ခြင်း၏အကြောင်းကို ပြည့်စုံစွာဖြေဆို၍၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**

**(က) ပဉ္စဝိညာဏစိတ် (ခ) မနောဓာတ်**

**နေဝသညာနာသညာယတနဘုံ၌သောတာပတ္တိမဂ်စိတ် မဖြစ်နိုင်ခြင်းအကြောင်း**(၁၉၉၂-၄)

**(က) ပဉ္စဝိညာဏဓာတ်** = ဒွေပဉ္စဝိညာဏ်တို့သည် ငါးဒွါရ၌ ထင်လာသောအာရုံကို မနောဓာတ်ထက် ထူးသောသိခြင်းကိစ္စ ရှိသောကြောင့် 'ဝိညာဏ' မည်၏၊ သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ဟူသော အနက်သဘောကြောင့် 'ဓာတ်'လည်း မည်ရကား ပဉ္စဝိညာဏဓာတ် မည်ပါသည်။

**(ခ) မနောဓာတ်** = ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးတို့သည် အာရုံကို သိကာမျှဖြစ်ခြင်း၊ သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ဟူသော အနက်သဘော ရှိခြင်းတို့ကြောင့် မနောဓာတ် မည်ပါသည်။ (မနောဓာတ်ကဲ့သို့ အထူးသိခြင်းကိစ္စ မရှိ၊ သိကာမျှ ဖြစ်သောကြောင့် မနောဓာတ် မည်ပါသည်။)

---

http://www.dhammadownload.com



၂၀၁၂

၁။ **ခံစားမှုဝေဒနာ ပေါ်များပါသော ဤလောကဝယ် လူသားတို့ ခံစားနေရသည့် ခံစားမှုဝေဒနာ(၅)မျိုး၏ ခံစားပုံလက္ခဏာခြားနားချက်ကို အသီးသီးဖော်ပြ၍၊ "ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်"ဟူသောစကားအရ များမြောင်လှသောကိစ္စများမှ (က) ပဋိသန္ဓေကိစ္စ (ခ) စုတိကိစ္စတို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။**

**ဝေဒနာ(၅)မျိုး၏ ခံစားပုံလက္ခဏာခြားနားချက်**

(၁) သုခဝေဒနာသည် ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။
(၂) ဒုက္ခဝေဒနာသည် အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။
(၃) သောမနဿဝေဒနာသည် သဘာဝ, ပရိကပ္ပဖြစ်သော ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။
(၄) ဒေါမနဿဝေဒနာသည် သဘာဝ, ပရိကပ္ပဖြစ်သော အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။
(၅) ဥပေက္ခာဝေဒနာသည် ဣဋ္ဌ, အနိဋ္ဌဖြစ်သော မဇ္ဈတ္တာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။

**(က) ပဋိသန္ဓေကိစ္စ (ခ) စုတိကိစ္စတို့၏ အဓိပ္ပါယ်** (၂၀၀၆-၂)

---

၂။ **မနောဒွါရ၏ အဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သော ဟသိတုပ္ပါဒ်စိတ်၏ "ကာမသဒ္ဒါရုံ"အာရုံပြုပုံကိုလည်း ဋီကာကျော်အလိုကျ ဖော်ပြခဲ့ပါ။**

**မနောဒွါရ၏ အဓိပ္ပါယ်** (၁၉၉၇-၂)

**ဟသိတုပ္ပါဒ်စိတ်၏ "ကာမသဒ္ဒါရုံ"အာရုံပြုပုံ**

ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာ၌ ကျယ်လောင်စွာ ခေါ်ဝေါ်ပြောဆိုကြသောအသံကို ကြားရ၍ "ငါသည် ဤသို့သော လောလုပ္ပတဏှာကို ပယ်အပ်ပြီ"ဟု နှစ်သက်ဝမ်းမြောက်သောအခါ၌ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်ဖြစ်သော ဟသိတုပ္ပါဒ်စိတ်သည် "ကာမ

http://www.dhammadownload.com



သဒ္ဒါရုံ"ကို အာရုံပြုပါသည်။

---

၃။ **အလှူဒါနပြုသောအခါ ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်၏ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ခြင်းအကြောင်းကို ဖြေဆို၍၊ "မီကျောင်းမှာ လျှာမရှိ" ဟူသောစကား မှန်-မမှန်ကိုလည်း ဋီကာကျော်လာအရ အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။**

**အလှူဒါနပြုသောအခါ ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်၏ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ခြင်းအကြောင်း**

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မရဖူးသေးသောကြောင့် အာရုံမပြုနိုင်ခြင်း ဖြစ်ပါသည်။

**"မီကျောင်းမှာ လျှာမရှိ"ဟူသောစကား မမှန်ပါ။** (၂၀၀၁-၃)

---

၂၀၀၃

၁။ **သတ္တဝါတို့ ခံစားရသောဝေဒနာ များစွာရှိသော်လည်း မြတ်ဗုဒ္ဓက ဒုက္ခဝေဒနာတစ်မျိုးတည်း ဟောတော်မူခြင်းအကြောင်းကို ဖြေဆို၍၊ တစ်ကြိမ်သာစောသော မဂ်စိတ်၏ ဇောကိစ္စတပ်ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။** (၁၉၉၄-၁) (၂၀၀၄-၂)

---

၂။ **စက္ခုဒွါရ-၏ အဓိပ္ပါယ်ကို ရေးသားဖော်ပြ၍၊ နိဗ္ဗာန်သည် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန် မြင်အောင် ပွားများအားထုတ်သူ ယောဂီတို့အတွက် အနာဂတ်တရား မည်သင့်ပါလျက် အဘယ့်ကြောင့် နိဗ္ဗာန်သည် ကာလဝိမုတ် မည်ပါသနည်း? ရှင်းလင်းဖြေဆိုပါ။**

**စက္ခုဒွါရ၏ အဓိပ္ပါယ်**

ပဉ္စဒွါရာဝဇ္ဇန်းစသော စက္ခုဒွါရိကဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် စက္ခုပသာဒရုပ်သည် စက္ခုဒွါရ မည်ပါသည်။

**နိဗ္ဗာန်သည် ကာလဝိမုတ် မည်ပုံ** (၁၉၉၀-၄)

---

၃။ **လောဘ ဒေါသ မောဟ အားကြီးသူတို့သန္တာန်၌ ဖြစ်သော အကုသိုလ်စိတ်တို့၏**

http://www.dhammadownload.com



**လောကုတ္တရာတရားကို အာရုံမပြုနိုင်ခြင်းအကြောင်း ဖြေဆို၍၊ အောက်ပါတို့ကို အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ -**

**(က) ရှုပပြဟ္မာကြီးများ စိတ်ဆိုးခြင်း ရှိ/မရှိ** (၁၉၉၇-၃)

**(ခ) အရှုပပြဟ္မာကြီးများ ပြုံးရယ်ခြင်း ရှိ/မရှိ။** (၁၉၉၇-၃)

**အကုသိုလ်စိတ်တို့၏ လောကုတ္တရာတရားကို အာရုံမပြုနိုင်ခြင်းအကြောင်း**

ရဲရဲညီးသောမီးပုံကြီး၌ ယင်ကောင်တို့သည် မနားနိုင်ကုန်သကဲ့သို့ အကုသိုလ်စိတ်တို့သည် ဉာဏ်ပညာကင်း၍ ညံ့ဖျင်းကြသောကြောင့် အလွန်တရာ အရှိန်တန်ခိုးကြီးမား၍ နက်နဲလှသော လောကုတ္တရာတရားတို့ကို အာရုံမပြုနိုင်ကြခြင်း ဖြစ်ပါသည်။

---

## ၂၀၁၄

၁။ **မြန်မာပြည် တန်တလျှားရှိ "ဓမ္မစကူးလ်ကျောင်း"များ၌ "ဘုရားတံဆိပ် ဘာသာစိတ်ကို ခတ်နှိပ်မှု" ခံယူနေကြသည့် ကျောင်းသူကျောင်းသားလေးများကို ကြည့်ကာ ဝမ်းမြောက်ရွှင်လန်း၍ဖြစ်သော ဝေဒနာ၏ ခံစားရာအာရုံနှစ်မျိုးကို ဖော်ပြ၍၊ ကုသိုလ်တရားသည် မည်သည့်အရာနှင့် စပ်၍ ဖြစ်သည်ကိုလည်း ဖြေခဲ့ပါ။**

**မြန်မာပြည် တန်တလျှားရှိ "ဓမ္မစကူးလ်ကျောင်း"များ၌ "ဘုရားတံဆိပ် ဘာသာစိတ်ကို ခတ်နှိပ်မှု" ခံယူနေကြသည့် ကျောင်းသူကျောင်းသားလေးများကို ကြည့်ကာ ဝမ်းမြောက်ရွှင်လန်း၍ဖြစ်သော ဝေဒနာ၏ ခံစားရာအာရုံနှစ်မျိုးမှာ -**

သဘောအားဖြင့်လည်းကောင်း, ကြံဆသောအားဖြင့်လည်းကောင်း အလိုရှိအပ်သော သဘာဝဣဋ္ဌာရုံ, ပရိကပ္ပဣဋ္ဌာရုံတို့ ဖြစ်ပါသည်။

**ကုသိုလ်တရားသည်** ယောနိသောမနသိကာရနှင့် စပ်၍ ဖြစ်ပါသည်။

---

၂။ **"ဃရာဝါသ၊ သမ္မာဖော၊ ကိစ္စများဖြောင်၊ လူတို့ဘောင်" ဟူသောစကားအရ များဖြောင်လှသောကိစ္စများမှ ဇဝနကိစ္စနှင့် ဒွါရသင်္ဂဟလာ ဒွါရတို့၏အဓိပ္ပါယ်ကိုလည်း ဥပမာပြ ဖြေဆိုခဲ့ပါ။** (၂၀၀၅-၂) (၂၀၀၂-၂)

---

http://www.dhammadownload.com



၃။ ဝိသမလောဘသားတို့သန္တာန်၌ ဖြစ်သော လောဘဦးဆောင်သောစိတ်၏ လောကုတ္တရာတရားကို အာရုံမပြုနိုင်ခြင်းအကြောင်း ဖြေဆို၍၊ "ဟဒယဝတ္ထုခေါ် နှလုံးသားမရှိသော ဗြဟ္မာ"ကိုလည်း ဖော်ပြခဲ့ပါ။ (၂၀၁၃-၃)

"ဟဒယဝတ္ထုခေါ် နှလုံးသားမရှိသော ဗြဟ္မာ"မှာ အရူပဗြဟ္မာ ဖြစ်ပါသည်။

---

၂၀၁၅

၁။ . . . မနော-၌ ပေါ်သည်-ဟုဆိုလျှင် လူတိုင်းစိတ်ဝင်စားသော 'မနောဓာတ်'၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။ (၂၀၁၁-၃)

---

၂။ "ဟိတ်ဟန်ကြီးသည်" ဟူသော စကားအရ "ဟိတ်"မည်ပုံသဘာဝကို ဖော်ပြ၍၊ ယင်းဟိတ်တရားတို့၏ သစ်မြစ်နှင့် တူပုံကိုလည်း ဥပမာပြ ဖြေခဲ့ပါ။ (၁၉၈၉-၁)

---

၃။ "ခု ဆီထမင်း ခု စာကလေးကြော်" ဆိုသကဲ့သို့ ဥပေက္ခာသန္တီရဏစိတ်(၂)ပါးနှင့် မဟာဝိပါက်စိတ်(၈)ပါးတို့၏ ဆဒ္ဒါရိက, ဒွါရဝိမုတ္တ-ဖြစ်ရပုံများကို ဂုဏ်ထူးဆောင်ဗိသစွာအကြောင်းပြ ဖြေဆိုခဲ့ပါ။ (၁၉၉၀-၃)

---

၄။ အရူပဗြဟ္မာကြီးများ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း ရှိ မရှိ အကြောင်းပြ ဆုံးဖြတ်၍၊ အရူပဘုံ၌ သောတာပတ္တိမဂ် မဖြစ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။ (၁၉၉၇-၃) (၁၉၉၈-၂)

---

http://www.dhammadownload.com



# အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ပထမဆင့်
# မေးခွန်းနှင့် အဖြေများ (နောက်ဆက်တွဲ)

## ၂၀၁၆

**၁။ အဘိဓမ္မာသုတေသီများ မဖြစ်မနေ သိထားရမည့် "ပရမတ်"၏ သဘောအဓိပ္ပါယ်ကို (၂) နည်း ရေးသား၍၊ သင်္ဂြိုဟ်ကျမ်းကို "အဘိဓမ္မတ္ထသင်္ဂဟကျမ်း" ဟု ခေါ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

**"ပရမတ်"၏ သဘောအဓိပ္ပါယ် (၂) နည်း**

မိမိတို့၏သဘောလက္ခဏာမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သော အနက်သဘောသည် ပရမတ် မည်ပါသည်။

တစ်နည်း - မြတ်သောသဗ္ဗညုတဉာဏ်၏ ကျက်စားရာအာရုံ ဖြစ်သောကြောင့် ပရမတ် မည်ပါသည်။

**သင်္ဂြိုဟ်ကျမ်းကို "အဘိဓမ္မတ္ထသင်္ဂဟကျမ်း"ဟု ခေါ်ရခြင်းအကြောင်း (၁၉၉၅-၁)**

---

**၂။ အိမ်ဦးခန်းရှိဘုရားစင်မှ အိမ်မြှောင်စုတ်ထိုးသံကြားရလျှင် လာဘ်ရလိမ့်မည်ဟု မျှော်လင့်ယုံကြည်လျက် ထက်သန်ရွှင်လန်းဝမ်းမြောက်နေသူသန္တာန်၌ ဖြစ်သော လောဘမူစိတ်ကို အတိအကျဖော်ပြ၍၊ အကုသိုလ်စိတ်ကိုလည်း ဥပမာဖြင့် တင်ပြခဲ့ပါ။ (၂၀၀၁-၂)**

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

**အကုသိုလ်စိတ်ကို ဥပမာဖြင့် တင်ပြရသော်**

မိတ္တ(မိတ်ဆွေ)၏ ဆန့်ကျင်ဘက်ဖြစ်သူသည် အမိတ္တ(ရန်သူ)မည်သကဲ့သို့ ထို့အတူ ကုသိုလ်စိတ်၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ်သည် အကုသိုလ်စိတ် မည်ပါသည်။

---

http://www.dhammadownload.com



၃။ "ဒီနှစ် မိုးလေဝသမမှန်လို့ တောင်သူလယ်သမားတွေ ဒုက္ခရောက်ရသည်"ဟု ဆိုရာ၌ အဘယ်သည် အဘယ်ကြောင့် ဒုက္ခမည်ပါသနည်း။ ဋီကာနှင့်အညီ ဖြေဆို၍၊ သူတော်စင်တို့ ကုသိုလ်ပြုရာ၌ ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းအကြောင်းများကိုလည်း ဖော်ပြခဲ့ပါ။

ဒုက္ခမည်ပုံ - စက်ဆုပ်အပ်သည်ဖြစ်၍ ကိုယ်၌ဖြစ်သော ချမ်းသာကို တူးဖြိုတတ်သောကြောင့် ဝေဒနာသည် ဒုက္ခမည်ပါသည်။

ကုသိုလ်ပြုရာ၌ ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းအကြောင်းများ (၁၉၈၉-၃)

---

၄။ "လူ့လောကီဘုံ သိုက်အမြုံ၌ ခိုလှုံခဲ့ရ ဤဘဝဝယ်"ဟူသော စကားရပ်လာ လောကီဘုံသားတို့သန္တာန်၌ဖြစ်သော"လောကီစိတ်"၏အဓိပ္ပါယ်ကို ရေးသားဖော်ပြ၍၊ လောကုတ္တရာစိတ်၌ ကြိယာစိတ်မရှိခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။ (၂၀၀၆-၄) (၁၉၉၆-၃)

---

၅။ အာရုံ၏အရသာကို ခံစားတတ်သောကြောင့် ဝေဒနာဟု ဆိုရာ၌ ဝေဒနာမှ ကြွင်းသော အခြားသောသမ္ပယုတ်တရားတို့လည်း အာရုံ၏အရသာကို ခံစားတတ်သည်ဖြစ်ပါလျက် အဘယ့်ကြောင့် ဝေဒနာကိုသာ အာရုံ၏အရသာကို ခံစားသည်ဟု ဆိုရပါသနည်း၊ ဝှက်ထူးဆောင်ပီပီ ဋီကာနှင့်အညီ ရှင်းလင်းဖြေဆိုပါ။

**ဝေဒနာကိုသာ အာရုံ၏အရသာကို ခံစားသည်ဟု ဆိုရခြင်း**

ဝေဒနာမှကြွင်းသော အခြားသောသမ္ပယုတ်တရားတို့ အာရုံ၏အရသာကို ခံစားခြင်းသည် တစ်စိတ်တစ်ဒေသမျှသာ ခံစားခြင်း ဖြစ်ပါသည်၊ ဝေဒနာသည်သာ ပြည့်ရှင်မင်းကဲ့သို့ စင်စစ်အစိုးရခြင်း ရှိသည်ဖြစ်၍ အာရုံ၏အရသာကို အပြည့်အဝခံစားနိုင်သောကြောင့် ဝေဒနာကိုသာ အာရုံ၏အရသာကို ခံစားသည်ဟု ဆိုရပါသည်။

---

၆။ "ဝတ်လည်း မရှက်၊ ဝိုက်မရှက်နှင့်၊ ကြိုက်မရှက်ဟူ သုံးယောက်လူတွင်"ဟူသော မယဒေဝလင်္ကာအရ မရှက်တတ်သော "အဟိရိက"၏ အဓိပ္ပါယ်သဘာဝကို ရေးသားပြ၍

http://www.dhammadownload.com



မရှက်ခြင်းနှင့် မကြောက်လန့်ခြင်း (အဟိရိကနှင့် မနောတ္တပ္ပ) နှစ်ပါး၏အထူးကိုလည်း ဥပမာပြ ဖြေခဲ့ပါ။ (၁၉၉၆-၂) (၁၉၉၈-၁)

---

၇။ အကြောင်းနှင့် အကျိုး တူမြဲရိုး ဖြစ်သင့်ပါလျက် အကျိုးဖြစ်သော မဟာဝိပါက်စိတ်တို့သည် အဘယ်ကြောင့် အကြောင်းဖြစ်သော မဟာကုသိုလ်စိတ်နှင့် တူသောအာရုံ မရှိပါသနည်း၊ ရှင်းပြ၍၊ "ကိုယ့်ထက်သာ မနာလိုသူ"သန္တာန်၌ ဖြစ်သော အကုသိုလ်စိတ်ကိုလည်း တိကျစွာဖြေဆိုခဲ့ပါ။ (၁၉၉၆-၃) (၂၀၁၁-၇)

---

၈။ "ကိစ္စများမြောင်၊ လုပ်တို့ဘောင်"ဟု ဆိုရာ၌ ကိစ္စဟူသည် အဘယ်နည်း၊ ရှင်းပြ၍၊ (က) ပဋိသန္ဓေကိစ္စ (ခ)ဘဝင်ကိစ္စတို့၏အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။ (၂၀၀၆-၃)

---

၉။ ဘဝတစ်ခု၏ အစ အလယ် အဆုံးစိတ်များဟု ဆိုအပ်သော ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၏ဒွါရဝိမုတ်ဖြစ်ရခြင်းအကြောင်းကို ဋီကာနှင့်အညီ ရေးသား၍ "ရူပါရုံ"၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။ (၁၉၉၀-၃)

**ရူပါရုံ၏အဓိပ္ပါယ်**

"ရူပ"ခေါ် အဆင်းသည် စိတ်စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့် အာရုံလည်း မည်ရကား "ရူပါရုံ" မည်ပါသည်။

တစ်နည်း - "ရူပ"ခေါ် အဆင်းသည် စိတ်စေတသိက်တို့သည် မွေ့လျော်ရာဖြစ်သောကြောင့် အာရုံလည်း မည်ရကား "ရူပါရုံ" မည်ပါသည်။

---

၁၀။ လူသားတို့သန္တာန်၌ အလှူဒါနပြုသောအခါ ဖြစ်သော ကုသိုလ်စိတ်၏ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ခြင်းအကြောင်း ဖော်ပြ၍၊ ရှပြဗြဟ္မာကြီးများသန္တာန်၌ စက္ခုနှင့် သောတ ဝတ္ထုရုပ် ၂-ပါးရခြင်းအကြောင်းကိုလည်း ဋီကာနှင့်အညီ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



**လူသားတို့သန္တာန်၌ အလှူဒါနပြုသောအခါ ဖြစ်သော ကုသိုလ်စိတ်၏ အရဟတ္တမဂ် အရ-ဟတ္တဖိုလ်ကို အာရုံမပြုနိုင်ခြင်းအကြောင်း**

အလှူဒါနပြုသောအခါဖြစ်သော ကုသိုလ်စိတ်သည် သေက္ခ, ပုထုဇဉ်တို့သန္တာန်၌သာ ဖြစ်သောကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ပါ။

**ရူပဗြဟ္မာကြီးများသန္တာန်၌ စက္ခုနှင့် သောတ ဝတ္ထုရုပ် ၂-ပါးရခြင်းအကြောင်း (၂၀၀၂-၄)**

---

**၂၀၁၇**

၁။ **အရှင်အနုရုဒ္ဓါဆရာသည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏အစ၌ အဘယ်အကျိုးငှာ "သမ္မာသမ္ဗုဒ္ဓမတုလံ"စသောဂါထာကို မိန့်ဆိုရပါသနည်း? ဋီကာအလိုကျ ဖော်ပြ၍၊ နိဗ္ဗာန်-၏ မုချအားဖြင့် 'ဓမ္မ' မည်ခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။ (၂၀၀၂-၁) (၁၉၉၉-၁)**

---

၂။ **'စ-သုံးလုံး'နှင့်တူသော သန္တီရဏစိတ်၏သဘောအဓိပ္ပါယ်ကို ဖော်ပြ၍၊ အကုသလဝိပါက်စိတ်၌ သန္တီရဏတစ်ပါးသာ ဆိုပါလျက် အဟိတ်ကုသလဝိပါက်စိတ်၌ အဘယ်ကြောင့် သန္တီရဏနှစ်ပါး ဆိုရပါသနည်း? ရှင်းပြခဲ့ပါ။**

**'စ-သုံးလုံး'နှင့်တူသော သန္တီရဏစိတ်၏ သဘောအဓိပ္ပါယ်**

ဝီထိစိတ်အစဉ်တွင် သမ္ပဋိစ္ဆိုင်းစိတ်ခံယူအပ်ပြီးသော ရူပါရုံအစရှိသောအာရုံကို ကောင်းစွာစုံစမ်းတတ်သောကြောင့် သန္တီရဏ မည်ပါသည်။

**အဟိတ်ကုသလဝိပါက်စိတ်၌ သန္တီရဏနှစ်ပါး ဆိုရခြင်းမှာ -**

ဣဋ္ဌာရုံ၌ သောမနဿဝေဒနာ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာဟူ၍ ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့၏အစွမ်းဖြင့် ဝေဒနာပြားသောကြောင့် အဟိတ်ကုသလဝိပါက်တွင် သန္တီရဏနှစ်ပါးဆိုရခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com



၃။ **'ဒီသားငယ်လေး သိပ်ဉာဏ်ကောင်းတယ်' ဟု ဆိုရာ၌ 'ဉာဏ်'၏သဘောအဓိပ္ပါယ်ကို ဖြေဆို၍ ဉာဏ်ကောင်းစေသောအကြောင်းတရားများကိုလည်း ဖော်ပြခဲ့ပါ။ (၁၉၉၆-၂)**

၄။ **အိမ်သို့ဆွမ်းခံကြွလာသော ရဟန်းတော်အား မိခင်ဆွမ်းလောင်းသည်ကို မြင်၍ အတုမြင် အတတ်သင်ကာ ဆွမ်းလောင်းလှူသော ကလေးငယ်၏သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်ကို အတိအကျ ဖော်ပြ၍ လောကုတ္တရာစိတ်၏ 'အနုတ္တရ'မည်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။**

**ကလေးငယ်၏သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်မှာ -**

ဝမ်းမြောက်ဝမ်းသာ ဆွမ်းလောင်းလှူလျှင် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်ပါသည်။

ဝမ်းမြောက်ဝမ်းသာမဖြစ်ဘဲ ဆွမ်းလောင်းလှူလျှင် ဥပေက္ခာသဟဂုတ် ဉာဏ-ဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်ပါသည်။

**လောကုတ္တရာစိတ်၏ 'အနုတ္တရ'မည်ရခြင်း**

မိမိထက်လွန်မြတ်သောတရားမရှိသောကြောင့် လောကုတ္တရာစိတ်သည် 'အနုတ္တရ' မည်ပါသည်။

---

၅။ **"မြန်မာ့ယဉ်ကျေးမှု တစ်လင်တစ်မယားစနစ်ကို စွန့်ပယ်ချ၊ နှစ်လင်နှစ်မယားစနစ်ကို ထူထောင်နေကြ"သည့် ယနေ့ခေတ် အချို့သောအိမ်ထောင်ရှင်များ၏ အရှက်အကြောက်မရှိပုံကို မီးမောင်းထိုးပြသည့် အဟိရိကနှင့် အနောတ္တပ္ပ-တို့၏အထူးကို ဥပမာဖြင့် တင်ပြ၍၊ လောဘ-၏သဘာဝနှင့် လက္ခဏာကိုလည်း ဖော်ပြခဲ့ပါ။**

**အဟိရိကနှင့် အနောတ္တပ္ပ-တို့၏အထူး (၁၉၉၆-၂)**
**လောဘ-၏ သဘာဝနှင့် လက္ခဏာ**

လောကီအာရုံကာမဂုဏ်ကို တပ်မက်ခင်မင်လိုချင်တတ်သောကြောင့် လောဘ မည်၏။ မျောက်နဲ့စေးကဲ့သို့ အာရုံ၌ အလွန်ငြိကပ်တွယ်တာခြင်း၊ တမ်းတမ်းစွဲ ငမ်းငမ်း တက်ခြင်းလက္ခဏာ ရှိ၏။

---

http://www.dhammadownload.com



**၆။ ငြိမ်းချမ်းရေး ဖော်ဆောင်သူများ သိထားရမည့် "ငြိမ်းချမ်းရေး စေတသိက် (၂)ပါး"၏ အဓိပ္ပါယ်ကို ဖော်ပြ၍၊ ငြိမ်းချမ်းရေးလမ်းညွှန် ကာယပဿဒ္ဓိ-စသောတရားတို့ကို အဘယ် ကြောင့် (၂)ပါးစီ တွဲဟောရသည်ကိုလည်း ဖြေဆိုခဲ့ပါ။**

**ငြိမ်းချမ်းရေး စေတသိက် (၂)ပါး**

ကာယပဿဒ္ဓိ = ဝေဒနာစသော စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်း။

စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးခြင်း။

**ကာယပဿဒ္ဓိ-စသောတရားတို့ (၂)ပါးစီ တွဲဟောရခြင်း (၂၀၀၁-၁)**

---

**၇။ "ရာသက်ပန် သက်သတ်လွတ်စားခြင်း"ကို သမ္မာအာဇီဝ-ဟု ဆိုနိုင်/မဆိုနိုင် အကြောင်း ပြဆုံးဖြတ်၍၊ စိတ်ဆိုးနေသူသန္တာန်၌ အတူတကွယှဉ်တွဲလျက် မဖြစ်နိုင်သော စေတသိက် တရားတို့ကိုလည်း အကြောင်းပြဖြေခဲ့ပါ။**

**"ရာသက်ပန် သက်သတ်လွတ်စားခြင်း"ကို သမ္မာအာဇီဝ-ဟု မဆိုနိုင်ပါ။**

အကြောင်းမှာ - အသက်မွေးဝမ်းကြောင်းခြင်းလျှင် အကြောင်းရှိသော ဝစီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်တတ်သောသဘောသည် သမ္မာအာဇီဝ မည် ၍၊ ရာသက်ပန်သက်သတ်လွတ်စားခြင်းသည် အသက်မွေးဝမ်းကြောင်းခြင်းသဘော မဟုတ်သောကြောင့် သမ္မာအာဇီဝ-ဟု မဆိုနိုင်ပါ။

**စိတ်ဆိုးနေသူသန္တာန်၌ အတူတကွယှဉ်တွဲလျက် မဖြစ်နိုင်သော စေတသိက်များမှာ -**

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့ ဖြစ်ပါသည်။

အကြောင်းမှာ- ထိုစေတသိက်များသည် ဒေါသမူစိတ်(၂)ပါး၌ယှဉ်ကြရာ အာရုံချင်း မတူ ကွဲပြားသောကြောင့် ဖြစ်ပါသည်။

---

**၈။ ဝေဒနာ-ဟူသည် အဘယ်နည်း? ဖော်ပြ၍၊ ယင်းဝေဒနာသည် အနုဘဝနလက္ခဏာ အားဖြင့် သုံးပါးသာ ရှိပါလျက် အဘယ်ကြောင့် ဣန္ဒြိယဘေဒအားဖြင့် (၅)ပါးပြားရသည် ကိုလည်း အကြောင်းပြဖြေခဲ့ပါ။**

http://www.dhammadownload.com



**ဝေဒနာ-ဟူသည်** အာရုံကို ခံစားခြင်း ဖြစ်သည်။

**ဣန္ဒြိယဘေဒအားဖြင့် (၅)ပါးပြားရခြင်းအကြောင်း (၂၀၀၁-၁)**

အနုဘဝနလက္ခဏာအားဖြင့် ဝေဒနာသုံးပါးသာ ရှိ၏၊ သို့သော် ဣန္ဒြိယဝိဘင်း ပါဠိတော်၌ (သုခိန္ဒြိယံ စသည်ဖြင့်) ဣန္ဒြေအပြားအားဖြင့် ဝေဒနာငါးပါးခွဲခြားဟော တော်မူသောကြောင့် ဝေဒနာ (၅)ပါးပြားရခြင်း ဖြစ်ပါသည်။

---

၉။ **လူသားတို့ စကားပြောရာ၌ "ဒီကိစ္စ သိပ်ဘဝင်မကျဘူး"ဟု ဆိုလေ့ရှိရာ "ဘဝင်ကိစ္စ"၏ အဓိပ္ပါယ်ကို ဖော်ပြ၍၊ ကိစ္စမှာ (၁၄)ပါး ရှိပါလျက် ဌာနမှာ အဘယ်ကြောင့် (၁၀)ပါးသာ ရှိရပါသနည်း? ဖြေဆိုခဲ့ပါ။**

**ဘဝင်ကိစ္စ** = ဥပပတ္တိဘဝဟု ဆိုအပ်သော ပစ္စုပ္ပန်ဘဝ၌ဖြစ်နေသော ခန္ဓာအစဉ်၏ ကံအရှိန်ရှိသမျှ တစ်ဘဝလုံးခန္ဓာအစဉ်အဆက်မပြတ်ဖြစ်ခြင်းအကြောင်း ကိစ္စ ဖြစ်ပါသည်။

**ဌာနမှာ (၁၀)ပါးသာ ရှိရခြင်း (၁၉၉၃-၂)**

---

၁၀။ **ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော ဟသိတုပ္ပါဒ်စိတ်၏ "ဂန္ဓာရုံ"၌ အာရုံပြုပုံကို ဖော်ပြ၍၊ "မိကျောင်းမှာ လျှာမရှိ"ဟူသောစကား မှန်/မမှန် အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။ (၁၉၉၆-၃)၊ (၂၀၀၁-၃)**

---

http://www.dhammadownload.com